www.free4readers.com

news Watch
WEEKLY
စောင့်ကြည့်သတင်းဂျာနယ်
အတွဲ (၁၄)၊ အမှတ် (၃၄) ၉-၁၁-၂၀၁၉ (စနေ)

## တက္ကသိုလ်ပတ်လမ်းဖောက်လုပ်မည့်ကိစ္စ တက္ကသိုလ်၏ မူလသွင်ပြင်လက္ခဏာများ ထိခိုက်ပျက်စီးစေမည်မဟုတ်ဘဲ သင်ယူမှုပတ်ဝန်းကျင်ကောင်းမွန်ရန်နှင့် စိမ်းလန်းစိုပြည်ရန် ရည်ရွယ်ခြင်းသာဖြစ်ဟုဆို

အချုပ်ပို

ရန်ကုန်တက္ကသိုလ်တွင် တက္ကသိုလ်ပတ်လမ်းဖောက်လုပ်မည့်ကိစ္စသည် လူတချို့စိုးရိမ်နေသကဲ့သို့ တက္ကသိုလ်၏ မူလလက္ခဏာများ ထိခိုက်ပျက်စီးစေမည်မဟုတ်ဘဲ သင်ယူမှုပတ်ဝန်းကျင် ပိုမိုကောင်းမွန်ရန်နှင့် စိမ်းလန်းစိုပြည်ရန် ရည်ရွယ်ခြင်းသာဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်အောင်က ပြောသည်။ ရန်ကုန်တက္ကသိုလ်အတွင်း သစ်ပင်များ မခုတ်ရန်နှင့် အပေါ်ယံရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများမလုပ်ရန် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂက နိုဝင်ဘာ ၂ နှင့် ၄ ရက်နေ့များတွင် ဆန္ဒဖော်ထုတ်ခဲ့ကြပြီး ပတ်လမ်းအစီအစဉ်ယာယီရပ်ဆိုင်းခဲ့ရသည့် အချုပ်ပို(ဂ)သို့

## တပ်တွင်းမဲရုံထားခွင့်မရှိသည့် နည်းဥပဒေပြင်ဆင်ချက် လွှတ်တော်က ထပ်မံပြင်ဆင်ခြင်းမရှိပါက ရက် ၉၀ အတွင်း အတည်ဖြစ်မည်

အချုပ်ပို(ဂ)သို့

# ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရာတွင် ကရင်ဒုံးယိမ်းအကကို ပမာပြုကာ တိုင်းရင်းသားအချင်းချင်း အပြန်အလှန် နားလည်မှုရှိရှိ ဟန်ချက်ညီညီ ထိန်းညှိလုပ်ဆောင်စေလိုဟု သမ္မတပြော

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် ကရင်ဒုံးယိမ်းအကကဲ့သို့ တိုင်းရင်းသားအချင်းချင်းတဦးနှင့် တဦးအပြန်အလှန်နားလည်မှုရှိရှိ၊ ဟန်ချက်ညီညီဖြင့် ကြိုးပမ်းလုပ်ဆောင်စေလိုကြောင်း ကရင်ပြည်နယ်၊ ဘားအံမြို့တွင် နိုဝင်ဘာ ၇ ရက်က ပြုလုပ်သော (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးဝင်းမြင့်က ပြောကြားလိုက်သည်။ "ကျွန်တော်တို့အမြင်အရ ပြောမယ်ဆိုရင်တော့ ဘယ်လိုပဲ အချုပ်ပို(ခ)သို့



## နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိုးကုတ်မြို့ ညောင်သုံးပင် ဘုန်းကြီးကျောင်းဗိမာန်ဖွင့်ပွဲသို့ တက်ရောက်မည်



နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုဝင်ဘာ ၉ ရက်တွင် ကျင်းပမည့် မိုးကုတ်မြို့ ညောင်သုံးပင်ဘုန်းတော်ကြီးကျောင်း ဗိမာန်ဖွင့်ပွဲသို့ တက်ရောက်မည်ဖြစ်ကြောင်း မိုးကုတ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ငံကျော်က News Watch သို့ပြောသည်။ "ကျွန်တော်တို့မိုးကုတ်မှာ ညောင်သုံးပင်ဘုန်းကြီးကျောင်း ဗိမာန်ဖွင့်ပွဲရယ် ပထမဆုံးအကြိမ်ကျင်းပတဲ့ သာမဏေကျော်အပါး ၁၀၀၀ ကျော်တို့ရဲ့ စာမေးပွဲပိတ်ပွဲအတွက် လာမှာဖြစ်ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က ဒီပွဲအတွက် အဓိကလာရောက်ခြင်းဖြစ်ပါတယ်။ ဒီအတွက်လည်း နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ် မိုးကုတ်မြို့ကို လာရောက်ခြင်းဖြစ်တဲ့အတွက် အချုပ်ပို(ခ)သို့



Taiyo အသက်အာမခံလုပ်ငန်းဥက္ကဋ္ဌ
Naoki Soejima

## ဂျပန် Taiyo အာမခံလုပ်ငန်းက ဝန်ထမ်းအများအပြား ခေါ်ယူမည်

ဂျပန် Taiyo အသက်အာမခံလုပ်ငန်းက မြန်မာနိုင်ငံတွင် အပြည့်အဝလုပ်ကိုင်ခွင့်ရရှိသည်နှင့် တအိမ်တက်ဆင်း အရောင်းမြှင့်တင်ရေးဆောင်ရွက်ရန် ဝန်ထမ်းအများအပြားခန့်အပ်ရန် စီစဉ်ထားသည်။ အသက်အာမခံထားသည့် အလေ့အထနည်းပါးသည့် မြန်မာနိုင်ငံတွင် လုပ်ငန်းစတင်လုပ်ကိုင်ချိန်မှ ၃ နှစ်အတွင်း ဝန်ထမ်း ၅၀၀၀ ခန့်အပ်ရန်စီစဉ်ထားကြောင်း အချုပ်ပို(ခ)သို့

## ၂၀၂၀ ပြည့်နှစ်တွင် သင်္ကြန်ပိတ်ရက် ၁၀ ရက် အပါအဝင် ရက်ရှည်ရုံးပိတ်ရက်ခံစားခွင့် ၁၀ ကြိမ်အထိရှိ

၂၀၂၀ ပြည့်နှစ်တွင် အတာသင်္ကြန် နှစ်ကူးကာလ ၁၀ ရက်ဆက်တိုက် ရုံးပိတ်ရက်အပါအဝင် ရက်ရှည်ရုံးပိတ်ရက် စုစုပေါင်း ၁၀ ကြိမ်အထိရှိသည်။ အစိုးရဝန်ထမ်းများအနေဖြင့် သင်္ကြန်ရုံးပိတ်ရက်အပြင် စနေ၊ တနင်္ဂနွေ ပိတ်ရက်နှင့်ဆက်၍ အချုပ်ပို(ဂ)သို့

## မိုးလေဝသသူရဲကောင်း ဒေါက်တာဦးထွန်းလွင်

၊ အေးထွန်းမင်း ၊



ကျွန်တော်ရဲ့ ပြင်းပြတဲ့ဆန္ဒတခုက ဘာလဲဆိုတော့ ကျွန်တော် သေသွားတဲ့ အခါမယ် တခုခုတော့ ကျန်ခဲ့စေချင်တယ် . . .

စာ(၄၀)သို့

www.free4readers.com


Greta Thun berg (ကမ္ဘာ့ရာသီဥတုအပြောင်းအလဲဆော်ဩသူ)

# စစ်၊ ပိုးသတ်ဆေးနဲ့ ပျောက်ဆုံးမှာစိုးရတဲ့ ကမ္ဘာ့အနာဂတ်

စမ်းစမ်းတင်

*စစ်ကြောက်တဲ့ ကုလသမဂ္ဂ၊ ပိုးသတ်ဆေး ကြောက်တဲ့ Rachael Carson နဲ့ အနာဂတ်ပျောက်မှာ စိုးကြောက်တဲ့ Greta Thunberg . . .*

ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ အောက်တိုဘာ ၂၄ ရက်မှာ စတင်ဖွဲ့စည်းတည်ထောင်လိုက်တဲ့ ကုလသမဂ္ဂဟာ သက်တမ်း ၇၄ နှစ်ရှိလို့ သွားပါပြီ။ သူ့မတိုင်ခင်က နိုင်ငံပေါင်းစုံက အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး သူလိုပဲ ကမ္ဘာ့ရေးရာတွေအကျိုးဆောင်တဲ့ The League of Nations နိုင်ငံပေါင်းချုပ်အသင်းကြီးကတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလို သက်တမ်း က ၂၆ နှစ်ပဲခံ။

ပထမကမ္ဘာစစ်ဖြစ်သွားပြီးတဲ့နောက်– နောက်ကမ္ဘာစစ်တွေထပ်မဖြစ်ပွားရအောင် ကမ္ဘာငြိမ်းချမ်းရေး ထိန်းသိမ်းဖို့ ရည်ရွယ်ထူထောင်တယ်ဆိုပေမဲ့ ဒုတိယကမ္ဘာစစ်ကို မတားနိုင်တဲ့အဖွဲ့ဟာ နိုင်ငံပေါင်းချုပ်အသင်းကြီးပါ။ ဒီတော့ ရှေ့မတက်နိုင်–ရှေ့မဆက်နိုင်ခဲ့။

ပထမကမ္ဘာစစ်အပြီး ၁၉၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၀ ရက်မှာ နိုင်ငံပေါင်းချုပ်အသင်းကြီးကို ဖွဲ့စည်းနိုင်ဖို့ ၂၈ ယောက်မြောက် အမေရိကန်သမ္မတ Woodrow Wilson က ရှေ့တန်းက ဦးစီးဦးဆောင်ကြိုးပမ်းတဲ့အတွက် ၁၉၁၉ ခုနှစ်မှာ ငြိမ်းချမ်းရေး နိုဘယ်ဆုဆွတ်ခူးခဲ့ပေမဲ့ သူ့အိပ်မက်အသင်းကြီးက ရေရှည်မခံ–ပျက်ချိန်တန် ပျက်ရဆိုတဲ့ကိန်းပါပဲ။

ငြိမ်းချမ်းရေးအပြင် လက်နက်ဖျက်သိမ်းရေးကတဆင့် စစ်မက်မဖြစ်ပွားအောင် ကာကွယ်တားဆီးဖို့လည်းရည်ရွယ်၊ စေ့စပ်ဆွေးနွေးတာနဲ့ ခုံရုံးနဲ့စီရင်ဆုံးဖြတ်တာကတဆင့် နိုင်ငံတကာ အငြင်းပွားမှုတွေကို ဖြေရှင်းဖို့လည်း ရည်ရွယ်၊ အလုပ်သမားရေးရာ၊ လူကုန်ကူးမှုနဲ့ မူးယစ်ဆေးဝါးမှောင်ခိုကူးမှု၊ လက်နက်အရောင်းအဝယ်၊ ကမ္ဘာ့ကျန်းမာရေး၊ စစ်အကျဉ်းသားရေးရာ၊ ဥရောပလူနည်းစုတွေ အကာအကွယ်ပေးရေး စတာတွေကိုလည်း ကိုင်တွယ်ဖြေရှင်းဖို့လည်းရည်ရွယ် ရည်ရွယ်ချက်တွေက ကောင်းမှကောင်း။

ဒါကြောင့်ပဲ ၁၉၃၄–၃၅ မှာ အဖွဲ့ဝင် ၅၈ နိုင်ငံထိရှိလာပြီး အသင်းကြီးက အားကောင်းလာခဲ့ပေမဲ့ မရည်ရွယ်တာတွေလည်းဖြစ်တတ်တဲ့ ဓမ္မတာကို သူလည်း မလွန်ဆန်နိုင်၊ စစ်မဖြစ်အောင်ဖွဲ့စည်းထားတဲ့ အသင်းကြီးက စစ်မဖြစ်အောင် မကာကွယ်နိုင်၊ ဒုတိယကမ္ဘာစစ်မီး ဟုန်းဟုန်းတောက်ခဲ့၊ ဒီတော့ အသင်းကြီးလည်း ပျက်။

ဖြစ်ပြီးရင် အချိန်တန်ရင် ဆုံးခန်းတိုင်တတ်တဲ့ ထုံးစံ ဒုတိယကမ္ဘာစစ်ကြီးပြီးသွားတဲ့နောက် ကမ္ဘာ့ကုလသမဂ္ဂနဲ့ ၁၉၄၅ ခုနှစ်မှာ အစားထိုးလိုက်တဲ့အခါ နိုင်ငံပေါင်းချုပ်အသင်းကြီးရဲ့ နဂိုအခြေခံမှုတွေကိုထိန်းထားရင်း ခေတ်စနစ်ပြောင်းလာတာနဲ့အညီ တခြားကဏ္ဍတွေ ထပ်ပွားလာတာလည်း အားလုံးအသိ။

ခုဆိုရင် အသင်းဝင် ၁၉၃ နိုင်ငံရှိပြီဖြစ်တဲ့ ကုလသမဂ္ဂဟာ ၂၁ ရာစုမှာလည်း ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့လုံခြုံရေးကိစ္စရပ်ကို ကိုင်တွယ်ရင်း ရာသီဥတုပြောင်းလဲမှု၊ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး၊ လူ့အခွင့်အရေး၊ လက်နက်ဖျက်သိမ်းရေး၊ အကြမ်းဖက်မှု၊ လူသားချင်းစာနာမှုနဲ့ ကျန်းမာရေး အရေးပေါ်ကိစ္စရပ်၊ ကျား–မ တန်းတူရေး၊ စားနပ်ရိက္ခာ စတဲ့ကဏ္ဍတွေကိုလည်း အလေးထားဆောင်ရွက်နေပြန်။

ကုလသမဂ္ဂမမွေးဖွားခင်ကရှိခဲ့တဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီးရဲ့ ပဲ့ကိုင်ရှင် Woodrow Wilson ဟာ အသက် ၆၇ နှစ်ရွယ်– ၁၉၂၄ မှာ ကွယ်လွန်သွားတာမို့ သူတားချင်တဲ့ ဒုတိယကမ္ဘာစစ်ဖြစ်သွားတာလည်း မမြင်ရ၊ နည်းပညာထွန်းသစ်တဲ့ အီလက်ထရွန်နစ်ခေတ်ကိုလည်း တွေ့မသွားရ။ နောက်ကမ္ဘာကြီး အပြောင်းအလဲကိုလည်း သိမသွားရ၊ နိုင်ငံပေါင်းချုပ်ကြီးတဖြစ်လဲ ကုလသမဂ္ဂဖွဲ့စည်းပြီး သုံးနှစ်အကြာ ၁၉၄၈ ခုနှစ်မှာ သူ့လို ကံကြမ္မာနဲ့ကြုံရမယ့် နိုဘယ်ဆုရှင်တဦး ပေါ်ထွန်းလာတာကိုလည်း Woodrow Wilson သိမသွားရလို့လည်း ပြောနိုင်ပြန်၊ အဲဒါကတော့– ဒီတီတီပိုးသတ်ဆေးကိစ္စ၊ ဒုတိယကမ္ဘာစစ်မှာ ကျည်ဆန်တွေ ဗုံးတွေကြောင့်မဟုတ်ဘဲ တိုက်ပွဲဝင် အမေရိကန်စစ်သားတွေ ငှက်ဖျားရောဂါဖြစ်၊ ငှက်ဖျားမိသေကြရတာ ပိုးကောင်၊ မွှားကောင်တွေ၊ ခြင်တွေကြောင့်။ ဒီတော့ ဒီပိုးမွှားတွေ ခြင်တွေရန်က ကင်းအောင်ပိုးသတ်ဆေးကို ၁၉၃၉ မှာ တီထွင်နိုင်၊ တီထွင်နိုင်တော့ ဒုတိယကမ္ဘာစစ်မှာ အမေရိကန်စစ်သားတွေ ဒီတီတီကို လှိုင်လှိုင်သုံးခဲ့။ ဆွစ်ပညာရှင် Paul Hermann Muller လည်း ရည်ရွယ်ချက်ကောင်းနဲ့ တီထွင်ပေမဲ့ အခြေအနေကောင်းကဖြစ်မလာ။

ဒုတိယကမ္ဘာစစ်အတွင်း ပိုးသတ်ဆေးကို ဖော်စပ်နိုင်တဲ့သူက ဆွစ်လူမျိုး ဓာတုပညာရှင် Paul Hermann Mullen၊ ငှက်ဖျားနဲ့ ငန်းဝါအဖျားရောဂါ ပျောက်ကင်းအောင်ကုသနိုင်မယ့် ဓာတုပစ္စည်း ရှာဖွေတွေ့ရှိလို့ ဆေးပညာရပ်ဆိုင်ရာ နိုဘယ်ဆုတောင် ဆွတ်ခူးခဲ့။ Woodrow Wilson ကတော့ ငြိမ်းချမ်းရေးနိုဘယ်ဆုပေါ့နော်။

သူလည်းရွယ်ရည်ချက်ကောင်းနဲ့ ပိုးသတ်ဆေး တီထွင်တာပါ။ ဒါပေမဲ့ သူ့တီထွင်မှုဟာ သဘာဝဟန်ချက်ပျက်စေတယ်ဆိုတာ နောက်နှစ်တွေကြာလာမှ သိရတာရယ်။

သိလာရတာကလည်း အမေရိကန်သိပ္ပံပညာရှင် Rachael Carson ၁၉၆၂ မှာ ရေးသားထုတ်ဝေတဲ့ Silent Spring တိတ်ဆိတ်သော နွေဦးစာအုပ်ကြောင့်၊ ပိုးသတ်ဆေးဟာ အဆိပ်ဖြစ်နေတာကို ဆရာမ Rachael Carson က ဖော်ထုတ်တာမို့ နောက် ၁၀ နှစ်အကြာမှာ ဒီတီတီပိုးသတ်ဆေးသုံးခွင့်ကို အမေရိကန်မှာ ပိတ်ပင်၊ ဒီတော့လည်း အမေရိကန်သမ္မတ Woodrow Wilson ကံကြမ္မာမျိုးပါပဲ။

Rachael Carson ဘက်ဆက်ရရင် သူဟာ အဏ္ဏဝါဗေဒပညာရှင်ဖြစ်ပေမဲ့ အဏုမြူဗုံးကြဲလိုက်မှ နိဂုံးချုပ်သွားတဲ့ ဒုတိယကမ္ဘာစစ်ကိုလည်း မီလိုက်တာမို့ ကင်ဆာရောဂါဖြစ်စေတဲ့ ရေဒီယိုသတ္တိကြွပစ္စည်းတွေရဲ့အန္တရာယ်ကိုမြင်ရုံမက ဒုတိယကမ္ဘာစစ်အပြီး အသုံးများလာတဲ့ ပိုးသတ်ဆေးအဆိပ်ကိုလည်းသိတဲ့အတွက် သူကိုယ်တိုင် ရင်သားကင်ဆာခံစားနေရတဲ့ကြားက Silent Spring နဲ့ ကမ္ဘာကို အမိအရကိုင်လှုပ်လိုက်တာ။

ပိုးသတ်ဆေးတွေ အလုံးအရင်းသုံးတဲ့အတွက် အတိမ်းအစောင်းမခံတဲ့ သဘာဝဟန်ချက်ပျက်တာကို Silent Spring ကနေပြောပြ။ ဒီနေ့ပြောနေတဲ့ ဂေဟစနစ်က သဘာဝဟန်ချက်ကိုရှင်းပြ၊ မြေဆီ၊ ရေပြင်နဲ့ ကမ္ဘာမြေကြီးက ဇီဝရုပ်ဟန်ချက်ကိုလည်း ရှင်းပြ။ ပိုးသတ်ဆေးအန္တရာယ်ကို အမျိုးသမီးတယောက်က စေ့စေ့ပေါက်ပေါက် သုတေသနပြုပြီး အချက်အလက်ခိုင်ခိုင်လုံလုံနဲ့ထောက်ပြပေမဲ့ ဓာတုလုပ်ငန်းရှင်တွေက သုတို့စီးပွားပျက်မှာမို့ လက်မခံနိုင်၊ Silent Spring ဖန်တီးရှင်ဆရာမကို အကြီးအကျယ်တိုက်ခိုက်ပုတ်ခတ် စွပ်စွဲ၊ နည်းမျိုးစုံနဲ့ ရွတ်ချပုတ်ခတ်၊ ရှုံးနေပြီတို့ ဘာတို့၊

ခုလည်းကြည့်၊ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆော်ဩတဲ့ ဒီနှစ် ၁၇ နှစ်ရွယ်ရောက်လာတဲ့ ဆွီဒင်သူလေး Greta Thunberg ကို တချို့ပုဂ္ဂိုလ်တွေက ကိုယ်တိုင်ရာသီဖောက်ပြန်တာ ကြုံနေတဲ့ကြားက ပုတ်ခတ်နေလိုက်ကြတာ။

ဒါပေမဲ့ စေတနာဆိုတာ အကျိုးမမဲ့ပါ။ ဆရာမ Rachael Carson အဝေဖန်ခံပြီး ကြိုးစားခဲ့လို့ ဒီတီတီပိုးသတ်ဆေးအခန်းကဏ္ဍ မှေးမှိန်သွားလိုက်တာ တကျော့ပြန်မလာနိုင်။

၁၉၆၄ ခုနှစ်မှာ Rachael Carson ဟာ ကင်ဆာရောဂါနဲ့ ကွယ်လွန်သွားချိန်ထိ ကုလသမဂ္ဂမှာရော ကမ္ဘာမှာရော လေထုညစ်ညမ်းတဲ့အကြောင်း ပြောကြပေမဲ့ ကမ္ဘာ့ရာသီဥတု ပြောင်းလဲတဲ့ကိစ္စက ဒီနေ့လောက် သိသိသာသာမထင်ရှားလှ။ ဒါတောင် ကျောက်မီးသွေးလို ရုပ်ကြွင်းလောင်စာတွေ ဒီလောက်လောင်ကျွမ်းနေရင် ကမ္ဘာကြီးဟာ ကာဗွန်ထောင်ချောက်ထဲမိပြီး ပူနွေးလာတော့မယ်လို့ ဆွီဒင်သိပ္ပံပညာရှင် Svante August Arrhenius က ၁၈၉၆ ခုနှစ်ကတည်းက ဟောကိန်းထုတ်ခဲ့တာကလား။

ဒါကို Rachael Carson နဲ့ ခေတ်ပြိုင်ပတ်ဝန်းကျင်ဝါဒီတွေက ၁၉၆၀ ဝန်းကျင်လောက်မှာ စသတိထားလာပေမဲ့ သိပ္ပံပညာရှင်တွေက ၁၉၈၀ ပြည့်နှစ်ပိုင်းတွေမှာ ကမ္ဘာ့ရာသီဥတုပြောင်းလဲတဲ့ ကိစ္စကိုလက်ခံလာတာတဲ့၊ ဒီနေ့တော့ လက်မခံချင်လည်း မရတော့ပါ။ ရာသီဥတုက တကယ်ကိုပြောင်းလဲသွားပါပြီ၊ သိပ္ပံသဘောတရားအရ သာမန်ရှိသင့်တာထက် လေထုထဲမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်အပါအဝင် ဖန်လုံအိမ်ဓာတ်ငွေ့တွေများလာတဲ့အတွက် ကမ္ဘာကြီးပူနွေးလာတဲ့ အဆင့်ထက်ကျော်လွန်ပြီး ပိုပိုပူပြင်းလာတဲ့အတွက် ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချဖို့ ကုလသမဂ္ဂကဦးဆောင်ပြီး ကြိုးပမ်းနေတာ အားလုံးလည်းသိ။

ကမ္ဘာ့နိုင်ငံစုံနဲ့ ဖွဲ့စည်းခဲ့တဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီးဟာ ရည်ရွယ်ချက်အထမမြောက်တဲ့ ကမ္ဘာစစ်ကြောင့် လုပ်ငန်းရပ်သွားပြီး ကုလသမဂ္ဂအသွင်ပြောင်းခဲ့တာမို့ တခြားကဏ္ဍအဖြာဖြာကြားက ဒီနေ့ကမ္ဘာမှာ အရေးတကြီးဖြေရှင်းရမယ့် ရာသီဥတုပြောင်းလဲခြင်းကို နိုင်နင်းအောင် သူကရောလုပ်နိုင်ပါ့မလား။ မလုပ်ဆောင်နိုင်ရင်တော့ ဆွီဒင်ပါလီမန်ရှေ့ တကိုယ်တော်ဆန္ဒပြရာက ကမ္ဘာကျော်လာတဲ့ ပတ်ဝန်းကျင်ရေးရာလှုပ်ရှားသူ ၁၆ နှစ်အရွယ်ကျောင်းသူလေး ဂရေတာ သွန်းဘာ့ဂ်ပြောတဲ့ မျိုးဆက်သစ်တွေ အနာဂတ်က အမှန်တကယ်မဲ့တော့မှာလား။

ရှေ့ဆက်မစဉ်းစားရဲပါ။ **စမ်းစမ်းတင်**



www.free4readers.com

News Watch WEEKLY
စောင့်ကြည့် သတင်းဂျာနယ်
အတွဲ (၁၄)၊ အမှတ် (၃၄) ၉-၁၁-၂၀၁၉ (စနေ)

# YUPT ကုမ္ပဏီတွင် ရှယ်ယာထည့်ဝင်ထားသူများ၏ ဆန္ဒအတိုင်း YRTA မှ ဆောင်ရွက်ပေးမည်

ရန်ကုန်မြို့ပြအများပြည်သူသယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (YUPT Puplic Co.,Ltd.)၏ ဒုတိယအကြိမ်နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာထည့်ဝင်ထားသူ ၁၈၀ ကျော်မှ ၃ နှစ်တာကာလအတွင်း အမြတ်မရရှိမှုအပေါ် ဆူပူခဲ့ပြီး ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ရှယ်ယာရှင်များ၏ဆန္ဒကို YRTA မှ မေးမြန်းထားကာ ၎င်းတို့ဆန္ဒအတိုင်း ညီညွတ်မျှတစွာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် YRTA ရုံးချုပ်တွင် နိုဝင်ဘာလ ၆ ရက်က ပြုလုပ်သည့် မီဒီယာများနှင့် တွေ့ဆုံပွဲတွင် YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။

"ဒီဖြစ်စဉ်ကို ပြန်လည်သုံးသပ်တဲ့အခါမှာ ရှယ်ယာရှင်တွေရဲ့ဆန္ဒဘယ်လိုရှိတယ်။ သူတို့လိုချင်တာကဘာလဲ ဒါတွေကို ကျွန်တော်တို့ အတည်ပြုနိုင်ဖို့ ရှယ်ယာရှင်တွေဘက်က ဆန္ဒကို မေးထားပါတယ်။ သူတို့ဆန္ဒအမှန်တင်ပြလာတဲ့အပေါ်မှာ ကျွန်တော်တို့ဖြေရှင်းဆောင်ရွက်ပေးမယ်။ YUPT အများပိုင်ယာဉ်လိုင်းကုမ္ပဏီမှာ ပါဝင်တဲ့ရှယ်ယာရှင်တွေဟာ မထသစနစ်က ယာဉ်ပိုင်ရှင်တွေ အများဆုံးပါဝင်ပါတယ်။ ရှယ်ယာထည့်ခဲ့တဲ့အချိန်တုန်းက ၂ နှစ်နေရင်

စာ(၁၈)သို့

# ထိုင်းတွင်ဆေးကုသမှုခံယူနေသည့် မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ကျန်းမာရေးတိုးတက်ကောင်းမွန် ရက်ပိုင်းအတွင်း ပြန်ရောက်မည်



ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ဆေးဝါးကုသမှုခံယူနေသော မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဒေါက်တာဇော်မြင့်မောင်သည် ကျန်းမာရေးအခြေအနေတိုးတက်ကောင်းမွန်လာပြီဖြစ်၍ ရက်ပိုင်းအတွင်း ပြန်လည်ရောက်မည်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

"ပြန်လာမယ့်ရက်ကိုတော့ အတိအကျမသိရသေးဘူး။ ဆေးကုသမှုခံယူနေတယ်။ အခြေအနေကောင်းတယ်။ တိုးတက်မှုရှိတယ်။ ဒီလောက်ပဲ သိရသေးတယ်"ဟု NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး NLD ဥက္ကဋ္ဌဦးတင်ထွဋ်ဦးက ပြောသည်။

ဒေါက်တာဇော်မြင့်မောင်သည် လာမည့် နိုဝင်ဘာ ၈ ရက်နေ့တွင် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက Mandalay Indepth News ပြောကြားသည်။

"အဲဒီသတင်းကိုတော့ အခုလေးပဲ အွန်လိုင်းမှာဖတ်လိုက်ရတယ်။ ဝန်ကြီးဦးမြတ်သူဖြေထားတာလေးရှိတယ်။ ၈ ရက်နေ့ ပြန်ရောက်မယ်ပြောတယ်"ဟု ချမ်းမြသာစည်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုးက ပြောသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်သည် ရန်ကုန်မြို့၊ စကိုင်းစတားဟိုတယ်တွင် အောက်တိုဘာ ၂၄ ရက်က ပြုလုပ်သည့် ရန်ကုန်တိုင်း NLD (ပါတီ၊ လွှတ်တော်၊ အစိုးရ) ၃ ပွင့်ဆိုင်တွေ့ဆုံပွဲအပြီးတွင် ထိုင်းနိုင်ငံသို့ သွားရောက်ကာ ဆေးကုသမှုခံယူနေခြင်းဖြစ်ပြီး ဝန်ကြီးချုပ်၏တာဝန်များကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်က ယာယီတာဝန်ယူထားကြောင်း သိရသည်။

ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် သည် ယင်းသို့ ၁၅ ရက်ခန့်ကြာ ဆေးကုသမှုခံယူနေခြင်းမှာ နှလုံးနှင့် သက်ဆိုင်သောဝေဒနာခံစားနေရခြင်းကြောင့်ဟုသိရှိရပြီး ပါတီထိပ်ပိုင်းခေါင်းဆောင်များက တိတိပပထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

ဒေါက်တာဇော်မြင့်မောင်သည် ပြီးခဲ့သည့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွင် ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရရှိခဲ့ဖူးသူဖြစ်၍ ယင်းမြို့ခံလူထု ၁၅၀ ခန့်က ဒေါက်တာဇော်မြင့်မောင် အမြန်သက်သာ၊ ကျန်းမာစေလိုကြောင်း ပြီးခဲ့သည့် နိုဝင်ဘာ ၁ ရက်နေ့က စေတီကြီးဘုရားရင်ပြင်တော်တွင် ဆီးမီးထွန်းကာ ဆုတောင်းမေတ္တာပို့သခဲ့ကြသည်။

ကိုလင်း

# Victoria အမှုအချင်းဖြစ် နေ့ရက်အပါအဝင် CCTV မှတ်တမ်းများ အစအနမကျန် ပျောက်ဆုံး



နေပြည်တော် Wisdom Hill မူကြိုကျောင်းမှ ကလေးငယ် Victoria မဖွယ်မရာပြုကျင့်ခံရမှု၏ ၁၀ ကြိမ်မြောက်ရုံးချိန်းကို နေပြည်တော်၊ ဒက္ခိဏခရိုင်တရားရုံး၌ နိုဝင်ဘာ ၆ ရက်တွင် စစ်ဆေးရာ အဆိုပါကျောင်းမှ CCTV တာဝန်ခံ ကိုရန်နောင်ဌေးအား ဆက်လက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ကိုရန်နောင်ဌေး ကူးယူခဲ့သည်ဆိုသော Memory stick ပါ ဗီဒီယိုဖိုင် ၁၁ ဖိုင်နှင့် CCTV Hard Disk တွင်ရှိသည့် မှတ်တမ်းများကို ရုံးတော်ရှေ့မှောက်၌ပင် တိုက်ဆိုင်စစ်ဆေးရာ CCTV Hard Disk တွင် မည်သည့်မှတ်တမ်းတစုံတရာမှ မတွေ့ရှိရကြောင်း စွပ်စွဲခံအောင်ကြီး၏ရှေ့နေ ဒေါ်စုဒါလီအောင်က မီဒီယာများသို့ ပြောသည်။

"Hard Disk ထည့်ထားတဲ့ DVR စက်ထဲမှာရှိတဲ့ မှတ်တမ်းနဲ့ သူ့ရဲ့ Stick ထဲမှာရှိတဲ့မှတ်တမ်းကို တိုက်ဆိုင်စစ်ဆေးဖို့ဆိုပြီးတော့ ဥပဒေအရာရှိကလျှောက်တဲ့အခါမှာ DVR စက်ကို နည်းပညာကျွမ်းကျင်သူနဲ့ ရုံးရှေ့မှာပဲ စစ်ဆေးကြည့်ရှုတဲ့အခါမှာ DVR နဲ့ Hard Disk က တွဲလျက်ကို အဲဒီထဲမှာ ဗီဒီယိုဖိုင်မှတ်တမ်းတွေအားလုံးက ဘာတခုမှမရှိတော့တာကို တွေ့ရတယ်။ ဒါကြောင့်မို့လို့ မရှိတော့ဘူးဆိုတဲ့အကြောင်းကို ဥပဒေအရာရှိက မှတ်တမ်းတင်ထားတယ်။ အိုင်တီသမားကို အကူအညီတောင်းပြီးတော့ မှတ်တမ်းတင်ထားတယ်"ဟု

စာ(၁၈)သို့

# မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင် ဈာပနအခမ်းအနားသို့ လူဦးရေထောင်ချီ လိုက်ပါပို့ဆောင်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) မိုးလေဝသပညာရှင် ဆရာကြီးဒေါက်တာထွန်းလွင် (အသက်၇၂နှစ်)၏ ဈာပနအခမ်းအနားကို ရေဝေးသုသာန်တွင် နိုဝင်ဘာ ၆ ရက်ညနေပိုင်းက ကျင်းပပြုလုပ်ခဲ့ရာ လူထုပရိသတ်ထောင်နှင့်ချီ၍ လိုက်ပါပို့ဆောင်ခဲ့ကြသည်။

ယင်းဈာပနအခမ်းအနားသို့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လွမ်းသူ့ပန်းခွေ ပို့ဆောင်ပေးခဲ့သည်။

မိသားစုဝင်များပင် ဆရာကြီး၏ ရုပ်အလောင်းနား မကပ်နိုင်သည်အထိ သတင်းလာရောက်ယူကြသည့် မီဒီယာများ အလွှမ်းများပြားခဲ့သည်ကိုလည်း တွေ့ရသည်။ ဆရာကြီးဒေါက်တာထွန်းလွင်သည် နိုဝင်ဘာ ၄ ရက် ည ၆ နာရီ ၅၇ မိနစ်အချိန်တွင် ရန်ကုန်မြို့၊ ဂရန်းဟံသာ ဆေးရုံတွင် လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

ဆရာကြီးသည် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနတွင် ဆယ်တန်းအောင်သည့်အချိန်မှစတင်၍ ရာထူးတာဝန်အဆင့်ဆင့်ထမ်းဆောင်ခဲ့ပြီး နှစ်ပေါင်း ၄၀ အကြာ ၂၀၀၉ ခုနှစ်တွင် ညွှန်ကြားရေးမှူးချုပ်တာဝန်ဖြင့် အငြိမ်းစားယူခဲ့သည်။

ဆရာကြီးကွယ်လွန်ချိန်တွင် ဇနီးနှင့် သားသမီးသုံးဦး၊ မြေး ၂ ဦးကျန်ရစ်ခဲ့သည်။

*TCM*



ဓာတ်ပုံ - ရွှေဖီး

# ဝမ်းနည်းမှတ်တမ်း

မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင် အသက် ၇၂ နှစ်သည် နိုဝင်ဘာ ၄ ရက်၊ ညနေပိုင်းက ရန်ကုန်မြို့ Grand Hantha International ဆေးရုံတွင် ကွယ်လွန်သွားခဲ့ပါသည်။

ဒေါက်တာထွန်းလွင် ကွယ်လွန်သွားခြင်းသည် မြန်မာပြည်သူပြည်သားများအတွက် အစားထိုးမရသည့် ဆုံးရှုံးမှုဖြစ်သလို သူ၏မိသားစုအတွက်လည်း ဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။ ထိုသို့ ပြည်သူပြည်သူများအတွက်၊ မိသားစု အတွက်ဆုံးရှုံးမှုအပေါ် News Watch ဂျာနယ်မိသားစုမှလည်း ထပ်တူထပ်မျှ ဝမ်းနည်းပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။ ♦

www.free4readers.com

news Watch
WEEKLY
စောင့်ကြည့်သတင်းဂျာနယ်
အတွဲ (၁၄)၊ အမှတ် (၃၄) ၉-၁၁-၂၀၁၉ (စနေ)




# ထာဝရနှောင်ကြိုး
# Now & Ever

ချစ်မောင်(အဝကျွန်း)

> သီဟကို ဝတ်မှုံက တနေ့ပြီးတနေ့ ပြုစုရင်းပဲ ဇာတ်လမ်းပြီးဆုံးသွားလျှင် ပိုကောင်းမည်ဟု စိတ်ကူးမိသည်။ သေသွားသည်ကို ပြစရာမလိုဘဲ ဇာတ်လမ်းပြီးဆုံးသွားလျှင်ပိုကောင်းမည်ဟုစိတ်ကူးမိသည်။ သေသွားသည်ကို ပြစရာမလိုဘဲ သိနေပြီးသားဖြစ်၍ ပရိသတ်ကို စိတ်ကူးလေးနှင့် အလွမ်းလေး ကျန်ရစ်အောင်ပြလျှင် . . .

အချစ်ဆိုသည်မှာ ခံစားမှုတမျိုးဖြစ်သည်။ လူ့ခံစားမှုဆိုသည်မှာလည်း လူ့သဘာဝက လာခြင်းဖြစ်သည်။ မိုးပေါ်ကကျလာခြင်းမဟုတ်၊ လူ့ဘဝ၊ လူ့အဖွဲ့ အစည်းက ပေါ်ပေါက်လာသော လူ၏ခံစားမှုတမျိုးဖြစ်ပါသည်။

ယနေ့ခေတ်မှာ Online ပေါ်မှာ အချိန်တိုတိုအတွင်း တွေ့ကြ၊ ချစ်ကြ၊ ညားကြပြီး မကြာခင်မှာ ကွဲကွာသွားကြသည်။ ဤသည်မှာ မတည်ငြိမ်သော လူ့သဘာဝ၏ရိုက်ခတ်မှုတခုအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။ ဤသို့သော အဖြစ်မျိုးကြားထဲမှာ တကယ် စွဲစွဲမြဲမြဲမဖောက်မပြန် ခိုင်မြဲသောအချစ်မျိုးလည်း ရှားရှားပါးပါးရှိတတ်သည်။ ဤသို့သော အချစ်မျိုးကို ဖော်ကျူးသော 'ထာဝရနှောင်ကြိုး' (Now & Ever) ဇာတ်ကားတကားပေါ်ထွက်လာသည်။ မြန်မာပြည်မှာ တကယ်စစ်စစ်မှန်မှန် Romance ကားက ရှားပါးသည်။ ဤဇာတ်ကားသည် ရှားပါးသော Romance ကားထဲမှတကားဖြစ်ပါသည်။

Romance ဆိုတိုင်းလည်း အချစ်စိတ်ကူးဆန်းပြားသော ဇာတ်လမ်းမျိုးကိုပြောခြင်းမဟုတ်ပါ။ အချစ်စိတ်ကူးယဉ်ဆိုသည်မှာလည်း သဘာဝထဲကလာသည်မို့ သဘာဝကျရပါမည်။ သဘာဝနှင့်ကင်းလွတ်သည့် အထူးသဖြင့် ဘဝနှင့်ကင်းလွတ်သည့်အချစ်စိတ်ကူး ဇာတ်လမ်းမျိုး မဖြစ်သင့်ဟု ယူဆပါသည်။

ရိုမီယိုနှင့် ဂျူးလီယက်ဇာတ်လမ်းသည် အချစ်ဇာတ်လမ်းတပုဒ်ဖြစ်ပါသည်။ သို့သော် သူတို့မှာ အချစ်ချည်းသက်သက်မဟုတ်။ လူ့သဘာဝပါသည်။ လူ့အဖွဲ့ အစည်း၊ လူလူချင်း လူတန်းစားပဋိပက္ခပါသည်။ ကမ္ဘာကျော်ဇာတ်လမ်းနှင့် နှိုင်းယှဉ်ခြင်းတော့ မဟုတ်ပါ။ သို့သော် အချစ်ဇာတ်ကားဆိုလျှင် ဤဥပမာသာ ပြစရာ အထင်အရှားရှိ၍ ပြောရခြင်းဖြစ်ပါသည်။ မင်းသမီး အော်ဒရေဟတ်ဘန်းသရုပ်ဆောင်သော ရိုမင့်ဟော လီဒေးသည်လည်း အချစ်ဇာတ်ကားတကားဖြစ်သည်။ သို့သော် သဘာဝနှင့် မကင်းလွတ်ပါ။ ဤဇာတ်ကားတွင် ဒါရိုက်တာက ခရစ္စတီးနားဒီ၊ သရုပ်ဆောင် ဇော်ဒီနှင့် မင်းသမီးပိုင်ဖြိုးသုတို့ပါသည်။ ဇာတ်ရံများ အနေနှင့် ဂျူဂျူးကေနှင့် --- နှင့် အခြားဇာတ်ရံများ ပါဝင်ပါသည်။ တေးသီချင်းများကို ဇော်ဒီကိုယ်တိုင် ရေးစပ်သော သီချင်းများလည်း ပါဝင်သည်။ ဇော်ဒီသည် ရုပ်ရှင်သီချင်းသာမဟုတ် အဆိုတော်မဒီဟုထင်သည်။ သီဆိုသည့် သီချင်းတပုဒ်လည်း သူ၏သီချင်းဖြစ်ပြီး သံစဉ်၊ စာသား အတော်ပင်ကောင်းပါသည်။ သူက ဂီတဘက်မှာလည်း ပါရမီပါသူဖြစ်သည်။

ဇာတ်ကားအနေနှင့် ဝတ်မှုံ(ပိုင်ဖြိုးသု)မှာ သူမငယ်စဉ်က မိခင်ဖြစ်သူသည် ခင်ပွန်း၏နှိပ်စက်မှုဒဏ်ကိုမခံနိုင်၍ သေကြောင်းကြံသွားသည်။ ငယ်စဉ်မိခင်သေကြောင်းကြံသည့်အဖြစ်ကိုစွဲပြီး စိတ်ဒဏ်ရာရကာ ဝတ်မှုံသည် စိတ်ရောဂါဝေဒနာသည်ဖြစ်သွားသည်။ စိတ်ရောဂါသည်ဖြစ်သော်လည်း လုံးဝသတိလွတ်ကင်းသူမဟုတ်။ ယဉ်ယဉ်ကလေးနှင့် တချက်တချက် စိတ်လွတ်တတ်သူဖြစ်သည်။

ဇော်ဒီ(သီဟ)က စိတ်ရောဂါကုဆရာဝန်ဖြစ်သည်။ သူတို့နှစ်ဦး တွေ့ဆုံချစ်ကြိုက်ကြသည်။ တနေ့ သီဟမှာ ဦးနှောက်အကျိတ်ရောဂါ ဖြစ်လာသည်။ တနှစ်ပဲနေရတော့မည်ဟု သိရသည်။ သူအလွန်ချစ်သည့် ဝတ်မှုံကို အသိမပေးချင်။ ဝတ်မှုံထံမှ ရက်အတော်ကြာ ပျောက်ကွယ်သွားသည်။ သူ့ကို စိတ်နာသွားအောင်၊ ခွဲခွာသွားအောင်၊ မုန်းတီးသွားအောင် တခြားမိန်းကလေးတဦးနှင့် ဖောက်ပြန်နေသယောင် ဟန်ဆောင်သည်။ သူ့သူငယ်ချင်းဆရာဝန်ကတဆင့် လက်ရှိနေထိုင်သည့်ခြံနှင့်အိမ်ကို ဝတ်မှုံသို့ လွှဲအပ်ကြောင်း သူနှင့်ပိုင်ဆိုင်သည့် အစစအရာရာကို ဝတ်မှုံသို့ လွှဲအပ်ကြောင်း စာချုပ်ကိုပါ ဝတ်မှုံသို့ပေးအပ်စေသည်။ ဝတ်မှုံက ဤအဖြစ်ကို လုံးဝမယုံကြည်နိုင်၊ သူ့ကို သီဟတကယ်ချစ်သည်ဟု ယုံကြည်သည်။ ဒီလိုနှင့် သီဟ၏သူငယ်ချင်း ဆရာဝန်ကိုမရမက မေးမြန်းသောအခါကျမှ အဖြစ်မှန်ကိုသိသည်။ ဝတ်မှုံလိုက်သွားသည်။ သီဟတက်နေသည့်ဆေးရုံကိုရောက်တော့ သီဟ ဆေးရုံဝတ်စုံနှင့်သွားတွေ့သည်။ အခြေအနေမှန်ကို သိရသည်။

နောက်ဆုံးမှာတော့ သီဟကွယ်လွန်သွားသည်။ သီဟ၊ ဝတ်မှုံနှင့် ကလေးလေးတဦး၏ဓာတ်ပုံလေးတွေနှင့် နောက်ဆုံးဇာတ်သိမ်းအခန်းတွေမှာ ပြသည်။ အရိုးပြာကို ရေထဲမျှောသည့်အခန်းနှင့် ဇာတ်သိမ်းသည်။

ဤဇာတ်ကားတွင် အသံ၊ အရုပ်တို့ကိုတော့ သက်ဆိုင်ရာပညာရှင်တွေ ပြောကြပါလိမ့်မည်။ နတ်သမီးကမ်းပါးတို့၊ မြစ်ဆုံတို့ကို ရိုက်ထားသည်က ကောင်းပါသည်။ ယခင်ကလို ကင်မရာကို တနေရာတည်းမှာ တည်ပြီးရိုက်ထားခြင်းမဟုတ်၍ ကြည့်ရသည်မှာ အသက်ဝင်ပါသည်။

ဇာတ်ကားတကားမှာ ဇာတ်လမ်းဇာတ်ညွှန်းသည် အရေးအကြီးဆုံး ဖြစ်သည်။ ထို့နောက် ဒါရိုက်တာသည် ဇာတ်ကား၏ တက်မကိုင် ဖြစ်သည်။ ဇာတ်လမ်းအကြောင်းအရာသည် ပြန်လှန်မေးခွန်းထုတ်စရာမလိုလောက်အောင် ဒါဟာ မဖြစ်နိုင်ဘူးဟု သံသယပွားစရာ မဖြစ်ရလောက်အောင် ခိုင်ခံ့နေဖို့ အဓိက လိုသည်။ ထိုခိုင်ခံ့သော ဇာတ်လမ်းဇာတ်ကြောင်းကို မည်သို့ တင်ပြမည်နည်းဆိုသည့်အပိုင်းကိုတော့ ဒါရိုက်တာ၏ရိုက်ချက်များက စကားပြောသည်။ ဝတ္ထုဇာတ်လမ်းသည် စာလုံးနှင့် သရုပ်ဖော်သော်လည်း ရုပ်ရှင်ဇာတ်ကားကတော့ ရိုက်ချက်များနှင့် သရုပ်ဖော်ပါသည်။

ဤဇာတ်ကားတွင် ဝတ်မှုံ၏ မိခင်သေကြောင်းကြံ၍ ကွယ်လွန်သည့်အခန်း၊ ဝတ်မှုံ စိတ်မှုမမှန်၍ စိတ်မှာစွဲထင်လာသည့် အချို့အခန်းများသည် မီးအလင်းအမှောင်ကအစ mystery ပုံစံမျိုးရိုက်ထားသည်။ ဤဇာတ်ကားသည် mystery ဇာတ်ကားမဟုတ်၍ ဤမျှမလိုအပ်ဟု ထင်ပါသည်။

ထို့ပြင် သီဟက သူ့ကိုချစ်သည့် ဝတ်မှုံ အထင်လွဲအောင်ဆိုပြီး တခြားမိန်းကလေးနှင့် ဖောက်ပြန်သယောင်လုပ်သည့်အခန်း၊ ထိုအခန်းမှာ ဝတ်မှုံက သီဟ ဘယ်အိမ်သို့သွားသည်ဆိုသည်ကို တိုက်ရိုက်သိနေပုံ၊ ဝတ်မှုံ ချောင်းကြည့်သည့် အခန်းကျမှ ထိုမိန်းကလေးနှင့်သီဟ ဖက်နေကြပုံကို ပြထားသည်။ တကယ်တော့ သူ့ချစ်သူအထင်လွဲအောင် တခြား မသိမသာပြသမည့် အခန်းများ၊ အနေအထားများ ရှိပါသည်။ ဤပြပုံကတော့ အလွန်တိုက်ရိုက်ကျနေသည်။ ရုပ်ရှင်ဆိုတာ အရိပ်ပြအကောင်ထင်သည့်ပြပုံမျိုးဆိုလျှင် ပိုကောင်းပါလိမ့်မည်။

ဝတ်မှုံသည် စိတ်ရောဂါအခံရှိသူ ဖြစ်သည်။ သီဟ ကွယ်လွန်သွားသည့်အခါ သူမ ရောဂါလုံးဝဘယ်လိုပျောက်ကင်းသွားပါသလဲဟု မေးရမလို ဖြစ်နေသည်။ စိတ်ရောဂါအခံရှိသူသည် လုံးဝပျောက်ကင်းသွားသည်ဟုတော့ မရှိဟု ဆိုရမည်။ ရှိလျှင်လည်း အလွန်ထူးခြားပါလိမ့်မည်။

သီဟက စိတ်ရောဂါကု ဆရာဝန်ဖြစ်သည်။ သို့သော် အပြင်မှာ လူနာများနှင့် သူကုသနေပုံကို တခန်းမျှ မပြပါ။

စိတ်ဝေဒနာသည်အကြောင်း ရိုက်ထားသည့် မြန်မာဇာတ်ကား ဝင်းဦး၏ 'ဆောင်းအိပ်မက်' ဇာတ်ကား ကြည့်ခဲ့ရပါသည်။ ထို့နောက် ဒါရိုက်တာ မောင်ဝဏ္ဏ၏ ''ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း''ဇာတ်ကားလည်း ကြည့်ခဲ့ရပါသည်။ ပီပြင်သော စိတ်ဝေဒနာသည်ဇာတ်ကားများ ဖြစ်သည်။

စာ(၈)သို့



# အနာဂတ် မြန်မာနိုင်ငံတော်

သရဝဏ်(ပြည်)



ပိုး လေသေပညာရှင် ဦးထွန်းလှိုင် ကွယ်လွန်သွားပြီဆိုသောအခါ နှမြောစိတ်နှင့်အတူ မြန်မာနိုင်ငံတွင် လူဖြစ်ရရှာသော လူတော်တွေအကြောင်းကို သတိရမိသည်။ မြန်မာနိုင်ငံသည် နှလုံးရည်နိုင်ငံတော်မဟုတ်၊ လက်ရုံးရည်နိုင်ငံတော် ဖြစ်သည်။ ဦးအောင်ဇေယျတို့ ခေတ်ကတည်းက ပညာဉာဏ်ကြီးသူတို့ ထက် တိုက်ရေးခိုက်ရေးကောင်းသူ စစ်မက်ရေးရာလိုလားသူတို့သည်သာ သမိုင်းစဉ်ဆက် ခေါင်းဆောင်တက်ဖြစ်လေ့ရှိသည်။ ရာဇသကြန်လို၊ ယောမင်းကြီးဦးဘိုးလှိုင်လို အနန္တသူရိယအမတ်ကြီးလို လူတွေနေရာမရပါ။ ထစ်ခနဲရှိ အစဉ်းအစားအဆင်အခြင်မရှိ ဆော်လိုက်ဖို့၊ တီးလိုက်ဖို့၊ တိုက်လိုက်ဖို့၊ ချလိုက်ဖို့ စစ်မက်လိုလားသော တိုင်တားမင်းကြီးတို့လို၊ လှေသင်းအတွင်းဝန်တို့လို၊ မင်းရဲ ကျော်စွာတို့လို သူများသာရှေ့တန်းရောက်လေ့ရှိသည်။ မြန်မာနိုင်ငံတွင် မပော်သခွာလိုလူမျိုးအတွက် နေရာမရှိ၊ နေရာမပေးချင်၊ နပိုလီယံလိုလူမျိုး၊ အလက်ဇန္ဒြားသည်ဂရိတ်တို့လို၊ စစ်ဘုရင် တီမူးတို့လို၊ ဂျင်ဂျစ်ခန်တို့လို၊ ကူဗလိုင်ခန်တို့လို ဆင်ဖြူရှင်တို့၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့၊ အနော်ရထာတို့လို လူမျိုးတွေအတွက်သာ အထင်ကြီးလေးစားကြစမြဲဖြစ်သည်။ ထိုသို့ပြောသဖြင့် ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့၏ ဂုဏ်ကျေးဇူးကို ချေလိုခြင်းမဟုတ်။ မြန်မာနိုင်ငံတွင် လက်ရုံးရည်အားကိုးသူတို့သာ တူတူတန်တန်နေရာပေးခံရပြီး ဦးနှောက်သမားများ (ဝါ) နှလုံးရည်ပညာရှင်များ ခေတ်အဆက်ဆက်နောက်တန်းရောက်နေပုံကို ထောက်ပြလိုရင်း ဖြစ်သည်။

မြို့မငြိမ်းလို ပါရမီရှင် ဂီတပညာရှင်တဦးလူ့အဖွဲ့ အစည်းက ထိုက်သင့်သောချီးမြှင့်မြှောက်စားမှု မရှိသဖြင့် စိတ်ဓာတ်ကျကာ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခဲ့သည်။ တနိုင်ငံလုံးကို အလင်းပြခဲ့သော တက်ကျမ်းတို့၏ဖခင် ဆရာကြီးပီမိုးနင်း ဆင်းဆင်းရဲရဲဖြင့် ကွယ်လွန်သွားရသည်။ စည်းမျဉ်းခံဘုရင်စနစ်ကို ကျမ်းတစောင်ရေး၍ ဘုရင်ကိုဆက်ကပ်ခဲ့သော ယောမင်းကြီး ဦးဘိုးလှိုင် ရာထူးမှ အချခံရသည်။ ကမ္ဘာမှာ မြန်မာသည် တာထွက်အတော်စောသည်။ ရုပ်ရှင်မှာ မြန်မာသည် တာထွက်စောခဲ့သည်။ ဘောလုံးမှာ မြန်မာသည် တာထွက်စောခဲ့သည်။ ကာတွန်းရုပ်ရှင်တွင် မြန်မာသည် အာရှမှာတာထွက်စောခဲ့သည်။ ကာယဗလတွင် မြန်မာသည်တာထွက်စောခဲ့သည်။ စာပေတွင် မြန်မာသည် ကမ္ဘာမှာ တာထွက်စောခဲ့သည်။ သို့သော် ခေတ်အဆက်ဆက်ပညာရှင်တွေကို အလေးမထား၊ နေရာမပေး၊ ချောင်ထိုးထားပြီး တလောတလောကျမှ ချစ်ချင်ယောင်၊ လေးစားချင်ယောင်၊ တန်ဖိုးထားသယောင် အပေါ်ယံဟန်ဆောင်ပြကြသည်။ ဂီတပညာရှင်ကို တန်ဖိုးထားရမှန်းမသိ၊ သဘင်ပညာရှင်ကို တန်ဖိုးထားရမှန်းမသိ၊ စာပေပညာရှင်ကို တန်ဖိုးထားရမှန်းမသိ၊ တတ်သိပညာရှင်တွေကို တန်ဖိုးထားရမှန်းမသိ၊ ငွေရှိသူနှင့်အာဏာရှိသူကိုသာ တန်ဖိုးထားကြသော လူ့အသိုင်းအဝိုင်းရှိသည့်နိုင်ငံတွင် ဦးထွန်းလှိုင် လူလာဖြစ်သည်။ ဦးသန့်လူလာဖြစ်ရသည်။ ထူးအိမ်သင် လူလာဖြစ်သည်။ တွံတေးသိန်းတန်လူလာဖြစ်သည်။ မောင်ချောနွယ်လူလာဖြစ်သည်။ ခင်ဝမ်းလူလာဖြစ်သည်။ စိုင်းခမ်းလိတ်လူလာဖြစ်သည်။ ကိုနေဝင်း(မောင့်လပြည့်ဝန်း)လူလာဖြစ်သည်။ ကိုရဲလွင် (ပန်းရဲ့လမ်း) လူလာဖြစ်သည်။ ဆရာကြီးရွှေဥဒေါင်း လူလာဖြစ်ရသည်။ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ မောင်သာရ၊ တင်မိုး၊ မောင်စွမ်းရည် လူလာဖြစ်ရသည်။ ကာယဗလဇော်ဝိတ်လူလာဖြစ်သည်။ ဗဟာဒူး လူလာဖြစ်သည်။ သက်ထားသူဇာ လူလာဖြစ်သည်။ သန်းတိုးအောင်၊ မျိုးလှိုင်ဝင်း၊ ဝင်းအောင်၊ ကြည်လွင်တို့ လူလာဖြစ်ကြသည်။ ဦးဘဉာဏ်တို့၊ ဦးငွေကိုင်တို့၊ ဝသုန်တို့၊ မင်းဝေအောင်တို့ လူလာဖြစ်ကြသည်။ စုတ်တံကိုင်သောလက်၊ ကင်မရာကိုင်သောလက်၊ ဂစ်တာကိုင်သောလက်၊ စာအုပ်ကိုင်သောလက်၊ ပညာရှင်တို့၏ လက်ထက်သေနတ်ကိုင်သောလက်ကို ပိုပြီးကြောက်ရွံ့ အလေးထားနေရာပေးကြသောနိုင်ငံမှာမှ ဦးထွန်းလှိုင်တို့လို မိုးလေဝသပညာရှင်တယောက် လူလာပြီးဖြစ်ရသည်။ ဘာမှမည်မည်ရရမရှိရှာသော သိပ္ပံပစ္စည်းကိရိယာလေးမပြည့်မစုံဖြင့် ပင်ကိုယ်ပါရမီကိုသုံးကာ နိုင်ငံအတွက်အများကြီးအကျိုးပြုသွားသူတယောက် ကွယ်လွန်တော့ ဝမ်းနည်းမိခြင်းနှင့်အတူ ငါတို့နိုင်ငံသည် ခေတ်အဆက်ဆက်ပညာရှင်ကို တန်ဖိုးမထားနေရာမပေးဘဲ သေမှသာစာလေးတပုဒ်လွမ်းချင်းလေးတပိုဒ်ဖြင့် ပြီးကြရသောနိုင်ငံဖြစ်တာကို နာကြည်းမိပါသည်။

ကျွန်တော်တက္ကသိုလ်ကျောင်းသားဘဝက ကျွန်တော်တို့၏ နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ပါမောက္ခဆရာကြီးဦးထိန်ဝင်းမှာ အလွန်တော်သည်။ နိုင်ငံခြားတက္ကသိုလ်တခုမှ ဒေါက်တာဘွဲ့ယူလာသူဖြစ်သည်။ သူများနိုင်ငံတွေဆိုလျှင် တက္ကသိုလ်ပါမောက္ခမဆိုထားဘိ တရုတ်ပြည်မှ ယနေ့ ကထိကတဦး၏ လစာပင် ကျပ်သိန်း ၂၀ နှင့် ၃၀ ကြားတွင် ရှိနေသည့်အချိန်တွင် ကျွန်တော်တို့၏ နိုင်ငံခြားပြန် ရန်ကုန်တက္ကသိုလ် International Relations ပါမောက္ခကြီးမှာ B.M ဟီးနိုး ဘတ်စကားကို ချွေးဒီးဒီးကျအောင် တိုးဝှေ့စီးပြီး ကျောင်းသို့လာသည့်မြင်ကွင်းက ကျွန်တော့် မှတ်ဉာဏ်ထဲမှာ စွဲနေသည်။ ထိုအချိန်တွင် ဆရာကြီး ဦးထိန်ဝင်း၏ ဆယ်ပုံတပုံလောက် ပညာမတတ်သူ ဝန်ထမ်းအချို့မှာ ကားတစီစီးနေကြပေပြီ။ မြေကွက်ကြီးတွေ တကွက်ပြီးတကွက် ခွဲခြမ်းစိတ်ဖြာယူကြပြီးလေပြီ။ တိုက်ကြီးတွေ တလုံးပြီးတလုံး ဆောက်ပြီးနေကြလေပြီ။ မြန်မာနိုင်ငံတွင်ပညာရှင်ကား အောက်တန်းသို့ ရောက်နေခဲ့လေပြီ။ ကောသလအိပ်မက် ဆယ့်ခြောက်ချက်ထဲမှ ဘူးတောင်းနစ်လို့ ဖောင်းချမ်းပေါ်ဟူသည့် အနှစ်မရှိသူတို့အပေါ်ရောက်သည့်ခေတ် ဖြစ်နေပေပြီ။ ထိုနိုင်ငံမျိုးကိုမှ မကြာခင်ထွန်းကားတိုးတက်တော့မလို၊ ယခုပဲ တိုးတက်နေသလိုလို၊ ယခင်ကပဲ တိုးတက်ခဲ့သလိုလို ပြောလာ၊ ရေးလာ၊ တွေးလာလျှင် ပြောသူ၊ ရေးသူ၊

> "ကိုယ်အထင်ကြီး လေးစားအားကျသူသည်
> သူတပါးကို နှိပ်စက်အနိုင်ယူပြီး တိုင်းပြည်ကို
> ဖွတ်တက်အောင် လုပ်ခဲ့ကြသူတွေလား၊ ကိုယ်နဲ့
> ကိုယ့်မိသားစု ကိုယ့်နောက်လိုက်တစု ကွက်ကွက်ကလေး
> ချမ်းသာပြီး တနိုင်ငံလုံးဘာဖြစ်ဖြစ် အတ္တနှင့်လောဘ၊
> အာဃာတ၊ မောဟကြီးလွန်းသူများလား
> ဆိုတာသိဖို့တော့ လိုအပ်ပါသည် . . ."

တွေးသူ အားလုံးစိတ်ကူးယဉ် ကမ္ဘာထဲမှာ ပျော်နေကြ၍ဖြစ်ရမည်။ လက်တွေ့ကမ္ဘာကြီးတွင် ထိပ်တန်းသို့ရောက်နေသောနိုင်ငံတိုင်းပညာရှင်ကို ထိပ်ဆုံးမှာထားခဲ့ကြသောနိုင်ငံတွေ ဖြစ်သည်။

အတွေးအခေါ်ပညာရှင်တွေ၊ အိုင်တီပညာရှင်တွေ၊ စာပေပညာရှင်တွေ၊ သိပ္ပံပညာရှင်တွေ၊ ဥပဒေပညာရှင်တွေ၊ ဆေးပညာရှင်တွေ၊ စီးပွားရေးပညာရှင်တွေ၊ အနုပညာရှင်တွေ စသည့် နယ်ပယ်အသီးသီးမှ ပညာရှင်တွေဖြင့်သာ နိုင်ငံကို တည်ဆောက်ခဲ့ကြ ခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံတွင် ဗိုလ်ချုပ်ကြီး ဂျော့ဝါရှင်တန်ကို လွတ်လပ်ရေးရယူပေးခဲ့သူအဖြစ် လေးစားဂုဏ်ပြုကြသော်လည်း နေရာတကာတွင် စစ်ဗိုလ်ချုပ်များကိုသာ စန်းတင်နေသည် မဟုတ်။ ကဏ္ဍအသီးသီးမှ အတတ်ပညာရှင်၊ အသိပညာရှင်များတန်ဖိုးဖြင့် တိုင်းပြည်အခြေမြင့်အောင် ထိန်းကျောင်းမောင်းနှင်ခဲ့ကြခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် Hargrave စသောကမ္ဘာ့ အကောင်းဆုံး စာရင်းဝင် စစ်တက္ကသိုလ်များရှိသော် လည်း ထိုတက္ကသိုလ်ဆင်းများသည် အရာရာတတ်သိလိမ္မာနေသည့် ဘက်စုံတော်သည့်လူသားများအဖြစ် နိုင်ငံကလက်မခံကြဘဲ သက်ဆိုင်ရာကာကွယ်ရေး ကဏ္ဍတွင်ပင် ကန့်လန့်ကာရှေ့သို့ထွက်မလာဘဲ မိမိ၏ မူရင်းတာဝန်များကို ထမ်းဆောင်နေကြစမြဲဖြစ်သည်။ ယုတ်စွအဆုံး အမေရိကန်စစ်တပ်၏ကာကွယ်ရေး ဝန်ကြီးရာထူးကိုပင်လျှင် အရပ်သားအဆက်ဆက်က တာဝန်ယူ ဆောင်ရွက်ခဲ့ကြတာကို ကြယ်လေးပွင့်ဗိုလ်ချုပ်ကြီးများက ကြည်ကြည်ဖြူဖြူလက်ခံခဲ့ကြတာပဲ ဖြစ်သည်။

ဦးထွန်းလှိုင် အသက် (၇၁)နှစ်ကွယ်လွန်သောအခါ ဒေါ်အောင်ဆန်းစုကြည် (လက်ရှိအသက် ၇၄ နှစ်) အကြောင်းကို တွေးမိပါသည်။ ဇရာသဘောအရာ တနေ့သောအခါတွင် ဒေါ်အောင်ဆန်းစုကြည် ဦးထွန်းလှိုင်လမ်းစဉ်သို့ လိုက်သောအခါ တိုင်းပြည်ဘယ်လို ဖြစ်မည်နည်း။ ကျွန်တော်တို့ တိုင်းပြည်သည် သူရဲကောင်းကို ကိုးစားလွန်း၏။ ကျွန်တော်တခါက ရေးခဲ့ဖူးသော လူသန်ကြီးဝါဒဆိုသော ဆောင်းပါးလိုပင် တရွာလုံးသည် ဘာမှကိုယ်တိုင်မလုပ်ဘဲ လူသန်ကြီးကို အားကိုးလွန်း၏။ လူသန်ကြီးသည် သာမန်လူ (၁၀၀)ခန့် သန်စွမ်းသည်။ ဘာပဲအရေးပေါ်လာလာ ထိုလူသန်ကြီး လုပ်တာကိုပဲ ထိုင်ကြည့်ကြသည်။ ကိုယ်တိုင်ဘာမှဝင်မလုပ်။ ဟိုဘက်ရွာကတော့ လူဦးရေ ၃၀၀ ရှိသည်။ သူတို့ရွာမှာ လူသန်ကြီးမရှိ၊ သို့သော် ၃၀၀ သော ရွာသားအားလုံး ဘယ်ကိစ္စပဲဖြစ်ဖြစ် နိုင်သလောက်၊ ခွန်အားရှိသလောက် မပျက်မကွက်ဝင်ပါကြသည်။ လုပ်ကြကိုင်ကြသည်။ တနေ့တွင် ရွာထိပ်၌ မီးရထားတစီးပျက်ကာရပ်တန့်နေသဖြင့် လမ်းပိတ်နေသည်။ ပထမရွာမှ ထိုရထားကြီးကို လူသန်ကြီးက ထွက်တွန်းသည်။ တရွာလုံးက ထိုင်ကြည့်ကြသည်။ လူသန်ကြီးရှိလျှင် ဘာမဆိုဖြစ်ဟုလည်း ရွာသားများက ဆိုကြသည်။ လူသန်ကြီးလည်း အားကုန်ထုတ်ကာ တွန်းသည်၊ ရထားသည် လေးလွန်းသဖြင့် ရွေ့သည်ဆိုရုံ ရွေ့သည်။

ထိုသို့ပေအနည်းငယ်ရွေ့သွားတာကို လက်ခုပ်လက်ဝါးတီးကာထပြီး ဆိုင်းနှင့်ဗုံနှင့် ကသူက ကကြသည်။ ကြွားသူက ကြွားကြသည်။ မည်သူကမှတော့ တယောက်မှကူမတွန်းပေးကြ။ ကူမတွန်းသည့်အပြင် သိပ်မရွေ့ဘူးတို့၊ အရှိန်ကနှေးတယ်တို့ အပြစ်တင်ကဲ့ရဲ့သူတို့က ကဲ့ရဲ့ကြသည်။ ပို၍ဆိုးသည်မှာ ချွေးဖြိုင်ဖြိုင်ကျအောင် တွန်းသူက တွန်းနေချိန်တွင် မီးရထားလမ်းပေါ်သို့ သစ်တုံးများ ကန့်လန့်ခံသူက ခံသည်။ နောက်ပြန်လှည့်အောင် ဆွဲသူကဆွဲသည်။ ကျမ်းတုံးခုသူကခုသည်။ သိပ်မရွေ့ရကောင်းလားဟု ဆဲသူက ဆဲသည်။ ငါ့အဘတွေလက်ထက်တုန်းက

စောင့် ကြည့်

၉-၁၁-၂၀၁၉

တွန်းတာဒီထက်ရွေ့တယ်ဟု အပြစ်တင်သူကတင် သည်။ တွန်းနေသူကိုလေးခွဖြင့် ချောင်းပစ်သည်။ အချင်းချင်းချနေကြသည်။ တချိန်တည်းတွင် တဖက်ရွာ၌ မီးရထားပျက်၍ ရွာလမ်းကိုပိတ်နေရာ သူတို့ရွာတွင် လူသန်ကြီးမရှိ၊ သို့သော် ရွာသားလူ ၃၀၀ စလုံး တက်ညီလက်ညီထွက်လာကာ မခိုမကပ်တွန်းကြသည်။ ကတ်ဖွဲလုပ်သူလည်းမရှိ၊ ကန့်လန့်တိုက်သူမရှိ၊ ကျမ်းတုံးခုသူမရှိ၊ ဘေးထိုင်အပြစ်ပြောနေသူ မရှိ။ ငါ့အဘတွန်းရင် ဒီထက်ရွေ့တယ်ဟု တမ်းတနေသူမရှိ၊ ပြောင်းပြန်နောက်ဆုတ်တွန်းသူမရှိ၊ အားလုံးလားရာတဖက်ထဲသို့ တက်ညီလက်ညီတွန်းကြရာ ခဏအတွင်းမှာပင် ရထားမှာ အတော်ဝေးဝေးရောက်ပြီး လမ်းပွင့်သွားသည်။ သူတို့ရွာမှာ လူသန်ကြီးမရှိ။ သို့သော် ညီညီညွတ်ညွတ်ဖြင့် အလုပ်လုပ်လိုက်ရာ အောင်မြင်သွားသည်။ ပထမရွာမှာ လူ ၁၀၀ အားနှင့်ညီမျှသောလူသန်ကြီးရှိသည်။ သို့သော် ရွာသားတို့သည် ကူညီရကောင်းမှန်းမသိ။ ဘေးထိုင်ဘုပြောသူ၊ ကန့်လန့်တိုက်သူ၊ ကျမ်းတုံးခုသူတွေ၊ အကူအညီမပေးသူတွေအားလုံးဖြစ်နေသောအခါ လူသန်ကြီးပင်ဖြစ်လင့်ကစား ရထားမှာ ရွေ့သည်ဆိုရုံ ရွေ့တော့သည်။ ဤအဖြစ်အပျက်တွင် ရထားမရွေ့ခြင်း၊ အလုပ်မအောင်မြင်ခြင်းတွင် လူသန်ကြီး၏ အပြစ်မဟုတ်၊ ဝိုင်းဝန်းမကူညီကြဘဲ သူရဲကောင်းမျှော်နေကြသောကြောင့်ဖြစ်သည်။

ဤဥပမာအတိုင်းပင်ဖြစ်သည်။ ထိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်မရှိ၊ ဗီယက်နမ်တွင်ဒေါ်အောင်ဆန်းစုကြည်မရှိ၊ တရုတ်တွင် ဒေါ်အောင်ဆန်းစုကြည်မရှိ၊ မလေးရှားတွင် ဒေါ်အောင်ဆန်းစုကြည်မရှိ။ သူတို့မှာ ကမ္ဘာကျော်လူသန်ကြီးတွေမရှိ။ သို့သော် ရှိရှိသမျှသော လူပေါင်းများစွာက ညီညီညာညာဖြင့် ဝိုင်းတွန်းကြသောအခါ နိုင်ငံတော်ဆိုသော ရထားကြီး၊ အောင်မြင်မှုဆိုသောလမ်းကြောင်းမှန်ပေါ်တွင် ရွေ့လျားပါသည်။ ကျွန်တော်တို့နိုင်ငံတွင် လူနှစ်မျိုးပဲ ရှိသည်။ နံပါတ်(၁)အဖွဲ့က ဒေါ်အောင်ဆန်းစုကြည်ပဲ အရာရာကိုကြည့်လုပ်သွားလိမ့်မည်ဟု အားကိုးလွန်းသည်။ အမေစုနားလည်ပါတယ်၊ အမေစုကြည့်လုပ်ပါလိမ့်မယ်၊ အမေ့ရဲ့အရည်အချင်းကို ကြည့်လိုက်စမ်းပါ၊ အမေ့ရဲ့အကွက်တွေသိပ်လှတယ်၊ အမေ့ကိုမခန့်မှန်းနဲ့ ရှုံးသွားမယ် စသည်ဖြင့်ပြောကြသည်။ ကိုယ်တိုင်ကား ပူးပေါင်းပါဝင်ဆောင်ရွက်မှု မရှိသလောက်နည်းကြသည်။ ထိုသူများက အစုအဖွဲ့တစု။ နံပါတ်(၂)အစုအဖွဲ့ကား ဒေါ်အောင်ဆန်းစုကြည်ကို နေရင်းထိုင်ရင်းကြည့်မရဖြစ်ကာ ဆန့်ကျင်နေသော အစုအဝေးဖြစ်သည်။ အလကားမျိုးဖျက်မ၊ နိုင်ငံခြားသားကိုယူတဲ့သူ၊ သူတက်လာရင် မူဆလင်နိုင်ငံဖြစ်သွားမယ်၊ သူတိုင်းပြည်အတွက် ဘာလုပ်ခဲ့လို့လဲ။ သူ့နာမည်ကို အောင်ဆန်းစုကြည်လို့မခေါ်နိုင်ဘူး၊ စုကြည်လို့ပဲခေါ်မယ်၊ နင်တို့လည်း ထဘီခြုံတွေပဲ၊ စုကြည်တက်လာတာ ဘာကောင်းလို့လဲ စသည်ဖြင့် ဘာမှအကြောင်းမည်မည်ရရမပြနိုင်ဘဲ အဘိဓ္ဓာပွားကာဆဲရေးနေကြသော Anti –Su (ဒေါ်အောင်ဆန်းစုကြည်ဆန့်ကျင်ရေးဂိုဏ်းသားများအဖွဲ့)က ဒုတိယအင်အားစုဖြစ်သည်။

နိုင်ငံတော်၏အရွေ့ကို ကျမ်းတုံးခုနေသူများမှာ နံပါတ်(၂)အဖွဲ့ဖြစ်သည်။ ပြောရလျှင် နံပါတ်(၁) အဖွဲ့ကြောင့်လည်း တိုင်းပြည်သည်မတိုးတက်နိုင်။ ထိုင်ကြည့်နေသူများလျှင် တယောက်တည်း ဘယ်လောက်တွန်းတွန်းမရွေ့နိုင်၊ ထို့အတူ နံပါတ်(၂)ဂိုဏ်းသားများကြောင့်လည်း တိုင်းပြည်သည်မရွေ့နိုင်။ တယောက်သောသူက အားအင်အပြည့်ဖြင့် အသက်အရွယ်နှင့်မမျှ ကြိုးစားဆောင်ရွက်နေသည့်အချိန်တွင် နည်းမျိုးစုံညစ်ကွက်သုံးပြီး ဟန့်တားနှောင့်ယှက်နေပါကလည်း တိုင်းပြည် တိုးတက်မှုရွေ့လျားနှုန်းမှာ မရှိသလောက်နည်းလိမ့်မည်။ ဒါဆိုရင် ဘယ်လိုလုပ်ရင် တိုင်းပြည်ရွေ့မလဲဟု စဉ်းစားကြည့်လျှင် ဒုတိယရွာမှ လူများလိုတတိယအင်အားစုလိုသည်။ နံပါတ်(၃)အဖွဲ့လိုသည်။ ထိုနံပါတ်(၃)အဖွဲ့သည် လူသန်ကြီးချွေးတပြိုက်ပြိုက်ကျအောင် တွန်းနေသောဘေးတွင် ဝင်ရပ်ကာ မိမိအင်အားရှိသလောက် ဝင်၍ကူတွန်းရမည်။ တချိန်တည်းတွင် အမှတ်(၃)အဖွဲ့သားများသည် တွန်းသူကတွန်း၍ ရထားလမ်းပေါ်တွင် ကန့်လန့်တင်ချထားသော သစ်တုံးများ၊ ခဲလုံးများ၊ ကျမ်းတုံးများကိုဖယ်ရှားရမည်။ ဖယ်လဲဖယ်၊ လူသန်ကြီးကလည်းတွန်း၊ ကျန်ရွာသားများကလည်း တက်ညီလက်ညီ တယောက်မကျန်ဝင်တွန်းကြပါက ဇောက်မုချရထားရွေ့ကို ရွေ့ရပေမည်။

စာ(၁၄)သို့

# မိုက်မဲမှုတခုသာ လိုသည်

စူးစူး(ကောလင်း)



သူတို့မိုက်လို့ သူတို့သေတာက အရေးမကြီး။ လူမမယ် သားငယ် သမီးငယ်လေးတွေကိုလည်း အကာအကွယ်ဦးထုပ်မပါဘဲ ဆိုင်ကယ်ပေါ် ခေါ်လာကြသေးသည်။ သူတပါးတိုင်းပြည်တွင် အသက် ၅ နှစ်မပြည့်လျှင် ဆိုင်ကယ်ပေါ် ခေါ်တင်စီးလို့မရ။ စီးရင်လည်း ဦးထုပ်ဆောင်းရသည်။ ခုတော့ ဆိုင်ကယ်လေးတစီးဝယ်ကာ အဖေ့ပေါင်ကြား တယောက်၊ အလယ်ကြားက တယောက် . . .

ဒါက ဘာနာမည်ကြီးပါလိမ့်ဟု ရုတ်တရက်တွေးလိုက်မိသည်။ သေချာအောင် ထပ်ပြန်ထပ်ပြန်ဖတ်ကြည့်တော့လည်း မမှား။ နာမည်က ဂျာမန်နာမည်ကြီးဖြစ်နေသည်။ အီတလီအုပ်စုခရီးသွားများကြား ဂျာမန်တယောက်ပါလာသည့်သဘော။ သေချာအောင် ခရီးသွားကုမ္ပဏီကိုမေးကြည့်တော့လည်း ဂျာမန်ဆိုတာ ဟုတ်သည်တဲ့၊ ဘာလာလာ ဒေါင်းသည်ဆိုသည့်အတိုင်း ကျရာအုပ်စုကို ဂိုက်ပီပြင်အောင်လုပ်ရတော့မည်။ ရောက်လာပြီး လူချင်းတွေ့တော့မှပဲ ထိုဂျာမန်အား ဘာကိစ္စ အီတလီအုပ်စုဖြင့်ပါလာသလဲဆိုတာ မေးရတော့မည်။

ဂျာမန်နှင့် အီတလီတို့သည် ဥရောပသားချင်းအတူတူဖြစ်သော်လည်း စရိုက်တို့ကကွဲသည်။ အာရှတိုက်သားချင်းတူသော်လည်း မြန်မာနှင့်တရုတ်၊ ထိုင်းနှင့်ဂျပန်တို့ မတူကြသလိုပင်ဖြစ်သည်။ ဂျာမန်တွေကလည်း အီတလီတို့အား ကြည့်ရသည်မဟုတ်။ အော်ကြီးဟစ်ကျယ်နိုင်သည်၊ စရိုက်ကျသည်ဟု ယူဆသည်။ ရှင်းရှင်းပြောရလျှင် သူတို့လောက်မချမ်းသာ၊ အဆင့်နိမ့်သည်ဟု ထုတ်ဖော်မပြောမှုသာနေရော၊ ထိုသို့ပင် ယူဆထားကြသည်။ အီတလီတို့ကလည်း ဒုတိယကမ္ဘာစစ်အတွင်းက သူတို့အား ဆိုးဆိုးဝါးဝါးရက်ရက်စက်စက် ဆက်ဆံပြုမူခဲ့ကြသည့် ဂျာမန်တို့ကို သိပ်အခဲကျေသေး။ နိုင်ငံချင်းယှဉ်လျှင် ဂျာမနီက စည်းကမ်းအရရော၊ တိုင်းပြည်စီးပွားရေးအရရော၊ တဦးချင်းဝင်ငွေအရရော သာသည်ဆိုတာကို လက်မခံလိုသော်လည်း လက်ခံကြရသည်။

ဒီတော့ မနိုင်နိုင်ရာကိုင်သည်။ ဂျာမန်တို့သည် ဘာဖက်ရှင်မှမရှိ။ ငြီးငွေ့ဖွယ်ရာကောင်းသည့် ဝတ်စားဆင်ယင်မှုတို့ကိုသာ လုပ်တတ်သည်။ အီတလီဖက်ရှင်ဆိုတာကတော့ ကမ္ဘာကျော်သည်လေ။ အစားအသောက်ကျတော့လည်း ဂျာမန်တို့သည် ဝက်အူချောင်းလောက်၊ ဘီယာလောက်သာ နာမည်ရှိပြီး အီတလီအစားအသောက်လို ကမ္ဘာမကျော်။ ဂျာမန်အမျိုးသမီးတွေကလည်း များသောအားဖြင့် ဝတုတ်မကြီးတွေများသည်စသည်ဖြင့် နိုင်သည့်ဘက်က ကွဲရဲ့သည်။ ဂျာမန်တို့သည် အီတလီကာပူချီနိုကော်ဖီကို အစားစားပြီးတိုင်းသောက်သည်ကိုလည်း သူတို့က ရယ်ကြ၏။ အီတလီတွေက ကာပူချီနိုသည် မနက်ခင်းတခါသောက်ပြီးလျှင် မသောက်တော့။ ကျန်သည့်အချိန်သောက်လျှင် espresso ဟုခေါ်သည့် နို့မပါသော ကော်ဖီအပြင်းစားခါးခါးကိုပဲ သောက်သည်။

မိမိကလည်း နေ့လယ်စာ၊ ညစာစားပြီးသည့်အခါ တခါတရံကော်ဖီသောက်လျှင် ကာပူချီနိုပဲသောက်သည်။ ထိုအခါတိုင်း အီတလီစားပွဲထိုးတို့၊ ဆိုင်ရှင်တို့က ပြုံးသည်။ သဘောကတော့ နိုင်ငံခြားသားတွေကတော့ ဒီအတိုင်းချည်းပဲ၊ အမှန်က အိတ်စ်ပရက်ဆိုသောက်ရမှာဟူသည့်သဘော။ သူတို့ကလည်း ကော်ဖီသောက်နည်းကအစ မောင်ပိုင်စီးချင်သည်။ ကော်ဖီစေ့ချင်းအတူတူ ဂျာမနီ၊ ပြင်သစ်ရောက်လျှင် အရသာက အီတလီလောက်မကောင်းဟုလည်း တွင်တွင်ပြောတတ်ရာ၊ မိမိလည်း သတိထားပြီးသောက်ရာ ဟုတ်တော့လည်း ဟုတ်နေသည်။

မြန်မာပြည်ရှိ စားသောက်ဆိုင်များတွင် ဆုံကြပြီဆိုရင်လည်း မြန်မာတို့နှင့်စရိုက်ဆင်သည့် အီတလီတို့က မည်သူ့ကိုမျှဂရုမစိုက် စားရင်းသောက်ရင်းပြောရင်းဖြင့် စီစီညံနေတာကို တဖက်ဝိုင်းရှိ ဂျာမန်တို့က မျက်စောင်းတထိုးထိုးဖြင့်ရှိသည်။ အီတလီတို့ကလည်း အုပ်စုဘယ်လောက်ကြီးကြီး ငြိမ်ငြိမ်ကြီးတွေရှိနေတတ်သည့်ဂျာမန်တွေကို အသေကောင်တွေကျနေတာပဲဟု ချိုးမွမ်းကန်ကျောက်လုပ်လေ့ရှိသည်။ မိမိတို့နှင့် ထိုင်းလူမျိုးတွေ တစောင်းစေးနှင့်မျက်ချေးဖြစ်ကြသလိုဖြစ်သည်။ သို့သော် ဂျာမန်တွေကလည်း အီတလီသွားလည်ကြသည်။ လှမှန်းသိသည်။ လက်ခံကြသည်။ ဘာပြဿနာမှမရှိ။ မိမိတို့မြန်မာတွေ ထိုင်းသို့သွားပြီးဈေးဝယ်ကြ၊ ဆေးကုကြလုပ်ကြပြီး၊ ထိုင်းတွေကလည်း မြန်မာပြည်လာကာ ရွှေတိဂုံ၊ ကျိုက်ထီးရိုးလာဖူးကြသလို ဖြစ်သည်။

လူတွေအကြောင်းသိချင်ရင် ခရီးအတူသွားကြည့်ပါဟူသော စကားရှိသည်။ သွေးထွက်အောင်မှန်သည်။ အခုလည်း ခရီးသွားနေရင်း သုံးလေးရက်လောက်ရှိလာသည်နှင့်အမျှ ဘယ်သူက ဘယ်လို၊ ဘယ်စရိုက်ဆိုတာ ပေါ်လွင်လာသည်။ ထိုဂျာမန်ကောင်လေးမှာ အီတလီကောင်မလေးကို မေတ္တာသက်ဝင်ပြီး ဆံထုံးနောက်သျှောင်ပါသဘောဖြင့် ပါလာခြင်းဖြစ်သည်။ ရုပ်လည်းချော၊ သဘောလည်းကောင်း၊ ပြုံးပြုံးပြုံးပြုံးဖြင့် ခင်မယ်ဖွယ် ထိုဂျာမန်ကောင်လေးကို ကြည့်ကြည့်ပြီး အံ့ဩမိသည်။ အီတလီစကားကိုလည်း ကျွမ်းကျွမ်းကျင်ကျင်ပြောတတ်သည်။ ဆူညံပွက်နေသည့်အီတလီတွေကို တခါတခါ ရှူးဟုအသံထွက်ပြီး တိတ်တိတ်နေဖို့ တားရှာသည်။ လူကြီးတွေနှင့်လည်း အဆင်ပြေ၊ လူငယ်တွေနဲ့လည်း တည့်အောင်ပေါင်းတတ်သလို ရက်ရောမှုကလည်းရှိသည်။ သနားတတ်သည်။ လူကောင်းလေးဖြစ်သည်။

သူ့ကိုကြည့်ပြီး လွန်ခဲ့သည့် အနှစ်ခုနစ်ဆယ်ကျော်လောက်က ဂျာမန်နာဇီတပ်ဖွဲ့ဝင်စစ်သားလေးတွေကို မြင်ယောင်လာသည်။ အသက်နှစ်ဆယ်စွန်းစွန်းနုနုငယ်ငယ် စစ်သားပေါက်စလေးတွေ၊ ဂက်စတာပိုတပ်ဖွဲ့ဝင်လေးတွေသည် အလုပ်ဝင်ကာစကတော့ ဖြူဖြူစင်စင်လေးတွေသာ ဖြစ်ခဲ့ပေမည်။ သို့သော် ဟစ်တလာ၏ဦးဆောင်မှု၊ လမ်းပြမှုတွေအောက်တွင် မည်သို့လူစိတ်တွေပျောက်ကာ ရက်စက်မှုသရဖူဆောင်းနိုင်ခဲ့ကြသလဲ။ တယောက်နှင့်တယောက် ရန်ငြိုးရန်စမရှိပါဘဲ မည်သည့်အသည်းနှလုံးတို့ဖြင့် ရက်စက်နိုင်ခဲ့ကြသလဲ။ ဂျူးတွေအပေါ်တွင်သာမက တခြားနိုင်ငံသားတွေအပေါ်တွင်လည်း ခွင့်လွှတ်နိုင်ဖွယ်မရှိသည့်လုပ်ရပ်တွေကို အထက်အမိန့်ကြောင့်ဟူသည့် ထက်ပို၍ စိတ်ပါလက်ပါကြီးကို ကျူးလွန်နိုင်ဖို့ မည်သည့်အရာတွေက လှုံ့ဆော်ပေးခဲ့ကြသလဲဆိုသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ စိတ်ပညာရှင်တို့ကလည်း ထိုအကြောင်းကို လေ့လာခဲ့ကြ၏။

အမေရိကန်စစ်သားတသိုက် ဗီယက်နမ်တွင် မဟုတ်မဟတ်တွေလုပ်ခဲ့ကြသည်ကိုလည်း နာမည်ကြီး မင်သားရှောင်ပဲန်ဖြင့် ရိုက်ကူးခဲ့ဖူးသည်။ ဗီယက်နမ်ရွာထဲဝင်ကာ ကောင်မလေးတယောက်ကို ဖမ်းခေါ်လာပြီး အုပ်စုဖွဲ့စော်ကားကြသည်။ ထိုသို့မလုပ်ချင်၊ မလုပ်ရက်၊ မလုပ်သင့်ဟုထောက်ပြပြောဆိုသည့် စစ်သားလေးကိုတော့ အမျိုးမျိုးလှောင်ပြောင်ကာ ကြဉ်ထားကြ၏။

စာ(၂၇)သို့

www.free4readers.com



# စောင့် ကြည့် စာ အုပ် စင်

စောပြည့်ညို

## နေသစ်နီ၏ ကမ္ဘာ့အကြီးဆုံး စာကြည့်တိုက်ကြီးများ




ဆရာနေသစ်နီ၏ "**ကမ္ဘာ့အကြီးဆုံးစာကြည့်တိုက်ကြီးများ**"စာအုပ်ထွက်ရှိလာသည်။ စီးပွားရေးအရ မည်သည့်အမြတ်အစွန်းမှရမည့် စာအုပ်မျိုးမဟုတ်၊ အလကားပေးတောင် ဖတ်ချင်မှဖတ်ကြမည့်စာအုပ်အမျိုးအစား"ဟု စာရေးသူကိုယ်တိုင် မှတ်ချက်ရေးထားသည်။ ဤခေတ်မှာ ဤကဲ့သို့သော စာအုပ်မျိုးကို ရေးသားနေသူသည် အတော်ထူးဆန်းသည်ဟု ဆိုရမည်။ အမြတ်မပြောပါနှင့် အရင်းပါ စိုက်ထုတ်ရမည့် စာအုပ်မျိုး ဖြစ်သည်။

စာကြည့်တိုက်ကို မြန်မာတွေ စိတ်မဝင်စားကြခြင်းမှာ ပညာရေးစနစ်ကြောင့်လည်း ပါသည်။ ပညာရေးစနစ်ကသတ်၍ လူငယ်တွေ အညွန့်တုံးကုန်ကြသည်။ အထူးသဖြင့် စီးပွားဖြစ်မည့် ဘာသာကိုသာ ယူခိုင်းနေကြသော မိဘတွေ၏ အလိုလောဘ မသိနားမလည်မှု၊ ပေါ်ပင်လိုက်မှု၊ သမားရိုးကျ အစဉ်အလာကို တော်လှန်လိုစိတ်မရှိဘဲ ရေစုံမျောလိုက်မှုကြောင့် လူငယ်လူရွယ်တွေဘဝ ပရမ်းပတာ ဖြစ်ရသည်။

ဆရာဝန်တကယ်ဝါသနာပါသူသည် ဆရာဝန်လိုင်းရဖို့အတွက် ၁ မှတ်လို၊ ၂ မှတ်လို့နှင့် ပြုတ်ကျန်ခဲ့သည်။ ထိုသူမျိုးသာ တကယ် ဆရာဝန်ပညာသင်ခွင့်ရလျှင် ထူးချွန်ထက်မြက်ပြီး တိုင်းပြည်အတွက် အားကိုးရသူတဦး ဖြစ်လာနိုင်သည်။

ဆရာဝန်လိုင်းရပြီး အမှတ်ကောင်းလို့သာ တက်သည်၊ တကယ်တမ်းမှာတော့ လမ်းကြောင်းပြောင်းသွားကြသည်။ ဝါသနာမပါဘဲ ဆရာဝန်ဖြစ်လာ၊ ဆရာဝန်ဘဝကနေ ရုပ်ရှင်မင်းသား မင်းသမီးလုပ်ကြ၊ အဆိုတော်လုပ်ကြသည်။ စီးပွားရေးသမား လုပ်ကြသည်။ ထိုသူများအတွက် တကယ် ဝါသနာပါသူများ နစ်နာသွားရသည်။ တကယ်ဝါသနာမပါသူက ဆေးပညာ ဆေးလောကကို စိတ်မဝင်စားဘဲ ဆေးလောကကို ကျောခိုင်းစွန့်ခွာထွက်ပြေးကာ တခြားတနေရာမှာ ကျက်စားကြသည်။ သူတို့နေရာမှာ တကယ်ဝါသနာပါသူကလည်း မတက်လိုက်ရတော့ ဆုံးရှုံးရတော့သည်။

ဤသည်မှာ ယခုလက်ရှိ မြန်မာပြည်၏ ပညာရေးစနစ်၏ ချို့ယွင်းအားနည်းချက်ပင် ဖြစ်သည်။

ဤ'**ကမ္ဘာ့အကြီးဆုံးစာကြည့်တိုက်ကြီးများ**'စာအုပ်သည် ကမ္ဘာမှာ အများတကာ စာကြည့်တိုက်တွေ၊ သမိုင်းဆိုင်ရာ အထောက်အထားတွေကို ဘယ်လောက်တန်ဖိုးထား သိုဆည်းကြသလဲဆိုသည်ကို ပြသည်။ အမေရိကန်၊ ကနေဒါ၊ ရုရှား၊ ဂျပန်၊ ပြင်သစ်၊ ဂျာမန်၊ တရုတ်၊ ဘာလင်၊ ဆွီဒင်၊ ဒိန်းမတ်၊ ယူကရိန်း၊ စပိန်စသည့် နိုင်ငံတကာက စာကြည့်တိုက်ကြီးများအကြောင်း ထိုစာကြည့်တိုက်တို့၏ သမိုင်းကအစ စိတ်ဝင်စားဖွယ် ဖတ်ရှုရမည်။

ရန်ကုန်မှာ စာကြည့်တိုက်တတိုက်အတွက် နေရာအတည်တကျပင်မရှိ၊ သမိုင်းကို သင်ယူမည့်သူမရှိ၊ သင်ကြားပြသမည့်သူမရှိသည်မှာ ယခုစာကြည့်တိုက်ကြီးများကို ဖတ်ပြီး နှိုင်းဆကာ ဝမ်းနည်းစရာပင် ကောင်းနေပါသည်။

ဒါကြောင့် ဆရာဝန်၊ အင်ဂျင်နီယာမျှသာ ပညာမဟုတ်၊ တခြား ပညာရပ်များကိုလည်း မိမိဝါသနာပါရာ သင်ယူနိုင်သည် ဆိုသည်ကို ကလေးတွေကို မဟုတ်ဘဲ ကလေးမိဘတွေကို သင်ကြားပေးရတော့မည်ဖြစ်သည်။ မိဘတွေသည် ပိုက်ဆံရှာလို့ကောင်းသည့် ပညာမှသာ ပညာဟု ယူဆနေကြသည် မဟုတ်ပါလား။ ပညာရှာရာ စာကြည့်တိုက်ဆိုသည်ကို လှည့်၍မျှပင် ကြည့်ကြမည် မဟုတ်ချေ။

တကယ်က "ဤကမ္ဘာ့အကြီးဆုံး စာကြည့်တိုက်ကြီးများ"စာအုပ်မျိုးသည် အစိုးရက ဝယ်ယူ၍ အလကားဖြန့်ချိပေးရမည့် စာအုပ်တအုပ် ဖြစ်သည်။

ပိုက်ဆံရှာသည့် စာအုပ်မဟုတ်သည့်အပြင် ဖတ်သူအနည်းပါးဆုံးဆုကိုပင် ရနိုင်သည့် စာအုပ်ကောင်းတအုပ် ဖြစ်ပါသည်။ မိတ်ဆွေများစာပေ၊ ဝ၉-၂၅၄ ဝ၁ဝ၂၄၅ က ထုတ်ဝေထားပါသည်။

**စောပြည့်ညို**

## ၂၀၀၈ အခြေခံဥပဒေဘောင်အတွင်းမှ ဆောင်ရွက်နေသဖြင့် လွှတ်တော်မေးခွန်းလာမဖြေသော ဝန်ကြီးဌာနများရှိဟု ဒေါ်ဖြူဖြူသင်းပြော

၂၀၀၈ အခြေခံဥပဒေဘောင်အတွင်းထဲမှ လှုပ်ရှားဆောင်ရွက်နေရသဖြင့် လွှတ်တော်သို့ လာရောက်ဖြေကြားခြင်းမရှိသော ဝန်ကြီးဌာနများရှိကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ဖြူဖြူသင်းက ပြောသည်။



"တချို့ဝန်ကြီးဌာနတွေက လာမဖြေလို့ရတဲ့ မူးယစ်ဆေးဝါးကိစ္စတွေ၊ ကာကွယ်ရေးကိစ္စတွေ၊ တချို့ကိစ္စတွေက ပြည်သူ့လွှတ်တော်မှာ အော်ဟစ်ပြီး မေးခွန်းများမေးမြန်းရတာတွေရှိသလို တချို့ကိစ္စတွေက ဌာနနဲ့ ညှိနှိုင်းဆောင်ရွက်ရတာတွေရှိတယ်။ ၂၀၀၈ အခြေခံဥပဒေအရ ကာကွယ်ရေး၊ ပြည်ထဲရေးကိစ္စတွေမှာ လာမဖြေတဲ့အကြောင်းအရာတွေရှိတယ်။ အချို့ဝန်ကြီးဌာနတွေက လာမဖြေလို့ရတဲ့ ဘတ်ဂျက်ကိစ္စတွေ၊ မူးယစ်ဆေးဝါးကိစ္စ၊ ကာကွယ်ရေးကိစ္စတွေ ရှိပါတယ်။ ဒါတွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပေါင်းစပ်ပြီး ဆောင်ရွက်ရတာတွေရှိတယ်။ ကာကွယ်ရေးကိစ္စတွေက ပြည်သူကိုချပြလို့မရတာတွေရှိတယ်။ တချို့မေးခွန်းတွေက လာဖြေတဲ့အဖြေတွေက မေးခွန်းနဲ့ အဖြေ လွဲနေတဲ့အဖြေတွေရှိတယ်။ ဒါမျိုးကတော့ မဖြစ်သင့်ဘူး"ဟု ၎င်းက ပြောသည်။

တနိုင်ငံလုံးတွင် လယ်ယာမြေကိစ္စများပြီး လယ်သမားများ ဖမ်းဆီးခံထောင်ချသောကိစ္စများ အများဆုံးဖြစ်နေကြောင်း၊ တချို့ကိစ္စများတွင် သမ္မတသို့ တိုက်ရိုက်ညှိနှိုင်းဆောင်ရွက်သောကိစ္စများရှိကြောင်းလည်း ၎င်းက ပြောသည်။

အုပ်ချုပ်ရေးရှုထောင့်နှင့် လွှတ်တော်ကိုယ်စားလှယ်ရှုထောင့် မတူညီသောရှုထောင့်များရှိကြောင်း၊ အချို့အခြေအနေများအနေဖြင့် ရာနှုန်းပြည့်အဖြေများမရနိုင်ကြောင်း ဘတ်ဂျက်ကိစ္စများ၊ လုံခြုံရေးကိစ္စများအနေဖြင့် ဝန်ကြီးဌာနမှ စိတ်တိုင်းကျမှ လာရောက်ဖြေဆိုကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်က ပြောသည်။

"ကျွန်တော်တို့ တိုင်းဒေသကြီးမှာတော့ တခါတလေ ဝန်ကြီးက မအားတဲ့အခါကျရင်တော့ အဲဒီဝန်ကြီးအစား အခြားဝန်ကြီးကလာဖြေပါတယ်။ ကာကွယ်ရေးတို့၊ ပြည်ထဲရေးတို့ကတော့ လုပ်ပိုင်ခွင့်ဘောင်ထဲကနေ လုပ်နေရပါတယ်။ တရားဥပဒေစိုးမိုးရေးတို့၊ မူးယစ်ဆေးဝါးကိစ္စတွေကို နယ်လုံဝန်ကြီးကိုယ်တိုင် လာဖြေတာတွေရှိပါတယ်။ ညွှန်မှူးညွှန်ချုပ်တွေကတော့ အချက်အလက်တွေကို ဝန်ကြီးဌာနသို့ ပေးရပါတယ်။ ဝန်ကြီးမအားလို့ အခြားဝန်ကြီးလာဖြေရင်တော့ ဆက်စပ်မေးခွန်းများ မေးလို့မရတော့ဘူး"ဟု ၎င်းကပြောသည်။

**သဒ္ဒါထက်(လှည်းတန်း)**

## လူငယ်သင်တန်းကျောင်း စုစုပေါင်း ၁၀ ကျောင်းဖွင့်လှစ်ထားပြီး မရှိသေးသည့် တိုင်းနှင့်ပြည်နယ်များတွင် တိုးချဲ့ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်သွားမည်ဟု လူကယ်ပြန်ဒုဝန်ကြီး ပြော




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် လူငယ်သင်တန်းကျောင်းများ တနိုင်ငံလုံးတွင် စုစုပေါင်း ၁၀ ကျောင်းရှိပြီး သင်တန်းကျောင်းမရှိသေးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုးချဲ့ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်သွားမည်ဟု ယင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးစိုးအောင်က ပြောကြားသည်။

နိုဝင်ဘာ ၄ ရက်နေ့တွင် ကျင်းပသည့် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ၁၄ ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့၌ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်က လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ လူငယ်သင်တန်းကျောင်းများတွင် လက်ခံထားရှိနိုင်သော သင်တန်းသားဦးရေထက် နှစ်ဆကျော်ခန့် ပိုမိုများပြားနေခြင်းအား မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိလိုကြောင်း မေးမြန်းခဲ့ရာ ဒုတိယဝန်ကြီးဦးစိုးအောင်က လာရောက်ဖြေကြားခဲ့သည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် ကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်သော ကလေးသူငယ်များ၊ ကလေးသူငယ် တရားရုံးများတွင် အမှုရင်ဆိုင်နေဆဲ ကလေးသူငယ်များ၊ ကလေးသူငယ် တရားရုံးများမှအမိန့်ချမှတ်ပြီး အကျင့်စာရိတ္တပြုပြင်ရန် ပို့အပ်လာသောကလေးသူငယ်များအတွက် လူငယ်သင်တန်းကျောင်းများကို ရန်ကုန်တိုင်းဒေသကြီးတွင် ၅ ကျောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ၂ ကျောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁ ကျောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၁ ကျောင်း၊ မွန်ပြည်နယ်တွင် ၁ ကျောင်း၊ စုစုပေါင်း ၁၀ ကျောင်းဖွင့်လှစ်၍ လက်ခံစောင့်ရှောက်ပေးလျက်ရှိကြောင်း ဦးစိုးအောင်က ပြောသည်။

ပြီးခဲ့သည့် ဇူလိုင် ၂၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပုဒ်မ ၃(ခ)တွင် ကလေးသူငယ်၏အသက်ကိုအသက် ၁၈ နှစ်မပြည့်သေးသောသူဟု သတ်မှတ်ထားသဖြင့် လူငယ်သင်တန်းကျောင်းများတွင် ကလေး သူငယ်ဦးရေကို ယခင်ကထက် ပိုမိုလက်ခံစောင့်ရှောက်ပေးနေခြင်းများရှိကြောင်း၊ ထိုသို့ လက်ခံစောင့်ရှောက်သည့် ကလေးသူငယ်ဦးရေ တိုးတက်များပြားလာသည်နှင့်အမျှ ပြုစုစောင့်ရှောက်သည့် ဝန်ထမ်းဦးရေ အချိုးမျှတစွာ ခန့်ထားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက် လျက်ရှိသည့်အပြင် ဝန်ထမ်းဖွဲ့စည်းပုံအသစ်အရ ဝန်ထမ်းအင်အား တိုးမြှင့်တောင်းခံနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဟုလည်း ၎င်းက ပြောကြားခဲ့သည်။

**မင်းထင်**

## *စာ-၅ (စိတ်ကူးယဉ်အချစ်ဇာတ်လမ်းတပုဒ် ထာဝရနှောင်ကြိုး Now & Ever) မှအဆက်*

ဤဇာတ်ကားမှာ စိတ်ဝေဒနာသည်အဖြစ်မှာလည်း မပိပြင်ဟု မြင်ပါသည်။ ဇဏ်နီ၏ အမူအရာများမှာတော့ သဘာဝကျပါသည်။ သူရောဂါသည်အဖြစ် သရုပ်ဆောင်ပုံ၊ ဝေဒနာပြင်းထန်ပြီး ကြမ်းပြင်ပေါ် ပုံလဲကျသွားပုံ စသည့် အမူအရာများကတော့ ကောင်းပါသည်။

ဤဇာတ်ကားတွင် တခြားဇာတ်ကောင်တွေ၏ လှုပ်ရှားမှု၊ မျက်နှာအမူအရာများမှာလည်း ဒါရိုက်တာက ညွှန်ပြထား၍လောမသိ တခြားဇာတ်ကားများမှာထက် သဘာဝကျနေပါသည်။ အပြင်မှာပြောဆို လှုပ်ရှားပုံမျိုးဖြစ်အောင် ရိုက်ထားသည်။

ဤဇာတ်ကားကိုကြည့်၍ တခုတော့ စိတ်ကူးမိသည်။ သီဟ ဦးနှောက်မှာ ရောဂါရနေသည်။ သီဟ တနေ့ သေမည်ဆိုသည်ကို ပရိသတ်က သိနေသည်။ ထို့ကြောင့် သူသေသွားသည်ကိုမပြတော့ဘဲ ရောဂါ တဖြည်းဖြည်း ပြင်းထန်လာသည်။ လူလည်း ညှိုးချုံး ကျလာမည်။ သီဟကို ဝတ်မှုံက တနေ့ပြီးတနေ့ ပြုစုရင်းပဲ ဇာတ်လမ်းပြီးဆုံးသွားလျှင် ပိုကောင်းမည်ဟု စိတ်ကူးမိသည်။ သေသွားသည်ကိုပြစရာမလိုဘဲ ဇာတ်လမ်းပြီးဆုံးသွားလျှင် ပိုကောင်းမည်ဟုစိတ်ကူးမိသည်။ သေသွားသည်ကို ပြစရာမလိုဘဲ သိနေပြီးသားဖြစ်၍ ပရိသတ်ကို စိတ်ကူးလေးနှင့် အလွမ်းလေး ကျန်ရစ်အောင်ပြလျှင် ပိုကောင်းမည်ထင်သည်။ ရုပ်ရှင်ဆိုသည်မှာ ပြီးသည့်အခါမှစသည်ဟု ဆိုကြသည် မဟုတ်ပါလား။ အဆုံးသည် စိတ်ကူးနှင့် ခံစားချက်၏ အစပျိုးခြင်းပင်ဖြစ်သည်။

ယနေ့ခေတ်လို မြန်မာကားများ ခပ်ပေါပေါ၊ အဓိပ္ပာယ်မရှိ၊ အတွေးမရှိ၊ စိတ်ကူးမရှိဘဲ ရိုက်နေကြ သည့်အထဲမှာ ဤသို့သော ဇာတ်ကားမျိုးကတော့ အဆင့်အတန်းရှိသည့် အချစ်ကားတကားဟု ဆိုလိုက်ပါရစေ။

မြန်မာဇာတ်ကားများ ဒီထက်ပို၍ မြန်မာ့လူ့ဘောင် လူ့အဖွဲ့အစည်းကို ထင်ဟပ်ပြသော မြန်မာ့ဘဝနှင့် မလွတ်ကင်းသော ဇာတ်ကားမျိုး ပေါ်ထွက် လာပါစေဟု ဆုတောင်းရင်း . . . ။

**ချစ်မောင်(အဝကျွန်း)**

# ခေတ်မီချင်သောရောဂါ

မောင်ခင်မင်(ဓနုဖြူ)




ကျွန်တော်တို့ပတ်ဝန်းကျင်မှာ 'ခေတ်မီချင်သောရောဂါ'တွေ အပြိုင်ပေါ်နေပါသည်။

ခေတ်မီချင်သောရောဂါတခုမှာ **တက္ကသိုလ်ပညာကို အင်္ဂလိပ်လိုသင်မှ အဆင့်မီမည်ဟူသော ခံယူချက်ဖြင့် ဘယ်သူဘာပြောပြော နားမဝင်ဘဲ အတွင်းဖွတ်တိုးနေသောရောဂါဖြစ်သည်။** တက္ကသိုလ်ပညာကို မြန်မာလို အနှစ် ၂၀ လောက်သင်ခဲ့သည့် အစဉ်အလာ၊ အောင်မြင်သည့်သာဓက၊ မြန်မာလိုသင်တာ အောင်မြင်နေပါလျက် ရုတ်တရက် အင်္ဂလိပ်လို ပြန်ပြောင်းလိုက်သည့်ဆိုးကျိုးကို ယခုထိလှိမ့်ခံနေရသော'ဘွဲ့ရပညာမတတ်'များ၏အခြေအနေ၊ အင်္ဂလိပ်စာမတတ်သော်လည်း လူရှေ့သူရှေ့မှာ အင်္ဂလိပ်စာတတ်ချင်ယောင်ဆောင်နေရသော တက္ကသိုလ်ဆရာ၊ ဆရာမများ၏ဒုက္ခ စသည်တို့ကို ကျွန်တော် အလျဉ်းသင့်သလိုရေးခဲ့ပါသည်။ တက္ကသိုလ်ပညာကို မိခင်ဘာသာစကားဖြင့် သင်ကြား၍ အောင်မြင်နေသော အရှေ့အနောက်နိုင်ငံများအကြောင်းကို တတ်သိနားလည်သူများကလည်း သာဓကဆောင်၍ ရေးသားခဲ့ပါသည်။ သို့သော် နားမဝင်ဘဲ ဘွဲ့ရပညာမတတ်များကို ဆက်လက်မွေးထုတ်နေဆဲဖြစ်ပါသည်။

ပညာရေးအဆင့်မြှင့်သည့် သင်တန်းတခုကို တက်ရသူ ဆရာမတယောက်က ပြောသည်။ "ပို့ချတဲ့သူတွေကတော့ တချိန်လုံးအင်္ဂလိပ်လို 'ဒွတ်ဒက်ရွှတ်ရက်'လုပ်နေတာပဲ။ ကျွန်မတော့ နားလည်တချက် မလည်တချက်နဲ့ နေကလည်းပူ၊ လူကလည်းကျပ်နဲ့ ခေါင်းမူးလာပြီး နှာရည်တရွှဲရွှဲကျနေလို့ တစ်ရှူး ၄ ထုပ်လောက် ကုန်သွားတယ်"ဟူ၍ဖြစ်သည်။ သူ့စကားက သရုပ်ပေါ်လွန်းသည့်အတွက် သဘောကျပြီး ရယ်မိပါသည်။

မြန်မာစာကိုတောင် အင်္ဂလိပ်လိုသင်ဖို့ တိုက်တွန်းသံကြားရတော့ အထိတ်တလန့်ဖြစ်သွားသည်။ "ဩော် အစဉ်အလာကို နားမလည်လေခြင်း"ဟု 'ဟင်းချ'မိသည်။ မြန်မာနိုင်ငံ ကျွန်ဖြစ်နေရသော အင်္ဂလိပ်ခေတ်မှာပင် ထိပ်တန်းပညာရပ်ဂျာနယ်ဖြစ်သော Journal of the Burma Research Society (မြန်မာနိုင်ငံသုတေသနဂျာနယ်)ခေါ် အင်္ဂလိပ်ဘာသာထုတ် ဂျာနယ်ကြီးမှာပင် မြန်မာပညာရှင်ဆရာပွား၊ ဆရာလင်း၊ ဆရာဘီ စသည့် ပုဂ္ဂိုလ်ကြီးများက စ၍ ဆရာကြီးဦးဝန်တို့အထိ မြန်မာပညာရှင်ကြီးများ မြန်မာလိုရေးသည့် ဆောင်းပါးများကို လေးလေးစားစားနေရာပေး၍ ထည့်သွင်းပေးခဲ့သော အစဉ်အလာ၊ The World of Book ခေါ် 'ဂန္ထလောကမဂ္ဂဇင်း'တွင် မြန်မာလိုရေးသော ဝတ္ထုဆောင်းပါးကဗျာများကို အင်္ဂလိပ်တို့ရေးသော ဝတ္ထုဆောင်းပါးကဗျာများ၏ရှေ့က လေးလေးစားစား ထည့်သွင်းသည့် အစဉ်အလာများကို ထိုပုဂ္ဂိုလ်များ လေ့လည်းမလေ့လာ၊ သိလည်းမသိကြောင်း ထင်ရှားနေပါသည်။ တက္ကသိုလ်ပညာရပ်များကို အင်္ဂလိပ်လိုသင်သည့် ထိုခေတ်မှာပင် **'မြန်မာစာဘာသာရပ်မှလွဲ၍'**ဟူသော ခြွင်းချက်ဖြင့် မြန်မာစာကို မြန်မာလိုသင်ခွင့်ပြုသည့်အစဉ်အလာကို တကမ္ဘာလုံးကျင့်သုံးခဲ့သည်ကိုလည်း ထိုပုဂ္ဂိုလ်များ သိဟန် နားလည်ဟန်မတူပါ။

ပြန်ကြားရေးဌာနကကျင်းပသော 'မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာပြန်ဆိုခြင်း'စာတမ်းဖတ်ပွဲ ကျင်းပခြင်းကဲ့သို့ မြန်မာကို ကမ္ဘာကသိအောင် မြန်မာသုတရသစာပေများကို အင်္ဂလိပ်ဘာသာပြန်ဖို့ ကြိုးစားခြင်းမှာ အလွန်လိုလားအပ်ပါသည်။ သို့သော် ပရိသတ်ထဲတွင် အင်္ဂလန်မှာမွေးသော အင်္ဂလိပ်လူမျိုး တယောက်မှမပါဘဲ အားလုံးမြန်မာတွေချည်းဖြစ်ပါလျက် ဆွေးနွေးပို့ချသူများက ထိုပရိသတ်ကို လုံးဝမငဲ့ကွက်ဘဲ နားလည်လည် မလည်လည် ဂရုမစိုက်သည့်သဘောဖြင့် အင်္ဂလိပ်လို 'ဒွတ်ဒက်ရွှတ်ရက်' လုပ်နေခြင်းကတော့ လုံးဝလုံးဝမသင့်လျော်ပါ။ တီဗွီအစီအစဉ်တခုမှာပြောသလို 'စော်ကားသလို ခံစားရတယ်'ဟု ပြောရမည်လားမသိပါ။

နောက်ထပ် ခေတ်မီချင်သည့်ရောဂါတခုကတော့ လေးစားမြတ်နိုးဖွယ် မြန်မာ့အစဉ်အလာများကို ခေတ်အလိုက်ပေါ်လာသော ပေါ်ပင်အယူအဆများနှင့် တိုင်းတာပြီး ဝေဖန်ပြစ်တင်တတ်သည့်ရောဂါ ဖြစ်ပါသည်။ ယခုလောလောဆယ်မှာပဲ ကျား၊ မ ခွဲခြားမှု gander discrimination ဆိုသော ပေတံဖြင့် ဆိုင်ဆိုင်မဆိုင်ဆိုင် ဖွတ်အတင်းတိုင်းတာချင်သည့် ရောဂါတခု ပေါ်နေပါသည်။ တတိယတန်းမြန်မာဖတ်စာတွင်ပါသော 'တို့ဖေဖေ'နှင့် 'တို့မေမေ'ကဗျာ ၂ ပုဒ်မှာ ထိုပုံစံမျိုး ပြစ်တင်ဝေဖန်ခံနေရကြောင်း ကြားရသည်။ ပညာရေးအဆင့်မြှင့်သည့် ဆွေးနွေးပွဲတခုတွင် ဆွေးနွေးပို့ချသူများက ထိုကဗျာ ၂ ပုဒ်ကို 'အဖေ ဘာလုပ်ရမည် အမေ ဘာလုပ်ရမည်'ဟု ခွဲခြားသတ်မှတ်ရာရောက်သည့်ကဗျာများ ဖြစ်လေသယောင် မလိုမလားဆွေးနွေးနေကြသည့်အတွက် ပရိသတ်မှာ ကသိကအောက်ခံစားရကြောင်း ကြားရသည်။ စင်စစ် ထိုကဗျာကလေး ၂ ပုဒ်မှာ တတိယတန်းအတွက် ကလေးများ ဖေဖေ၊ မေမေ၏ ကျေးဇူးနှင့်မေတ္တာကို သိတတ်ခံစားတတ်အောင် သားသမီးအပေါ်ထားသည့် မေတ္တာကရုဏာအမူအရာများကို အသေးစိတ်သိမ်မွေ့လှပစွာဖွဲ့ထားသော ကဗျာကလေးများဖြစ်ပါသည်။ ပြဋ္ဌာန်းလာသည်မှာ နှစ် ၄၀ ကျော်ပါပြီ။ တလျှောက်လုံး ဘာပြဿနာမှ မပေါ်ခဲ့ပါဘဲလျက် ယခုမှ 'ကျား၊ မ ခွဲခြားမှု'ဆိုသော ခေတ်မီချင်သည့်ရောဂါ ထလာခြင်းဖြစ်ပါသည်။ ဖေဖေနှင့် မေမေကို ကျားနှင့်မဟူ၍ ခွဲခြားပြီး တာဝန်သတ်မှတ်ခြင်းမဟုတ်ဘဲ ဖေဖေနှင့် မေမေ၏ လေးစားဖွယ်ဂုဏ်ရည်များကို ဖော်ညွှန်းခြင်းဖြစ်ကြောင်း မြန်မာစာပေနှင့် မစိမ်းသူတိုင်း အလွယ်တကူသိပါသည်။ ကဗျာထဲကလို သားသမီးကို ပြုစုစောင့်ရှောက်သော ဖေဖေ၊ မေမေတို့၏ မေတ္တာစေတနာကိုခံယူပြီး ပို့ချသူများအပါအဝင် ဆရာ၊ ဆရာမများအဖြစ် လူလားမြောက်လာရခြင်းဖြစ်ကြောင်း သဘောပေါက်လျှင် ကဗျာအရသာကို မှန်မှန်ကန်ကန်မျှဝေနိုင်ပါလိမ့်မည်။ ထိုသို့မဟုတ်လျှင်တော့ မကြာမီကကြုံခဲ့သော 'မယ်ခွေ'ကဗျာလို ကဗျာအလှကိုမမြင်ဘဲ ဆေးလိပ်ကိုသာမြင်သည့်အဖြစ်မျိုး 'ဖေဖေ' 'မေမေ'ဆိုသော

စာ(၃၁)သို့

**ခေတ်မီချင်သောရောဂါကြောင့် ကဗျာကောင်းကလေးများ အလှပျက်မသွားစေချင်ပါ။ တန်ဖိုး လျော့မသွားစေချင်ပါ။ ပြောရင်းပြောရင်း အဖေနှင့်အမေကို ကျေးဇူးကန်းမိသည့်အဖြစ်သို့ ရောက်လာမှန်းမသိ ရောက်သွားမည်စိုးပါသည် . . .**

CaféPOS® စားသောက်ဆိုင်သုံးကွန်ပျူတာစနစ်

- အရောင်းစာရင်း
- Tablet ဖြင့် ဟင်းပွဲအမှာလက်ခံနိုင်ခြင်း။
- Table တစ်ခုထဲတွင် Bill ခွဲ/ပေါင်းရှင်းခြင်း။
- တိကျလျင်မြန်စွာတွက်ချက် Bill ထုတ်နိုင်ခြင်း။
- Food Court အတွက် Card စနစ်များဖြင့် အသုံးပြုနိုင်ခြင်း။
- Report ပေါင်း(၈၀)ကျော်



HOT LINE : 09- 43209550

မြန်မာနိုင်ငံတွင် နံပါတ် (၁) ရောင်းအား အကောင်းဆုံး စားသောက်ဆိုင်သုံးကွန်ပျူတာစနစ် ကို စားသောက်ဆိုင်ပေါင်း (၆၀၀) ကျော်တွင် အောင်မြင်စွာ အသုံးပြုလျက် ရှိပါသည်။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ရန်ကုန်(ရုံးချုပ်) | 09- 43064181, 09- 420909100 | ဝူသိမ် | 09- 455042500, 09- 455042499 | မုံရွာ | 09- 404404345, 09- 404404678 | ထုံ | 09- 404404308, 09- 404404309 |
| မန္တလေး | 09- 440067577, 09- 978030881 | တောင်ကြီး | 09- 444200771, 09- 444200772 | ကော့သောင်းမြို့ | 09- 970133399, 09- 970233399 | ပြည် | 09- 404060994, 09- 404060995 |
| နေပြည်တော် | 09- 257333214, 09- 974432762 | မြိတ် | 09- 424008080, 09- 955042499 | | | | |

Galaxy Software Co., Ltd.

www.free4readers.com

www.free4readers.com

# ဆရာစံ-ဇာဏီဘို၏ ၇ ရက်သားသမီးအတွက် ဗေဒင်ယတြာ

## တနင်္ဂနွေနေ့မွေးသောသူများ



အပြိုင်အဆိုင်များမည်။ အယူအဆမတူသောသူများနှင့် ပူးတွဲလုပ်ကိုင်ရမည်။ ကာလအတန်ကြာ ပိတ်နေသော လမ်းစများ ပြန်ပွင့်သောကာလ ဖြစ်သည်။ မိသားစုတွင် နေရာထိုင်ခင်းကိစ္စ စကားပြောဆိုခြင်းများ ကြုံမည်။ အပြောအဆို အောင်မြင်မည်။ ရုတ်တရက် ခရီးသွားရမည်။ မထင်မှတ်ဘဲ အပြောင်းအလဲ ကြုံမည်။ စိတ်ကူးမထားဘဲ လုပ်လိုက်သောကိစ္စများမှ အကျိုးကောင်းရမည်။

## ရာဟု (ဗုဒ္ဓဟူးမွန်းလွဲ) မွေးသောသူများ



ဆက်ဆံရသော ဝန်းကျင်အတွင်း ကောင်းသော အပြောင်းအလဲရှိမည်။ ဘဝအပြောင်းအလဲရှိမည်။ စီးပွားကံကောင်းမည်။ လုပ်ငန်း၊ အကြံအစည်သစ်များ အောင်မြင်မည်။ အပြိုင်အတိုက်ခံကြား တိုးတက်မည်။ အညံ့ကင်း၍ ကောင်းခြင်းဘက်သို့ ဦးတည်မည်။ မိတ်ဆွေ အကြီးအကဲများထံမှ အကူအညီကောင်းများ ရရှိမည်။ စုပေါင်းလုပ်ငန်းထက် တတ်နိုင်သမျှ တကိုယ်တော်လုပ်က ပို၍ အကျိုးရှိမည်။

## တနင်္လာနေ့မွေးသောသူများ



အလုံးစုံကောင်းသည်။ ရည်မှန်းစိတ်ကူးထားသည်များ လက်တွေ့ဆောင်ရွက်အကျိုးရှိမည်။ မြှုပ်နှံထားသောငွေမှ အကျိုးအမြတ်ကောင်းရမည်။ ယှဉ်ပြိုင်ခြင်းများ အောင်မြင်မည်။ စတင်လုပ်ကိုင်သည်များ ရှေ့အလားအလာကောင်းသည်။ စိတ်ကူးရှိသလောက် စွန့်စားလုပ်ကိုင်၍ ကောင်းသည်။ ဘဝတက်လမ်းကို ရရှိမည်။ ပညာသင်တန်းနှင့် ပတ်သက်သောကံ ကောင်းမည်။ အလုပ်ရှာသူ အလုပ်ကောင်းရမည်။

## ကြာသပတေးနေ့မွေးသောသူများ



စိမ်ဆုံးဖြတ်ထား ရည်မှန်းချက်များကို အခက်အခဲမည်မျှရှိစေ ကျော်လွှားအောင်မြင်မည်။ စေတနာနှင့် အနစ်နာခံခြင်း၊ ဖွဲကြိုးခြင်း ဖြစ်သည့် မိမိဘဝအတွက် အောင်မြင်စေသောအရာများ ဖြစ်သည်။ ပညာအတတ်နှင့်ပတ်သက်၍ ကောင်းသောကာလ ဖြစ်သည်။ မိမိကိစ္စသာမက အလုပ်ပို ကိစ္စပိုများ ဆောင်ရွက်ရမည်။ သူများ ပြဿနာများကြားဝင် ဖြေရှင်းပေးရမည်။

## အင်္ဂါနေ့မွေးသောသူများ



ယှဉ်ပြိုင်လာသူများကို ကျော်လွှားအောင်မြင်မည်။ ရုတ်တရက်ဆုံးဖြတ်ပြီးလုပ်လိုက်သောကိစ္စများမှ ကောင်းသော အကျိုးထူးကို ရရှိခံစားရမည်။ ဘဝလမ်းကြောင်းသစ်တွင် ထူးခြားသော တိုးတက်မှုများ ဆက်တိုက်ပေါ်ထွန်းမည်။ မိမိအပေါ် စေတနာကောင်းထားသောသူများနှင့် တွေ့မည်။ အလုပ်တွင် ခက်ခဲနေသည်များ ပြေလည်မည်။ အလုပ်သစ်များ စတင်ဆောင်ရွက်၍ အကျိုးရှိသည်။

## သောကြာနေ့မွေးသောသူများ



လူလိမ်လူကောက်တွေ့တတ်သည်။ သူများပြဿနာ ကိုယ့်ပြဿနာ ဖြစ်တတ်သည်။ ရန်များမည်။ စာရွက်စာတမ်းလက်မှတ်ထိုးခြင်း၊ ငွေကြေးကိစ္စ တာဝန်ယူ အာမခံခြင်းများ သတိနှင့် ရှောင်ရမည်။ အိမ်တွင်းရေး၊ လူမှုရေးအညံ့များ ကြုံမည်။ မိသားစုအတွင်း ပညာ ဘဝတိုးတက်မှုအတွက် အရပ်ဝေးခရီးသို့ နှစ်ရှည်လများ သွားရသူရှိမည်။ ငင်းအကြံအစည်များ အောင်မြင်မည်။

## ဗုဒ္ဓဟူးနေ့မွေးသောသူများ



တွေဝေခြင်း၊ မပြတ်သားခြင်းကြောင့် ရသင့်သော အခွင့်အရေးများ လက်လွှတ်ဆုံးရှုံးမည်။ သူတပါးနှင့် မတူသော ရှုထောင့်မှ တွေးခေါ်ပြီး လုပ်ပါ။ မတော်တဆ ထိခိုက်မှု သတိပြုပါ။ လက်ရှိဘဝ လုပ်နေရသောကိစ္စမည်မျှအဆင်ပြေစေ၊ မပျော်ပိုက်၊ စိတ်ကုန်နေသည်။ အပြောင်းအလဲလုပ်ရန် လမ်းမမြင်သေး။ ငွေမြှုပ်နှံမှုများ သတိရှိပါ။ စက်ပစ္စည်းများ အပျက်အစီး များမည်။

## စနေနေ့မွေးသောသူများ



အဘက်ဘက်မှကောင်းသောနေ့များ ဖြစ်သည်။ မိမိမှန်းထားသည်များ အောင်မြင်မည်။ လူမျိုးကွဲ ကောင်းကျိုးပေးမည်။ အညံ့ကင်းမည်။ ရုတ်တရက်ပေါ်ပေါက်လာသော အခြေအနေကိုသုံး၍ ဘဝတိုးတက်မှု လမ်းကောင်းရမည်။ မိတ်ဟောင်းဆွေဟောင်းများနှင့် ပြန်လည်ဆုံစည်းနိုင်မည်။ မထင်မှတ်ထားသောသူများထံမှ အကူအညီကောင်းများ ရရှိမည်။ အမျိုးသမီး မိတ်ဆွေထံမှ အကူအညီရမည်။

ချမ်းမြေ့မေတ္တာ တုံ့ပြန်ပါသည်။ စံ-ဇာဏီဘို။ ဖုန်း - ၆ ၄ ၁ ၆ ၃ ၉

# ဝေါမြို့နယ် အဘားစားကျက်မြေ ပုဒ်မ ၁၄၄ ထုတ်၍ တားမြစ်ထားရ



ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း ဝေါမြို့နယ် အဘားကျေးရွာတွင် စားကျက်မြေနှင့်ပတ်သက်၍ အငြင်းပွားကာ ခိုက်ရန်ဖြစ်ကြသဖြင့် နိုဝင်ဘာ ၂ ရက်က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၎င်းစားကျက်မြေအား ပုဒ်မ ၁၄၄ ထုတ်လိုက်ကြောင်း သတင်းရရှိသည်။

စားကျက်မြေသည် အင်္ဂလိပ်လက်ထက်ကတည်းက တည်ရှိလာခဲ့ပြီး ၆၂၈ ဧက သတ်မှတ်ထားခဲ့ကြောင်း၊ ယခုအခါ စားကျက်မြေအတွင်း၌ အဘားကျေးရွာနှင့် အနီးအနားကျေးရွာများမှ ဒေသခံလယ်သမား ၇၀ ဦးခန့်က ကျူးကျော်၍ ဝင်ရောက်စိုက်ပျိုးကြသဖြင့် ကျွဲ၊ နွားများ စားကျက်မြေပျောက်နေသည်မှာ သုံးနှစ်ခန့် ရှိသွားပြီဖြစ်ကြောင်း အဘား ကျေးရွာသား တဦးကပြောသည်။

လွန်ခဲ့သည့် သုံးနှစ်ခန့်မှစ၍ အငြင်းပွားနေသော ၎င်းစားကျက်မြေကိစ္စနှင့်ပတ်သက်၍ နိုဝင်ဘာ ၁ ရက်က ကျူးကျော်စိုက်ပျိုးထားသည့် သီးနှံပိုင်ရှင်များနှင့် ကျွဲ၊ နွားပိုင်ရှင်များ အငြင်းပွားရန်ဖြစ်ကြပြီး တုတ်နှင့်ရိုက်၊ ပေါက်တူးနှင့်ခုတ်ကြသဖြင့် ကျွဲ၊ နွားပိုင်ရှင်တဦး ပြင်းထန်စွာဒဏ်ရာရရှိပြီး ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ခဲ့ရကြောင်း သိရသည်။

"တိုင်းဒေသကြီးအစိုးရကတဆင့် ပုဒ်မ(၁၄၄)ထုတ်ဖို့ ညွှန်ကြားပါတယ်။ အခု ပုဒ်မ(၁၄၄)ထုတ်ပြီးလို့ ဆိုင်းဘုတ်လည်း တင်ထားပါပြီ။ ရွာထဲကိုလည်း ကြေညာထားပါတယ်။ ကြေညာထားပါလျက်နဲ့ ဒေသန္တရအမိန့်ကို ချိုးဖောက်မယ်ဆိုရင်တော့ ပုဒ်မ (၁၈၈)နဲ့လည်း အရေးယူမယ်။ တည်ဆဲ ဥပဒေနဲ့လည်း အရေးယူသွားမှာပါ"ဟု အဘားကျေးရွာ အုပ်ချုပ်ရေးမှူးဦးချိုနိုင်မြင့်က ပြောသည်။

ဝေါမြို့နယ် အမှတ်(၂) မဲဆန္ဒနယ် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်ကလည်း ယခုကိစ္စနှင့် ပတ်သက်၍ "အဘားကျေးရွာမှာ ကျွဲ၊ နွား မွေးမြူရေးလုပ်တဲ့သူတွေရှိတယ်။ နောက် ရွာနီးချုပ်စပ်က ရွာတွေက ကျွဲ၊ နွားတွေလည်းရှိတယ်။ ဒီစားကျက်မြေပဲ အားကိုးနေကြရတာ။ မြက်တွေကို ဓာတုဆေးတွေ နဲ့ဖျန်းပြီးသတ်တယ်။ မကျူးကျော်ပါနဲ့ပြောလည်းမရဘူး။ ပိုပိုများလာတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့လမ်းညွှန်ချက်နဲ့ စားကျက်မြေကော်မတီဖွဲ့ပြီး အများဆန္ဒခံယူတော့လည်း စားကျက်မြေအတိုင်းပြန်ထားဖို့ ဆန္ဒပြုကြတယ်။ ဒါလည်းမရဘူး။ ပြောရမယ်ဆိုရင် တိုင်းဒေသကြီးအစိုးရကလည်း တားမြစ်မှုအားနည်းတယ်။ နောက်ဆုံး အခုလိုပြဿနာကြီးထွားပြီး ပုဒ်မ ၁၄၄ ထုတ်ရတဲ့အဆင့်ထိ ဖြစ်လာတာဟာ တာဝန်ယူဆောင်ရွက်တဲ့ ဌာနဆိုင်ရာတွေနဲ့ အားနည်းချက်ကြောင့်" ဟု ဒေါ်ရီရီထိုက်က ထောက်ပြသည်။

မိုးမြင့်လွင်

# လေးမြို့မြစ်ပေါ်တည်ဆောက်မည့် ရေကာတာစီမံကိန်း ဒေသခံများ သဘောထားရယူခဲ့ခြင်း မရှိဟုဆို

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ရှိ လေးမြို့မြစ်ပေါ်၌တည်ဆောက်မည့် ရေကာတာစီမံကိန်းနှင့်ပတ်သက်၍ ဒေသခံများ၏သဘောထားကို ချင်းတွင်းမြစ်ကြောင်းစောင့်ကြည့်လေ့လာရေးအဖွဲ့မှ နိုဝင်ဘာလ ၄ ရက် နံနက်က ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိ Orchid Hotel တွင် သတင်းစာရှင်းလင်းပွဲကျင်းပသွားသည်။



အခမ်းအနားတွင် ချင်းတွင်းမြစ်ကြောင်းစောင့်ကြည့်လေ့လာရေးအဖွဲ့ ခေါင်းဆောင် GS MANG က "ဒီနေ့ သတင်းစာရှင်းလင်းပွဲက ကျွန်တော်တို့ ချင်းပြည်နယ် ပလက်ဝမြို့နယ်ရှိ လေးမြို့မြစ်ပေါ်တွင်တည်ဆောက်မယ့် ရေကာကာ စီမံကိန်းနှင့်ပတ်သက်၍ ချင်းအစိုးရအနေနဲ့ ဒေသခံတွေနဲ့ဆွေးနွေးတိုင်ပင်ပြီး သဘောထားရယူမှု လုံးဝမရှိသေးဘူးဆိုတာကို ပြည်သူလူထုကိုချပြဖို့ ဒီနေ့သတင်းစာရှင်းလင်းပွဲပြုလုပ်ရတာပါ။ ရေကာတာစီမံကိန်းနှင့်ပတ်သက်ပြီး နောက်ခံအကျဉ်းကိုပြောချင်ပါတယ်။ စစ်အစိုးရလက်ထက်က ၂၀၀၇ ခုနှစ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ရေအားလျှပ်စစ်ထုတ်လုပ်ရောင်းဝယ်ဖို့ သဘောတူခဲ့တယ်။ လေးမြို့မြစ်ပေါ်မှာ တည်ဆောက်ဖို့ တရုတ်ဒါတန်ကုမ္ပဏီက အကောင်အထည်ဖော်မှာပါ။ ဒေသခံတွေက ဆန့်ကျင်တာကြောင့် ၂၀၁၄ ခုနှစ်မှာ အစိုးရကရပ်ဆိုင်းခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အာဏာရလာပြီး ၂၀၁၆ ခုနှစ်မှာ ပြင်သစ်အကူအညီနဲ့ ပြန်လည်အကောင်အထည်ဖော်ဖို့ ဆောင်ရွက်ပါတယ်။ စီမံကိန်းနဲ့ပတ်သက်ပြီး ဒေသခံများကို ရေရေရာရာအကြောင်းကြားအသိပေးတိုင်ပင်ဆွေးနွေးခြင်း မရှိပါဘူး။ ၂၀၁၉ နှစ်ဦးပိုင်းမှာ ရေကာတာစီမံကိန်းနဲ့ပတ်သက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ပါတယ်။ နော်ဝေကုမ္ပဏီက ၃ နေရာ၊ တရုတ်ကုမ္ပဏီက ၅ နေရာ စုစုပေါင်း ၈ နေရာရှိပါတယ်။ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ခြေ မဂ္ဂါဝပ် ၂၀၀ ရှိကြောင်း သိရပါတယ်။ ဒီစီမံကိန်း အကောင်အထည်ဖော်ဖြစ်ရင် လူဦးရေ စုစုပေါင်း ၂၅၀၀၀ ခန့်နဲ့ ကျေးရွာပေါင်း ၅၁ ရွာထိခိုက်နစ်နာသွားမှာပါ။ ကျေးရွာတွေ ရေအောက်ကိုရောက်သွားနိုင်ပါတယ်။ ဒေသခံတွေဟာ စိုက်ပျိုးထုတ်ကုန်နဲ့ အသက်မွေးဝမ်းကျောင်းပြီး လေးမြို့မြစ်ကို ဒေသတွင်းမြစ်ကြောင်းအတိုင်း သွားလာဆက်သွယ်ဖို့ဆောင်ရွက်တယ်။ ကုန်းတွင်းပိုင်းလမ်းမရှိပါဘူး။ စီမံကိန်းသာ အကောင်အထည်ဖော်ဖြစ်ရင် လေးမြို့မြစ်ပျောက်သွားမှာဖြစ်သလို ဒေသခံတွေ အဓိကမှီခိုရတဲ့ အသက်မွေးဝမ်းကျောင်း စားဝတ်နေရေးခက်ခဲမှာပါ။ ဒါကြောင့် ဒေသခံလူထုက ရေကာတာစီမံကိန်းကို နှစ်သက်မှုမရှိဘဲ ဆန့်ကျင်ကန့်ကွက်ပါတယ်။ ဒါကြောင့် အကြံပြုတင်ပြချင်တာကတော့ ဖက်ဒရယ်စနစ်နဲ့ ဒေသခံများရဲ့ အကျိုးစီးပွားကိုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ စိတ်ချစွာကာကွယ်နိုင်ခြင်း မရှိသရွေ့ စီးပွားရေးရင်းနှီးမြှုပ်နှံမှု စီမံကိန်း အကောင်အထည်ဖော်ဆောင်ခြင်း မလုပ်ဖို့ စီးပွားရေးရင်းနှီးမြှုပ်နှံမှုစီမံကိန်းကို ဒေသခံများကို ကြိုတင်အသိပေးတိုင်ပင်မှုနဲ့ လူထုသဘောထားရယူခြင်း FPLC မပါဘဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မပြုလုပ်ဖို့ အရေးကြီးသောသဘာဝအရင်းအမြစ်ပိုင်ဆိုင်မှု၊ ထိန်းချုပ်မှုနှင့် အကျိုးခွဲဝေမှုများအပေါ် တိကျပြတ်သားတဲ့ မူဝါဒများကို ဒေသခံများပူးပေါင်းပါဝင်မှုဖြင့် ဆွေးနွေးဆုံးဖြတ်ဖို့ အကြံပြုချင်ပါတယ်။ ဒီစီမံကိန်းကို အကောင်အထည်ဖော်မယ်ဆိုရင် အစိုးရကိုဝင်ရောက်တွေ့ဆုံဆွေးနွေးတာတို့၊ ရင်းနှီးမြှုပ်နှံမယ့် သက်ဆိုင်ရာအာဏာပိုင်တွေကိုလည်း တွေ့ဆုံဆွေးနွေးဖို့ ပြုလုပ်သွားမှာပါ။ ဒါပေမဲ့ သူတို့ စတင်အကောင်အထည်ဖော်တဲ့ ခြေလှမ်းပေါ်မှာမူတည်ပြီးတော့ ဆောင်ရွက်သွားမှာပါ"ဟု ရှင်းလင်းပြောကြားသွားသည်။

SP

www.free4readers.com



# ဒေါက်တာခင်မောင်ညို လိုလားတဲ့ ကျောင်းသားသမဂ္ဂဆိုတာ

လက်ဂုဝင်း



ပြီးခဲ့တဲ့ ဂျပန်ခရီးစဉ်မှာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က ၂၀၂၀ မတိုင်မီ ၂၀၀၈ ခြေ/ဥပြင်ဆင်ရေးမဖြစ်နိုင်သေးဘူးလို့ ပြောဆိုလိုက်ပါတယ်။ ၂၀၀၈ ခြေ/ဥပြင်ချင်သူတွေနေသေးသပ ချုံထဲက ဂျို(ချို)သွေးသပ တမြမြ လုပ်ကြရဦးမှာပေ့ါ။ ပြင်ဖို့ကို ပြင်ထားကြပေဦးတော့ပေါ့။

၂၀၀၈ ခြေ/ဥဆိုတာ မလွဲမသွေ ပြင်ဆင်ဖျက်သိမ်းပစ်ရမှာဖြစ်ပါတယ်။ ဒီခြေ/ဥအောက်မှာ ဗမာပြည်က ပြဿနာပေါင်း သောင်းခြောက်ထောင်နဲ့ မဟုတ်လား။ ဒီပြဿနာပေါင်းသောင်းခြောက်ထောင်ထဲမှာ ကျောင်းသားပြဿနာတွေလည်း အများကြီး ပါတာပေ့ါ။

(က)

ပြီးခဲ့တဲ့လတွေအတွင်း မန္တလေးတက္ကသိုလ်မှာ Food Count ပြဿနာပေါ်ပြီး ကျောင်းသားဆန္ဒပြပွဲတွေ ဖြစ်ခဲ့တယ်။ အခုရက်ပိုင်းတွေအတွင်း ရန်ကုန်တက္ကသိုလ်မှာ သစ်ပင်တွေ ခုတ်လှဲတဲ့ကိစ္စပြဿနာပေါ်ပြီး ကျောင်းသားဆန္ဒပြပွဲတွေဖြစ်တယ်။ သက်ဆိုင်ရာကျောင်းသားသမဂ္ဂတွေက ဦးဆောင်ကြတယ်။ တကျောင်းချင်း ပြဿနာကို တကျောင်းချင်း တုံ့ပြန်ကြတဲ့သဘောပဲ။

၂၀၁၄ ခုနှစ်ထဲမယ် စတင်ခဲ့ပြီး ၂၀၁၅ ခုနှစ် မတ်လ ၁၀ ရက်အရောက် လက်ပံတန်းမှာအကြမ်းဖက် ဖြိုခွဲခံရပြီး အဆုံးသတ်ခဲ့ရတဲ့ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်ဦးဆောင်တဲ့ ဒီမိုကရေစီပညာရေးတောင်းဆိုတဲ့ လှုပ်ရှားမှု(စတုတ္ထကျောင်းသားသပိတ်)ရဲ့ တောင်းဆိုချက်တွေဟာလည်း ယနေ့ထိ မရရှိသေးပါဘူး။ ဒီမိုကရေစီအပြည့်အဝမရဘဲ ဒီမိုကရေစီပညာရေးရရှိဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

(ခ)

(၁-၁၁-၁၉)နေ့ထုတ် စံတော်ချိန်သတင်းစာမှာ ဆရာဒေါက်တာခင်မောင်ညိုရဲ့ ကျောင်းသားသမဂ္ဂဆိုတဲ့ ဆောင်းပါးတပုဒ်ဖတ်လိုက်ရပါတယ်။ ပညာတတ်ပညာရှင်တယောက် ကျောင်းသားသမဂ္ဂတွေအပေါ် ဘယ်လိုသဘောထားသလဲဆိုတဲ့ သိချင်စိတ်နဲ့ စိတ်ဝင်တစား ဖတ်ရှုဖြစ်ပါတယ်။

ဆရာ့ဆောင်းပါးက ဝတ္ထုဟန်ရေးထားတယ်ပြောရမလားမသိဘူး။ ဇာတ်ကောင် ၃ ယောက်ပါပါတယ်။ အဖေဦးအောင်ကျော်ဦး၊ အမေဒေါ်ကျေးဥနဲ့ သား (တက္ကသိုလ်ကျောင်းသား)ကျော်စွာမောင်မောင်ပါ၊ သားဖြစ်သူကျောင်းကပြန်လာပြီး ကျောင်းသားသမဂ္ဂထဲသူဝင်တော့မယ်ဆိုတဲ့စကား မိဘနှစ်ပါးကို ပြောတာနဲ့ဆောင်းပါးကိုဖွင့်ပါတယ်။ ဒါကို အမေက သဘောမကျဘူး၊ အဖေက သဘောကျတယ်။ အမေနဲ့အဖေ စကားပြောခန်းကို ခုလိုဖော်ပြထားတယ်။

"သမဂ္ဂက ဘာကောင်းလို့လဲ၊ ရှင်လည်းသိပါတယ်။ ကျွန်မတို့ကျောင်းရောက်တော့ သမဂ္ဂဟာ အတော်လေးရှုပ်ထွေးနေတယ်။ နိုင်ငံရေးတွေလုပ်နေကြတယ်၊ ဆန္ဒတွေပြပြီး ကျောင်းသားတွေအများကြီး သေတယ်လေ"

"ဟုတ်ပါတယ်။ ဦးနေဝင်းဟာ ၁၉၆၂ ခုနှစ်က သမဂ္ဂအဆောက်အအုံကို ဒိုင်းနမိုက်နဲ့ ဖျက်ဆီးလိုက်တယ်။ တကယ်တော့ မနက်လင်းအားကြီးဆိုတော့ ဇူလိုင် ၈ ရက်ပေ့ါ။ အထဲမှာ ကျောင်းသားတချို့တောင်ပါသွားသေးတယ်လို့ ကောလာဟလတွေထွက်တာပဲ"

"ဒါတောင် ရှင်က သားကို သမဂ္ဂဝင်တာ သဘောကျတာပေ့ါ၊ ဟုတ်လား"

"သဘောကျတာပေ့ါ။ သမဂ္ဂဟာ ဒို့လူမျိုးတွေကို ခွန်အားပေးခဲ့တယ်၊ သားဟာ လူမှုရေးအမြင်တွေရှိလာတယ်လို့ ဆိုချင်တယ်။ သူက အမှုဆောင်ထဲလည်းပါမယ်တဲ့"

အဲဒီအပြန်အလှန်ပြောဆိုမှုအားလုံးဟာ ဆောင်းပါးရှင်ရဲ့အာဘော်တွေလို့ပဲ ယူဆရမှာပါ။ သမဂ္ဂရှုပ်ထွေး၊ နိုင်ငံရေးတွေလုပ်၊ ဆန္ဒတွေပြ၊ ကျောင်းသားတွေသေ၊ သမဂ္ဂအဆောက်အအုံ ဒိုင်းနမိုက်နဲ့ခွဲ ... စတာတွေဖော်ပြထားပေမဲ့ ဘာကြောင့်ဒီလိုဖြစ်ရတယ်ဆိုတဲ့ အခြေခံဇာစ်မြစ်ကိုတော့ ဖော်ပြထားခြင်း မရှိပါဘူး။ အဖေက သမဂ္ဂထဲဝင်မယ်ဆိုတဲ့ သားအပေါ်သဘောထားက သားဟာ လူမှုရေးအမြင်တွေရှိလာသတဲ့။

ဒါဟာ နောက်လာမယ့်ဇာတ်ဝင်ခန်းများအတွက် ချက်ကော့ဗ်ရဲ့နံရံမှာ ချိတ်ထားတဲ့ သေနတ်တလက်ပါပဲ။

(ဂ)

နောက်ထပ်စကားပြောခန်းတခုကို ကြည့်ရအောင်ပါ။

"သားလေး နိုင်ငံရေးဆိုတာ အင်မတန်ရှုပ်ထွေးတယ်နော်၊ နိုင်ငံရေးမလုပ်ပါနဲ့ သားရယ်"

ဦးအောင်ကျော်ဦးသည် ဒေါ်ကျေးဥကိုကြည့်ကာ ခေါင်းခါယမ်းသည်။

"သမဂ္ဂလုပ်တာ နိုင်ငံရေးလုပ်တာမှ မဟုတ်တာပဲ"

"ရှင်ဗိုလ်ချုပ်အောင်ဆန်းတို့ ဦးနုတို့ကြောင့် လွတ်လပ်ရေးရခဲ့တယ်ဆို သူတို့နိုင်ငံရေးမလုပ်လို့ ဘာလုပ်လဲ"

"တကယ်ပါ ဒေါ်ကျေးဥရယ်၊ သူတို့က တို့ဗမာအစည်းအရုံးရောက်မှ နိုင်ငံရေးလုပ်တာ၊ ကိုယ်နိုင်ငံခြားကျောင်းသွားတက်တုန်းက ကျောင်းတွေမှာ ကျောင်းသားသမဂ္ဂတွေ ရှိတယ်။ ကျောင်းသားတိုင်းဟာ ကျောင်းသားသမဂ္ဂဝင်တွေဖြစ်တယ်။ ..."

ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဦးနုတို့က တို့ဗမာအစည်းအရုံးရောက်မှ နိုင်ငံရေးလုပ်ကြတာပါလို့ ဆရာခင်မောင်ညို ရဲရဲကြီးဆိုလိုက်ပါတယ်။ ဒီနေရာမှာ ဆရာကဒီပုဂ္ဂိုလ်နှစ်ယောက်အပြင် ကျောင်းသားသမဂ္ဂကိုပါ ဆိုလိုချင်ပုံရပါတယ်။ အဲဒီကာလတွေက ကျောင်းသားသမဂ္ဂရဲ့ အစဉ်အလာကို ကြည့်ကြပါဦးစို့။

၁၃၀၀ ပြည့်အရေးတော်ပုံကြီးဖြစ်တဲ့အခါ သပိတ်မှောက်အလုပ်သမားတွေကို ကူညီဝန်းရံဖို့ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ကိုဗဟိန်းနဲ့ အတွင်းရေးမှူး ကိုဗဆွေတို့ မကွေးမြို့ကို အရောက်လာခဲ့ကြပါတယ်။ အဲဒီမှာ ကိုဗဟိန်းက မြင်းခွာတချက်ပေါက်ရင် မီးဟုန်းဟုန်းတောက်စေရမယ်ဆိုတဲ့ ဗမာကျော်မိန့်ခွန်းကို ပြောခဲ့တာပေ့ါ။ တရားပွဲပြီးပြီးချင်းမှာပဲ ကျောင်းသားခေါင်းဆောင်တွေအာဏာဖီဆန်မှုနဲ့ အဖမ်းခံရတယ်။ ဒါကိုမကျေနပ်တဲ့ ကျောင်းသားတွေဟာ ၁၉၃၈ခုနှစ် ဒီဇင်ဘာ ၁၃ရက်၊ အင်္ဂါနေ့ညနေ ရှာရီခွဲအချိန် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂအသင်းတိုက်မှာ ကျောင်းသားထုအစည်းအဝေးတရပ်ကို ခေါ်ယူကျင်းပခဲ့ပါတယ်။ ကျောင်းသားထု အစည်းအဝေးရဲ့ တောင်းဆိုချက်တွေက

၁။ နယ်ချဲ့တို့ မတရားဖမ်းထားသော ကျောင်းသားခေါင်းဆောင်များကို ချက်ချင်းလွှတ်ရမည်၊

၂။ တရားသဖြင့် ရသင့်ရထိုက်သောအခွင့်အရေးများကို သပိတ်မှောက်တောင်းဆိုနေကြသော အလုပ်သမားများအား မချုပ်ချယ်ရ၊

၃။ မန္တလေးမြို့နှင့် မကွေးမြို့တို့တွင် အစိုးရထုတ်ပြန်ထားသောပုဒ်မ (၂၉)နှင့် ပုဒ်မ(၁၄၄)တို့ကို ရုပ်သိမ်းပေးရမည်လို့ ဖြစ်ပါတယ်။

အထက်က ကျောင်းသားထုတောင်းဆိုချက်တွေထဲမှာ နိုင်ငံရေးတောင်းဆိုချက်တွေပါပါတယ်။ အလုပ်သမားအရေးအတွက် တောင်းဆိုချက်ဟာ ကျောင်းသားက ကျောင်းသားအရေးကိုကျော်ပြီး နိုင်ငံရေးလုပ်လိုက်တာပါပဲ။ ကိုဗဟိန်းတို့ ကိုဗဆွေတို့ဆိုတာဟာလည်း ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနုတို့နဲ့တန်းတူ ဗမာ့လွတ်လပ်ရေးအတွက် လှုပ်ရှားခဲ့သူတွေလို့ဆိုရင် ဘယ်သူမှငြင်းနိုင်မယ် မထင်ပါဘူး။

၁၉၈၅ ခုနှစ်မှာ တက္ကသိုလ်သမိုင်းဌာနကပြုစုတဲ့ ဗိုလ်ချုပ်အောင်ဆန်းအထုပ္ပတ္တိ(လက်နှိပ်စက်မူ) စာမျက်နှာ ၁၀၁ နဲ့ ၁၀၂ မှာ အခုလိုဖော်ပြထားတာတွေ့ရပါတယ်။

"ကိုအောင်ဆန်းသည် ၁၉၃၇-၃၈ ခုနှစ်၌ ဘီအယ်(လ)တန်းကို တက်ရောက်သင်ကြားသည်။ ဥပဒေပညာကို ဆည်းပူးလိုသောကြောင့်ဖြစ်သည်။ အဓိကအားဖြင့်

စာ(၃၃)သို့




HotelPro® ဟိုတယ်လုပ်ငန်းသုံးကွန်ပျူတာစနစ်

- Guest Information
- Front Office
- Integrate with POS and Accounting
- Housekeeping
- Electronic Key Card
- Over (150) Reports

HOT LINE : 09- 43209550

HotelPro® ဟိုတယ်လုပ်ငန်းသုံးကွန်ပျူတာစနစ် ကို ဟိုတယ်ပေါင်း (၅၀) ကျော်တွင် အောင်မြင်စွာ အသုံးပြုလျက် ရှိပါသည်။

ရန်ကုန်(ရုံးချုပ်) 09- 404404150 , 09- 254151516
မန္တလေး 09- 440067577, 09- 978030881
နေပြည်တော် 09- 257333214, 09- 974432762
ပုသိမ် 09- 455042500, 09- 455042499
တောင်ကြီး 09- 444200771, 09- 444200772
မြိတ် 09- 424008080, 09- 955042499
မုံရွာ 09- 404404345, 09- 404404678
မော်လမြိုင် 09- 970133399, 09- 970233399
ပုဂံ 09- 404404308, 09- 404404309
ပြည် 09- 404060994, 09- 404060995

Galaxy Software Co., Ltd.



## ဒီနေ့ကံကောင်းချင်ရင်

**တနင်္လာနေ့(၁၁-၁၁-၂၀၁၉)**

ဒီနေ့ကံကောင်းချင်ရင် အစိမ်းရောင်၊ အဖြူရောင် အဝတ်အစားတွေ အသုံးအဆောင်တွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် ဘုရားမှာ **အအေးဖျော်ရည်** ကပ်လှူပါ။

ဒီနေ့ကံကောင်းချင်ရင် ၇ ဂဏန်း၊ ၁ ဂဏန်းနဲ့ ၅ ဂဏန်းတွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် အိုးတလုံးကို နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ အတိုက်အခံတွေ များတတ်တဲ့နေ့ပါပဲ။

**အင်္ဂါနေ့(၁၂-၁၁-၂၀၁၉)**

ဒီနေ့ကံကောင်းချင်ရင် ခရမ်းရင့်ရောင်၊ အနက်ရောင် အဝတ်အစားတွေ အသုံးအဆောင်တွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် ဘုရားမှာ **ရွှေရင်အေး** ဆွမ်းတော်ကပ်လှူပါ။

ဒီနေ့ကံကောင်းချင်ရင် ၇ ဂဏန်း၊ ၈ ဂဏန်းနဲ့ ၅ ဂဏန်းတွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် ရေပုလင်းပေါ်မှာ နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ ငွေဟောင်း ပစ္စည်းဟောင်း ပြန်ရတတ်တဲ့နေ့ပါပဲ။

**ဗုဒ္ဓဟူးနေ့(၁၃-၁၁-၂၀၁၉)**

ဒီနေ့ကံကောင်းချင်ရင် အနီရောင်၊ အညိုရောင် အဝတ်အစားတွေ အသုံးအဆောင်တွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် ဘုရားမှာ **ကိတ်မုန့် ၂ ချပ်** ဆွမ်းတော်ကပ်လှူပါ။

ဒီနေ့ကံကောင်းချင်ရင် ၁ ဂဏန်း၊ ၉ ဂဏန်းနဲ့ ၇ ဂဏန်းတွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် တရားခွေမှာ နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ အကြံဉာဏ်ကောင်းရတတ်တဲ့နေ့ပါပဲ။

**ကြာသပတေးနေ့(၁၄-၁၁-၂၀၁၉)**

ဒီနေ့ကံကောင်းချင်ရင် ရွှေရောင်၊ အဖြူရောင်၊ အဝါရောင် အဝတ်အစားတွေ အသုံးအဆောင်တွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် ဘုရားမှာ **သာသနာ့အလံ ၆ လက်** လှူပါ။

ဒီနေ့ကံကောင်းချင်ရင် ၆ ဂဏန်း၊ ၁ ဂဏန်းနဲ့ ၀ ဂဏန်းတွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် သစ်သီးမှာ နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ အပြောင်းအလဲတွေ လုပ်သင့်တဲ့နေ့ပါပဲ။

**သောကြာနေ့(၁၅-၁၁-၂၀၁၉)**

ဒီနေ့ကံကောင်းချင်ရင် အစိမ်းရောင်၊ ငွေရောင်၊ အဖြူရောင် အဝတ်အစားတွေ အသုံးအဆောင်တွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် ဘုရားမှာ **တံခွန် ၉ လုံး** လှူပါ။

ဒီနေ့ကံကောင်းချင်ရင် ၈ ဂဏန်း၊ ၂ ဂဏန်းနဲ့ ၄ ဂဏန်းတွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် ကော်ဖီထုပ်မှာ နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ ၂ မျိုး ၂ ခွတွေ ကြုံရတတ်တဲ့နေ့ပါပဲ။

**စနေနေ့(၁၆-၁၁-၂၀၁၉)**

ဒီနေ့ကံကောင်းချင်ရင် ခရမ်းရောင်၊ ကြက်သွေးရောင် အဝတ်အစားတွေ အသုံးအဆောင်တွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် ဘုရားမှာ **ထီးဖြူ ၅ လက်** လှူပါ။

ဒီနေ့ကံကောင်းချင်ရင် ၆ ဂဏန်း၊ ၃ ဂဏန်းနဲ့ ၈ ဂဏန်းတွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် တီဗီကလာနေတာကို နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ အလေအလွင့်တွေ များတတ်တဲ့နေ့ပါပဲ။

**တနင်္ဂနွေနေ့(၁၇-၁၁-၂၀၁၉)**

ဒီနေ့ကံကောင်းချင်ရင် အဝါရောင်၊ ရွှေရောင်၊ အဖြူရောင် အဝတ်အစားတွေ အသုံးအဆောင်တွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် ဘုရားမှာ **ပေါင်မုန့် ၇ ချပ်** လှူပါ။

ဒီနေ့ကံကောင်းချင်ရင် ၂ ဂဏန်း၊ ၄ ဂဏန်းနဲ့ ၆ ဂဏန်းတွေကို အားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် ပန်းအိုးမှာ နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ မနိုင်ဝန်တွေ ထမ်းရတတ်တဲ့နေ့ပါပဲ။

*ဖင်ယော်နီ*

# ယာယီပုံကျဈေးပြီးလျှင် တာမွေဈေးရှေ့ရှိ လမ်းဘေးဈေးသည်များကို ရွှေ့ပြောင်းရှင်းလင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေဈေးရှေ့ ကျိုက္ကဆံလမ်းမပေါ်တွင် ဈေးရောင်းချနေသောပုံကျ လမ်းဘေးဈေးသည်များကို ယာယီပုံကျဈေးတည်ဆောက်မှုအပြီးတွင် ရွှေ့ပြောင်းရှင်းလင်းသွားမည်ဖြစ်ကြောင်း တာမွေမြို့နယ်စည်ပင်သာယာရေးကော်မတီဝင်(၂) ဦးညီညီစိုးက News Watch သို့ ပြောကြားသည်။

အဆင့်မြှင့်တင်မည့် တာမွေဈေးဇရိယာအတွင်း လမ်းဘေးဈေးသည်များအတွက် ယာယီပုံကျဈေးကိုဆောက်လုပ်လျက်ရှိပြီး ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကာ ယခုနှစ်ကုန်တွင် အပြီးဆောက်လုပ်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"သူတို့ကို နေရာမပေးနိုင်သေးတဲ့အတွက် ရှင်းလင်းလို့မရသေးဘူး။ ပြီးတော့ သူတို့ရဲ့စားဝတ်နေရေးရှိသေးတဲ့အတွက် မလိုလားအပ်တဲ့ပြဿနာတွေ မဖြစ်ရအောင် သေချာကိုင်တွယ်ရတာပေါ့။ ယာယီဈေးဆောက်ပြီးတာနဲ့ တပြိုင်တည်း ကျွန်တော်တို့ထုတ်ပေးထားတဲ့ ကတ်ပြားရှိတဲ့ ပုံကျဈေးသည်တွေကို ပြန်သွင်းမယ်၊ ကျန်တဲ့ဈေးသည်တွေကို ရှင်းမယ်ပေါ့"ဟု ဦးညီညီစိုးက ဆိုသည်။

တာမွေဈေးရှေ့ရှိ ကားလမ်းမပေါ်တွင်ရောင်းချနေသည့် ပုံကျဈေးသည် ၂၀၀ ခန့်ရှိပြီး အများစုမှာစည်ပင်မှ ကတ်ပြားထုတ်ပေးထားသူများဖြစ်ကြောင်း၊ ၎င်းတို့ကိုယာယီပုံကျဈေးတည်ဆောက်ပြီးသည့်အခါတွင် နေရာချထားပေးမည်ဖြစ်ကာ ကတ်ပြားမရှိသူများကို ရှင်းလင်းသွားမည်ဖြစ်ပြီး၊ ယင်းသို့ရှင်းလင်းရခြင်းမှာ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရေန် အတွက်ဖြစ်ကြောင်း ၎င်းကဆိုသည်။

"ကျွန်တော်တို့လည်း ဒီဟာနဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုနေရတာပေါ့။ သူတို့ထုတ်ပေးထားတဲ့ ကတ်ပြားတော့ရှိပါတယ်။ ကျွန်တော်တို့လည်း ဒီမှာရောင်းရတာ အဆင်မပြေဘူး။ ရောင်းလို့တော့ ကောင်းပါတယ်။ ဒါပေမဲ့ လမ်းသွားလမ်းလာ၊ ကားလမ်းတွေကျပ်တာတွေဖြစ်တော့ မရောင်းချင်ပါဘူး။ တကယ်လို့ ဒီလိုအထဲပြန်ပို့ပြီး နေရာအတည်တကျဆိုရင်တော့ ပိုကောင်းတာပေါ့"ဟု တာမွေဈေးရှေ့ရှိ ကားလမ်းပေါ်တွင်သစ်သီးရောင်းချသူတဦးက ပြောသည်။

တာမွေယာယီဈေးကို အဆင့်မြှင့်တင်တည်ဆောက်ရန် one one ကုမ္ပဏီက လုပ်ကိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး၊ အဆိုပါကုမ္ပဏီသည် ယခုအခါဈေးရုံများအတွင်းရှိ ဈေးသည်များအားနေရာပေးရန် ယာယီပုံကျဈေးဆိုင်ခန်းများ တည်ဆောက်နေသည်။

*TCM*



# အောက်တိုဘာလအတွင်း ရန်ကုန်စည်ပင် ဥပဒေချိုးဖောက်မှုမှ ဒဏ်ငွေကျပ်သိန်း ၅၀၀ ကျော်ရရှိ

ရန်ကုန်မြို့တွင် အောက်တိုဘာလအတွင်း စည်ပင်ဥပဒေသစ်ဖြင့် တရားစွဲဆိုသည့်အမှုပါင်း ၅၉၀ ရှိပြီး ဒဏ်ငွေသိန်း ၅၀၀ ကျော်ရရှိထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာန၏ စာရင်းများအရ သိရသည်။

အဆိုပါအမှုများတွင် ခွင့်ပြုချက်မဲ့ အဆောက်အဦအမှု ၃၂ မှုမှ ကျပ်သိန်း ၂၀၀ ဖြင့် ဒဏ်ငွေရရှိမှုအများဆုံးဖြစ်ပြီး ထူးခြားမှုအနေဖြင့် အခြားသောအမှုဖြင့် ထောင်ဒဏ်ကျခံနေသူတဦးကို စည်ပင်ဥပဒေဖြင့် တရားစွဲခဲ့မှုဖြစ်စဉ်လည်း ပါဝင်နေကြောင်း ယင်းဌာနမှသိရသည်။

"သူက သူ့ဘာသာ အခြားအမှုနဲ့ ထောင်ကျနေတာ။ ဒါပေမဲ့ ၂၀၁၈ စည်ပင်ဥပဒေအရ သူကျူးလွန်ထားတာကို တရားစွဲတာ။ စွဲတဲ့အခါမှာ စုံစမ်းတဲ့အခါကျတော့ သူကထောင်ထဲမှာဆိုလို့ သူ့ကို ထောင်ကထုတ်ပြီး တရားရုံးပို့လိုက်ရတာ။ အဆောက်အဦတွေက ခွင့်ပြုထားတာထက် ပိုဆောက်ထားတာလို့ သိရတယ်။ အစ်ကိုတို့ကတော့ လုံခြုံရေးလုပ်ပေးရတာဆိုတော့ အသေးစိတ်မသိဘူး။ စမ်းချောင်းစည်ပင်တရားရုံးမှာ တရားစွဲတာပါ"ဟု ယင်းဌာနမှ စည်ပင်ရဲအရာရှိကပြောသည်။

ထို့အပြင် ယာဉ်/လမ်း စည်းကမ်းမှု ၂၆၉ မှုမှ ဒဏ်ကြေး ၁၂၃ သိန်းဖြင့် ဒဏ်ငွေရရှိမှု ဒုတိယအများဆုံးဖြစ်ပြီး လမ်းနယ်ကျူးမှု (၁၄ မှုမှ ဒဏ်ကြေး ၁၃ သိန်းကျော်)၊ စည်းကမ်းမဲ့ဈေးသည်မှု (၁၁၁ မှု၊ ဒဏ်ကြေး ၅၇ သိန်းကျော်)၊ စည်းကမ်းမဲ့အနေးယာဉ်မှု (၄၀ မှု၊ ဒဏ်ကြေး ၅ သိန်းကျော်)၊ ဆိုင်ကယ်အမှု (၁၂၄ မှု၊ ဒဏ်ကြေး ၁၁၄ သိန်းကျော်) အသီးသီးရရှိကာ ယခုလအတွင်း ကရိန်းဆွဲမှုဖြင့် တရားစွဲဆို အရေးယူထားမှုမရှိကြောင်း သိရသည်။

*ကိုလင်း*

# ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် အခွန်တံဆိပ်မကပ်၍ ဒဏ်ရိုက်မှု ၈၀၀ ကျော်ရှိပြီး ဒဏ်ငွေကျပ်သန်း ၂၀၀ ကျော်ရ

၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်မှု မရှိသောကြောင့် ဒဏ်ရိုက်မှု ၈၀၀ ကျော်ရှိခဲ့ပြီး ဒဏ်ငွေကျပ်သန်း ၂၀၀ ကျော်ရရှိခဲ့ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှ သိရသည်။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်များကို တိကျစွာရရှိရေးအတွက် စားသောက်ဆိုင်၊ ဟိုတယ်၊ တည်းခိုခန်း၊ ရုပ်သံဝန်ဆောင်မှုလုပ်ငန်း၊ ရွှေဆိုင်၊ ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၏ အရောင်းပြေစာများပေါ်တွင် အခွန်တံဆိပ်ကပ်နှိပ်ရောင်းချရန် ညွှန်ကြားထားသော်လည်း လိုက်နာမှုမရှိသည့် စားသောက်ဆိုင်၊ ဟိုတယ်၊ တည်းခိုခန်းများကို အရေးယူမှု ၆၂၃ ခုမှ ဒဏ်ငွေကျပ် ၁၄၃ ဒသမ ၇၆၆ သန်းနှင့် လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်း အရောင်းဆိုင်များနှင့် ပတ်သက်သည့် အရေးယူမှု ၁၈၃ မှုမှ ဒဏ်ငွေရရှိမှု ကျပ် ၆၄ ဒသမ ၆၄၂ သန်း ရရှိခဲ့သည်။

"အရောင်းပြေစာပေါ်မှာ အခွန်အမှတ်တံဆိပ်ကပ်နှိပ်မှုပျက်ကွက်ရင် တိုင်ကြားလို့ရတယ်။ ခုလက်ရှိမှာ တိုင်ကြားမှုက အမှုအရေအတွက်ရဲ့ တဝက်လောက်ပဲရှိသေးတယ်၊ ခုဆိုရင် ဒဏ်ကြေးတွေ ထပ်တိုးထားတယ်။ ပြည်သူတွေအနေနဲ့ အထောက်အထားနဲ့ တိုင်ကြားပေးစေချင်တယ်။ နောက်ပြီး ဆုကြေးငွေနဲ့ပတ်သက်ပြီး ထပ်တိုးဖို့လည်းလုပ်နေတယ်"ဟု ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူတဦးက ဆိုသည်။

၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် အခွန်တံဆိပ်မကပ်သည့် စားသောက်ဆိုင်၊ ဟိုတယ်၊ တည်းခိုခန်းအား တိုင်ကြားမှု ၂၇၆ မှုအတွက် ဆုငွေကျပ် ၁၁ သန်းကျော်နှင့် ဖုန်းနှင့်ဆက်စပ်ပစ္စည်းများအပေါ်တွင် တိုင်ကြားမှု ၃၀ အတွက် ဆုငွေကျပ် ၁ သန်းကျော်ထုတ်ပေးခဲ့ကြောင်း အဆိုပါဌာနထံမှ သိရသည်။

ပြည်တွင်းအခွန်များဦးစီးဌာနက အခွန်တံဆိပ်ကပ်ရန်ပျက်ကွက်သည့် လုပ်ငန်းများအပေါ်အရေးယူရာတွင် ယခင်က ပထမကြိမ်ပျက်ကွက်ပါက ဒဏ်ငွေကျပ် ၃ သိန်း၊ ဒုတိယအကြိမ်ပျက်ကွက်ပါက ဒဏ်ငွေကျပ် ၅ သိန်း၊ တတိယအကြိမ်ပျက်ကွက်ပါက ဒဏ်ငွေကျပ် ၇ သိန်းသတ်မှတ်ထားပြီး တတိယအကြိမ်ထပ်ပျက်ကွက်ပါက ဒဏ်ငွေကျပ် ၁၀ သိန်းအထိ သတ်မှတ်ထားခဲ့သည်။

သို့သော် ၂၀၁၉ ခုနှစ် အောက်တိုဘာလမှစတင်၍ အခွန်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်သူများကို ပိုမိုကြပ်မတ်သည့် အနေဖြင့် ပထမကြိမ်ပျက်ကွက်ပါက ဒဏ်ငွေကျပ် ၅ သိန်း၊ ဒုတိယအကြိမ်ပျက်ကွက်ပါက ဒဏ်ငွေကျပ် ၁၀ သိန်း၊ တတိယအကြိမ်ပျက်ကွက်ပါက ဒဏ်ငွေကျပ် ၁၅ သိန်းသတ်မှတ်ထားပြီး တတိယအကြိမ်ထပ်ပျက်ကွက်ခဲ့ပါက ဒဏ်ငွေကျပ် သိန်း ၂၀ အထိ သတ်မှတ်ထားခဲ့သည်။

*ကျော်ကျော်*

www.free4readers.com

# အရေးကြီးတာ ၂၀၀၈ ခြေ/ဥ ပြင်ဖို့

ကိုလေးမြတ်



၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်၍ (၄၅)ဦး ပူးပေါင်းကော်မတီဝင်များ ၂၀၁၉ ဩဂုတ် ၂၆ ရက်က အစည်းအဝေးပြုလုပ်နေစဉ်

အာဏာရ NLD ပါတီက လွှတ်တော်ကိုယ်စားလှယ်နှစ်ယောက် ပါတီက နုတ်ထွက်ပြီး တခြား ပါတီတရပ်ကို ကူးပြောင်းသွားတာ ရှိတယ်။ ပါတီသစ်ထူထောင်ပြီး ပါတီခေါင်းဆောင်လုပ်သွားတာလည်း ရှိတယ်။ အဲဒီဆရာတွေဟာ ပါတီတရပ်မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အရာတွေပဲလို့ ရှုမြင်ပါတယ်။ ဒီထက်တိုးမြှင့်ပြီး ပြောရရင် အရှုပ်တွေ ရှင်းသွားတာပဲလို့ သုံးသပ်မိပါတယ်။ တခြား အတိုက်အခံတွေ အနေနဲ့တော့ ကွဲကြ၊ ပြိုကြကုန်ပြီလို့ ပြောစရာပေါ့လေ။

၂၀၂၀ ရွေးကောက်ပွဲနီးလာတာနဲ့အမျှ ပါတီအရေအတွက်တွေလည်း တိုးမြင့်လာတယ်။ ခုဆို ပါတီပေါင်း ၁၂၀ နီးပါးရှိသွားပြီ ထင်ရဲ့။ ကျွန်တော်တို့နိုင်ငံမဲပေးပိုင်ခွင့်ရှိသူ အရေအတွက်နဲ့ နှိုင်းယှဉ်ရင် ပါတီတွေက များပြားနေသလားလို့၊ အဲဒီအချက်ဟာ ဒီမိုကရေစီမြန်ဆန်ဖွံ့ဖြိုးတိုးတက်လာခြင်းလား၊ မညီညွတ်ခြင်းရဲ့ ပြယုဂ်ပေလားလို့ သုံးသပ်ကြည့်မိတယ်။ ကျွန်တော့်အမြင်ပြောရရင်တော့ ဒီမိုကရေစီ မြန်ဆန်ဖွံ့ဖြိုးတိုးတက်လာခြင်းဆိုတာထက် မညီညွတ်ခြင်းရဲ့ ပြယုဂ်လို့ပဲ ပြောချင်တယ်။

၁၉၈၉-၉၀ ပါတီတွေ ဖွဲ့စည်းခွင့်ရရှိတော့ ဖွဲ့စည်းလိုက်ကြတဲ့ပါတီတွေ ၁၃၀ ကျော်သွားတယ်။ အဲဒီတုန်းက ပါတီတွေ များပြားတာကို ကျွန်တော်တို့ နားလည်လို့ ရပါတယ်။ ဘာပြုလို့လဲဆိုတော့ ၁၉၆၄ ခုကနေ ၁၉၈၈ ခုထိ နှစ်ပေါင်း ၂၄ နှစ်တိုင် အဖွဲ့အစည်း ဖွဲ့စည်းခွင့် ဆုံးရှုံးခဲ့ကြရတယ်။ ဒီတော့ ယုံကြည်ချက် တူညီသူတွေ တကွဲတပြားစီ ဖြစ်နေကြတယ် မဟုတ်ပါလား။ လက်လှမ်းမီသလောက်သူတွေသာ စုစည်းလိုက်ကြတဲ့အတွက် ပါတီတွေ ကွဲပြားနေကြရခြင်း ဖြစ်တယ်။ ဒီနောက်တော့ တူရာတူရာ စုစည်းလိုက်ကြတယ်။ ပြည်သူ့တိုးတက်ရေးပါတီ (P.P.P)၊ လူမျိုးပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးပါတီ၊ ပြည်သူ့ဒီမိုကရေပါတီ၊ လူ့ဘောင်သစ်ပါတီ၊ ဖဆပလ အဖွဲ့၊ အမြစ်မဲ့လူငယ်များအဖွဲ့ စသည်ဖြင့် စုပေါင်းပြီး ''ဒီမိုကရေစီ မဟာမိတ်များအဖွဲ့ချုပ် (ဒမဖ)''ဖြစ်လာရတယ် မဟုတ်လား။

အဲဒီမှာ ရွေးကောက်ပွဲကော်မရှင်ရဲ့ ဥပဒေမှာလည်း ''ပါတီတွေအနေနဲ့ ရွေးကောက်ပွဲဝင်လိုက ဝင်ရောက်နိုင်သည်''ဆိုတဲ့အချက် ပါဝင်တယ်။ အဲဒီစကားရပ်အရ ပါတီတွေအနေနဲ့ ရွေးကောက်ပွဲ မဝင်ရောက်ရင်လည်း နေနိုင်တယ်ဆိုတဲ့သဘော သက်ရောက်နေပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ ကော်မရှင်က ပါတီတွေ အနည်းဆုံး ၃ နေရာ ဝင်ရောက်ရွေးချယ်မှု ပြုရမည်။ ၃ နေရာ မဝင်ရောက်နိုင်ပါက အလိုအလျောက် ပျက်ပြယ်စေရမည်လို့ သတ်မှတ်ပြဋ္ဌာန်းလာတယ်။ အဲဒီဥပဒေက ခုချိန်ထိလည်း တည်ရှိနေဆဲပါ။ ဘယ်လိုပဲ ဥပဒေတွေ ကန့်သတ်၊ ကန့်သတ် ပြည်သူတွေက စစ်အာဏာရှင် အစိုးရကို လုံးဝမလိုလားကြတာကြောင့် ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ NLD က အပြတ်အသတ် အနိုင်ရရှိခဲ့တယ်။ ဒါပေမဲ့ အာဏာတော့ လွှဲပြောင်းပေးအပ်ခြင်း မရှိခဲ့ပါဘူး။

ပြည်သူတွေက တညီတညွတ်တည်း ရပ်တည်ခဲ့ကြပေမဲ့ ပါတီတွေ ညီညွတ်မှု မရှိခဲ့တာကြောင့် အာဏာမရရှိတာလို့ မြင်ပါတယ်။ နဝတ စစ်အစိုးရရဲ့ ကတိမတည် ချိုးဖောက်မှုကြောင့်လည်း ဖြစ်ပါတယ်။ အဲဒီ ကတိမတည်တဲ့ အကျိုးဆက်ဟာ ခုချိန်ထိ စွဲစွဲမြဲမြဲ တည်ရှိနေပါသေးတယ်။ နားလည်ထားကြဖို့ပါ။

၂၀၁၅ ရွေးကောက်ပွဲမှာ ပါတီအများအပြား ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတယ်။ NLD က အစိုးရဖွဲ့နိုင်လောက်အောင်ထိ အနိုင်ရရှိခဲ့တယ်။ ပြည်ခိုင်ဖြိုးပါတီဆီက အာဏာလည်း လွှဲပြောင်းယူနိုင်ခဲ့တယ်။ ပြည်သူတွေ ရွေးချယ်တင်မြှောက်တဲ့ အစိုးရတရပ် ပေါ်ထွန်းလာခဲ့တယ်။ ဒါပေမဲ့ ၅ နှစ်ရာသီပြည့်ခါနီးထိ ပြည်သူတွေ မျှော်မှန်းသလောက် ခရီးမပေါက်၊ ခရီးမရောက်ခဲ့တာ တွေ့ကြရတယ်။ ဘာကြောင့်လဲ။ အဲဒီ ဘာကြောင့်လဲဆိုတဲ့အချက်ဟာ အရေးတကြီး စဉ်းစားရမယ့်အချက် ဖြစ်လာပါတယ်။ အဂတိတရား ကင်းကင်းနဲ့ စဉ်းစားဖို့ လိုအပ်ပါတယ်။ ပကာတိရုပ်ဖြစ်စဉ်တွေနဲ့ စဉ်းစားနိုင်ကြဖို့ လိုအပ်လှပါတယ်။

လက်တွေ့ကျကျ မစဉ်းစား၊ မသုံးသပ်၊ မလုပ်ဆောင်နိုင်ကြဘူးဆိုရင်တော့ ကျွန်တော်တို့နိုင်ငံ၊ ပြည်သူတွေရဲ့ အနာဂတ်ဟာလည်း မရေမရာ ဖြစ်နေဦးမှာ သေချာလှပါတယ်။

တကယ်တော့ ကျွန်တော်တို့နိုင်ငံရဲ့ အလှည့်အပြောင်းဟာ စစ်အာဏာရှင်စနစ်ကနေ ဒီမိုကရေစီကို ကူးပြောင်းတဲ့ အလှည့်အပြောင်း ဖြစ်ပါတယ်။ အဲဒီအလှည့်အပြောင်းကို လူထုရွေးကောက်ပွဲ ပုံသဏ္ဌာန်တရပ်နဲ့ သွားနေတာဆိုတော့ ပထမဆုံး အနေနဲ့ စစ်အာဏာရှင်အစိုးရကို ကိုယ်စားပြုနေတယ်လို့ ယူဆရတဲ့ ပါတီတွေ အနိုင်မရရှိအောင် ကြိုးစားဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီကို ကိုယ်စားပြုတဲ့ ပါတီတွေ အောင်နိုင်ဖို့ လိုအပ်ပါတယ်။ ဒီမှာ စစ်အာဏာ

အခု ၂၀၂၀ ရွေးကောက်ပွဲ အကြိုကာလမှာ သူ့ဘက် ကိုယ့်ဘက် ပါတီသစ်တွေ ထူထောင်လာကြတာ တွေ့ကြရတယ်၊ စည်းရုံးမှုတွေ ပြုလုပ်လာကြတာ တွေ့ကြရတယ်။ သူ့ဘက် ပါတီတွေ ပေါ်ထွန်းလာတာကိုတော့ ကျွန်တော်တို့ အနေနဲ့ ကောင်းတဲ့ လက္ခဏာတွေပဲလို့ ရှုမြင်ရုံကလွဲလို့ တခြားပြောစရာ မရှိပါဘူး။ ကိုယ့်ဘက်မှ မဟုတ်ပေဘဲ။ ဖြစ်ချင်ရာဖြစ် မောင်ဘချစ် ပေါ့။ ဒီမှာ ဗိုလ်ချုပ်မှူးကြီးက ကျိုင်းတုံနယ်က၊

ရှိရင်လည်း ပုံရိပ်ပျက်ယွင်းတယ်လို့ နားလည်သိရှိထားဖို့ လိုပါတယ်။

ဘာပဲဖြစ်ဖြစ် ယှဉ်ပြိုင်ပြီဆိုရင်တော့ အနိုင်ရရှိဖို့ဆိုတာ ရည်မှန်းချက်ပါပဲ။ ဒီတော့ ကိုယ့်အချင်းချင်း မလွဲမသွေ မဲရရှိအောင် မဲခွယ်ရပါတော့မယ်။ အဲဒီလို ဒီမိုကရေစီ အချင်းချင်း ပွတ်တိုက်မှုက ဒီမိုကရေစီကို ဖျက်ဆီးနေကြလေရော့သလားလို့ ကျွန်တော့်အနေနဲ့ တွေးထင်ယူဆနေမိတယ်။ ပြီးတော့ ကျွန်တော်တို့ဟာ

ရှင်အစိုးရကို ကိုယ်စားပြုတဲ့ပါတီတွေ ထုနဲ့ထည်နဲ့၊ အင်နဲ့အားနဲ့ ရှိနေသေးတယ်ဆိုတာ သိမှတ်နားလည်ထားကြဖို့ လိုအပ်လှပါတယ်။

အဲဒီ ထုနဲ့ထည်နဲ့၊ အင်နဲ့အားနဲ့ တည်ရှိနေတဲ့ ကိုယ်စားပြုပါတီတွေကို ယှဉ်ပြိုင်နိုင်တဲ့ပါတီ ကျွန်တော်တို့ဘက်မှာ ဘယ်ပါတီ ရှိပါသလဲ။ တခုတည်းသော NLD ပါတီ ရှိတယ်။ ဒါက အရှိတရားပါ။ ကျွန်တော်တို့ အနေနဲ့ ပုဂ္ဂိုလ်ထက် မူဝါဒနဲ့ စုစည်းထားတဲ့ ပါတီတရပ် လိုလားပေမဲ့ အဲဒီအခြေအနေဟာ လိုအပ်နေသေးတယ်လို့ ယူဆပါတယ်။ ဒီတော့ ပုဂ္ဂိုလ်ဦးဆောင်စုစည်းမှုကို လက်ခံထားဖို့ လိုအပ်တယ်။ တတ်စွမ်းသလောက် ဦးဆောင်ပုဂ္ဂိုလ်ကို အကြံပေး ဝန်းရံကြဖို့သာ ရှိပါတယ်။ အဲဒီအချက်ဟာ လက်ရှိ အနေအထား ဖြစ်စဉ်ပါ။ ပကာတိတရားကို ဆန့်ကျင်ပြီး မျက်ကွယ်ပြုလို့ မဖြစ်နိုင်ပေဘူး။

ပြည်ထဲရေးဝန်ကြီးက ပြင်ဦးလွင်နယ်က အရွေးချယ်ခံကြမယ်လို့ ကြားသိနေရတယ်။ ပါတီကိုယ်စားပြုကြမှာလား၊ ကိုယ့်အားကိုယ်ကိုးကြမှာလားဆိုတာတော့ စိတ်ဝင်စားဖွယ်ရာပါ။ ထားပါတော့။

ကိုယ့်ဘက်ကပါတီတွေကိုတော့ အနည်းငယ် စိုးစဉ်း စဉ်းစားကြဖို့ ပြောချင်တယ်။ တချို့ပါတီတွေဆို ၂၀၁၀ မှာတကြိမ်၊ ၂၀၁၅ မှာ တကြိမ်နှစ်ကြိမ် အတွေ့အကြုံရှိနေကြပြီဖြစ်တယ်။ လက်တွေ့ကျကျ သုံးသပ်စဉ်းစားနိုင်လိမ့်မယ်လို့ ယူဆပါတယ်။ ၃ နေရာမဝင်ရောက်ရင် ပါတီဖျက်သိမ်းသလို ဖြစ်နေမှာဆိုတော့ ၃ နေရာတော့ မလွဲမသွေ ဝင်ရောက်ကြဖို့ လိုအပ်ပါလိမ့်မယ်။ ရနိုင်သလောက်နေရာ ဝင်ရောက်ယှဉ်ပြိုင်မယ်ဆိုတာ မည်သည့်သဘောပါလဲ။ နေရာများများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဟာ အင်အားပြသရာ ရောက်ရှိတယ်လို့ ယူဆရင် ၁ နေရာမှ အနိုင်မရ

ရွေးကောက်ပွဲဝင်ရောက်ကြတာ ဒီမိုကရေစီ ရယူကြဖို့လား၊ မိမိပါတီ အနိုင်ရရှိဖို့လားဆိုတာလည်း စဉ်းစားကြဖို့ပါ။ ဒီမှာ ရွေးကောက်ပွဲ အောင်နိုင်ခြင်းဟာ ကျွန်တော်တို့ အနေနဲ့ စစ်အာဏာရှင် အစိုးရကိုယ်စားပြုသူတွေကို လွှမ်းမိုးနိုင်ခြင်း ဖြစ်ပါတယ်။ ဒီမိုကရေစီ တစိတ်တပိုင်း အောင်မြင်ခြင်း ဖြစ်ပါတယ်။

စောစောပိုင်းက ပြောသလို ရွေးကောက်ပွဲ အောင်နိုင်ရုံနဲ့တော့ ကျွန်တော်တို့ဟာ ဒီမိုကရေစီကို ရောက်ရှိပြီလို့ ပြောလို့ မဖြစ်ပေဘူး။ ဘာပြုလို့လဲဆိုတော့ စစ်အာဏာရှင်တွေ ရေးဆွဲပြဋ္ဌာန်းထားခဲ့ တဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ နှောင်ကြိုးကြီး ရှိနေလို့ပါပဲ။ အဲဒီနှောင်ကြိုးကို ဖြတ်တောက်ပစ်ဖို့ လိုအပ်ပါတယ်။ အဖိနှိပ်ခံ ပြည်သူအားလုံးနဲ့ အဲဒီပြည်သူတွေကို ကိုယ်စားပြုတဲ့ ပါတီတွေရဲ့ အဓိကတာဝန်ဟာ အဲဒီနှောင်ကြိုးကို ဖြတ်တောက်ကြဖို့ပါပဲ။ အဲဒီနှောင်ကြိုး ပြတ်တောက်ပါမှ ကျွန်တော်တို့ မျှော်မှန်းရရှိပိုင်ဆိုင်လိုတဲ့ ဒီမိုကရေစီပန်းတိုင်ကို အရောက်သွားနိုင်မှာ ဖြစ်ပါတယ်။

အခု ၂၀၂၀ ရွေးကောက်ပွဲအကြိုကာလ ရောက်နေပါပြီ။ မိမိပါတီ အနိုင်ရဖို့၊ မိမိရွေးကောက်ခံရဖို့ ကြိုးစားအားထုတ်နေကြတာလည်း အထင်အရှား တွေ့နေရပါပြီ။ အပြောအဆိုတွေကလည်း ပြည်သူ့အကျိုး သယ်ပိုးချင်သူတွေချည်းပါပဲ။ တကယ်တမ်း အကျိုးသယ်ပိုးချင်ကြရင်တော့ ရွေးကောက်ပွဲထက် ပြည်တွင်းစစ်ကို အဟန့်အတားဖြစ်စေနေတဲ့ တရားဥပဒေစိုးမိုးမှုကို မထိရောက်စေတဲ့ စစ်မှန်တဲ့ ဒီမိုကရေစီကို မဖော်ဆောင်နိုင်တဲ့ ၂၀၀၈ ခု ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ ပြင်ဆင်နိုင်အောင် ကြိုးစားကြဖို့ တိုက်တွန်းချင်ပါကြောင်း။

ကိုလေးမြတ်

> ''စောစောပိုင်းက ပြောသလို ရွေးကောက်ပွဲ အောင်နိုင်ရုံနဲ့တော့ ကျွန်တော်တို့ဟာ ဒီမိုကရေစီကို ရောက်ရှိပြီလို့ ပြောလို့မဖြစ်ပေဘူး။ ဘာပြုလို့လဲဆိုတော့ စစ်အာဏာရှင်တွေ ရေးဆွဲပြဋ္ဌာန်းထားခဲ့တဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ နှောင်ကြိုးကြီး ရှိနေလို့ပါပဲ။ အဲဒီနှောင်ကြိုးကို ဖြတ်တောက်ပစ်ဖို့ လိုအပ်ပါတယ် . . .''

www.free4readers.com




# သံသယအတွေးများ ဝေးစေဖို့

ခင်အောင်ထွန်း(ဟသ်ာတ)

> တပ်မတော်ကိုဝေဖန်သူများကို ချက်ချင်း လက်ငင်းဖမ်းယူနိုင်ပြီး ဒီမိုကရေစီအစိုးရကို ပြစ်တင် ပုတ်ခတ်သူများကိုတော့ ဖမ်းမိဖို့ ခက်ခဲနေရတာ ဟာလည်း ပြည်သူများအတွက်၊ ဒီမိုကရေစီလိုလား သူများအတွက် တွေးတောစရာတွေ၊ သံသယဝင်စရာတွေ ဖြစ်စေပါတယ်။ တိုင်းပြည်တည်ဆောက်ရေးမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးဟာ အရေးတကြီးလိုအပ်တဲ့အရာ ဖြစ်ပါတယ် . . .

သံသယဆိုတဲ့စကားလုံးကို လူတွေအမှတ်တမဲ့ နေကောင်းနေကြပါလိမ့်မယ်။ ဒါပေမဲ့ လူတိုင်းကြုံတွေ့ဖူးကြတဲ့ စကားလုံးဖြစ်ပါတယ်။ လူတယောက် သံသယအဝင်ခံရပြီဆိုရင်တော့ အကြောင်းအရာပေါ်မူတည်ပြီး ဆိုးကျိုးကို အနည်းနဲ့အများတော့ ခံစားရမှာ ဖြစ်ပါတယ်၊ သံသယကြောင့် ချစ်သူရည်းစားတွေ၊ သူငယ်ချင်းတွေ၊ ဆရာနဲ့တပည့်၊ မိဘနဲ့သား သမီး၊ ယောက်ျားမနဲ့ချွေးမ၊ သမက်၊ လုပ်ဖော်ကိုင်ဖက်စသည်ဖြင့် အမုန်းကြီးမုန်းကြရတာတွေ၊ အဝေးကြီးဝေးကြရတာတွေ လောကမှာရှိနေကြပါတယ်။ သံသယကြောင့် အကျဉ်းကျခံသွားရတဲ့သူတွေ၊ ချောင်းအရိုက်ခံရတဲ့သူတွေ လုပ်ကြံခံရလို့ အသက် ဆုံးရှုံးသွားရတဲ့သူတွေလည်း လောကမှာ များစွာရှိပါတယ်။

သံသယကြောင့် အသက်ပေးဆပ်ကြရသူများထဲမှာ အဆိုးဝါးဆုံးနဲ့ နှမြောတသယူကျုံးမရဖြစ်စရာ အကောင်းဆုံးကတော့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးများလုပ်ကြံခံရတဲ့အကြောင်းဖြစ်ပါတယ်။ အကျဉ်းပြောရရင် တနေ့မှာ ဂဠုန်ဦးစော သေနတ်အပစ်ခံရပါတယ်။ ပစ်သွားတဲ့ကားက ဗိုလ်ချုပ်အောင်ဆန်းတို့လူတွေရဲ့ကားလို့ သံသယဝင်သွားပါတယ်။ နဂိုကတည်းက နယ်ချဲ့တို့ရဲ့သွေးထိုးမှုစနက်နဲ့ အာဏာနေရာလိုချင်နေတဲ့ဂဠုန်ဦးစောဟာ ဗိုလ်ချုပ်တို့ကို လုပ်ကြံဖို့အထိ ဖြစ်သွားခဲ့ပါတယ်။ ကုန်းဘောင်ခေတ် နှောင်းပိုင်းမင်းတုန်းမင်းကြီးဆီမှာ ခစားခဲ့တဲ့စာဆို ပညာရှင်စလေဦးပုညဟာလည်း မြင်ကွန်း၊ မြင်းခုံတိုင်မင်းသားတို့ပုန်ကန်တဲ့အရေးမှာ အခါတော်ပေးတယ်ဆိုတဲ့သံသယနဲ့ မြို့ဝန်ဦးသာအိုးဆီမှာ အကျယ်ချုပ်ထားစေပါတယ်။ ပြန်လွတ်ဖို့အမိန့်ကျတဲ့အချိန်မှာတော့ ဦးသာအိုးကသတ်ပြီးဖြစ်နေပါတယ်။

သံသယဆိုတဲ့အဓိပ္ပာယ်ကတော့ အထင်အမြင်လွဲခြင်း၊ မယုံကြည်ခြင်းပဲဖြစ်ပါတယ်။ လူတွေမှာ သံသယမဝင်ဖူးတဲ့သူမရှိသလို သံသယအဝင်ခံရဖူးတဲ့သူလည်း အနည်းနဲ့အများတော့ရှိတတ်ပါတယ်။ ဒါကြောင့် လူတွေမှာသံသယဆိုတာနဲ့ ပတ်သက်ဖူးသူချည်းများသာဖြစ်ပါတယ်။ စာရေးသူဈေးသည်ဘဝတုန်းက ဈေးဝယ်သူအမျိုးသမီးသုံးဦးကို သံသယဝင်ဖူးပါတယ်။ အဖြေမသိတဲ့အဲဒီသံသယဟာ ယခုတိုင်စွဲနေတုံန်းပါပဲ။ အမျိုးသမီးသုံးယောက်ဆိုင်ထဲဝင်လာပြီး ကုန်ပစ္စည်းဈေးတွေမေးပါတယ်။ တယောက်က အချိုမှုန့်ဗန်းပေါ်ကို အပေါ်အင်္ကျီကိုတင်ထားလိုက်ပါတယ်။ ကုန်ဈေးနှုန်းတွေမေးစမ်းပြီး လက်ဖက်အသားငါးကျပ်သားဝယ်ပြီး ပြန်ထွက်သွားကြပါတယ်။ အချို့မှုန့်ထုပ်တွေပေါ်တင်ထားတဲ့အင်္ကျီကိုလည်း ယူသွားပါတယ်။ နောက်မှစာရေးသူ ပြန်တွေးမိသွားတယ်။ အချိုမှုန့်ပေါ်တင်လိုက်တဲ့အင်္ကျီအပေါ် သံသယဝင်သွားမိတယ်။ အင်္ကျီကိုယူရင်း အချိုမှုန့်ထုပ်ကိုပါ ဆုပ်ယူသွားတယ်လို့စိတ်ထဲထင်မိပြီး ကျန်ခဲ့ပါတယ်။ အချိုမှုန့်ထုပ်တွေကို ရေထားတာမဟုတ်လေတော့ ပြန်စစ်လို့လည်းမရတော့ သံသယနဲ့ပဲ တဖက်လူကို အမြင်မကြည်လင်ဖြစ်နေမိတယ်။ သံသယဆိုတာ အလွန်ဆိုးပါတယ်။ တခါတလေ ပစ္စည်းတခုခုအထားမှားလို့ ပျောက်တယ်ထင်ရင် အနီးအနားလာတဲ့သူတွေကို သံသယဝင်မိတော့တာပါပဲ။ တဖက်လူက ဟုတ်မှန်းမဟုတ်မှန်းမသိ အပြစ်မြင်ခံနေရတာမျိုးပါ။ ဒါကြောင့် စာရေးသူဟာ သံသယအဝင်ခံရမှာကိုလည်း အလွန်ကြောက်ပါတယ်။ ဒါကြောင့် အစစဆင်ခြင်နေထိုင်လေ့ရှိပါတယ်။ သံသယကြောင့် ကွဲသွားတဲ့ချစ်သူရည်းစားလည်း တွေ့ဖူးပါတယ်။

စာရေးသူကျောင်းသားဘဝက သူငယ်ချင်းတယောက်ရှိပါတယ်။ သူ့မှာရည်းစားကောင်မလေးတယောက်ရထားတယ်။ သူငယ်ချင်းက တရပ်ကွက်ထဲနေတဲ့ မိန်းကလေးတယောက်နဲ့ တရင်းတနှီးနေပါတယ်။ ဒါကိုသူ့ရည်းစားကောင်မလေးက သံသယရှိပါတယ်။ သူငယ်ချင်းကလည်း သူငယ်ချင်းများသာဖြစ်ကြောင်း သူ့ချစ်သူကိုရှင်းပြပေမဲ့ ကိုယ့်ချစ်သူ သံသယကင်းအောင်မနေနိုင်တော့ နောက်တော့ကွဲသွားကြပါတယ်။ တဖက်လူအနေနဲ့ သံသယကင်းအောင်၊ အမြင်ရှင်းအောင်လည်းနေဖို့ လိုပါတယ်။ တဖက်ကသံသဝင်နေပြီဆိုရင်လည်း တဖက်က သံသယရှင်းအောင်ရှင်းပြဖို့ သက်သေပြဖို့လိုပါတယ်။

နိုင်ငံရေးဘက်ကိုကြည့်ကြမယ်ဆိုရင်လည်း အာဏာရှင်တို့အပေါ်မှာ ပြည်သူတို့ရဲ့မယုံကြည်တဲ့ သံသယစိတ်တွေဟာ ကျယ်ကျယ်ပြန့်ပြန့်ရှိနေကြတုန်းပါပဲ။ မယုံကြည်နိုင်တဲ့အကြောင်းတွေကလည်း အတိတ်ကာလတလျှောက်လုံးမှာ ရှိနေခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်မှာ ဗိုလ်ချုပ်နေဝင်းကအာဏာသိမ်းတယ်။ မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်နစ်နဲ့ အုပ်ချုပ်ခဲ့တယ်။ ၂၆ နှစ်အကြာမှာ တိုင်းပြည်ဆင်းရဲသွားတယ်။ ၁၉၈၈ ခုနှစ်မှာ တနိုင်ငံလုံးအုံကြွတော်လှန်ကြတယ်။ စစ်တပ်ကပဲအာဏာသိမ်းလို့ ဦးနေဝင်းအစိုးရ ပြုတ်ကျသွားခဲ့တယ်။ ကတိပေးတဲ့အတိုင်း ၁၉၉၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲလုပ်ပေးတယ်။ အာဏာလွှဲဖို့မှာ ကတိမတည်ခဲ့ဘူး။ အဲဒီတုန်းကသာ အာဏာလွှဲခဲ့မယ်ဆိုရင် စစ်တပ်အပေါ်ယုံကြည်မှုပျက်ကြမှာ မဟုတ်ပါဘူး။ တိုင်းပြည်ဟာလည်း အတော်လေးခရီးပေါက်လောက်ပြီလို့ ထင်ပါတယ်။ ၁၉၆၂ ခုနှစ်မှာ တိုင်းပြည်ချောက်ထဲကျဖို့ လက်နှစ်လုံးအလိုဆိုပြီး အကြောင်းပြလို့ အာဏာသိမ်းခဲ့ပါတယ်၊ ၁၉၈၈ ခုနှစ်မှာလည်း တိုင်းပြည်ကိုကယ်တင်တယ်ဆိုပြီး အာဏာသိမ်းခဲ့တာဖြစ်ပါတယ်။ ပြီးတော့ ဖိနှိပ်မှုတွေက ဆက်ရှိနေတော့ ပြည်သူတွေရဲ့သံသယကလည်း ဆက်ရှိနေပါသေးတယ်။ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲလုပ်ပေးပါတယ်။ NLD ပါတီဝင်ရောက်မယှဉ်ပြိုင်ပါဘူး။ ကြံ့ခိုင်ရေးပါတီအနိုင်ရပြီး အာဏာလွှဲပေးပါတယ်။ ၂၀၁၅ ခုနှစ်မှာ ရွေးကောက်ပွဲလုပ်ပေးပါတယ်။ တပ်တွင်းမဲရုံတွေလုပ်တဲ့အပေါ်မှာ ပြည်သူအများအမြင်သိပ်မကြည်လင်ကြပါဘူး။ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တပ်ထွက်ဦးတင်အေးဖြစ်ပါတယ်။ ဒီကြားထဲ လုပ်ဖော်ကိုင်ဖက်ဟောင်းပါတီကလူတွေနဲ့ တရောတနှောရှိနေကြတဲ့အပေါ်မှာလည်း သံသယတွေဝင်မိကြပြန်ပါတယ်။

တကယ်တော့ ဒိုင်လူကြီးတို့မဲကော်မရှင်တို့ဆိုတာ ဘယ်ပါတီရဲ့အရိပ်အငွေ့မှ မသန်းတဲ့သူတွေဖြစ်ဖို့လိုပါတယ်။ ဒါမှမဟုတ် နှစ်ဖက်လုံးက သက်ဆိုင်တဲ့သူတွေဖြစ်ဖို့ လိုပါတယ်၊ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲမှာတော့ အများယုံကြည်သူတွေဖြစ်ပြီး နှစ်ဖက်လုံးနဲ့ခပ်ကင်းကင်းနေကြတော့ သံသယမဝင်ခဲ့ကြပါ ဘူး။ တိုင်းပြည်ဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်နိုင်မှ တိုင်းပြည်ငြိမ်းချမ်းသာယာ တိုးတက်နိုင်မှာပါ။ အမျိုးသားပြန်လည်သင့်မြတ်ဖို့ကလည်း ယုံကြည်မှုကို တည်ဆောက်ရပါတယ်။ သံသယတွေကို ဖျောက်ရပါတယ်။

သံသယတွေဖျောက်တယ်ဆိုတာ အပြောနဲ့ ဖျောက်လို့မရပါဘူး။ လက်တွေ့ လုပ်ပြရပါတယ်။ တပ်မတော်ကလည်း ဖွဲ့စည်းပုံကိုပြင်လိုပါတယ်။ ငြိမ်းချမ်းရေးအလိုချင်ဆုံးက တပ်မတော်ပါ။ စွန့်လွှတ်မှုအများဆုံးနဲ့ ရယူမှုအနည်းဆုံးက တပ်မတော်ပါ။ တပ်မတော်က အမျိုးသားနိုင်ငံရေးကို လုပ်နေတာပါဆိုတဲ့စကားတွေနဲ့တင် မလုံလောက်တော့ပါဘူး။ တချိန်က အဖိနှိပ်ခံခဲ့ရလို့ ခံစားမှုပေါင်းများစွာ ခံစားနေရတဲ့ NLD ပါတီနဲ့ နီးကပ်စွာဆက်ဆံနေရပါမယ်၊ ဆွေးနွေးညှိနှိုင်းနေရပါမယ်။ ပြည်သူရွေးချယ်တဲ့ ဘယ်ပါတီနဲ့မဆို သင့်မြတ်နေတာဟာ ပြည်သူတွေရဲ့သံသယကိုဖြေဖျောက်စေတာနဲ့ အတူတူပါပဲ။ တကယ်တော့ တပ်မတော်ဆိုတာ ဘယ်ပါတီနဲ့မှ တရောတနှော မနေတာအကောင်းဆုံးပါ။ အထူးသဖြင့် အများပြည်သူလက်မခံနိုင်တဲ့ပါတီများနဲ့ တရောတနှောရှိမနေသင့်ပါဘူး။ နေပြည်တော်မှာ နယ်မြေခံလွှတ်တော်ကိုယ်စားလှယ်နဲ့ ညှိနှိုင်းမှုမရှိဘဲနဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်က လူထုတွေ့ဆုံပွဲလုပ်တာဟာ လူကျင့်ဝတ်နဲ့ကြည့်ရင် မသင့်လျော်တဲ့လုပ်ရပ်ဖြစ်ပါတယ်။ ဒီပုံအတိုင်းနဲ့ဆိုရင် သံသယတွေက ဆက်ရှိနေဦးမှာဖြစ်ပါတယ်။

ခုရက်ပိုင်းမှာလည်း ရောဝတီတိုင်းမှာ မဲစာရင်းပြုစုတဲ့ သတင်းဖတ်လိုက်ရပါတယ်။ တပ်ထဲကမဲစာရင်းကို ယူလို့မရပါဘူးတဲ့၊ တကယ်တော့ ဒီမိုကရေစီစနစ်ကိုသွားနေတာဖြစ်တဲ့အတွက် ဒီမိုကရေစီအမူအကျင့်နဲ့ ဆန့်ကျင်တာတွေကို ပယ်ဖျောက်ပစ်ရမှာဖြစ်ပါတယ်။ ပြည်သူအားလုံးဟာ တန်းတူအခွင့်အရေးတွေကို ရရှိရမှာဖြစ်ပါတယ်။ မဲစာရင်းကိုလည်း အတူတူဖော်ပြရမှာဖြစ်သလို မဲပေးရင်လည်း တပ်နဲ့နီးတဲ့မဲရုံမှာ ပွင့်လင်းမြင်သာစွာ အများနဲ့အတူ ပေးသင့်ပါတယ်၊ ဒါမှသာ ပြည်သူကအမြင်ရှင်းရှင်းနဲ့ ဘဝင်ကျကြမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးမှာလည်း အဓိကတာဝန်ရှိတာက ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတွေရဲ့ တာဝန်ယူမှုအပေါ်မှာ မူတည်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမည်စာရင်းပေးခန့်အပ်တဲ့ ဝန်ကြီးများဖြစ်ပါတယ်။ တပ်မတော်ကိုဝေဖန်သူများကို ချက်ချင်းလက်ငင်းဖမ်းယူနိုင်ပြီး ဒီမိုကရေစီအစိုးရကို ပြစ်တင်ပုတ်ခတ်သူများကိုတော့ ဖမ်းမိဖို့ခက်ခဲနေရတာဟာလည်း ပြည်သူများအတွက်၊ ဒီမိုကရေစီလိုလားသူများအတွက် တွေးတောစရာတွေ၊ သံသယဝင်စရာတွေဖြစ်စေပါတယ်။ တိုင်းပြည်တည်ဆောက်ရေးမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးဟာ အရေးတကြီးလိုအပ်တဲ့အရာ ဖြစ်ပါတယ်၊ **အမျိုးသားပြန်လည်သင့်မြတ်ရေး ရဖို့ဆိုရင်လည်း ယုံကြည်မှုလိုပါတယ်။ ယုံကြည်ဖို့ကလည်း သံသယကင်းဖို့လိုပါတယ်။ သံသယကင်းဖို့ကလည်း သံသယကင်းအောင်နေကြဖို့၊ လုပ်ကြဖို့ လိုပါတယ်။** တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအပေါ်လည်း အများက မူးယစ်ဆေးဝါးတွေနဲ့ပတ်သက်ဆက်နွှယ်နေတယ်လို့ သံသယတွေဝင်ကြပါတယ်၊ သံသယဝင်စရာအကြောင်းတွေရှိလို့ ဝင်တာလည်းဖြစ်နိုင်ပါတယ်၊ ဒါကိုပါးစပ်နဲ့မဟုတ်ဘူး ငြင်းနေရုံနဲ့မရပါဘူး။ မူးယစ်ဆေးဝါးဂိုဏ်းတွေကို ထိထိရောက်ရောက်ဖမ်းပြရမယ်။ နှိမ်နင်းပြရမယ်။ ဒါဆို သံသယဝင်စရာ အကြောင်းရှိမယ် မထင်ပါဘူး၊ တကယ်တော့ သံသယဆိုတာ သံသယဝင်သူရော သံသယအဝင်ခံရတဲ့သူအတွက်ရော မကောင်းပါဘူး၊ အဲဒါကြောင့် သံသယဝင်မိသူတို့ကလည်း မိမိသံသယဝင်မိတဲ့ကိစ္စဟာ အမှန်တွေလား၊ အမှားတွေလား၊ ဖြစ်သင့်တာလား၊ မဖြစ်သင့်တာလားဆိုတာ ကွဲကွဲပြားပြားသိအောင် လုပ်ဖို့ လိုပါတယ်။ သံသယအဝင်ခံရတဲ့လူ၊ အဖွဲ့အစည်းများကလည်း သံသယဝင်စေမယ့်ကိစ္စတွေကို သတိကြီးစွာ ရှောင်ရှားဖို့လိုပါတယ်။ **ခင်အောင်ထွန်း(ဟသ်ာတ)**

www.free4readers.com



# ပါတီဝင်မဟုတ်သော်လည်းအရည်အချင်းရှိသူများ NLD အမတ်လောင်းဖြစ်လာနိုင်

လူထုက နိုင်ရေးအသိ ရင့်ကျက်လာပြီဖြစ်၍ လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် ပါတီတခုတည်းကိုကြည့်ပြီး မဲပေးတော့မည်မဟုတ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာဇော်မြင့်မောင်က ပြောသည်။

''အရင်တုန်းကလို အတိုင်ပင်ခံပုဂ္ဂိုလ်က လူပုဂ္ဂိုလ်ကိုမကြည့်ပါနဲ့ ကျွန်မထိန်းသိမ်းပါမယ်။ ပါတီကိုကြည့်ပြီး မဲပေးပေးပါလို့ ပြည်သူတွေဆီကနေ ဆန္ဒမဲတောင်းခဲ့တယ်။ တကယ်လည်း ပေးခဲ့ပါတယ်။ ဒါပေမဲ့ ပြည်သူတွေရဲ့နိုင်ငံရေးအသိအမြင် ဒီထက်ပိုရင့်ကျက်လာတယ်။ ဒီထက်ပိုများပြားလာတယ်။ အရင်တုန်းကလို ပါတီတခုတည်းတော့ကြည့်မှာမဟုတ်တော့ဘူး။ အဲဒီတော့ ကျွန်တော်တို့ဘက်က လွှတ်တော်ကိုယ်စားလှယ်တွေကလည်း Urgent Development ကိုယ့်ကိုယ်ကိုယ်ပြုစုပျိုးထောင်ပြီး ဝမ်းစာဖြည့်ဖို့လိုပါလိမ့်မယ်''ဟု ဆိုသည်။

ပြီးခဲ့သည့် ၂၀၁၅ ရွေးကောက်ပွဲအတွက် မဲဆွယ်စဉ်ကာလက ပြည်သူကိုပြောင်းလဲချိန်တန်ပြီဟူသော ဆောင်ပုဒ်ဖြင့် မဲဆွယ်စည်းရုံးခဲ့ခြင်းကြောင့်လည်း ရွေးကောက်ပွဲအနိုင်ရခဲ့ပြီးနောက် ပြည်သူ




လူထုမှာ အမှန်တကယ်ပြောင်းလဲလာခဲ့ကြောင်း ရန်ကုန်တိုင်း(NLD) အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဌေးက ပြောသည်။

သို့သော်လည်း အဖွဲ့ချုပ်အဖွဲ့ဝင်များအနေဖြင့် လုပ်ဆောင်လိုမှုများနေပြီး စေတနာပိုနေသော်လည်း စည်းမျဉ်းစည်းကမ်းများ လွဲမှားခြင်းနှင့် လိုအပ်ချက်များရှိနေသည်ကို များသောအားဖြင့် တွေ့နေပြီး အဖွဲ့ချုပ်၏မူဝါဒစည်းမျဉ်းစည်းကမ်းများကို ပိုင်ပိုင်နိုင်နိုင်မသိကြသည့်အတွက် တဦးနှင့်တဦး ခြေထိုး၊ တက်နင်း၊ တံတောင်ဖြင့်တွက်သကဲ့သို့ ယခုအချိန်ထိ မပြီးစီးနိုင်ဖြစ်နေကြကြောင်းကိုလည်း ဦးမြင့်ဌေးက ထောက်ပြခဲ့သည်။

လက်ရှိအချိန်တွင် လူကိုမကြည့် ဘဲ ပါတီကိုကြည့်မဲပေးရန် ပြောဆိုစည်းရုံးသည့်စကားကို ပါတီကပြန်လည်သုံးသပ်နေပြီး ကိုယ်စားလှယ်ရွေးချယ်ရေးကိစ္စပြန်လည်စိစစ်တော့မည်ဖြစ်သည်။ အလားတူ တိုင်းနှင့်ပြည်နယ်တို့ကလည်း ပြည်သူထောက်ခံသော၊ ပြည်သူများက မဲပေးနိုင်သည့် ကိုယ်စားလှယ်များကိုရွေးချယ်ပေးရေး၊ ပါတီပုံရိပ်ထိခိုက်မှုဖြစ်ခဲ့စေသည့် ကိုယ်စားလှယ်များအား ပြန်မရွေးချယ်မိရန် တင်ပြတောင်းဆိုထားကြောင်း သိရသည်။

၂၀၂၀ ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းများရွေးချယ်ရေးကိစ္စနှင့်ပတ်သက်၍ ပါတီမူဝါဒကို လိုက်နာနိုင်ရမည်၊ လူထုက လက်ခံယုံကြည်သူဖြစ်ရမည်၊ မိမိထမ်းဆောင်မည့်တာဝန်နှင့် ထိုက်တန်သောအရည်အသွေး အတွေ့အကြုံများရှိရမည် စသည့်အချက် ၃ ချက်ဖြင့် အဓိကဦးစားပေးရွေးချယ်မည်ဟု NLD ပါတီပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်က ပြောသည်။

ထို့ကြောင့် ပါတီဝင်မဟုတ်သော်လည်း အရည်အချင်းရှိသူများ ၂၀၂၀ ရွေးကောက်ပွဲအတွက် NLD အမတ်လောင်းအဖြစ်လာနိုင်သည့် အခြေအနေဖြစ်သည်၊

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၉၀ အထွေထွေ ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်အနိုင်ရရှိခဲ့သည်။ ၂၀၁၂ ကြားဖြတ်တွင် ၄၄ နေရာရှိသည့်အနက် ၄၃ နေရာအနိုင်ရရှိခဲ့သည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင်လည်း သောင်ပြိုကမ်းပြိုအနိုင်ရရှိခဲ့သည်။

**လင်းလင်းအောင်**

# တင်ဒါနှစ်စောင်ကို ပယ်ဖျက်ပေးရန်နှင့် ပြည်ခိုင်ဖြိုး အပါအဝင် နိုင်ငံရေးပါတီ ၂၀ ၏စွပ်စွဲချက်များပါရှိသည့် ပူးတွဲကြေညာချက်အပေါ် သဘောထားမှတ်ချက်ပေးရန် ရွေးကောက်ပွဲကော်မရှင် ငြင်းဆို

အမေရိကန်အခြေစိုက် International Foundation for Electoral System(IFES)မှ မြန်မာနိုင်ငံအတွက် လက်ပ်တော့အလုံး ၁၃၀၀ နှင့် ဆက်စပ်ပစ္စည်းအတွက် တင်ဒါတစောင်နှင့် ပရင်တာအလုံး ၃၃၀ နှင့် ဆက်စပ်ပစ္စည်းများအတွက် တင်ဒါတစောင် စုစုပေါင်းတင်ဒါနှစ်စောင်ကို ပယ်ဖျက်ပေးရန်နှင့် ပြည်ခိုင်ဖြိုးပါတီအပါအဝင် နိုင်ငံရေးပါတီ ၂၀ ၏ တခြားစွပ်စွဲချက်များပါရှိသည့် ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်အပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဦးမြင့်နိုင်က သဘောထားမှတ်ချက်ပေးရန် ငြင်းဆိုခဲ့သည်။

ယင်းပူးတွဲကြေညာချက်ကို နိုဝင်ဘာ ၂ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ပြည်ခိုင်ဖြိုးပါတီ၏ တရားဝင် ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဖော်ပြခဲ့သည်။ နိုင်ဝင်ဘာ ၄ ရက်နေ့တွင် ထုတ်ဝေသည့် နေ့စဉ်ထုတ်ပုဂ္ဂလိကသတင်းစာများတွင်လည်း ယင်းပူးတွဲကြေညာချက်ကို သတင်းအဖြစ်ရေးသားဖော်ပြခဲ့ကြသည်။ တင်ဒါနှစ်စောင် ကို အောက်တိုဘာ ၁၇ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာတွင် ထည့်သွင်းခေါ်ယူခဲ့သည်ဟုဆိုသည်။ ယင်းတင်ဒါခေါ်ယူမှုသည် ပွင့်လင်းမြင်သာမှုမရှိဟု ပူးတွဲကြေညာချက်က ဆိုသည်။

IFES မှာ အမေရိကန်အခြေစိုက်ဖြစ်ပြီး အမေရိကန်အစိုးရနှင့် USAID က အဓိကငွေကြေးထောက်ပံ့ထားကြောင်း၊ အာရှ၊ ဥရောပနှင့်အာဖရိကတိုက်ရှိ နိုင်ငံများ၏ရွေးကောက်ပွဲများတွင် သက်ဆိုင်ရာနိုင်ငံများ၏ ရွေးကောက်ပွဲကော်မရှင်များနှင့် ညှိနှိုင်း၍ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ အနီးစပ်ဆုံးအနေဖြင့် ၂၀၁၇ ခုနှစ် ကင်ညာရွေးကောက်ပွဲတွင် ၎င်းတို့အသုံးပြုခဲ့သော မဲစာရင်းနှင့်ပတ်သက်၍ ကွန်ပျူတာများအားထိုးဖောက်အသုံးချခြင်းများကြောင့် မဲဆန္ဒရှင်များ၊ အတိုက်အခံပါတီများနှင့် အနိုင်ရရှိသွားခဲ့သော လက်ရှိအာဏာရပါတီကြားတွင် ကြီးမားသော အငြင်းပွားမှုများဖြစ်ပေါ်ခဲ့ကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

''အဲဒီထုတ်တာကို ကျွန်တော်က မသိရဘူးလို့ ဒါကျွန်တော်တို့ဆီ သူတို့က ထုတ်ရင်ထုတ်ပြန်ချက်မိတ္တူတစောင်ပို့ပါတယ်ခင်ဗျာ။ အဲဒီကျမှ ကျွန်တော်တို့က သိရပါတယ်''ဟု ဦးမြင့်နိုင်က ပြောသည်။

ကြေညာချက်ထုတ်ပြန်လျှင် ရွေးကောက်ပွဲကော်မရှင်သို့ မိတ္တူတစောင်ပို့ရန်နိုင်ငံရေးပါတီများကို ညွှန်ကြားထားပြီး ညွှန်ကြားချက်ဖြင့်သာ ဆောင်ရွက်သည်ဟုလည်း ဦးမြင့်နိုင်က ပြောသည်။

IFES မှ ထောက်ပံ့ပေးသောပစ္စည်းများကို မြို့နယ်အသီးသီးရှိ ကော်မရှင်အဖွဲ့ခွဲများသို့ပြန်ခွဲအသုံးပြုမည်ဟုသိရပြီး ယင်းသို့ဆောင်ရွက်ခြင်းသည် ပွင့်လင်းမြင်သာမှုမရှိဘဲ ရစေလိုသောအဖွဲ့အစည်းမှ ပစ္စည်းကို အသုံးပြုရန်ခေါ်ယူလိုက်သော တင်ဒါဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကွန်ပျူတာကွန်ရက်တွင် ထည့်သွင်းအသုံးပြုမည့် ခေါင်းစဉ်အကြောင်းအရာ အချက်အလက်များအရလည်းကောင်း လာမည့်ရွေးကောက်ပွဲဖြစ်စဉ်သည် နည်းပညာထိန်းချုပ်မှုတခုအောက်သို့ရောက်ရှိပြီးနောက် ပြည်ပသံရုံးတခုခုကသော်လည်းကောင်း၊ အဖွဲ့အစည်းတရပ်ကသော်လည်းကောင်း၊ ပုဂ္ဂိုလ်တဦးတယောက်ကသော်လည်းကောင်း ရွေးကောက်ပွဲရလဒ်ကို ပုံဖော်နိုင်ခွင့်ရရှိသွားစေနိုင်ကြောင်းလည်း ပူးတွဲကြေညာချက်တွင် စွပ်စွဲထားသည်။

''ကိုယ်တိုင်မသိရတဲ့အပေါ်မှာ သွားပြီးတော့ မှတ်ချက်ပြုလို့မကောင်းဘူးလေ။ လာမှာပါ။ ကိုယ်တိုင်ဖတ်ပြီးတော့ ကျွန်တော်တို့အဖွဲ့နဲ့ လုပ်ပြီးတော့ ဆုံးဖြတ်မှာပေါ့''ဟုလည်း ဦးမြင့်နိုင်က ပြောသည်။

နိုင်ငံ၏ကံကြမ္မာကို ပြောင်းလဲဖန်တီးနိုင်သော ရွေးကောက်ပွဲရလဒ်အား ပြည်ပနိုင်ငံတခုခုက သို့မဟုတ် အဖွဲ့အစည်းတခုခုက ဝင်ရောက်စွက်ဖက် ခြယ်လှယ်မည့်အရေးကို ပြင်းထန်စွာရှုတ်ချကန့်ကွက်ကြောင်း၊ တည်ဆဲရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များအရလည်းကောင်း၊ ယခုဖြစ်စဉ်ပါ ဆောင်ရွက်ချက်အပါအဝင် ကော်မရှင်သက်တမ်းအတွင်း ဆောင်ရွက်မှု၊ ဆုံးဖြတ်မှုများအားလုံးသည် ၂၀၂၀ ပြည့်နှစ် ပါတီစုံရွေးကောက်ပွဲကြီးကို လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကြီးဖြစ်စေရန် ထိန်းသိမ်းနိုင်စွမ်းရှိမည်မဟုတ်ဟု ယုံကြည်ကြောင်းလည်း ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

ခေါ်ယူထားသည့် တင်ဒါကို ပယ်ဖျက်၍ မျှတစွာယှဉ်ပြိုင်နိုင်မည့် နိုင်ငံတကာတင်ဒါသစ်ကို ပွင့်လင်းမြင်သာစွာ ခေါ်ယူရန်တောင်းဆိုသည်ဟုလည်း ပူးတွဲကြေညာချက်ကဆိုသည်။ ရွေးကောက်ပွဲကော်မရှင်၏ ဥပဒေပါရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည့် ဘက်လိုက်မှုကင်းပြီး သန့်ရှင်း၍ တရားမျှတသောရွေးကောက်ပွဲကော်မရှင်တရပ်ကို နိုင်ငံရေးပါတီအများစု လက်ခံနိုင်မည့် ပုဂ္ဂိုလ်များဖြင့် အစားထိုးဆောင်ရွက်ရန် အလေးအနက်တောင်းဆိုသည်ဟုလည်း ဆိုသည်။

**မင်းထင်**

# သတင်းမီဒီယာကောင်စီအသုံးစရိတ် ယခုဘဏ္ဍာနှစ်အတွက် ကျပ်သိန်း ၂၀၀၀ ခန့်ရရှိ

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စုအစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ်သိန်း ၂၈၀၀ ကျော်ရရှိခဲ့ပြီး ယခု (၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ်အတွက် ကျပ်သိန်း ၂၀၀၀ ခန့် ရရှိထားကြောင်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ တွဲဖက်အတွင်းရေးမှူး(၁)ဦးမြင့်ကျော်က ပြောကြားသည်။

ကောင်စီ၏အသုံးစရိတ်နှင့်ပတ်သက်၍ အောက်တိုဘာ ၃၁ ရက်နေ့တွင် News Watch မှ ဆက်သွယ်မေးမြန်းမှုအပေါ် ဦးမြင့်ကျော်က ယင်းသို့ ပြန်လည်ပြောကြားခဲ့ခြင်းဖြစ်သည်။

''မီဒီယာကောင်စီက လစဉ်အသုံးစရိတ်ဆိုတာ ပွဲတို့ဘာတို့လုပ်တဲ့အပေါ်မှာမူတည်တယ်။ ဒါပေမဲ့ တနှစ်လုံးဘတ်ဂျက်က ပြီးခဲ့တဲ့ ဘဏ္ဍာရေးနှစ်အထိက သိန်း ၂၈၀၀ ကျော်ပေါ့။ အခုနှစ် ဘတ်ဂျက်မှာတော့ သိန်း ၂၀၀၀ လောက်ပဲရှိတော့မယ်။ ၈၀၀ လောက်လျော့သွားတယ်၊ လအလိုက်ကတော့ ဆွေးနွေးပွဲတို့ ဘာတို့လုပ်ရင်တော့ အဲဒီလတွေမှာများပြီးတော့ မလုပ်တဲ့လဆိုရင် နည်းတယ်''ဟု ပြောသည်။

ယင်းထောက်ပံ့ငွေမှာ ပြန်ကြားရေးဝန်ကြီးဌာန၏ ဘတ်ဂျက်ခေါင်းစဉ်အောက်မှ ရရှိသည့်ငွေလည်းဖြစ်သည်။ ကောင်စီသည် မိမိလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့မှ ထောက်ပံ့ငွေ၊ ပြည်တွင်း၊ ပြည်ပစေတနာရှင်များ၏ လှူဒါန်းငွေများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ထောက်ပံ့ကူညီမှုများ၊ သတင်းမီဒီယာလုပ်ငန်းများ၏ ထည့်ဝင်ငွေများဖြင့် ရန်ပုံငွေ ထူထောင်ရမည်ဟု သတင်းမီဒီယာဥပဒေပုဒ်မ ၁၉ တွင် ပြဋ္ဌာန်းပါရှိသည်။

ယခင်က လှူဒါန်းငွေ တချို့ရှိခဲ့သော်လည်း လက်ရှိတွင်မည်သည့်လှူဒါန်းငွေမှမရှိဘဲ ပြည်ထောင်စုအစိုးရအဖွဲ့မှ ထောက်ပံ့ငွေတခုသာရှိသည်ဟုလည်း ဦးမြင့်ကျော်က ပြောသည်။ နိုင်ငံတကာအဖွဲ့အစည်းတချို့မှ ထောက်ပံ့မှုများမှာလည်း ငွေသားလှူဒါန်းခြင်းမျိုးမဟုတ်ဟု ပြောသည်။

''ဟိုနိုင်ငံတကာအဖွဲ့အစည်းနဲ့က project လိုမျိုးလုပ်တယ်။ ဒါပေမဲ့ အဲဒါကောင်စီကိုငွေပေးတာ မဟုတ်ဘဲနဲ့ ဆွေးနွေးပွဲလုပ်မယ်ဆိုရင် သူတို့ကကျခံတာ၊ အဲဒီသဘောပဲ။ ငွေအနေနဲ့လှူတာတော့ မဟုတ်ဘူး''ဟု ပြောသည်။

ကောင်စီ၏ဝက်ဘ်ဆိုဒ်၌ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများအဖြစ် နိုင်ငံတကာ မီဒီယာပံ့ပိုးရေးအဖွဲ့(IMS)၊ Fojo Media Institute၊ DW Akademie ပါတီများနှင့် ဒီမိုကရေစီဆိုင်ရာ ဒိန်းမတ်အင်စတီကျု(DIPD)၊ Center for Law and Democracy၊ Article 19၊ မြန်မာမီဒီယာရှေ့နေများကွန်ရက်(MMLN)နှင့် ပြည်ကြီးခင်တို့ကို ဖော်ပြထားသည်။ အကူအညီပေးသည့် အဖွဲ့အစည်းများအဖြစ် ပြည်တွင်းမီဒီယာလုပ်ငန်းများ၊ ပြည်တွင်းစီးပွားရေးကုမ္ပဏီများဟု ဖော်ပြထားသည်။

လက်ရှိတွင် ကောင်စီ၏ရုံးလုပ်ငန်းများကို ရုံးအဖွဲ့မှူးအပါအဝင် ၆ ဦးဖြင့် လည်ပတ်လျက်ရှိကြောင်း သိရသည်။

**မင်းထင်**

www.free4readers.com



# ၅ ရက်တိုင်တိုင်ကျင်းပမည့် လမ်းမတော်တန်ဆောင်တိုင်ပွဲတော်ကာလ ညစဉ်ဖျော်ဖြေရေးအစီအစဉ်များပါဝင်



ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်တွင် နိုဝင်ဘာ ၉ ရက်မှ ၁၃ ရက်နေ့အထိ ၅ ရက်တိုင်တိုင်ကျင်းပမည့် (၈၁)ကြိမ်မြောက် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကာလတွင်း ညစဉ်ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းထားကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။

လမ်းမတော်တန်ဆောင်တိုင်ပွဲတော်ကို အနော်ရထာလမ်းတလျှောက် လမ်းမတော်လမ်းနှင့် ၁ လမ်းကြား၌ ကျင်းပခြင်းဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၉ ရက် ညနေ ၆ နာရီ မိနစ် ၃၀ အချိန်တွင် အမျိုးသားကြက်တောင်ရုံရှေ့ ဖျော်ဖြေရေးစင်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဆွေအောင်က ပြောသည်။

"လာနေကျသူတွေကိုလည်း တနှစ်တခါ လာစေချင်တယ်။ လမ်းမတော်တန်ဆောင်တိုင်က ထူးခြားတယ်။ ကလေးတွေအတွက်လည်းကောင်းတယ်။ လူငယ်တွေအတွက်လည်း ကောင်းတယ်။ လူကြီးတွေအတွက်လည်း ကောင်းတယ်။ မုန့်ဈေးတန်းဆိုရင်လည်းမျိုးစုံပဲ။ ကုမ္ပဏီကရောင်းတာတွေလည်းရှိတယ်။ လေ့တို့၊ ချားတို့ ကလေးအကြိုက်တွေလည်းရှိတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါဖျော်ဖြေရေးစင်၌ နိုဝင်ဘာ ၉ ရက်နေ့တွင် မြို့နယ်ဂီတအစည်းအရုံးမှ စန္ဒရားတင့်ခိုင်၏ ရွှေနှလုံးသားတေးဂီတဝိုင်းနှင့်တေးသံရှင်များ၊ ကောက်စိုက်ချိန်၊ DADDY ၊ မနောမြေမှတေးသံသာ၊ မစ္စတာ Gentleman တေးသရုပ်ဖော်များ၊ ကျောင်းသူလေးများ၏ ကရင်ဒုံးယိမ်း၊ အော်ပရာကဇာတ်၊ နိုဝင်ဘာ ၁၀ ရက်နေ့တွင် နိုင်ငံကျော်အကဘုရင်မ ကြည်လဲ့လဲ့ဦးနှင့် အလှဖန်တီးရှင်လေးများ၏ တေးသရုပ်ဖော်အကအလှများ၊ နိုဝင်ဘာ ၁၁ ရက်နေ့တွင် ဟာသသရုပ်ဆောင် စံလင်းဦးစီးသော လင်းလက်ကြယ်စင်အငြိမ့်၊ နိုဝင်ဘာ ၁၂ ရက်နေ့တွင် အဆိုတော်ယုန်လေး၊ ထူးအယ်လင်းအပါအဝင် Hip Hop တေးသံရှင်များ၊ နိုဝင်ဘာ ၁၃ ရက်နေ့တွင် ရွှေနှလုံးသား တေးဂီတဝိုင်းနှင့် တင်ဦးလေး၊ ကေတုဝင်းထွဋ်၊ ဂီတာဖေဝင်း၊ ထား၊ ချိုပြုံး၊ တက္ကသိုလ်လဲ့လဲ့၊ ခင်ညွန့်ရီ၊ သရုပ်ဆောင်လင်းဇာနည်ဇော်၊ ဖူးစုံတို့ပါဝင်သော မြန်မာသံစဉ် တေးသီချင်းအစီအစဉ် စသည်ဖြင့်ဖျော်ဖြေကြမည်ဖြစ်သည်။

"ကြည့်မယ့်သူတွေ အဆင်ပြေအောင် ခုံတွေခင်းပေးထားတယ်။ လူငယ်တွေကိုလည်းသိစေချင်လို့ မြန်မာသံစဉ်တွေကို ထည့်ပေးထားတာ။ လူငယ်တွေရဲ့အကြိုက် ခေတ်ပေါ်တွေလည်း ထည့်ပေးထားတယ်"ဟု ဦးတင်ဆွေအောင်က ပြောသည်။

တန်ဆောင်တိုင်ပွဲတော်တွင် ဆိုင်ခန်းပေါင်း ၁၆၄ ခန်းရှိပြီး ဆိုင်ခန်းအားလုံးရောင်းချပြီးဖြစ်ကြောင်း သိရသည်။ လမ်းမတော်တန်ဆောင်တိုင်နှင့်အတူ ၁၃ လမ်း (အောက်လမ်း)ရှိ အလက်ာကျော်စွာ ကာတွန်းဦးဘဂျမ်း၏ ကာတွန်းပြပွဲသည်လည်း မပါမပြီး ပွဲတော်ကြီး၏ ပုံရိပ်တခုအဖြစ်ရှိနေခဲ့ပြီး ယခုနှစ်ဆိုလျှင် (ရ၆)ကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ **ကိုလင်း**

# အမြန်လမ်းယာဉ်မတော်တဆမှု စက်တင်ဘာလထက် အောက်တိုဘာလတွင် သေဆုံးသူ ၂ ဆပိုများ

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုများကြောင့် ပြီးခဲ့သည့်စက်တင်ဘာလထက် အောက်တိုဘာလတွင် သေဆုံးသူ နှစ်ဆမြင့်တက်ခဲ့ကြောင်း အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးရုံးက သိရသည်။

အမြန်လမ်းမကြီးအတွင်း ၂၀၁၉ ခုနှစ် စက်တင်ဘာလက ယာဉ်မတော်တဆမှု ၃၂ မှုဖြစ်ပွားခဲ့ကာ ကျား ၇ ဦး၊ မ ၁ ဦး၊ စုစုပေါင်း ၈ ဦးသေဆုံးခဲ့ပြီး ကျား ၄၂ ဦး၊ မ ၂၉ ဦး၊ စုစုပေါင်း ၇၁ ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ယခုအောက်တိုဘာလ ၁ ရက်မှ ၂၇ ရက်အထိ ယာဉ်မတော်တဆမှု ၆၃ မှုဖြစ်ပွားခဲ့ကာ ကျား ၁၂ ဦး၊ မ ၃ ဦး၊ စုစုပေါင်း ၁၅ ဦးသေဆုံးခဲ့ပြီး ကျား ၇၁ ဦး၊ မ ၅၉ ဦး၊ စုစုပေါင်း ၁၃၀ ဦးဒဏ်ရာရရှိခဲ့ကြောင်း အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးရုံးက အောက်တိုဘာ ၃၁ ရက်က သတင်းထုတ်ပြန်သည်။

စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ယာဉ်မတော်တဆမှုများကြောင့် သေဆုံး၊ ဒဏ်ရာရရှိသူဦးရေကိုနှိုင်းယှဉ်ကြည့်ပါက နှစ်ဆခန့်မြင့်တက်လာကြောင်း၊ ခရီးသွားပြည်သူများ ယာဉ်မတော်တဆမှုများကြောင့် ထိခိုက်သေဆုံးမှုလျော့နည်းကျဆင်းရေးအတွက် သက်ဆိုင်ရာအပိုင်းလိုက် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတဦးက ပြောသည်။

အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုများမကြာခဏဖြစ်ပွားနေပြီး လူများသေဆုံးဒဏ်ရာရနေခြင်းမှာ အဆိုပါလမ်းမကြီးသည် အမြန်လမ်းမကြီးတခု၏ အရည်အသွေးနှင့် သတ်မှတ်စံနှုန်း မကိုက်ညီခြင်း၊ ယာဉ်မောင်းများစည်းကမ်းလိုက်နာမှုအားနည်းကာ မဆင်မခြင်မောင်းနှင်ခြင်း၊ ယာဉ်ကြံ့ခိုင်မှုနှင့် အသုံးပြုမှုအခြေအနေလိုက်လျောညီထွေမရှိခြင်း၊ ဒေသခံပြည်သူများ၏ အသိပညာနှင့် လူနေမှုဘဝအခြေအနေမြှင့်တင်ရန်လိုအပ်ခြင်းများကြောင့်ဖြစ်ကြောင်း အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။ **TCM**



# ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံရေးအကျဉ်းသားဟောင်းများ ကွယ်လွန်သည်မှာ ၃၄ ယောက်ရှိပြီဟု သိရ

၂၀၁၉ ခုနှစ်အတွင်း နိုင်ငံရေးအကျဉ်းသားဟောင်းများ ကွယ်လွန်သည်မှာ ၃၄ ယောက်ရှိပြီဟု သိရသည်။ သူတို့သည် ၉၆ ပါးရောဂါနှင့် သေဆုံးခဲ့သည်ဟု နိုင်ငံရေးအကျဉ်းသားဟောင်းများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) တွဲဖက်အတွင်းရေးမှူး ကိုဘိုကြည်က News Watch သို့ ပြောသည်။

အသည်းရောင် စီပိုး၊ ဘီပိုး၊ အသည်းကင်ဆာ၊ နှလုံးရောဂါ၊ သွေးတိုး၊ ဆီးချို၊ ကျောက်ကပ်ရောဂါနှင့် သေဆုံးခဲ့ကြခြင်းဖြစ်သည်ဟု သိရသည်။

"ဒီနေ့ မနက် ၅ နာရီခွဲက ကိုမောင်မောင်လွင် ဆုံးပါတယ်။ သူဟာ ကျွန်တော်တို့နဲ့ ရှစ်လေးလုံး အရေးတော်ပုံမှာအတူ ပါဝင်ခဲ့ပါတယ်။ မန္တလေးနန်းတွင်း ထောင်ထဲမှာ စစ်အစိုးရရဲ့ လူမဆန်အောင် ညှဉ်းပန်းနှိပ်စက်မှုများကိုလည်း အလူးအလဲခံခဲ့ရတယ်။ သူဟာ အထက်ဗမာပြည် နိုင်ငံရေးကွန်ရက်အဖွဲ့မှာ ပါဝင်လှုပ်ရှားခဲ့တယ်။ သူ့ကို အထက်ဗမာပြည်ကွန်မြူနစ်ကေဒါဆိုပြီး စစ်အစိုးရက ပစ်မှတ်ထားတယ်"ဟု ပြောသည်။

မြန်မာတနိုင်ငံလုံးတွင် နိုင်ငံရေးအကျဉ်းသားဟောင်း ၅၅၁ ဦး သေဆုံးကြောင်း သိရပြီး အသည်းရောဂါနှင့် အများဆုံးသေဆုံးခဲ့ကြကြောင်း သိရသည်။

ဟံသာဝတီ ဦးဝင်းတင်ဖောင်ဒေးရှင်း စေတနာဆေးကုခန်းကလည်း ယခုလက်ရှိ ကုသပေးနေရသော နိုင်ငံရေးအကျဉ်းသားဟောင်းများမှာ နှလုံးရောဂါ၊ အသည်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ အထူးသဖြင့် အသည်းရောင် စီပိုး၊ ဘီပိုးနှင့် နှလုံးရောဂါများ ကုသပေးနေရကြောင်းကို ဟံသာဝတီ ဦးဝင်းတင် ဖောင်ဒေးရှင်းကော်မတီဝင် ဦးထွန်းကြည်ကလည်း ပြောသည်။

"အသည်းနဲ့ပတ်သက်တာများတယ်။ ဒုတိယက သွေးတိုး၊ ဆီးချို၊ တတိယက နှလုံးရောဂါနဲ့ အဆုတ်ရောဂါတွေကို ကုသပေးရတာ များတယ်။ ဒီနေ့ ၆-၁၁-၂၀၁၉ မနက်ပိုင်းမှာ ကိုမောင်မောင်လွင် ဆုံးသွားတယ်။ တနိုင်ငံလုံးဆိုရင် နိုင်ငံရေးအကျဉ်းသား ဆုံးသွားတာကတော့ ခန့်မှန်း ၅၀၀ ကျော်လောက်တော့ ရှိလိမ့်မယ်"ဟု ၎င်းက ပြောသည်။ **သဒ္ဒါထက်(လှည်းတန်း)**

## စာ-၃ (Victoria အမှု အချင်းဖြစ်နေ့ရက်အပါအဝင် CCTV မှတ်တမ်းများ အစအနမကျန် ပျောက်ဆုံး) မှအဆက်

၎င်းက ပြောသည်။

သို့သော် အဆိုပါ Hard Disk ပါ မှတ်တမ်းများ အလိုအလျောက် ပျက်စီးသွားခြင်းလားသို့မဟုတ် ဖျက်ဆီးခံရခြင်းလားဆိုသည်ကို လက်ရှိထွက်ပေါ်နေသော အဆင့်မြင့်နည်းပညာနှင့် Software များ အသုံးပြု၍ နည်းပညာကျွမ်းကျင်သူများက ပြန်လည်ဆယ်ယူနိုင်လိမ့်မည်ဖြစ်ကြောင်း အိုင်တီပညာရှင်ကပြောကြောင်း ဒေါ်စုဒါလီအောင်က ပြောသည်။

အိုင်တီပညာရှင်ကတော့ ဒီ Hard Disk ဟာ အမှန်ဆိုရင်တော့ သုံးလလောက် အတွင်းကဟာကို ပြန်ပြီးယူကြည့်လို့ရမယ်။ ဒီ Hard Disk က အမှန်အကန်ဆိုရင်တော့ အခုပေါ်နေတဲ့အဆင့်မြင့်နည်းပညာတွေနဲ့ ဆော့ဖ်ဝဲတွေအသုံးပြုပြီး တကယ်နည်းပညာကျွမ်းကျင်သူတွေနဲ့ သုံးပြီးဒီ Hard Disk က ပျက်သွားတာလား။ ဖျက်ပစ်တာလားပေ့ါ။ အတိအကျတော့ မသိသေးဘူး။ အဲဒီမပါတော့တဲ့ဖိုင်ကို ပြန်ပြီးဖော်မယ်ဆိုရင် ရနိုင်တယ်လို့ သူကပြောပါတယ်။

CCTV မှတ်တမ်းကို CID သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ CID မှ ပြန်ပေးသည့်အခါတွင် ၎င်းမှတ်တမ်းများ ပြန်ပါ၊ မပါမသိရှိကြောင်း၊ ၎င်းလက်တွင်ရှိသည့် ဖိုင် ၁၁ ဖိုင်မှာ CID မှ မတောင်း ယူမိက ကူးယူထားခဲ့ခြင်းဖြစ်ကြောင်း ကိုရန်နောင်ဌေးက ထွက်ဆိုသည်ဟု ဒေါ်စုဒါလီအောင်က ပြောသည်။

"ဗီဒီယိုဖိုင် ၁၁ ဖိုင်ကလည်း ကျွန်မတို့မေးတာကျတော့ ဒီဟာကဖိုင်မှာ နည်းပညာသမားရဲ့ စစ်ဆေးပေါ်ပေါက်ချက်က ၂၄ နာရီမှာ Hard Disk က တဖိုင်သိမ်းတယ်ပေါ့။ အဲဒီတဖိုင်သိမ်းတဲ့အခါကျတော့ ၂၄ နာရီစာတဖိုင်ဖြတ်မယ်။ သို့မဟုတ် မနက် ၈ နာရီကနေ ညနေ ၅ နာရီစာထိကို Download ဆွဲလိုက်မယ်ဆိုရင် သူကဒီမှတ်တမ်းကြီးက တဆက် တစပ်တည်းပဲလို့ အိုင်တီပညာရှင်က ပြောတာပေါ့နော်။ တဆက်တစပ်တည်းပဲ ဖြစ်မယ်။ အပိုင်းအပိုင်းတွေ မထွက်နိုင်ဘူးပေါ့။ အခု ၁၁ ဖိုင်ထွက်ရတာက ဖြတ်ပြီးယူတာဖြစ်နိုင်တယ်လို့ ပြောပါတယ်။ သေချာတာကတော့ ဒီထဲမှာရှိခဲ့လို့သာ သူကူးတုန်းကရခဲ့တာပေါ့။ အခုဒီထဲမှာမရှိတော့တာ ဘယ်သူ့ကြောင့်မရှိတော့တာ။ ဘာကြောင့်မရှိတော့တာ ဘာဖြစ်လဲဆိုတာ ကျွမ်းကျင်ပညာရှင်တွေ စစ်မှပဲသိမယ်"ဟု ၎င်းကပြောသည်။

အမှု၏ (၁၁) မြောက်ရုံးချိန်းကို နိုဝင်ဘာ ၂၀ ရက်သို့ ချိန်းဆိုထားသည်။ **ထွန်း(နေပြည်တော်)**

## စာ-၃ (YUPT ကုမ္ပဏီတွင် ရှယ်ယာထည့်ဝင်ထားသူများ၏ ဆန္ဒအတိုင်း YRTA မှ ဆောင်ရွက်ပေးမည်) မှအဆက်

ဘယ်လောက်၊ ၃ နှစ်နေရင်ဘယ်လောက် အမြတ်ငွေပေးမယ်ဆိုပြီး ပြောခဲ့တယ်။ ဒါပေမဲ့ မျှော်မှန်းထားတဲ့အတိုင်း ဖြစ်မလာခဲ့တော့ မကျေလည်တာတွေဖြစ်ကုန်ကြတယ်။ အဲဒီနေ့က ဖြစ်ခဲ့တဲ့ဖြစ်စဉ်ပေါ်မူတည်ပြီး ရှယ်ယာရှင်တွေရဲ့ တကယ့်သဘောထားအမှန်ကို တောင်းထားတယ်။ ဒီရက်ပိုင်းအတွင်း အကြောင်းပြန်ပေးဖို့ ပြောထားတယ်"ဟု ၎င်းက ပြောသည်။

ရန်ကုန်မြို့ Gandamar Grand Ballroom တွင် ပြီးခဲ့သည့် အောက်တိုဘာ ၃၀ ရက်ကဖြစ်ပွားခဲ့သည့် YUPT ရှယ်ယာရှင်များတွေ့ဆုံပွဲတွင် အချေအတင် ရှန်းရင်းဆန်ခတ်ကိစ္စရပ်နှင့် အမြတ်ငွေ ခွဲဝေပေးမှုကိစ္စရပ်များအပေါ် YRTA ဥက္ကဋ္ဌ ဝန်ကြီးဒေါ်နီလာကျော်သည် အဖွဲ့ဝင်များနှင့်အတူ YUPT ကုမ္ပဏီမှ ရှယ်ယာရှင် ကိုယ်စားလှယ် ၇ ဦးနှင့် အောက်တိုဘာ ၃၁ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့နစ်နာနေတဲ့ ရှယ်ယာတွေကို အစိုးရအနေနဲ့ဝယ်ပေးဖို့ပါ။ ၃ နှစ်တာကာလ ရင်းနှီးမြှုပ်နှံထားတာတွေ ပြန်ဝယ်ပေးပေ့ါ။ ဒါမှမဟုတ် အစိုးရအနေနဲ့ မဝယ်ပေးနိုင်ဘူး။ အစိုးရမှာငွေမရှိဘူးဆိုရင်လည်း အမြတ်ကို ၃ နှစ်ကာလ တန်ဖိုးတခုနဲ့တွက်ပြီးပြန်ပေးပေ့ါ။ အဓိက လိုချင်တာတွေကတော့ ဒါပါပဲ။ ဝန်ကြီး ဒေါ်နီလာကျော်ကလည်း ကျွန်တော်တို့နဲ့တွေ့ဆုံပြီး အမြန်ဆုံးပြေလည်အောင် ဖြေရှင်းပေးသွားမယ်လို့ ကတိပြုသွားပါတယ်"ဟု YUPT ကုမ္ပဏီတွင် အစုရှယ်ယာ ကျပ်သိန်း ၁၈၀ ထည့်ဝင်ထားသူ ကိုမောင်မောင်က ပြောသည်။

YUPT ကုမ္ပဏီကို ၂၀၁၇ ခုနှစ် ဆန်းပိုင်းက ရှယ်ယာရှင် ၂၈၉ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ရှယ်ယာရှင်များကို ရှယ်ယာတစု ကျပ် ၉ သိန်းနှုန်းဖြင့် ရောင်းချထားကာအကျိုးအမြတ်ကို ကုမ္ပဏီစည်းမျဉ်းဖော်ပြချက်အရ ၃ လတကြိမ် ခွဲဝေပေးရမည်ဖြစ်ကြောင်း အစုရှယ်ယာထည့်ဝင်သူများက ဆိုသည်။

YUPT ကုမ္ပဏီကို အစုရှယ်ယာရှင် ၂၈၉ ဦးမှ ထည့်ဝင်ရင်းနှီးမြှုပ်နှံငွေ စုစုပေါင်းကျပ် ၅ ဒသမ ၆၃၄၄ ဘီလီယံ နှင့် ရန်ကုန်တိုင်းအစိုးရအဖွဲ့မှ ရင်းနှီးမြှုပ်နှံငွေ ၃၅ ဘီလီယံဖြင့် လည်ပတ်နေခြင်းဖြစ်ပြီး ယင်းကုမ္ပဏီသည် လက်ရှိ ရန်ကုန်မြို့တွင် YBS ဘတ်စကား အများဆုံးဖြင့် ပြေးဆွဲဝန်ဆောင်မှုပေးနေသည့် ကုမ္ပဏီတခုဖြစ်ကြောင်း သိရသည်။

**ကျော်သူ**

www.free4readers.com





# ကျောင်းသားတွေအနာဂတ်က ဆရာတွေလက်ထဲမှာသာရှိတယ် (သို့မဟုတ်)

# HICHKI

နေသစ်နီ

စာသင်ပြဖို့က လွယ်ပါတယ်။ ဒါပေမဲ့ သင်ပြတာမှားသွားရင် ကျောင်းသားတွေပဲခံရတာ။ ကျွန်တော်တို့ သူများတွေကို သင်ပြဖို့လုပ်နေကြတယ်။ ကိုယ့်ကိုယ်ကိုယ် သင်ယူဖို့ကျတော့ တော်တော်ခက်တာပဲ။

Hichki ဆိုတဲ့ အိန္ဒိယ ဟိန္ဒူရုပ်ရှင်လေးက ဆရာတွေပစ်ထားခံရလို့ ဆိုးနေတဲ့ကျောင်းသားတွေကို ကျောင်းသားကောင်းတွေဖြစ်လာဖို့ သင်ပြပေးနိုင်ခဲ့တဲ့ ဆရာမတယောက်အကြောင်းပါ။ ငယ်ငယ်က စောရွှေဗိုလ်ဘာသာပြန်တဲ့ ချစ်သောဆရာဝတ္ထုကို ဖတ်ဖူးတယ်။ နောက်တော့ ဖက်ဖူးရောင်ဆိုတဲ့ရုပ်ရှင်ကို ကြည့်ဖူးတယ်၊ ဒီဝတ္ထုနဲ့ ဒီရုပ်ရှင်တွေဟာ Hichki ရုပ်ရှင်လိုပဲ ဆိုးသွမ်းတဲ့ကျောင်းသားတွေကို ဆရာက ပြုပြင်သွားတဲ့ကားတွေ၊ ဝတ္ထုတွေပါပဲ၊ အတိအကျသာ မတူပေမဲ့ ပုံစံချင်းကတူတယ်။

Hichki ကတော့ ကျောင်းသားတွေဆိုးသွားတာ၊ ကျောင်းသားတွေ ပျက်စီးသွားတာ ဆရာတွေကိုယ်နှိုက်ကမကောင်းလို့ဆိုပြီး ပြောထားခဲ့တဲ့ရုပ်ရှင်ပေါ့။ ဆရာဆိုတာ ကျောင်းသားတွေအပေါ် နားလည်မှုရမှာ။ ဆရာတွေက ကျောင်းသားတွေအပေါ် နားမလည်လို့ကတော့ အဲဒီကျောင်းသားတွေရဲ့ဘဝလည်း ရေစုံမျောပြီ။

ဒီကားကို ဒါရိုက်တာ စိဒတ်သ်ပီမာလ်ဟိုတရာကရိုက်ကူးခဲ့ပြီး အင်ကူချူဒရိက ဇာတ်ညွှန်းရေးခဲ့တာပါ။ ပြီးတော့ No one killed jessica နဲ့ Paheli ရုပ်ရှင်ကားတွေမှာ သဘောကျခဲ့တဲ့ မင်းသမီးရာနီမူကာဂျီက ဒီကားထဲမှာ ရောဂါရပြီး အကြောဆွဲ၊ ကြို့ထိုးဖြစ်နေတဲ့ ကျောင်းဆရာမ နိနားမာသူးအနေနဲ့ သရုပ်ဆောင်ထားတာပါ။ ဒီဇာတ်လမ်းကိုက Bard Cohen ရဲ့ အော်တိုဘိုင် အိုဂရပ်ဖီဖြစ်တဲ့ Front of the class: How Tourette Symdrome made me the teacher I Never Had ရဲ့ဇာတ်လမ်းကို ဆီလျော်အောင် ပြန်ပြီးရိုက်ကူးခဲ့တာလို့ ဆိုပါတယ်။ ပြီးတော့ ဒီကားကိုရိုက်တော့ Cohen ကိုယ်တိုင်ကားရိုက်ကူးရာမှာ ဝင်ရောက်အကြံဉာဏ်ပေးခဲ့တာပါ။

ဒီကားကို ၂၀၁၇ ဒီဇင်ဘာ ၁၉ မှာ အစမ်းပြပြီး ၂၀၁၈ မတ်လ ၂၃ ရက်ကျမှ ရုံတင်ခွင့်ရခဲ့ပါတယ်။ ပြီးတော့ ၂၀၁၈ ဇွန် ၁၆ မှာပဲ ရှန်ဟိုင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်မှာ ပြသခဲ့ပါသေးတယ်။ မင်းသမီး ရာနီမူကာဂျီကတော့ ဒီကားကြောင့် ၆၄ ကြိမ်မြောက်ရုပ်ရှင်ပွဲတော်မှာ ၉ ကြိမ်မြောက် အကောင်းဆုံးမင်းသမီးဆုအတွက် ရွေးချယ်ခံခဲ့ရပါတယ်။

♛ ♛ ♛

ဒီဇာတ်ကားကို နိနားမာသူး (Rani Mukerji) အင်တာဗျူးအခန်းကစတယ်။ သူက ကျောင်းဆရာမအလုပ်ကို သွားလျှောက်တာ။ ဒါပေမဲ့ သူက အကြောဆွဲသလိုဖြစ်ပြီး ပါးစပ်ကနေ ကြို့ထိုးသံလိုမြည်နေတယ်။ အင်တာဗျူးမေးသူတွေက ကြို့ထိုးတာလားမေးတော့ သူကမဟုတ်ဘူး။ တော်တီဆမ်ဒရုန်းရောဂါကြောင့်ဖြစ်တာ။ ဦးနှောက်အာရုံကြောနဲ့ပတ်သက်တာ၊ ဦးနှောက်နဲ့ အာရုံကြောတွေ ထပ်တူမကျရင် ဒီလိုပဲဖြစ်တယ်။ စိုးရိမ်စိတ်များချိန်၊ စိတ်ဖိစီးချိန်မှာ ပိုဖြစ်တယ်ဆိုပြီး ရှင်းပြတာပေါ့။ B.Ed ရော၊ M.Sc ပါ ရထားပေမဲ့ သူအလုပ်မရခဲ့ဘူး။

နောက်တကျောင်းသွား၊ မရပြန်ဘူး။ ၅ နှစ်တိုင်တိုင် ကျောင်း ၁၈ ကျောင်းကို အလုပ်လျှောက်ပေမဲ့ သူ မရခဲ့တာ။ သူ့မှာ အမေ ဆူဒါမာသူး (သရုပ်ဆောင် Supriya Pilgaokar)နဲ့ မောင်ဖြစ်သူ ဗီးနေးမာသူး (သရုပ်ဆောင် Hussai Dalal)ရှိတယ်။ အဖေနဲ့အမေက ကွဲနေပြီး အဖေ ပရာဘာကာ(သရုပ်ဆောင် Sachin Pilagon Kar)က အခုကျမှ အိမ်ကိုပြန်လာတာ။ သူက သူ့မိတ်ဆွေဘဏ်မှာ အလုပ်သွင်းပေးချင်ပေမဲ့ နိနားက ကျောင်းဆရာမမှ ကျောင်းဆရာမ။

> “ဆရာဆိုတာ ကျောင်းသားတွေအပေါ် နားလည်မှုရမှာ။ ဆရာတွေက ကျောင်းသားတွေအပေါ် နားမလည်လို့ကတော့ အဲဒီကျောင်းသားတွေရဲ့ဘဝလည်း ရေစုံမျောပြီ . . .”



♛ ♛ ♛

တရက်သူ အင်တာဗျူးခဲ့တဲ့ စိန့်နော့ကာ (St. Notker) အထက်တန်းကျောင်းက သူ့ကိုအလုပ်ခန့်ဖို့ လှမ်းခေါ်တယ်။ ကျောင်းအုပ်ကြီး၊ ပြီးတော့ အဲဒီက ဆရာ မစ္စတာဝါဒီယာ (သရုပ်ဆောင် Neeraj Kabi) တို့နဲ့တွေ့တယ်။ သူက ဒီကျောင်းဟာ သူ့အတွက် ကံကောင်းတဲ့ ၁၃ ခုမြောက်ကျောင်းလို့ ပြောပြတယ်။ ငယ်ငယ်က စာသင်ချိန်အတန်းထဲမှာ ဒီရောဂါကြောင့် ခွေးဟောင်သလို အသံတွေထွက်ထွက်နေတယ်။ ဒါကြောင့် ကျောင်းသားတွေအနှောင့်အယှက်ဖြစ်လို့ ကျောင်း ၁၂ ကျောင်းက အထုတ်ခံခဲ့ရတယ်။ နောက်ဆုံး စိန့်နော့ကာကျောင်းကို ရောက်လာတယ်။ အခမ်းအနားတခုမှာ ဒီလိုထပ်ဖြစ်တော့ ကျောင်းအုပ်ကြီး စိန့်နော့ကာက စင်တိတ်ပေါ်တက်ခိုင်းပြီး သူ့ကိုဘာပြောချင်သလဲ မေးခဲ့တာပါ။

သူက သူ့ကို အခြားကလေးတွေလို ဆက်ဆံစေချင်ပါတယ်ဆိုပြီး ပြန်ဖြေခဲ့တယ်။ ကျောင်းအုပ်ကြီး စိန့်နော့ကာက “ဒီကျောင်းကို ပညာသင်ဖို့ ကျွန်တော်တို့လာခဲ့ကြတာ။ အခုတော့ ကျွန်တော်တို့ကို ဒီကလေးက ပညာပေးလိုက်ပါပြီ။ သူ့ကို အခြားကျောင်းသားတွေလို ဆက်ဆံပေးကြပါ”လို့ ပြောတာပေါ့။ အခုတော့ ဆရာကြီးလည်း မရှိတော့ပါဘူး။ သူကတော့ ဒီကျောင်းမှာပဲ ဆရာမပြန်လုပ်ရတော့မယ်။ သူ့ကို ကိုးတန်း F အခန်းကို ပေးတယ်။ ဒီအခန်းက ကျောင်းသား ၁၄ ယောက်ပဲရှိပေမဲ့ ၇ လအတွင်း ဆရာ ၇ ယောက် ပြန်ပြေးသွားပြီ။

သူမရောက်ခင်ကတည်းက ကျောင်းသားတွေက ဆရာမအသစ်ရောက်မှာကို သတင်းရပြီး တလနဲ့ ပြန်ပြေး၊ မပြေး လောင်းကြေးထပ်ကြတယ်။ တယောက် တဆယ်စီ။ နိနားက သူတို့လုပ်နေတာကို မြင်တယ်။ ဒါကြောင့် အတန်းထဲရောက်တော့ သူပါ လောင်းကြေး ၁၀၀ ထည့်ပြီး စိန်ခေါ်ခဲ့တယ်။ ပြေးရင် အရှုံးပေါ့။ စသင်တဲ့နေ့မှာပဲ အကြောဆွဲပြီး ပါးစပ်က ကွပ်ကွပ်ဆိုတဲ့အသံတွေထွက်နေလို့ ဝိုင်းဟားကြတယ်။ သူက ရိုးကောခေါ်ပြီး သူ့ရောဂါအကြောင်း ရှင်းပြတယ်။ ဒါပေမဲ့ စာသင်ပေးနိုင်ပါတယ်ဆိုပြီး ပြောတာပေါ့။ ကျောင်းသားတွေက သူ့ရဲ့အံ့ညြဖို့ကောင်းတဲ့ ကြို့ထိုးသံကိုပဲစိတ်ဝင်စားနေလို့ “မင်းတို့က စာထက်ကို ဆရာမရောဂါကို စိတ်ဝင်စားပုံရတယ်”ဆိုပြီး ခုံပေါ်မှာ ထိုင်လိုက်တာ ခုံက ခြေတွေဖြုတ်ထားတော့ ပုံပြီးလဲကျသွားပါရော။ သူတော်တော်နဲ့ မထနိုင်ဘူး။ ကျောင်းသားကျောင်းသူတွေက “ဆရာမ ထထ ကျွန်တော်တို့ကို စာသင်မယ်ဆိုရင် ဆရာမ ထမှဖြစ်မယ်”ဆိုပြီး ဝိုင်းအော်ကြတာ။

♛ ♛ ♛

အိမ်ရောက်တော့ မောင်လုပ်သူက သူ့ကိုပြုစုပေးရတာပေါ့။ ကလေးတွေက ဉာဏ်ကောင်းတယ်။ ဒါပေမဲ့ ဆိုးတယ်။ သူရေးမယ့် မြေဖြူမှာ ယမ်းတွေထည့်ထားတာ၊ စာလည်းရေးရော ပေထုပ်လိုထပေါက်ရော။ ပြီးတော့ အမှိုက်ပုံထဲကို အပျော့စားပေါက်ကွဲတဲ့ယမ်းနဲ့ အပေါ်က ဘောလုံးအသေးလေးတွေထည့်တယ်။

စာ(၂၅)သို့



# အန်တိုနီယိုဘန်ဒါရက်နဲ့ မက်ဒေါနား ငြိခဲ့ဖူးကြသလား

၁၉၉၆ ခုနှစ်က Evita ဆိုတဲ့ ဇာတ်ကားမှာ အတူသရုပ်ဆောင်ခဲ့ကြတယ်။ ဒါပေမဲ့ အဲဒီမတိုင်မီမှာ ပေါ့ပ်အဆိုကျော် မက်ဒေါနားက သူ့ကို ခဏပန်းစွဲလမ်းချစ်ခဲ့တဲ့အကြောင်း အခု အက် ၅၉ နှစ်ရှိပြီဖြစ်တဲ့ မင်းသားကြီးအန်တိုနီယိုဘန်ဒါရက်က အင်တာဗျူးတခုမှာပြောခဲ့တယ်။ Sirius XM ရုပ်သံက တင်ဆက်သူ ဂျက်စ်ကေဂယ်နဲ့ တွေ့ဆုံမေးမြန်းရာမှာ အန်တိုနီယိုက သူ့ရဲ့နောက်ဆုံးရိုက်ကူးထားတဲ့ Pain and Glory ဇာတ်ကားကို ပရိုမိုးရှင်းလုပ်ရင်း အထက်ပါအတိုင်းပြောခဲ့တာပါ။ Truth or Dare ဆိုတဲ့ မှတ်တမ်းရုပ်ရှင်ရိုက်တုန်းက မက်ဒေါနားဟာ ခင်ဗျားကို စွဲစွဲလမ်းလမ်းဖြစ်တဲ့အခန်းတွေ အများကြီးပါတယ်ဆိုတာ အမေရိကန်က လူအတော်များများ သတိထားခဲ့မိကြတယ်၊ ခင်ဗျားဘယ်လိုတုံ့ပြန်ခဲ့သလဲလို့ ဂျက်စ်ကေဂယ်က အန်တိုနီယိုကိုမေးတယ်။





# ဒိုင်တယောက်အနေနဲ့ ဘက်မလိုက်ဘဲ အမှန်ကန်ဆုံးအားပေးမယ်ဆိုတဲ့ ဖြူဖြူကျော်သိန်း



"Myanmar Idol မှာ လာပြိုင်ကြတဲ့အထဲမှာ များသောအားဖြင့် ဖောင်ဖျက်ပြီးလာကြတဲ့သူတွေ၊ ဝါသနာကြီးသူတွေရှိနေကြပေမဲ့ ဖြူဖြူကတော့ ဒိုင်တယောက်အနေနဲ့ အမှန်ကန်ဆုံးနည်းနဲ့ပဲ အားပေးဖို့ပြင်ဆင်ထားပါတယ်။ အဲဒီအတွက် ပြိုင်ပွဲဝင်တွေထဲက Finalist မှာ ဘယ်သူ winner ဖြစ်သွားမယ်ဆိုတာ ပရိသတ်တွေလက်ထဲမှာပဲရှိပါတယ်"လို့ ပြိုင်ပွဲမှာ ဒိုင်တယောက်အဖြစ်ပါဝင်တဲ့ ဖြူဖြူကျော်သိန်းက ပြောပါတယ်။

ပြိုင်ပွဲဝင်တွေအပေါ် ဖြူဖြူရဲ့အားပေးမှုကို တချို့ပရိသတ်တွေက အနည်းငယ်ဝေဖန်နေပေမဲ့ ဖြူဖြူကိုယ်တိုင်က ဒိုင်တယောက်အနေနဲ့ ဘယ်သူ့ကိုပိုပြီးဖြစ်စေချင်တယ်ဆိုတဲ့ ဘက်လိုက်မှုမျိုးရှိနေမှာစိုးလို့ ပြိုင်ပွဲအချိန်အတွင်းဖုန်းကိုတောင် အနားမှာမထားဘူးလို့ သူမရဲ့သဘောထားကို ဖွင့်ဟပါတယ်။

"သူတို့ရဲ့ကြိုးစားမှုပေါ်မူတည်ပြီး ကိုယ်ရွေးလိုက်ပြီးပြီ။ အဲဒီအပေါ်မှာ သူတို့ဆက်ကြိုးစားဖို့ပဲ လိုတယ်။ တချိန်ချိန် အနုပညာလောကထဲမှာဆက်ရှိနေပြီး သူတို့ရဲ့အခွေထွက်လာရင်သာ ဖြူဖြူက ပိုက်ဆံနဲ့ဝယ်ပြီး အားပေးမှာပါ။ အဲဒါအမှန်ကန်ဆုံးအားပေးမှုပဲ"လို့ ဖြူဖြူကျော်သိန်းက ပြောပါတယ်။

သူမနဲ့ဖက်ရှင်ကို အမြဲတမ်းတွဲမြင် နေတတ်တဲ့ပရိသတ်တွေအတွက် ဖက်ရှင်ဒီဇိုင်းအဆန်းတွေကို သူမရဲ့အဖွဲ့နဲ့တိုင်ပင်ပြီး တင်ဆက်သွားမယ်လို့လည်း ပြောပါတယ်။ "ဖြူဖြူဆိုရင် ဖက်ရှင်ကိုလည်း စိတ်ဝင်စားကြတဲ့အတွက်ကြောင့် ပရိသတ်တွေအတွက် အကောင်းဆုံးတင်ဆက်နိုင်အောင်တော့ ဖြူဖြူလည်းအတတ်နိုင်ဆုံးကြိုးစားသွားမှာပါ။ တဖက်ကလည်း judge အနေနဲ့ အပြင်ပရိသတ်တွေကို စိတ်ချမ်းသာရအောင်၊ ပျော်ရအောင် ဖက်ရှင်ပိုင်းလေးတွေကိုပြင်ဆင်မှာပါ။ ဖြူဖြူရဲ့ Make-up၊ Hair Stylelist၊ Designer တွေနဲ့လည်း တိုင်ပင်ထားတာတွေ ရှိပါတယ်"ဆိုပါတယ်။

**ကလျာဆွေ**

www.free4readers.com

www.free4readers.com



မင်းသားကြီးက ခေါင်းညိတ်ပြီး မှန်တဲ့ အကြောင်းပြောတယ်။ "ကျွန်တော် လုံးဝမသိဘူး။ သူက ကျွန်တော့်ကို ဖုန်းဆက်တယ်။ လော့စ်အင်ဂျလိမှာ ကျွန်တော်က Mombo Kings ဆိုတဲ့ ဇာတ်ကားအပြီးသတ်ရိုက်ကူးနေဆဲမှာ တယောက်ယောက်က ကျွန်တော့်ကိုနောက်နေတာလို့ ထင်မိတယ်။ ဒါပေမဲ့ အဲဒါမက်ဒေါနား ဖြစ်နေတယ်။ ကျွန်တော် ယုံတောင်မယုံဘူး"လို့ မင်းသားကြီးက ဖြေတယ်။

"ငါ မင်းကို သတင်းရုပ်ရှင်ကားပြချင်တယ်။ မင်းပါခဲ့တဲ့ သတင်းရုပ်ရှင်ကား"လို့ သူက ပြောတော့ ကျွန်တော်က ဘာသတင်းမှတ်တမ်းကားလဲ၊ ခင်ဗျားဘာတွေပြောနေတာလဲလို့ ကျွန်တော်က ပြန်မေးတယ်။ အကယ်၍ သူ့အနေနဲ့ အဆင်မပြေဘူးဆိုရင် သူပါဝင်ထားတဲ့ အခန်းတွေကို ဖယ်ရှားဖို့အခွင့်အရေးပေးမယ့်အကြောင်း မက်ဒေါနားကပြောတယ်။ သူက အဆင်ပြေပါတယ်လို့ ပြန်ပြောခဲ့တယ်။

ယင်းသတင်းမှတ်တမ်းကို ၁၉၉၁ မှာ ထုတ်လွှင့်ခဲ့ပြီး မက်ဒေါနားရဲ့အငြင်းပွားစရာ ၁၉၉၀ ပြည့်နှစ် Blonde Ambition ဆိုတဲ့ နိုင်ငံတကာဖျော်ဖြေရေးခရီးစဉ်နဲ့ ဇာတ်ခုံနောက်ကွယ်မြင်ကွင်းတွေကို မှတ်တမ်းတင်ဖော်ပြခဲ့တယ်။ ပြကွက်တခုမှာ အန်တိုနီရိုဘန်ဒါရက်ဆိုတာ ဘယ်သူလဲဆိုတာကို အမေရိကန်ပရိသတ်သိအောင် မက်ဒေါနားက ပြောပြတယ်။ အဲဒီအချိန်က အန်တိုနီယိုဘန်ဒါရက်ဟာ အမေရိကန်ပရိသတ်နဲ့ ရေပန်းမစားသေးဘူး။

"အန်တိုနီယိုဘန်ဒါရက်ဆိုတာ စပိန်မင်းသားပါ။ ကျွန်မနဲ့ တခဏလောက်တော့ ချစ်ကျွမ်းဝင်ခဲ့ဖူးတယ်။ ကျွန်မအရမ်းတွေ့ချင်ဆုံချင်တဲ့သူတွေထဲမှာ သူလည်း တယောက်အပါအဝင်ဖြစ်ခဲ့ပါတယ်"လို့ အဆိုပါသတင်းမှတ်တမ်းမှာ မက်ဒေါနားက ပြောခဲ့တယ်။ အဲဒီအချိန်က ဘန်ဒါရက်ဟာ စပိန်မင်းသမီး အန်နာလီဇာနဲ့ လက်ထပ်ပြီးပါပြီ။ ဒါပေမဲ့ ၁၉၉၆ မှာ ကွာရှင်းခဲ့ပြီး အဲဒီနှစ်မှာပဲ ဘန်ဒါရက်က မင်းသမီးမီလန်နီဂရစ်ဖစ်နဲ့ လက်ထပ်တယ်။ Two Much ဆိုတဲ့ ရုပ်ရှင်ကားအတူရိုက်ကူးခဲ့ပြီး နောက်မှာ ဂရစ်ဖစ်နဲ့လက်ထပ်ခဲ့တာပါ။ ဘန်ဒါရက်နဲ့ မက်ဒေါနားတို့ဟာ ၁၉၉၆ ခုနှစ်က Evita ဆိုတဲ့ ရုပ်ရှင်ကားမှာအတူ သရုပ်ဆောင်ခဲ့ဖူးတယ်။ ဒီကားမှာ မက်ဒေါနားက အာဂျင်တီးနားသမ္မတကတော်အဖြစ် သရုပ်ဆောင်ပြီး ဘန်ဒါရက်က တော်လှန်ရေး သမားချေဂွေဗားရားအဖြစ် သရုပ်ဆောင်ခဲ့တယ်။ "မက်ဒေါနားဟာ တကယ့်ကို ပီပြင်တဲ့အနုပညာရှင်တဦးပါ။ ကျွန်တော်နဲ့ အလုပ်အတူတွဲလုပ်တဲ့သူတွေထဲမှာတော့ အတော်ဆုံးပါပဲလို့ ဘန်ဒါရက်က ၂၀၁၈ အင်တာဗျူးတခုမှာ ပြောခဲ့တယ်။

**တေဇာဝင်း**
**Daily Mail**

# မင်းသားကြီးဒီကာပရီယိုက ရာသီဥတုပြောင်းလဲမှုပြဿနာ တက်ကြွလှုပ်ရှားသူ ဆယ်ကျော်သက် ဂရီတာကို ထောက်ခံအားပေး

ဟောလီဝုဒ်မင်းသားကြီးလီယိုနာဒို ဒီကာပရီယိုဟာ ပြီးခဲ့တဲ့သီတင်းပတ်က ၁၆ နှစ်အရွယ် ကျောင်းသူလေးဂရီတာ ထွန်းဘာ့ဂ်နဲ့တွေ့ဆုံပြီး ဂရီတာလက်ရှိတိုက်ပွဲဝင်နေတဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တပ်လှန့်နှိုးဆော်ရေးတိုက်ပွဲကို ထောက်ခံကြောင်း အတူပါဝင်ဆင်နွှဲဖို့ ကတိပြုကြောင်း ပြောခဲ့ပါတယ်။

ခဲ့ရာမှာ ဒေါ်လာ ၁၇၇၅၅၀ ကုန်ကျခဲ့တယ်လို့ ဆိုပါတယ်။ ဒီကာပရီယိုဟာ Earth Alliance ဆိုတဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းတခုဖွဲ့ ထားတယ်။ မကြာသေးမီကလည်း အမေဇုန်မုတ်သုန်သစ်တောကြီးမှာ မီးတွေအဆက်မပြတ်လောင်ခဲ့တာကို ကာကွယ်တားဆီးဖို့ ရန်ပုံငွေဒေါ်လာ ၅ သန်း



ရာသီဥတုပြောင်းလဲမှုနဲ့ ပတ်သက်ပြီး စိတ်ဝင်စားပေမဲ့လည်း သူ့ရဲ့ကိုယ်ပိုင် ဂျက်လေယာဉ်ကို အသုံးပြုနေမှုကြောင့် ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ခံနေရတဲ့ ဒီကာပရီယိုက ရာသီဥတုပြောင်းလဲမှုကို တိုက် ပွဲဝင်တဦးနဲ့ စကားပြောရတာ ဂုဏ်ယူစရာပါလို့ပြောရင်း ဂရီတာနဲ့တွဲရိုက်ထားတဲ့ပုံကို ထုတ်ဖော်ပြသခဲ့ပါတယ်။ ဂရီတာရဲ့ သတင်းစကားလှုံ့ဆော်ချက်တွေဟာ ကမ္ဘာ့ခေါင်းဆောင်တွေကို တပ်လှန့်နှိုး ဆော်လိုက်တာဖြစ်ကြောင်း၊ ကျောင်းသူလေးဟာ သူ့ကိုအနာဂတ် အတွက် အပြုသဘောဆောင်တဲ့ အမြင်ရှိအောင် လုပ်ပေးခဲ့ကြောင်း ဒီကာပရီယိုကပြောခဲ့တယ်။

ဂရီတာဟာ သူ့ရဲ့ကိုယ်ပိုင်ဆိုရှယ် မီဒီယာကနေပြီး ကုလသမဂ္ဂရဲ့ COP 25 ရာသီဥတုပြောင်းလဲမှု ကမ္ဘာ့ထိပ်သီးညီလာခံကိုတက်ခွင့်ရရေးအတွက် ပန်ကြားခဲ့ပြီးတဲ့နောက် အခုလိုဒီကာပရီယိုနဲ့ တွေ့ဆုံခဲ့တာဖြစ်တယ်။ ဒီကာပရီယိုဟာ ၂၀၁၆ ခုနှစ် အော်စကာဆုကိုလက်ခံရယူပြီး စကားပြောတုန်းက ရာသီဥတုပြောင်း လဲမှုဆိုင်ရာပြဿနာတွေမှာ အချိန်ဆွဲပြီး အီးရောအီးရောလုပ်နေကြတဲ့ အမေရိကန် လွှတ်တော်အမတ်တွေကို အချိန်ဆွဲနေတာတွေရပ်ပစ်ဖို့ တောင်းဆိုခဲ့ဖူးတယ်။ ဒါပေမဲ့လည်း ဒီကာပရီယိုကို သူ့ကိုယ်ပိုင်ဂျက် လေယာဉ်အသုံးပြုတဲ့ကိစ္စ ဝေဖန်ခဲ့ကြတယ်။ ဆိုနီစတူဒီယိုကထွက်လာတဲ့ သတင်းအရဆိုရင် ၂၀၁၄ ခုနှစ်အတွင်းမှာ ဒီကာပရီယိုဟာ သီတင်းပတ် ၆ ပတ်အတွင်း ကိုယ်ပိုင်လေယာဉ်ပျံသန်းမှု ၆ ကြိမ်ပြုလုပ်မတည်ခဲ့တယ်။

ဂရီတာရဲ့ ရာသီဥတုပြောင်းလဲမှု ပြဿနာမှ တက်ကြွလှုပ်ရှားမှုလုပ်နေတာကို အချို့သောအသိုင်းအဝိုင်းက ဒေါသတကြီး တုံ့ပြန်ခဲ့တာရှိပါတယ်။ စက်တင်ဘာလက ကုလသမဂ္ဂထိပ်သီးညီလာခံမှာလည်း ဆယ်ကျော်သက်လေးဂရီတာဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ မျက်မာန်တော်ရှမှုခံခဲ့ရတယ်။ ထိပ်သီးညီလာခံလုပ်နေစဉ်က သူမဟာ ကမ္ဘာ့ခေါင်းဆောင်တွေထဲ တိုးဝင်သွားပြီး "ရှင်တို့ ကျွန်မရဲ့အိပ်မက်တွေနဲ့ ကျွန်မရဲ့ကလေးဘဝကို ရှင်တို့ရဲ့အနှစ်မရှိတဲ့ စကားတွေနဲ့ အလကားဖြစ်အောင်လုပ်နေကြတယ်"လို့ စွပ်စွဲပြောဆိုခဲ့ပါတယ်။

ပြီးခဲ့တဲ့သီတင်းပတ်က ဂရီတာကို သဘာဝပတ်ဝန်းကျင်ဆုအဖြစ် ပေါင်စတာလင် ၄၀၀၀၀ ဆုချခဲ့တာကို ဂရီတာက လက်မခံဘဲငြင်းဆိုခဲ့တယ်။ သူ့ရဲ့ရာသီဥတုပြောင်းလဲမှုပြဿနာ တက်ကြွလှုပ်ရှားမှုဟာ ဘာဆုကိုမှယူချင်လို့ မဟုတ်ဘူး။ မလိုအပ်ဘူး။ ဒါပေမဲ့ နိုင်ငံရေးသမားတွေအနေနဲ့ တက်ကြွလှုပ်ရှားသူတွေရဲ့အသံကို နားထောင်ဖို့ပဲလိုတယ်လို့ ပြောခဲ့တယ်။

ဂရီတာနဲ့ ရာသီဥတုပြောင်းလဲမှု ပြဿနာတိုက်ပွဲဝင်တာဟာ ၂၀၁၈ ခုနှစ်ကစခဲ့တယ်။ သူမဟာ တပတ်တကြိမ် ကျောင်းကာလစ်ပြီး ဆွီဒင်ပါလီမန်လွှတ်တော်အဆောက်အဦအပြင်ဘက်မှာ တကိုယ်တော်ဆန္ဒပြပွဲလုပ်ခဲ့ပါတယ်။

**တေဇာဝင်း – Ref: ET**



## အပြစ်ကင်းတဲ့ သက်သေနဲ့အတူ ဖြတ်သန်းခဲ့တဲ့ ဂျွန်ဝူးဆန်နှင့် ကင်ဟွမ်ဂီး




မင်းသားဂျွန်ဝူးဆန်ဟာ မြင့်မားတဲ့ အရပ်အမောင်းနဲ့အတူ သူ့ရဲ့မထိမ့်မြင်အပြုံးတွေက လူကြိုက်များရတဲ့အကြောင်းရင်းတခု ဖြစ်ပါတယ်။ ၇၀ ပြည့်နှစ်ဖွားမင်းသားတဦးဖြစ်ပေမဲ့ အခုထက်ထိ လူကြိုက်များနေဆဲပါ။ ဒါပေမဲ့ ဇာတ်လမ်းတွဲတွေနဲ့တော့ ကင်းကွာသူတဦးဖြစ်ပါတယ်။ ရုပ်ရှင်ပိတ်ကားထက်မှာပဲမြင်ရတဲ့ သူ့ပုံရိပ်တွေကြောင့် သူ့ဇာတ်ကားသစ်တွေနဲ့ပတ်သက်လို့လူတွေက စိတ်ဝင်စားကြပါတယ်။ Innocent Witness လို့ အမည်ပေးထားတဲ့ ဇာတ်ကားမှာတော့ ဂျွန်ဝူးဆန်ဟာ အလွန်တော်တဲ့ ရှေ့နေတယောက်အဖြစ် ပါဝင်သရုပ်ဆောင်ထားပါတယ်။

သူနဲ့အတူ တွဲဖက်သရုပ်ဆောင်ထားတဲ့ မင်းသမီးလေးက ကင်ဟွမ်ဂီးပါ။ ကင်ဟွမ်ဂီးဆိုတာက 'Along with the God' ဇာတ်ကားနဲ့ အောင်မြင်လာခဲ့တဲ့ ဆယ်ကျော်သက်သရုပ်ဆောင်မင်းသမီးလေးတဦးဖြစ်ပါတယ်။ ကင်ဟွမ်ဂီးကလေးတုန်းက မင်းသားဂျွန်ဝူးဆန်နဲ့ ကြော်ငြာတခုမှာ အတူသရုပ်ဆောင်ခဲ့ဖူးပါတယ်။ ဇာတ်ကားထဲမှာ ကင်ဟွမ်ဂီးဟာ မှတ်ဉာဏ်အလွန်ကောင်းပြီး နားအလွန်ပါးတဲ့ အထက်တန်းကျောင်းသူတဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားတယ်။ ဒါပေမဲ့ အဲဒီဇာတ်ကောင်က လူတွေနဲ့ အံဝင်တကျနေထိုင်လို့မရတဲ့ အော်တစ်ဇင်တဦးလည်း ဖြစ်နေပါတယ်။

**စာ(၂၃)သို့**

# ဆာရာဆောင်းဦးက အနုပညာလောကအတွက် အကျိုးရှိတဲ့သူ ဖြစ်ချင်တယ်

မကြာခင်က ရုံတင်ပြသခဲ့တဲ့ 'နိုင်ငံကြီးသား' ရုပ်ရှင်ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားသူ ရဝမ်လူမျိုးသရုပ်ဆောင် ဆာရာဆောင်းဦးက အနုပညာလောကအတွက် အကျိုးရှိတဲ့သူ၊ အကျိုးပြုနိုင်တဲ့သူ ဖြစ်ချင်တယ်လို့ ပြောပါတယ်။

"ဆောင်းဆောင်းက အနုပညာ သက်တမ်းနဲ့ ပြောမယ်ဆိုရင်တော့ အများကြီး မရှိသေးပါဘူး။ ဒါပေမဲ့ ဒါရိုက်တာတွေ၊ ထုတ်လုပ်ရေးတွေက ရုပ်ရှင်ကားကြီးတွေအတွက် ကမ်းလှမ်းလာတာတွေရှိပါတယ်။အဲလိုကမ်းလှမ်းလာရင်လည်း ကိုယ့်အတွက် တခန်းပဲပါပါ၊ နှစ်ခန်းပဲပါပါ အတွေ့အကြုံရအောင်တော့ ရိုက်ဖြစ်ပါတယ်။ 'နိုင်ငံကြီးသား' မှာဆိုလည်း ဆောင်းဆောင်းရဲ့ scene က အရမ်းနည်းတယ်။ ဒါပေမဲ့လည်း ကိုယ်ပါရတဲ့ scene တွေကို သေသေချာချာနဲ့ ကြိုးစားလုပ်ဖြစ်တော့ ပရိသတ်က သတိထားမိကြတယ်။scene နည်းပေမဲ့ ကိုယ့်ကို ပရိသတ်သတိထားမိလာတော့ သူတို့ဘက်လည်း ဆောင်းဆောင်းအတွက် အခန်းကောင်းကောင်း လုပ်ပေးလာကြတယ်။ ဒါကလည်း မေတ္တာကြောင့်ဖြစ်လာတာလို့ ပြောလို့ရပါတယ်"လို့ ဆိုပါတယ်။

ကချင်ပြည်နယ်ကနေ အနုပညာအလုပ်တွေ လုပ်ဖို့ တယောက်ထဲရောက်လာရလို့ အလုပ်နဲ့ပတ်သက်ပြီး ဝေဖန်တိုက်ခိုက်မှုတွေရှိပေမဲ့ ရှိုင်းရှိုင်းစိုင်းစိုင်းမတုံ့ပြန်ဘဲ ကိုးကွယ်ရာဘုရားကိုပဲ ငိုပြီးတိုင်တည်ဖြစ်တယ်လို့လည်း ပြောပါတယ်။

"တိုက်ခိုက်ဝေဖန်မှုတွေရှိရင် မိုက်မိုက်ရိုင်းရိုင်းတော့ ပြန်တုံ့ပြန်လေ့မရှိပါဘူး။ ခံနိုင်ရည်မရှိလို့ ခံစားရတဲ့အချိန်မှာ တယောက်တည်း အခန်းထဲမှာ ကျိတ်ငိုလိုက်တယ်။ ငိုပြီးတာနဲ့ ကိုယ်ကိုးကွယ်ရာ၊ ယုံကြည်ရာဘုရားကို ရှိခိုးပြီးဆုတောင်းတယ်။ စိတ်ဖြေပြီးတာနဲ့ စားစရာရှိတာစားတယ်။ နောက်ပိုင်းကျတော့လည်း နေတတ်သွားတယ်"လို့ ဖွင့်ဟပြောဆိုပါတယ်။

အနုပညာအလုပ်ကို တကယ်လုပ်ချင်လို့ စလုပ်ခဲ့ပြီးပြီ။ အဆုံးထိ ဆက်လုပ်သွားမယ်လို့လည်း သူမရဲ့အနုပညာနဲ့ပတ်သက်တဲ့ သူမရဲ့ခံယူချက်ကို ပြောပြပါ တယ်။

"ဆောင်းဆောင်းအနေနဲ့ အနုပညာ အပေါ်မှာ သဘောထားကြီးကြီးထားပြီး ဒီလောကအတွက် အကျိုးရှိတဲ့သူဖြစ်အောင် ကြိုးစားသွားပါ့မယ်"လို့ ပြောပါတယ်။

**အဖြူရောင်**

www.free4readers.com



# တိုယိုတာစက်ရုံတည်ဆောက်မှုနှင့်အတူ မြန်မာ့ကားဈေးကွက် လှုပ်လှုပ်ခတ်ခတ်ဖြစ်လာ



တိုယိုတာကားကုမ္ပဏီ (Toyota Motor) က မြန်မာနိုင်ငံတွင် တပ်ဆင်ထုတ်လုပ်မှုစက်ရုံတည်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁ ရက်နေ့ကပြုလုပ်ခဲ့ခြင်းနှင့်အတူ ပြည်ပကားကုမ္ပဏီများ၏ ပြိုင်ဆိုင်မှုပိုမိုသွက်လက်လှုပ်ခတ်လာသည်။

မြန်မာနိုင်ငံ၏ တပတ်ရစ်ကားဈေးကွက်တွင် ထိပ်တန်းမှနေရာယူထားသည့်တိုယိုတာသည် အရှေ့တောင်အာရှ၏နောက်ဆုံးလက်ကျန် စီးပွားရေးနယ်ပယ်သစ်ဖြစ်သည့် မြန်မာနိုင်ငံဈေးကွက်သို့ဝင်ရောက်လာသည့် ဆဋ္ဌမမြောက်ကားကုမ္ပဏီဖြစ်သည်။

အဆိုပါစက်ရုံကို ရန်ကုန်မြို့နှင့်နီးကပ်စွာတည်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန်တွင် တည်ဆောက်မည်ဖြစ်ပြီး ထို့အတွက် ဒေါ်လာ ၅၂ သန်းကျော်ကို ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

စက်ရုံကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်လည်ပတ်ရန်လျာထားပြီး Hilux ကားများကို စတင်ထုတ်လုပ်သွားမည်ဖြစ်သည်။

"ဒီစက်ရုံကနေပြီး အရည်အသွေးမြင့် မော်တော်ကားများကို သတ်မှတ်ချိန်အတိုင်း ထုတ်လုပ်သွားမှာဖြစ်ပါတယ်" ဟု တိုယိုတာ၏ တရုတ်နှင့်အာရှဆိုင်ရာလုပ်ငန်းလည်ပတ်မှုဌာန၏ လက်ထောက်အကြီးအကဲ Susumu Matsuda က ၎င်းအခမ်းအနားတွင် ပြောသည်။

လက်ရှိပြည်တွင်း ကားအသစ်ဈေးကွက်တွင် အောင်မြင်မှုရရှိနေသည့် Suzuki ကုမ္ပဏီ၊ Kia နှင့် မိတ်ဖက်ပြုလုပ်ထားသော Hyundai မော်တော်ကားကုမ္ပဏီတို့သည် ၂၀၁၃ ခုနှစ်ကဝင်ရောက်လာခဲ့သည်။ ထို့နောက် Nissan နှင့် Ford ကုမ္ပဏီများ ထပ်မံဝင်ရောက်လာခဲ့သည်။

တိုယိုတာကုမ္ပဏီအနေဖြင့် လူဦးရေ သန်း ၅၀ ကျော်ရှိသော မြန်မာနိုင်ငံသို့ ဝင်ရောက်လာခြင်းဖြင့် ၎င်း၏အရှေ့တောင်အာရှ ကားထုတ်လုပ်မှုမြေပုံတွင် လစ်လပ်နေသောနေရာတခုအား ကွက်လပ်ဖြည့်လိုက်ခြင်းဖြစ်သည်။

အစိုးရအနေဖြင့် ပြည်ပမှကားတင်သွင်းခြင်းကို တင်းကျပ်လိုက်သည့်နောက်ပိုင်း တိုယိုတာကုမ္ပဏီ မြန်မာနိုင်ငံတွင် စက်ရုံတည်ဆောက်မည်ဆိုသည့် သတင်းပြီးခဲ့သည့်မေလက စတင်ထွက်ပေါ်ခဲ့သည်။ ထို့မတိုင်မီက မြန်မာပြည်ဈေးကွက်တွင် ကားအသစ်ဝယ်လိုအား မရှိလှသဖြင့် စက်ရုံတည်ဆောက်ရန် အစီအစဉ်မရှိဟု တိုယိုတာကပြောခဲ့သည်။

၂၀၁၁ ခုနှစ် မြန်မာ့နိုင်ငံရေးအသွင်ကူးပြောင်းမှုနှင့်အတူ ပြည်ပမှအထူးသဖြင့် ဂျပန်မှကားတင်သွင်းမှုအထူးမြင့်တက်ခဲ့သည်။

ယခုအခါ ပြည်ပကားတင်သွင်းမှုအပေါ် အခွန်အခနှင့် အခြားစည်းကမ်းသတ်မှတ်ချက်များချမှတ်ထားပြီး ပြည်တွင်းထုတ်ကားများအပေါ် ကင်းလွတ်ခွင့်များပေးထားသည်။ ဂျပန်တွင်အသုံးများသည့် ညာမောင်းကားများ တင်သွင်းခွင့်ကိုလည်း တင်သွင်းခွင့်ပိတ်ထားရာ ပြည်ပကားတင်သွင်းမှုမှာ ထက်ဝက်ခန့်ကျဆင်းသွားခဲ့သည်။

တချိန်တည်းတွင် ပြည်တွင်းထုတ်ကားအသစ်ရောင်းအား ၂ ဆမြင့်တက်လာခဲ့ပြီး ၂၀၁၈ ခုနှစ်အတွင်း စီးရေ ၁၇၅၀၀ ရောင်းထွက်ခဲ့သည်။ သို့သော် ၎င်းပမာဏမှာ ထိုင်းနိုင်ငံ၏ ရောင်းအားစီးရေ ၁ သန်း၊ ဗီယက်နမ်နိုင်ငံ၏ရောင်းအားစီးရေ ၂ သိန်း ၈ သောင်းနှင့်ယှဉ်လျှင် လွန်စွာနည်းပါးနေသေးသည်။ သို့သော် တိုယိုတာအကြီးအကဲ Matsuda က မြန်မာနိုင်ငံ၏ အနာဂတ်ကားဈေးကွက်အပေါ် အကောင်းမြင်လျက်ရှိသည်။

"လက်ရှိ မြန်မာ့ကားဈေးကွက်က လွန်ခဲ့တဲ့ ၁၀ နှစ်က ဗီယက်နမ်လိုပါပဲ။ မကြာခင်မှာ ပြည်တွင်းကားထုတ်လုပ်မှုက ဗီယက်နမ်လိုပဲ ပြောင်းလဲလာပါလိမ့်မယ်" ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံသည် ပြည်ပကားတင်ပို့မှု၏ ဗဟိုချက်မဖြစ်လာမည့် အလားအလာရှိနေသည်။ နှစ်စဉ်မော်တော်ကားစီးရေ ၁ သန်းခန့် ဖြန့်ဖြူးလျက်ရှိသော မော်တော်ကားတင်ပို့မှုလမ်းကြောင်း၌ အဓိကချိတ်ဆက်မှုဖြစ်သည့် ထိုင်းနိုင်ငံနှင့် ကပ်လျက်တည်ရှိနေသည်။

ဗီယက်နမ်နှင့် မြန်မာကိုချိတ်ဆက်မည့် အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းတလျှောက် လမ်းပန်းဆက်သွယ်ရေးအခြေအနေများ တိုးတက်ကောင်းမွန်လာခြင်းကြောင့် ရန်ကုန်မှဘန်ကောက်သို့ ကုန်စည်များကိုကုန်လမ်းခရီးဖြင့် တရက်အတွင်း ပို့ဆောင်နိုင်မည်ဖြစ်သည်။

သီလဝါစက်မှုဇုန်ရှိ တိုယိုတာကားတပ်ဆင်ထုတ်လုပ်မှုစက်ရုံအတွက် လိုအပ်သောကားအစိတ်အပိုင်းများကို ထိုင်းနိုင်ငံရှိစက်ရုံမှ တင်သွင်းယူလာမည်ဖြစ်သည်။

**ဝီရ** *Ref; Nikkei Asia*

# YBS ယာဉ်ကုမ္ပဏီများ အရှုံးပေါ်နေခြင်းမရှိဟု YRTA ဆို

ရန်ကုန်တိုင်းဒေသကြီးအတွင်း သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုပေးနေသည့် YBS ယာဉ်လိုင်းကုမ္ပဏီများ အရှုံးပေါ်နေသည်ဟုဆိုခြင်းမှာ မဟုတ်မှန်ဘဲ ကုမ္ပဏီလုပ်ငန်းသဘောသဘာဝကို နားမလည်၍ ပြောဆိုနေကြခြင်းသာဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) မှ သိရသည်။

"ကျွန်တော်တို့ရဲ့ ဒီသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ရှုံးတယ်လို့ဘယ်အချိန်မှာပြောရမလဲ၊ အဲဒါအရေးကြီးပါတယ်။ အခု ကျွန်တော်တို့ လည်ပတ်နိုင်လို့ ကားအားလုံးကို ပြေးဆွဲနေတာ။ တကယ်လို့ရှုံးရင် အကုန်ရပ်သွားမှာ ဒါကို နည်းနည်းလေး လုပ်ငန်းသဘော သဘာဝနဲ့ ဆက်စပ်ပြီး နားလည်ပေးစေချင်ပါတယ်။ နေ့စဉ် ဒီကားတွေကို ပြေးဆွဲဖို့၊ နေ့စဉ် စီမံခန့်ခွဲမှု သူ့ဟာသူလည်ပတ်နေတာ။ ဒီအပြင် စာရင်းချုပ်လိုက်တဲ့အခါမှာ ကျပ်သိန်း ၂၀၀၀ လိုတယ်။ သူက ကျပ်သိန်း ၁၀၀၀ ပဲ ဒီလပိုနေရင် ၁၀၀၀ ရှုံးတယ်လို့ သူတို့ပြောကြမှာ။ တကယ်တော့ ဒီရှုံးတဲ့ ပိုက်ဆံကဘယ်မှာလဲ ဒီကားတွေမှာပဲ ရှိတယ်။ အဲဒါက ၅ နှစ်မှာ ဒီကားတန်ဖိုးက ကျေသွားပြီ။ ဇီးရိုးဖြစ်ပြီသွားရောင်းတဲ့အခါ သိန်းဘယ်လောက်ရမလဲ အဲဒီပိုက်ဆံကို ဘယ်လိုသွားတွက်မလဲ။ အဲဒီအချိန်မှာ စကားပြောပါလိမ့်မယ်"ဟု YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

ယင်းသို့ YBS ကုမ္ပဏီများအရှုံးပေါ်ခြင်းမရှိဟု ပြောဆိုရခြင်းမှာ ရန်ကုန်မြို့ပြအများပြည်သူ သယ်ယူပို့ဆောင်ရေးအများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် (YUPT) ကုမ္ပဏီ၏ ပြဿနာကို နမူနာယူပြောဆိုခြင်းဖြစ်ပြီး ယင်းကုမ္ပဏီ အရှုံးပေါ်နေသည်ဆိုပါက ယာဉ်သစ် ၂၀၀ နှင့် သိန်းတသောင်းခွဲကုန်ကျသည့် ယာဉ်ပြင်စက်ရုံကြီးကို ထပ်မံတည်ဆောက်နိုင်မည်မဟုတ်ကြောင်း ဦးလှအောင်က ဆက်လက်ပြောသည်။

"ကျွန်တော်တို့မှာ ရင်းနှီးမြှုပ်နှံမှု ၃ မျိုးရှိပါတယ်။ နံပါတ် ၁ က ကားတွေဝယ်တယ်။ အဆောက်အဦတွေ ဆောက်တယ်။ ဒီနေရာမှာပြန်ကြည့်ရင် ပထမဆုံးတချက်မှာတောင် နှစ်မျိုးတွေ့လိမ့်မယ်။ ကားတွေဆိုရင် အရင်းကျေကာလ ၂၀ ရာခိုင်နှုန်းနဲ့ဆိုရင် ၅ နှစ်၊ အရင်းကျေကာလသတ်မှတ်မယ်ဆိုရင် ဒီကားတန်ဖိုးတနှစ်ကို ၂၀ ရာခိုင်နှုန်းလျော့လျော့သွားမယ့်သဘောလို့ စာရင်းအရမှတ်ယူပါ"ဟု ၎င်းကပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရန်ကုန်ဘတ်စကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (YBPC) ကုမ္ပဏီအမည်ဖြင့် တရုတ်နိုင်ငံထုတ် ဘတ်စကားအသစ် အစီး ၁၀၀၀ ကို အစိုးရအချင်းချင်းညှိနှိုင်းကာ တစီးလျှင် ကျပ် ၇၇ ဒသမ ၀၀၀ သန်းဖြင့် ဝယ်ယူခဲ့ရာ ထည့်ဝင် ငွေကျပ် ၇၀ ဘီလီယံဖြင့် မလုံလောက်၍ တိုင်းအစိုးရက ရောဝတီဘဏ်မှ ကျပ် ၈ ဘီလီယံချေးကာ ဝယ်ယူခဲ့သည်။

ထိုကားအစီး ၁၀၀၀ ကို YBPC နှင့် YUPT ကုမ္ပဏီတို့မှ အစီး ၅၀၀ စီ ခွဲဝေရယူ၍ ကားအသစ်ဝယ်ယူခဲ့သည့် ကျပ် ၇၀ ဘီလီယံနှင့် ချေးယူခဲ့သည့် ကျပ် ၈ ဘီလီယံ စုစုပေါင်း ၇၈ ဘီလီယံကို အဆိုပါကုမ္ပဏီနှစ်ခုမှ ခွဲဝေတာဝန်ယူပေးဆပ်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရထည့်ဝင်ငွေဖြင့် ဆောင်ရွက်သော YBPC နှင့် YUPT ကုမ္ပဏီ ၂ ခုတို့၏ လုပ်ငန်းဆောင်ရွက်ချက်များသည် အများပြည်သူသွားလာမှု အဆင်ပြေစေရေးအတွက် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသောကြောင့် ယာဉ်အသစ်များအရင်းမကျေမီကာလအတွင်း ရင်းနှီးမြှုပ်နှံမှုအကျိုးအမြတ်ရရှိမှု နည်းပါးနိုင်သေးကြောင်း YRTA မှ သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် YBPC က ငွေကျပ် ၂၉၃၈ ဒသမ ၉၃၉ သန်း၊ YUPT က ငွေကျပ် ၆၀၃ ဒသမ ၀၇၉ သန်းအရှုံးပေါ်ကြောင်း အဆိုပါကုမ္ပဏီနှစ်ခု၏ စာရင်းစစ်အစီရင်ခံစာများတွင် ဖော်ပြထားသည်။ **ကျော်သူ**

# Eastern Myanmar Hotel ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ




ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၃)၊ မင်းကြီးမဟာမင်းခေါင်လမ်းရှိ Eastern Myanmar ဟိုတယ်တွင် ဟိုတယ်မိသားစုက ဘုရားအမှူးပြုသော သံဃာတော်အရှင်သူမြတ်အပါး ၁၈၀ တို့အား ပထမအကြိမ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ကျင်းပခဲ့သည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ညနေ ၃ နာရီတွင် စတင်ကျင်းပခဲ့ပြီး သင်္ကန်း၊ ဒါတဗ္ဗဝတ္ထု၊ အလှူတော်ငွေများပါ ဆက်ကပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

## စာ-၂၁ (အပြစ်ကင်းတဲ့ သက်သေနဲ့အတူ ဖြတ်သန်းခဲ့တဲ့ ဂျွန်ဝူးဆန်နှင့် ကင်ဟွမ်ဂီး) မှအဆက်

ဒီဇာတ်ကားနဲ့ပတ်သက်လို့ "ကျွန်တော် ဒါရိုက်တာကို ယုံကြည်ခဲ့တယ်။ ကျွန်တော့်ကို ဇာတ်ကောင်နဲ့ ထပ်တူကျမယ်ဆိုတာကိုလေ။ ကျွန်တော့်ဇာတ်ကောင်က ဂျီဝူး (ကင်ဟွမ်ဂီးဇာတ်ကောင်)ကို ဘယ်တော့မှ မလွှမ်းမိုးနိုင်ခဲ့ဘူး။ ကျွန်တော့်ဇာတ်ကောင်နဲ့ ဂျီးဝူး ဘယ်လိုဆက်သွယ်ရမလဲဆိုတာကို တသမတ်တည်းဆိုတဲ့လမ်းကြောင်းနဲ့ မဖော်ပြခဲ့ဘူး။ ဂျီဝူးဆီမှာပဲ စိတ်ကိုနှစ်ထားတယ်။ သူ့ခံစားမှုရဲ့ ပုံရိပ်တွေအတိုင်း ကျွန်တော် ဘယ်လိုခံစားရသလဲပေါ့။ ဂျီဝူးရဲ့ သက်ရောက်မှုတွေကြောင့် ကျွန်တော့်ဇာတ်ကောင်ဆီမှာလည်း ဖြူစင်တဲ့တုံ့ပြန်မှုတွေရှိလာမယ်လို့ ကျွန်တော်တွေးခဲ့တယ်။ ကျွန်တော့်ဇာတ်ကောင်ဆီမှာ သက်လတ်ပိုင်းအရွယ် အမျိုးသားတွေရဲ့ဖိအားတွေ ရှိနေခဲ့တယ်။ ချမ်းသာခြင်းနဲ့ လှည့်ဖြားခြင်းတွေကြားမှာ တွေဝေနေခဲ့တယ်။ ဒါက အန္တရာယ်များတယ်။ အဲဒီတွေဝေမှုတွေကြားမှာ ရုန်းကန်နေရတယ်။ ဒါက ဇာတ်ကောင် သီးသန့်တော့မဟုတ်ဘူး။ ကြည့်ရှုနေတဲ့ ပရိသတ်တွေ ကိုယ်တိုင်လည်း အဲဒီလိုခံစားရမှာပဲ။ ကျွန်တော် ဒီဇာတ်ကားကိုရိုက်ကူးတော့ ဖိအားတွေရှိခဲ့တယ်။ ဒီလို လူ့ပတ်ဝန်းကျင်နဲ့ သဟဇာတမဖြစ်တဲ့သူတွေအကြောင်းကို ပုံဖော်ထားတော့လေ။ သူတို့အကြောင်းကို အဓိကထားတာမဟုတ်ပေမဲ့ သူတို့ကိုဘယ်လိုဆက်ဆံရမလဲဆိုတာကို ပုံဖော်ထားတာ။ သူတို့အပေါ်မှာ လေးစားမှုရှိရမယ်ဆိုတာတွေကိုပေါ့"လို့ မင်းသားဂျွန်ဝူးဆန်က ပြောပါတယ်။

ကင်ဟွမ်ဂီးကလည်း "သူတို့အကြောင်းကို ဖတ်လိုက်ရတော့ အတော်လေး နှလုံးထိခိုက်ရပါတယ်။ သူတို့တွေ သူတို့ဘဝကို သူတို့သိသလောက် အသိဉာဏ်လေးနဲ့ ဖြေရှင်းနေကြရတာတွေကိုပေါ့"လို့ သူမ ခံစားချက်တွေကို ပြောပြပါတယ်၊ **သက်-(ref: heraldcrop .com)**



www.free4readers.com



## နောက်ဖုံး (မိုးလေဝသသူရဲကောင်း ဒေါက်တာဦးထွန်းလွင်) မှအဆက်

ဖတ်ပြနေသဖြင့် အချိန်အတော်ပင်ကြာသည်။ နောက်ဆုံးတွင် ဘာသာရပ်အားလုံးကို ဖတ်မပြတော့ဘဲ ကျန်ဘာသာသာရပ်များကိုလည်း ဂုဏ်ထူးရရှိပါသည်ဟု ဖတ်ကြားသူက နိဂုံးချုပ်လိုက်ရသည်။ အလုပ်တဖက်ဖြင့် ညကျောင်းတက်ရသော ကျောင်းသားတဦးအနေဖြင့် ထိုမျှများပြားသော ဘာသာရပ်များကို ဂုဏ်ထူးရသဖြင့် တက်ရောက်လာသော ဘွဲ့ယူကျောင်းသားနှင့် မိဘဆွေမျိုးများက တအံ့တသြဖြစ်ကြ၏။ မတ်တတ်ရပ်ကာ မကြုံစဖူး လက်ခုပ်သြဘာပေးကာ ချီးမြှင့်ကြသည်။ ပရိသတ်ထဲတွင် မိခင်ဖြစ်သူလည်းပါသည်။

ထူးချွန်စွာအောင်မြင်သူဦးထွန်းလွင်ကို မန္တလေးတက္ကသိုလ်က နည်းပြရာထူးတွင် ခန့်ထားလိုကြောင်း ကမ်းလှမ်းလာသည်။ သူ ဝေခွဲရခက်သွားသည်။လက်ရှိ မိုးလေဝသတွင်လုပ်နေသော တိုင်းတာရေးမှူးကလေးရာထူးထက် နှစ်ဆင့်မြင့်သောရာထူးဖြစ်သည်။

"ဒီနေရာဟာ ကျွန်တော့်ဘဝရဲ့ အလှည့်အပြောင်းကို ဖြစ်စေမယ့်နေရာပဲ။ သူတို့ကမ်းလှမ်းလာတဲ့ ရာထူးဟာ ကျွန်တော်မိုးလေဝသမှာ တာဝန်ထမ်းနေတဲ့ ရာထူးထက် နှစ်ဆင့်မြင့်တယ်။ လစာလည်းပိုတယ်။ ဒါပေမဲ့ ကျွန်တော်စဉ်းစားမိတာက ငါဆင်းရဲတုန်းက၊ ငါမရှိတုန်းက ငါ့ကိုကျွေးထားတာ မိုးလေဝသဌာနပဲ။ ငါသာယာစီးတော့ မလုပ်ဘူးဆိုပြီး မိုးလေဝသမှာပဲ ဆက်နေလိုက်တာ"ဟု ဦးထွန်းလွင်က ပြောပြသည်။

"ကျွန်တော့်ကို မန္တလေးတက္ကသိုလ်က နည်းပြရာထူးကမ်းလှမ်းတာ ၁၉၇၀–၇၁ နှစ်လောက်မှာ။ အဲဒီမှာ ကျွန်တော့်ဆရာဖြစ်တဲ့ဦးလှက"မင်းသွားမယ်ဆိုရင် သွားနိုင်တယ်။ မင်းကိုဥပဒေနဲ့ တားလို့မရဘူး၊ မေတ္တာနဲ့ပဲ တားနိုင်တယ်"လို့ ပြောတယ်။"

"မိုးလေဝသမှာဆက်လုပ်ဖြစ်ဖို့ လမ်းညွှန်ပေးတဲ့ စာအုပ်တအုပ်က Weather and Climate ဆိုတဲ့ စာအုပ်ပါပဲ။ RC Sutcliff ရေးတဲ့စာအုပ်။ အဲဒီ စာအုပ်ရဲ့နိဒါန်းပါ စာကြောင်းတကြောင်းမှာ ဘာရေးထားသလဲဆိုတော့ တက္ကသိုလ်ကထွက်လာတဲ့ ထူးချွန်တဲ့သူတွေကို ဆွဲဆောင်မှုပိုကောင်းတဲ့ အခြားအလုပ်တွေက ခေါ်သွားတဲ့အတွက် မိုးလေဝသအလုပ်မှာ ထူးချွန်တဲ့လူတွေကိုရဖို့ ခက်ခဲလာတယ်လို့ ဆိုထားပါတယ်။ ကျွန်တော့်ကိုယ်ကျွန်တော်ကတော့ ထူးချွန်တဲ့ကျောင်းသားပေါ့ဗျာ။ မာနက ကြီးတယ်။ ငါငတ်နေတုန်းက ကျွေးတဲ့ဌာနဟာ မိုးလေဝသပဲ။ မိုးလေဝသမှာလည်း ထူးချွန်တဲ့လူတွေလိုနေတယ်ဆိုပြီး မိုးလေဝသကိုပဲ ရွေးခဲ့တာ" ဦးထွန်းလွင်က ပြောပြသည်။

၁၉၇၃ ခုနှစ် အသက် ၂၅ နှစ်တွင် အမေရိကန်သို့ ပညာသင်သွားရန် ရွေးချယ်ခံရသည်။ ယင်းတက္ကသိုလ်မှပေးမည့်ဘွဲ့မှာ မိုးလေဝသသိပ္ပံဘွဲ့ (Bachelor of Science) ဖြစ်သည်။ ဦးထွန်းလွင်က သိပ္ပံဘွဲ့ ရပြီးသူဖြစ်နေသဖြင့် အခြားဘွဲ့မရသေးသူ တဦးဦးကို စေလွှတ်ရန် တက္ကသိုလ်က ပြောသော်လည်း သူ့ကိုပင် ဌာနကစေလွှတ်ခဲ့သည်။

မိယာမိတက္ကသိုလ်တွင် အင်္ဂလိပ်စာမွမ်းမံသင်တန်းကို တက္ကသိုလ်မတက်မီ တက်ရသည်။ အင်္ဂလိပ်စာသင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်သည်။ သင်တန်းဆင်းအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးရသည်။ အမေရိကန်ကဲ့သို့ နိုင်ငံမျိုးတွင် အင်္ဂလိပ်စာကို ဂုဏ်ထူးဖြင့် အောင်မြင်သည့်အတွက် စိတ်အား တက်ကြွလာသည်။ သူ့ကိုယ်သူလည်း ဂုဏ်ယူသည်။ သိပ္ပံဘွဲ့ရရန် လေးနှစ်တက်ရမည်ဖြစ်သော်လည်း တနှစ်ခွဲနှင့် ပြီးဆုံးအောင်မြင်ခဲ့သည်။ အမေရိကန်မှ ဘွဲ့ရပြီးပြန်လာသည့်နှစ်မှာ ၁၉၇၆ ခုနှစ်ဖြစ်သည်။ ထိုအချိန်အထိ သူ၏ရာထူးမှာ အထက်တန်းစာရေးအဆင့်သာ ရှိသေးသည်။

မန္တလေးတွင် ထိုစဉ်က နိုင်ငံခြားပြန်ကျူရှင်ဆရာဟူ၍ သူတယောက်တည်းသာရှိသည်။ အမေရိကန်ပြန် ကျူရှင်ဆရာဦးထွန်းလွင်သည် ဝယ်လာသော ကော်ရိုလာကားလေးဖြင့် တစီစီဖြစ်နေသည်ကို မရှုစိမ့်သူများ၊ မုဒိတာမပွားနိုင်သူများကြောင့် သူ၏ ကျူရှင်သည် ပြဿနာနှင့်ရင်ဆိုင်ရသည်။ ဘာမှန်းမသိသော အမှုဖြင့် ကျူရှင်ချိပ်ပိတ်ခံရသည်။ ချိပ်ပိတ်ပြီးနောက် မည်သည့်စစ်ဆေးမှုမှ မလုပ်။ နောက်ဆုံး ချိပ်သာ အလိုလိုကွာသွားသည်။ ဘာကြောင့် ချိပ်ပိတ်ခံရသည်ကို ယနေ့အထိ မသိရ။

၁၉၇၇ တွင် ရန်ကုန်သို့ပြောင်းလာသည်။ ရန်ကုန်ရောက်ပြီး အတော်ကြာသည့်အခါတွင် မိုးဇလလက်ထောက် ရာထူးကိုရသည်။ လစာရင်း ၂၀၀ စကေးရာထူးဖြစ်သည်။ နိုင်ငံခြားခရီးစဉ်လေးများလည်း ကြုံကြားကြုံကြားသွားရသည်။

၁၉၈၇ ခုနှစ် မဟာသိပ္ပံဘွဲ့တက်ရန် စာမေးပွဲဖြေရသည်။ စာမေးပွဲအောင်သဖြင့် အမေရိကန်သို့ သွားရသည်။ ယခင်တက်ခဲ့သော ဖလော်ရီဒါစတိတ်တက္ကသိုလ်တွင်ပင်ဖြစ်သည်။ ဆရာဟောင်းများနှင့်ပြန်တွေ့ရသည်။ အမေရိကန်တွင် ထိပ်တန်းမိုးလေဝသတက္ကသိုလ်နှစ်ကျောင်းရှိသည်။ တကျောင်းမှာ ကာလီဖိုးနီးယားတက္ကသိုလ် (သမပိုင်းမိုးလေဝသ) ဖြစ်ပြီး ကျန်တကျောင်းမှာ ဦးထွန်းလွင်တက်ရောက်သည့် ဖလော်ရီဒါစတိတ်တက္ကသိုလ် (အပူပိုင်းမိုးလေဝသ) ဖြစ်သည်။ သူသည် သမ္မာရင့် မိုးလေဝသသမားဖြစ်နေပြီဖြစ်သဖြင့် ကျန်ကျောင်းသားများနှင့်နှိုင်းစာပါက ရင့်ကျက်သူဖြစ်နေသည်။ ဘာသာရပ်မှာလည်း သူ လက်တွေ့လုပ်ကိုင်နေသော ဘာသာရပ်ဖြစ်သဖြင့် အခြားသူများထက် များစွာသာနေသည်။ ဘွဲ့ယူစာ တမ်းရေးရာတွင် ပါမောက္ခက ကမ္ဘာလုံးဆိုင်ရာပုံစံ (Global Model)ကို ရေးရန်ပြောသည်။ ထိုပုံစံသည် မြန်မာနိုင်ငံကဲ့သို့ မုတ်သုံရာသီအတွက် အသုံးမဝင်ပေ။ ဦးထွန်းလွင်က မြန်မာနိုင်ငံကို အကျိုးပြုနိုင်သည့် ခေါင်းစဉ်ဖြစ်သည့် The Intraseasonal Variations in the Monsoon Climatology of Myanmar ကို ရွေးသည်။

အမေရိကန်တက္ကသိုလ်များမှ ပါမောက္ခများသည် ပြင်ပမှ အပ်နှံလာသော စာတမ်းများကိုပြုစုပေးခြင်းဖြင့် ဝင်ငွေကောင်းနေကြသူများဖြစ်သည်။ ပြင်ပမှ အပ်နှံလာသော စာတမ်းများကို ကျောင်းသားများအား ဘွဲ့ယူစာတမ်းအဖြစ် ရေးသားစေခြင်းဖြင့် ပါမောက္ခများသည် တချက်ခုတ်နှစ်ချက်ပြတ်စနစ်ဖြင့် ဝင်ငွေကောင်းနေသည်။ မုတ်သုံစာတမ်းကို ရေးသားသည့်အတွက် ဦးထွန်းလွင်အပေါ် ပါမောက္ခက ကြည်ကြည်လင်လင်မရှိလှ။ အကူအညီလည်းလုံးဝမပေး။ စာတမ်းတွင် အသုံးပြုမည့်အချက်အလက်များကို ကိုယ့်အားကိုယ်ကိုးရှာဖွေရသည်။ သုတေသနလုပ်သည်။

သူပြုစုထားသော အချက်အလက်များကောင်းမွန်လှသဖြင့် ပါမောက္ခက သူနှင့်တွဲရေးရန် ပြောလာသည်။ ထို့အပြင် ပါရဂူဘွဲ့အတွက် ပညာသင်ဆုပေးသည်။ ပါရဂူဘွဲ့သည် ဦးထွန်းလွင်အလိုချင်ဆုံးဖြစ်သည်။ တွဲရေးရန် သူက ငြင်းလိုက်သည်။ သူ့စာတမ်းကို သူတယောက်တည်းသာ လုပ်လိုသည်။ သူ့ဘဝ၏ ခြေခြင်းလက်ခင်းသာသောအချိန်ဟု ဆိုရမည်။

ထိုအချိန်တွင်မမျှော်လင့်သော နိုင်ငံရေးမုန်တိုင်းတခု မြန်မာနိုင်ငံတွင် ပြင်းထန်စွာ တိုက်ခတ်လာသည်။ ၁၉၈၈ ခုနှစ်။ ဦးထွန်းလွင် မဟာသိပ္ပံဘွဲ့ယူနေချိန်ဖြစ်သည်။ ဆရာဖြစ်သူက မပြန်ရန်၊ အမေရိကန်တွင် အလုပ်လုပ်ရန် ဆွဲဆောင်သည်။ ကျန်ရစ်သောမိသားစုများကို တောလမ်းမှတဆင့် ခေါ်ပေးမည်ဟုပင် ကမ်းလှမ်းသည်။ ထိုနေရာတွင် ဦးထွန်းလွင် တွေးမိသည်မှာ ."ကိုယ့်လိုလူတွေ၊ ကိုယ့်လောက်ပညာတတ်တဲ့ လူတွေဆိုတာ အမေရိကားမှာ တပုံကြီးပဲ။ မြန်မာပြည်မှာမရှိဘူး။ မြန်မာပြည်ဟာ ငါ့ကို ပိုလိုအပ်တယ်" ဟု တွေးခဲ့ခြင်းဖြစ်သည်။

ပါရဂူဘွဲ့အတွက် ပညာသင်ဆုကိုပင် ထားရစ်ကာ မြန်မာပြည်သို့ ပြန်လာခဲ့သည်။ ပညာသင်အများအပြား ထိုအချိန်က မြန်မာပြည်တွင် ဖြစ်ပွားခဲ့သော နိုင်ငံရေးဆိုက်ကလုံးကြောင့် အမေရိကန်တွင် သောင်တင်ကျန်နေခဲ့ကြသည်။ သူက မုန်တိုင်းဖြင့် ရေခြားမြေခြားသို့ လွင့်ပါမသွားခဲ့။ အပြန်ခရီးတွင် ဖိတ်ကြားချက်အရ ဂျပန်နှင့် အမေရိကန် မိုးလေဝသဌာနများတွင် သူ့စာတမ်းကို ဟောပြောခဲ့ရသေးသည်။

မြန်မာနိုင်ငံပြန်ရောက်သည့်အခါ ဌာန၏ဝန်ကြီးအပြောင်းအလဲဖြစ်သည်။ သူဦးဆောင်ပြုလုပ်သော မိုးလေဝသနှီးနှောဖလှယ်ပွဲတွင် သူ၏တင်ပြချက်ကို အတော်ပင် နှစ်ခြိုက်သဘောကျကြသည်။ ထိုအချက်ကြောင့် သူသည် နှစ်တိုတိုအတွင်း ရာထူးလျင်မြန်စွာ တက်လာသည်။ သူ၏ကြိုးပမ်းအောင်မြင်မှုများအနက် မိုးလေဝသရုပ်မြင်စတူဒီယို တည်ထောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ၁၉၈၀ ပြည့်လွန်နှစ်များမှစ၍ သူသည် လပတ်မိုးလေဝသကြေညာသူအဖြစ် ဆောင်ရွက်သည်။ သူ လစဉ်ထုတ်လွှင့်သော မိုးလေဝသအစီအစဉ်ကို ပရိသတ်က သဘောကျအားပေးသည်။ ရုပ်ရှင်သရုပ်ဆောင်ဇာဂနာက အသံလွှင့်ရုံတွင်တွေ့သည့်အခါ "တလတခါ မှန်မှန်လာတဲ့ ရာသီဆရာကြီး"ဟု နောက်ပြောင်အမည်ပေးသည်။

သူ၏အစီအစဉ်စစချင်း "ကျန်းမာတော်မူပါစေခင်ဗျာ"ဆိုသော နှုတ်ခွန်းဆက်စကားသည် သူ၏ကုန်အမှတ်တံဆိပ်တခုလို ဖြစ်လာသည်။ မိတ်ဆွေနဝရတ်မျက်မှန်လုပ်ငန်းက အကူအညီတောင်းခံသဖြင့် မျက်မှန်ကြော်ငြာကို မေတ္တာဖြင့် ရိုက်ကူးပေးခဲ့သည်။ ရာထူးအဆင့်ဆင့်တက်လာသည့်အခါ ရုပ်မြင်သံကြားတွင် ကြော်ငြာပါနေသည်ကို မသင့်လျော်ဟု အဆိုပါမိတ်ဆွေက ယူဆသဖြင့် သူ့ကြော်ငြာအစား လူရွှင်တော်ရောဖြင့် ရိုက်ကူးထားသော ကြော်ငြာဖြင့် အစားထိုးပေးခဲ့သည်။ သူ၏ကြိုးပမ်းမှု အများအပြားအနက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအဖြစ် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်တွင် ဖြစ်ပွားခဲ့သော ဆူနာမိဖြစ်ရပ်ကို အကြောင်းပြုလျက် သူက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော RIMES - (Regional Integrated Multi-hazard Early Warning System) ကို ထူထောင်နိုင်ခဲ့ခြင်းဖြစ်သည်။

"ဒါဟာ အာရှနဲ့ အာဖရိကအတွက် ပထမဆုံး ထူထောင်နိုင်တဲ့ သဘာဝဘေးကာကွယ်ရေးနဲ့ မိုးလေဝသဌာနတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းအဖွဲ့အစည်းပါပဲ။ ၂၈ နိုင်ငံ ပါဝင်တယ်။ နိုင်ငံရေးကို အကြောင်းပြုပြီး အကူအညီပေးရေးကို ပိတ်ဆို့ထားတာကို ကျော်လွှားနိုင်ဖို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင်လုပ်တဲ့ အစီအစဉ်ပါပဲ။ ဒီကဏ္ဍမှာ မြန်မာနိုင်ငံက ဦးဆောင်ကဏ္ဍမှာရှိနေလို့ ကျွန်တော့်အနေနဲ့ ဂုဏ်ယူမဆုံးပါဘူး"ဟု သူက ပြောပြသည်။

၁၉၈၉ ခုနှစ်တနှစ်တည်းတွင် သူသည် သုတေသနအရာရှိရာထူးမှ ညွှန်ကြားရေးမှူးရာထူးသို့ တိုးမြှင့်ခြင်းခံရသည်။ ညွှန်ကြားရေးမှူးချုပ်အဆင့်သို့ ၂၀၀၅ ခုနှစ်တွင် တိုးမြှင့်ခံရသည်။ ညွှန်ကြားရေးမှူးချုပ်ဖြစ်လာသည့်တိုင် သူအလိုချင်ဆုံး ပါရဂူဘွဲ့ကိုမရသေး။ အသက်အရွယ်နှင့်ရာထူးအရ နိုင်ငံခြားသို့ သွားရောက်ဘွဲ့ယူရန် မဖြစ်နိုင်တော့။ သို့သော် သူက ဖွဲမလျှော့။ ရန်ကုန်တက္ကသိုလ်တွင် ညွှန်ကြားရေးမှူးချုပ်ရာထူးဖြင့် ဆက်တက်သည်။ ဘွဲ့ယူစာတမ်းကို ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနသို့ တင်သွင်းသည်။ ၂၀၀၈ ခုနှစ် ဇူလိုင်လတွင် ပါရဂူ (Ph.D)ကို ရရှိခဲ့သည်။ ၂၀၀၉ ခုနှစ် မေလ ၂၉ ရက်တွင် ညွှန်ကြားရေးမှူးချုပ်နှင့် အကြံပေးအရာရှိ ရာထူးတို့မှ အငြိမ်းစားယူခဲ့သည်။

"စီမံရေးရာလုပ်ငန်းတွေက အငြိမ်းစားယူခဲ့ပေမဲ့ နည်းပညာတာဝန်တွေကတော့ အငြိမ်းစားယူလို့ မရသေးပါဘူး။ တာဝန်မရှိတော့ပေမဲ့ တာဝန်သိတဲ့သူတဦးအနေနဲ့ မြန်မာနိုင်ငံမှာ လုပ်စရာတွေ အများကြီးရှိနေပါသေးတယ်"ဟု သူကဆိုသည်။

"ကျွန်တော်အလုပ်ဝင်စနဲ့ အသက် ၆၂ မှာ အငြိမ်းစားယူပြီးတဲ့ ဘဝအခြေအနေနှစ်ခုကို နှိုင်းယှဉ်မယ်ဆိုရင် အများကြီးကွာခြားသွားပြီ၊ အရင်က ဘာမှမရှိဘူး။ ကျော့မွဲဘဝ။ အခုနေစရာ အိမ်၊ စီးစရာကားရှိနေပြီ၊ ဘွဲ့ကလည်းလေးခုရထားပြီ၊ ဒါတွေဟာ တိုင်းပြည်ရဲ့ကျေးဇူးတွေပဲ။ ဒါကြောင့် မိသားစုဟာ စင်ကာပူမှာ ရှိနေပေမဲ့ ကျွန်တော်လိုက်မနေဘူး။ ဗမာပြည်မှာ လုပ်စရာတွေအများကြီး ရှိနေသေးတယ်။ ဒီလိုလုပ်တယ်ဆိုတာ တာဝန်ရှိလို့လုပ်တာ မဟုတ်ဘူး။ တာဝန်သိလို့လုပ်တာ။ တာဝန်သိဖို့ဆိုတာ စာဖတ်မှ သိမှာ။ အခု ရုံးမှာ အတော်များများဟာ စာမဖတ်ကြဘူး"

ဦးထွန်းလွင်သည် နဂိုဗီဇ ခိုင်မာရင့်ကျက်သူဟု ဆိုရမည်။ ပတ်ဝန်းကျင်၏ ဆွဲဆောင်မှု၊ ဩဇာလွှမ်းမိုးမှုတို့ကိုပယ်ရှား၍ သူဖြစ်ချင်သည်ကို ရအောင်ကြိုးစားသူဖြစ်သည်။ သူနှစ်သက်သည့် စကားစုလေးအတိုင်း နွားချေးပုံက ကြာပေါက်ရန် ကြိုးစားခဲ့သူဖြစ်သည်။

"ကျွန်တော့်ရဲ့ပြင်းပြတဲ့ ဆန္ဒတခုက ဘာလဲဆိုတော့ ကျွန်တော်သေသွားတဲ့အခါမယ် တခုခုတော့ ကျန်ခဲ့စေချင်တယ်"

"ကျွန်တော် မိုးလေဝသကို ဝင်ခါစက ရှိတဲ့ ပစ္စည်းကိရိယာ၊ လူတွေရဲ့တတ်ကျွမ်းမှုနဲ့ အခုအခြေအနေကိုနှိုင်းယှဉ်မယ်ဆိုရင် သိပ်ကိုကွာသွားပြီ။ ဥပမာ အရင်တုန်းက မိုးလေဝသသတင်း တနေ့ကို တရာလောက်တောင်မရတာ။ အခုဆိုရင် တနေ့ကို သောင်းချီရလာတယ်။ ဘာဖြစ်လို့ ဒီလိုကွာခြားရတာလဲဆိုတော့ ဟိုတုန်းက သတင်းအချက်အလက် ကောက်ယူတဲ့စနစ်နဲ့ အခုစနစ်က လုံးဝခြားနားသွားပြီ။ အရင်တုန်းက အင်နာလော့ဂ်စနစ် အခုက ဒစ်ဂျစ်တယ်စနစ်။ ပြီးတော့ အင်တာနက်ပေါ်မှာ အခြေခံတယ်။ အင်တာနက်ထဲဝင်လိုက်တာနဲ့ တကမ္ဘာလုံးက လိုချင်တဲ့သတင်းအချက်အလက် အကုန်ရတယ်"

"အရင်တုန်းက ဂြိုလ်တုဓာတ်ပုံဆိုတာ သိပ်ရှားတယ်။ တနေ့လုံးနေလို့ တပုံရဖို့ အတော်ခက်ခက်ခဲခဲပဲ။ အခုတော့ နှစ်နာရီ၊ သုံးနာရီဆိုရင် တပုံရတယ်။ ဝက်ဆိုက်ထဲမှာလည်း ရှိတယ်၊ ကိုယ့်ဆီကိုလည်း ပို့ပေးတယ်။ နာဂစ်တုန်းကဆိုရင် အာဆီယံဝက်ဘ်ဆိုက်ကနေ နာရီဝက်တပုံရတယ်"

"ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ မနက်မိုးရွာ၊ ညနေနှင်းကျမယ်ဆိုပြီး ကြိုပြောနိုင်တယ်။ ပြောတဲ့အတိုင်းလည်း မှန်တယ်၊ ဒီလိုပြောနိုင်တာကလည်း ကိရိယာကြောင့် ပြောနိုင်တာပဲ။ အဝေးကြီးကို မကြည့်နဲ့၊ ထိုင်းကိုပဲကြည့်။ ထိုင်းနိုင်ငံမှာ ရေဒါ ၃၆ ခုရှိတယ်။ အဲဒီရေဒါတွေဟာ ထိုင်းတပြည်လုံးကို လက်ယှက်ထိုး ၂၄ နာရီ ပတ်လုံးစောင့်ကြည့်နေတာ။ ရေဒါလွတ်တဲ့နေရာဆိုတာ ကြက်မတဝပ်စာတောင်မရှိဘူး။ ရေဒါမရှိရင် လေဆင်နှာမောင်းတိုက်တဲ့တိမ်၊ မိုးကြိုးပစ်တဲ့တိမ်ကို မသိနိုင်ဘူး။ ကိရိယာမစုံလင်ရင် ကျွန်တော်တို့ ဖိုးကပ်စ်ပေးရာမယ် အားနည်းသွားတယ်။ အဓိကက ပစ္စည်းပဲ"

ရာသီဥတုဟူသည် မိမိတိုင်းပြည်တနေရာတည်းတွင် ကွက်၍ ဖြစ်ပေါ်နေသည်မဟုတ်ဘဲ အခြားနိုင်ငံများ၏ ရာသီဥတုအခြေအနေများနှင့် ဆက်စပ်ဖြစ်ပေါ်နေသည်။ အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးသည်လည်း အထူးအရေးကြီးလှသည်။

"နောက်တခုက အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုပဲ၊ အပြည်ပြည်ဆိုင်ရာက ပူးပေါင်းဆောင်ရွက်မှုမလာရင် တိုးတက်မှုတွေ နှေးကွေးကုန်တယ်။ တိုးတက်သင့်သလောက် မတိုးတက်ဘူး"

"ကျွန်တော်ပို့ချတဲ့အခါမယ် အချက်လေးချက်ကို အမြဲပြောတယ်။ (၁)အချက်က စွမ်းရည်မြှင့်တင်ဖို့ (capacity building)ပေါ့။ အဲဒီအချက်မှာ လူ့စွမ်းအားနဲ့ ကိရိယာစွမ်းအားပါတယ်။ (၂)အချက်က ငွေအင်အားပဲ။ ရန်ပုံငွေမရှိဘဲ ဘာမှလုပ်လို့မရဘူး။ (၃)အချက်က အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု။ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမရှိရင် ဘာမှလုပ်လို့ မရဘူး။ ဗမာပြည်တွင်းမှာ မိုးလေဝသအချက်အလက်တွေ ဘယ်လောက်ပဲ ပြည့်ပြည့်စုံစုံကောက်ယူလို့ရပါစေ အိမ်နီးနားချင်းနိုင်ငံတွေက အချက်အလက်တွေမရရင်လည်း ခန့်မှန်းလို့မရပြန်ဘူး။ ဌာနရဲ့ ဂုဏ်သိန်အရှိန်အဝါက နံပါတ်(၄)ဖြစ်တယ်။ နံပါတ် (၄)ရှိဖို့ဆိုတာ မီဒီယာကိုအားကိုးရမယ်။ ကိုယ့်ဌာနအကြောင်းကို မီဒီယာမှာပါနေရမယ်။ ရေးနေရမယ်။ အဲဒီနံပါတ် (၄)အချက်ကြောင့်ပဲ ကျွန်တော်အငြိမ်းစားယူတဲ့ အခါမယ် စာတွေရေးနေတာ။ အငြိမ်းစားယူပြီးမှ ဆောင်းပါး အပုဒ်ပေါင်း ၉၀ ကျော်ရေးပြီးပြီ"

ဦးထွန်းလွင်တွင် သားသမီးသုံးယောက်ရှိသည်။ အကြီးဆုံးသမီးမှာ ဆရာဝန်ဖြစ်သည်။ အလတ်ဖြစ်သူသားမှာ အင်္ဂလိပ်စာ အဓိကတက်နေသည်။ အငယ်ဆုံးသမီးမှာ စင်ကာပူတွင်ကျောင်းတက်နေပြီး အင်္ဂလိပ်စာ ထူးချွန်သူဖြစ်သည်။ စာပေဝါသနာပါသည်။ ကဗျာ၊ ဝတ္ထုများကို စတင်ရေးသားနေသည်။

ဦးထွန်းလွင်က သားသမီးများနှင့်ပတ်သက်၍ "ကျွန်တော်က သားသမီးတွေကို ဘယ်ဘာသာယူရမယ်၊ ဘာအလုပ်လုပ်ရမယ်လို့ အတင်းအကျပ်လုပ်တာမျိုးကို မယုံကြည်ဘူး။ ဆရာဝန်ဖြစ်ရမယ်ဆိုပြီး ကျောင်းသားတိုင်း ဆရာဝန်လိုင်းလိုက်နေလို့ မဖြစ်ဘူး။ တိုင်းပြည်မှာ ဆရာဝန်တမျိုးထဲ လိုတာမဟုတ်ဘူး။ ကျန်တဲ့ ပညာရှင်တွေလည်း လိုတာပဲမဟုတ်လား။ ကျွန်တော်တို့ မိုးလေဝသမှာလည်းလိုတာပဲ"ဟု ပြောသည်။

"ကျွန်တော့်မှာ အစွဲလို့ခေါ်ရမလား မသိတာ တခုရှိတယ်။ သူငယ်ချင်းဂဏန်းဗေဒင်သမားတယောက်က မင်းရဲ့မွေးနေ့ဟာ ၁၇ ရက်ဖြစ်တော့ မင်းဟာရှစ်ဂဏန်းသမား။ ရှစ်ဂဏန်းဟာ အနုတ်လက္ခဏာဆောင်တယ်၊ ဒါကြောင့် အပေါင်းလက္ခဏာဟာ မင်းနဲ့တွေ့ရင် သချ်ာသဘောအရ အနုတ်ဖြစ်သွားတယ်၊ အနုတ်လက္ခဏာဆိုတဲ့ အခက်အခဲနဲ့တွေ့မှ အပေါင်းလက္ခဏာဖြစ်လာမယ်၊ တိုးတက်လာမယ်လို့ ပြောဖူးတယ်။ ဒါကြောင့် အခက်အခဲ၊ ပြဿနာတွေ့ပြီဆိုရင် ငါတော့ တိုးတက်တော့မှာပဲလို့ ယူဆတယ်"

■

*The Real Lives,Real Stories*
*Volume 2,2011*

**ဦးထွန်းလွင်သည် အငြိမ်းစားယူပြီးနောက် မကွယ်လွန်မီ RIMES regional Integrated Multi-hazard Early Warning System), AIT, Bangkok, Thailand တွင် ပူးပေါင်းဆောင်ရွက်ရေးသဘာပတိအဖြစ်လည်းကောင်း၊ Myanmar Climate Change Watch(MCCW), Yangon တွင် အတိုင်ပင်ခံအဖြစ်လည်းကောင်း၊ - RIMES, AIT, Bangkok, Thailand တွင် ဥက္ကဋ္ဌနှင့် နည်းပညာ အတိုင်ပင်ခံအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ CARE Myanmar. Action Aid Myanmar, EcoDev Myanmar, NAG Myanmar တို့၏ မိုးလေဝသဆိုင်ရာ အတိုင်ပင်ခံအဖြစ်လည်းကောင်း၊ Resource Person အဖြစ် ICHARM, Japan, World Vision Yangon, Egress Yangon, Global Green တို့တွင် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ Gold Fingers Group တွင် Trustee အဖြစ်လည်းကောင်း တာဝန်များထမ်းဆောင်ခဲ့သည်။**

www.free4readers.com



# ထီလက်မှတ် ၅၀၀ ကျပ်မှ ၁၀၀၀ ကျပ်သို့ ပြောင်းလဲခဲ့သောကြောင့် အောင်ဘာလေသိန်းဆုဌာနမှ ယခင်နှစ်ထက် အခွန်ကျပ်သန်းပေါင်း လေးသောင်းကျော်ပိုမိုရရှိ

ထီလက်မှတ်များအား ၅၀၀ ကျပ်တန်ထီလက်မှ ၁၀၀၀ ကျပ်တန်ထီလက်မှတ်သို့ ပြောင်းလဲခဲ့ခြင်းကြောင့် အောင်ဘာလေသိန်းဆုဌာနမှ အခွန်ကောက်ခံရရှိမှုသည် ယခင်ဘဏ္ဍာနှစ်ထက် ကျပ်သန်းလေးသောင်းကျော်ပိုမိုရရှိခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှ သိရသည်။

အောင်ဘာလေသိန်းဆုခွန်မှ အခွန်ကောက်ခံရရှိမှုသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၉၉၇၆၈ ဒသမ ၈၅၀ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၁၄၄၀၂၈ ဒသမ ၀၂၅ ရရှိခဲ့ကာ ကျပ်သန်းပေါင်း ၄၄၂၅၉ ဒသမ ၁၇၅ ပိုမိုရရှိခဲ့ခြင်းဖြစ်သည်။

''အခွန်ပိုရရှိတာကတော့ ပြည်သူတွေက တာဝန်သိစွာနဲ့ အခွန်လိုက်နာလာတာကြောင့်ရော အခွန်စည်းကြပ်မှု တိကျမှန်ကန်လာတာကြောင့်ရော ပိုမိုရရှိလာတာဖြစ်ပါတယ်။ အောင်ဘာလေ သိန်းဆုဌာနခွန်ကပိုရရှိတယ်။ ဘာကြောင့်လဲဆိုတာကတော့ ငါးရာတန်ထီကနေပြီးတော့ တထောင်တန်ထီဖြစ်သွားတယ်။ ကျပ်သန်းပေါင်း ၄၄၀၀၀ ကျော် ပိုရခဲ့တယ်။ ဝင်ငွေခွန်ကလည်း ပိုရတယ်။ အခွန်တွေအကုန်လုံးကတော့ မနှစ်ကထက်တော့ ပိုရတယ်။ တံဆိပ်ခေါင်းခွန်က တခုကပဲ မနှစ်က ဘဏ္ဍာနှစ်ထက် နည်းသွားတယ်။ အဲဒီအတွက်လည်း သေချာစိစစ်ပြီးတော့ ဆောင်ရွက်ဖို့လုပ် ဆောင်နေတယ်''ဟု ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးမင်းထွဋ်က ပြောသည်။

အောင်ဘာလေသိန်းဆုဌာနခွန်မှ ထီလက်မှတ်တထောင်ကျပ်တန်သို့ တိုးမြှင့်ခဲ့ခြင်းကြောင့် အခွန်ပိုမိုရရှိခဲ့ခြင်းဖြစ်သော်လည်း အောင်ဘာလေထီလက်မှတ်များကို ဆက်လက်တိုးထုတ်ရန် အစီအစဉ်မရှိသေးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန်နှင့် အောင်ဘာလေသိန်းဆုခွန် စသည့် အခွန်ငါးမျိုးဖြင့် အခွန်ငါးရပ်ကိုကောက်ခံလျက်ရှိကာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အခွန်ကျပ် ၆၇၄၈၂၇၉ ဒသမ ၅၄၀ သန်းရရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ် ၅၉၆၁၁၁၄ ဒသမ ၇၁၁ သန်းသာ ရရှိခဲ့ခြင်းကြောင့် ကျပ်သန်း ၇၈၇၁၆၄ ဒသမ ၈၂၉ ပိုမိုရရှိခဲ့သည်။



ယခင်နှစ် (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်)တွင် ဝင်ငွေခွန်ကောက်ခံရရှိမှု ကျပ်သန်းပေါင်း ၂၃၃၄၁၄၄ ဒသမ ၁၇၀ သာ ရရှိခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကျပ်သန်းပေါင်း ၂၈၃၃၉၅၀ ဒသမ ၀၉၆ ရှိခဲ့ခြင်းကြောင့် ကျပ်သန်းပေါင်း ၄၉၉၇၀၅ ဒသမ ၉၂၆ ပိုမိုရရှိခဲ့သောကြောင်းနှင့် အခွန်များထဲတွင် အများဆုံးရရှိကြောင်း သိရသည်။

အလားတူယခင်နှစ်က ကုန်သွယ်လုပ်ငန်းခွန် ကျပ်သန်းပေါင်း ၂၀၇၈၅၅၅ ဒသမ ၀၈၈ ရရှိခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၂၂၈၁၄၇၁ ဒသမ ၃၃၁ ရရှိခဲ့ခြင်းကြောင့် ကျပ်သန်းပေါင်း ၂၀၂၉၁၆ ဒသမ ၂၄၃ ပိုမိုရရှိခဲ့သည်။ အထူးကုန်စည်ခွန်ကောက်ခံမှုတွင် ယခင်နှစ်၌ ကျပ်သန်းပေါင်း ၁၃၈၅၃၆၃ ဒသမ ၅၄၂ ရရှိပြီး ယခုဘဏ္ဍာနှစ်၌ ကျပ်သန်းပေါင်း ၁၄၂၉၁၂၀ ဒသမ ၇၄၇ ရရှိခဲ့သဖြင့် ကျပ်သန်းပေါင်း ၄၃၇၅၇ ဒသမ၂၀၅ ပိုရရှိကြောင်း၊ တံဆိပ်ခေါင်းခွန်အနေဖြင့် ယခင်နှစ်က ကျပ်သန်းပေါင်း ၆၃၂၈၃ ဒသမ ၀၆၁ ရရှိခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ ကျပ်သန်းပေါင်း ၅၉၇၀၉ ဒသမ ၃၄၁ သာရရှိခဲ့သဖြင့် ကျပ်သန်းပေါင်း ၃၅၇၃ ဒသမ ၇၂၀ လျော့နည်းခဲ့ကြောင်း အခွန်ဦးစီးဌာန စာရင်းများအရ သိရသည်။ **ကျော်ကျော်**

## စာ-၁၉ (ကျောင်းသားတွေအနာဂတ်က ဆရာတွေလက်ထဲမှာသာရှိတယ် (သို့မဟုတ်) *HICHKI*) မှအဆက်

ထပေါက်ပြီး ဘောလုံးတွေလွှင့်ကုန်တယ်။ ကျောင်းအုပ်က ခေါ်ဆူတော့ နီနားက သူ ဓာတုဗေဒ စမ်းသပ်တာပါလို့ လိမ်လိုက်တယ်။ ကျောင်းအုပ်က သိတာပေါ့။ ဒီထဲမှာ ခေါင်းဆောင်လိုဖြစ်နေတဲ့ အာသစ် (ကောင်လေး Karsh Mayar) အဆိုးဆုံး။

တနေ့ နဝမတန်း A က ကျောင်းသားခေါင်းဆောင်နဲ့ ကစားကွင်းထဲမှာ ရန်ဖြစ်ကြ၊ ထိုးကြသေးတယ်။ သူတို့ဘောလုံးက အာသစ်တို့အဖွဲ့ထဲ ကျလာတယ်။ ပြန်တောင်းတော့ ကောင်းကောင်းမွန်မွန် မတောင်းဘူး။ ဒါကြောင့်ပဲ ဘောလုံးကို ကွန်ပါဆူးချွန်နဲ့ ဖောက်ပစ်ရာက ထိုးကြတာ။ ကျောင်းအုပ်ရုံးခန်းရောက်တော့ အတန်းပိုင်ဆရာမနီနားကပဲ ရှင်းရတာပေါ့။

နောက်တော့ ကလေးတွေအကြောင်းကို ကျောင်းစောင့်ကြီးရှယာမလာ (သရုပ်ဆောင် Asif Basra)ကို မေးကြည့်တယ်။ ရှယာမလာက ''အဲဒီအမှိုက်ပုံနားမှာ အစိုးရကျောင်းရှိတယ်။ မြောင်းကြီးဘေးမှာ ရပ်ကွက်ရှိတယ်။ အေးအေးဆေးဆေးပဲ။ အစိုးရကျောင်းမှာ အဲဒီရပ်ကွက်က ကလေးတွေနေတယ်။ နောက်တော့ ကျောင်းမြေကိုရောင်းလိုက်ပြီ။ ရပ်ကွက်ထဲကကလေးတွေ ပညာရေးဒုက္ခမရောက်အောင် ဒီကျောင်းကိုလာညှိတယ်။ အစိုးရက ပညာရေးအတွက် အတန်းခွဲထားတယ်။ မြူနီစီပယ်က ကလေးတွေကို ကိုးတန်း F ပေါ့။

''မိဘတွေနဲ့ ပြဿနာမဖြစ်ဘူးလား''

''ဘယ်ဖြစ်မှာလဲ၊ အဲဒီကလေးမိဘတွေက ထမင်းနပ်မှန်အောင်စားဖို့ ရေရဖို့အသည်းအသန်ဖြေရှင်းနေရတာ။ ကလေးတွေကို ဆရာ၊ ဆရာမတွေကလည်း ဂရုမစိုက်။ ကလေးတွေအခြေအနေဆိုးလာခဲ့တယ်။ ခုနစ်လမှာ ခင်ဗျားကရှစ်ယောက်မြောက်ဆရာပဲ''

♛ ♛ ♛

တနေ့ကျောင်းသားမိဘတွေနဲ့တွေ့ဖို့ အတန်းတိုင်းလုပ်ခဲ့ကြတယ်။ အခြားအတန်းတွေက ကျောင်းသားမိဘတွေလာပေမဲ့ သူ့အတန်းကိုဘယ်ကျောင်းသားမိဘမှ မလာဘူး။ ဒါကြောင့်ပဲ ကျောင်းသားမိဘတွေရှိတဲ့ ဆင်းရဲသားရပ်ကွက်ထဲ နီနားလိုက်ရတော့တယ်။ တာရာအမေက ငါးရောင်း၊ အဖေက မရှိတော့ဘူး။ အော့ရှ(ကောင်မလေး Sparsh Khan Chandai)ကရေရဖို့ သားအမိတွေတန်းစီနေရတယ်။ အော့ရှက အမေနဲ့မိတ်ဆက်ပေးတော့ ''ဆရာမတို့လည်း ရေရရဲ့လား''ဆိုပြီး အော့ရှအမေက မေးနေရှာတယ်၊ ရေလည်းပေးရော လုပြီးခံလိုက်ကြတာ။ ဆရာမကိုတောင် ဝင်တိုက်သွားကြတာ။ ရာဗင်ဒါကတော့ လမ်းဘေးမှာဖဲချနေလို့ ရဲလည်းလာရော ထွက်ပြေးရရော။ အက်ရှ်ဝမ်းက အမေနဲ့ဟင်းရွက်ရောင်း။ အာသစ်က တာယာကျွတ်ဖာလုပ်နေရတယ်။

အိမ်လိုက်လာတာကော သူတို့တက်ကရပ်တည်ပေးတာကြောင့်ပါ ဆရာမနဲ့ ရင်းနှီးလာကြပြီ။ ကျောင်းတက်တဲ့နေ့ကျတော့ ခုံတွေမှာဝိုင်းထိုင်ကြပြီး တယောက်ချင်းကို ဆရာမကမေးတယ်။ ရာဗင်ဒါကဖဲသမားဆိုတော့ အတွက်အချက်မှာ ကဲကူလေတာ ထက်မြန်တယ်။ သူတို့က စာမေးပွဲအောင်၊ ဘွဲ့ရ၊ နောက်တော့ ဆပ်ပြာဆီလိုက်ရောင်းတာနဲ့ အဆုံးသတ်မှာပဲဆိုပြီး ပြောနေကြတယ်။ အတွက်အချက်ကောင်းတဲ့ ကောင်ကလည်း သချာမှာကျတယ်ပေါ့။ ဆရာမက ''မင်း ဖဲရိုက်ချင်ရိုက်၊ လမ်းဘေးမှာ မရိုက်နဲ့၊ သချာနဲ့ရိုက် အစိုးရရဲ့စတော့ရှယ်ယာတွေရှိတယ်။ ငွေကိုစု၊ ဘဏ်သူဌေးအထိလုပ်''ဆိုပြီး ရာဗင်ဒါကို ပြောတယ်။

ကီလမ်ကိုတော့ ဂိယာ(၂)ထက် ဂိယာ(၄)က ဘာလို့ပိုသွားလဲလို့ မေးတယ်။ အဲဒါ ပတ်နှုန်းမြန်လို့ပေါ့။ အဲဒါရူပဗေဒသဘောတရားပဲဆိုပြီး ပြောတယ်။ သမန်းနားကိုတော့ ရုံးပတီသီးကြော်ရင် ဆားကို အရင်ထည့်လား၊ နောက်မှထည့်လား မေးတယ်။ အရင်ထည့်ရင် ကပ်စေးစေးဖြစ်လို့ နောက်မှထည့်တယ်လို့ သမန်းနားက ပြောတယ်။ အဲဒါ ဓာတုဗေဒသဘောတရားပေါ့။ နောက်ဆုံးမှာ နီနားက ''မင်းတို့အားလုံးပိုတော်တာတခုရှိတယ်။ အဲဒါ ကိုယ့်အခြေအနေကို အပြစ်တင်နေကြတာပဲ''ဆိုပြီး ပြောပြတယ်။

ပြီးတော့ စာအုပ်တွေလှန်၊ နောက်ဆုံးစာရွက်မှာ ကိုယ်ကြောက်တာတွေ ရေးချခိုင်းတယ်။ ပြီးတော့မှ အဲဒီစာရွက်ကိုဖြုတ်၊ လေယာဉ်ပျံတွေလုပ်ပြီး ကျောင်းကြီးပေါ်ကနေ စက္ကူလေယာဉ်တွေလွှတ်ကြတယ်။ ဒါတွေရှိရင် ဒီထဲမှာပဲပြီးဆုံးမှာမို့လို့ လေယာဉ်နဲ့လွှတ်ချပြီး ဘဝသစ်ကို ပြန်စဖို့ပေါ့။

♛ ♛ ♛

နီနားက ပြင်ပဘဝနဲ့ ပညာသဘောတရားတွေကိုဆက်စပ်ပြီး သင်ပေးတယ်။ ဓာတုဗေဒဓာတ်ခွဲခန်းတွေမှာလုပ်ရတာ ကျောင်းသားတွေစိတ်ဝင်စားနေပြီ။ ဒီမှာပဲ ပြဿနာကစတယ်။ အာသစ်က ကိုးတန်း A က ကောင်မလေးနာတာရှာ (သရုပ်ဆောင် Jannat Zubair Rahmani) ကို သဘောကျနေတယ်။ ကောင်မလေးကလည်း သူတို့တတွေ စာတွေ့၊ လက်တွေ့တွေလုပ်နေတာသဘောကျပြီး သူတို့အဖွဲ့လုပ်နေတဲ့ နေရှင်နယ်သိပ္ပံပညာ ပရောဂျက်အခန်းထဲခေါ်သွားတယ်။ ပန်ကာလေးတွေကပ်ဖို့ တခုခုလိုနေတော့ အာသစ်က သူလေးထိုးကျွတ်ဖာတဲ့ နေရာမှာသုံးတဲ့ ကော်ဘူးလေးထုတ်ပေးချိန် ဆရာဝါဒီယာဝင်လာပြီး ''ဒါကို မင်းလေထိုး ကျွတ်ဖာတဲ့ဆီမှာပဲသုံး၊ ဒီမှာတော့ မသုံးဘူး''ဆိုပြီး သူတို့အဖွဲ့ကို အခန်းထဲက ထွက်သွားခိုင်းတယ်။ အာသစ်က နာတာရှာရှေ့မှာ အပြောခံရလို့ရှက်ပြီး မျက်ရည်ပါကျလို့ ရေဘုံပိုင်မှာ မျက်နှာသွားသစ်ရတာ။ ကီလန်က နောက်ကလိုက်ပြီး ''အာသစ် မင်းငိုနေလား''မေးတာပေါ့။

သူတို့ပရောဂျက်က တိုက်တွေကားပတ်လမ်းတွေ လေရဟတ်တွေနဲ့ပေါ့။ တိုက်အိမ်ပြတင်းမှန်တွေကိုနေရရင် ဆိုလာအင်နာဂျီရပြီ။ ဒါပေမဲ့ ဒီအင်စတော လေးတွေက ပြောက်အိုးလိုပေါက်ပြီး ပျက်စီးသွားတယ်။ ကိုးတန်း A အတန်းပိုင် မစ္စတာဝါဒီယာက လူရှေ့သူရှေ့မှာ ခံလိုက်ရပြီ။ နောက်မှ အာသစ်လက်ချက်မှန်းသိသွားလို့ သူတို့အတန်းထဲဝင်လာပြီး အာသစ်ကိုမတ်တတ်ရပ်ခိုင်းတယ်။ ပြီးတော့ အာသစ်နဲ့ပါသူတွေကို မေးတယ်။ တယောက်ပြီးတယောက် တခန်းလုံးမတ်တတ်ရပ်ကြတယ်။

ဒီကိစ္စနဲ့ သူတို့ကျောင်းထုတ်ခံရပြီ။ ဆရာမနီနားတောင်းပန်လို့ စာမေးပွဲဖြေခွင့်ရတယ်။ ကျောင်းထဲကိုတော့ စာမေးပွဲဖြေဖို့ အချိန်မရောက်မချင်း မလာရဘူး။ နီနားရဲ့ရောဂါနဲ့ပတ်သက်ပြီး အာသစ်က စော်ကားလို့ အာသစ်နဲ့ ကီလန်ကို သူငယ်ချင်းတွေက ဝိုင်းပယ်လိုက်တယ်။ နီနားကလည်း မင်းတို့ဟာ ငါ့ကို မလိုဘူး။ ငါကိုကမှားတာဆိုပြီး ကျောင်းကနေပြန်လာခဲ့တယ်။ နောက်တော့ အာသစ်နဲ့ကီလန်က သူငယ်ချင်းတွေကို လာတောင်းပန်ပြီး ဆရာမနီနားကိုပါ တဖွဲ့လုံးလာတောင်းပန်ကြတယ်။

ဒီလိုနဲ့ ဆရာတပည့်တွေအပြင်မှာပဲ စာတွေပြန်လုပ်ကြတာပေါ့။ စာမေးပွဲဖြေခါလည်းနီးရော အာသစ်နဲ့ ကီလန်ဆီကို ကျောင်းစောင့်ကြီးရောက်လာပြီး သချာမေးခွန်းနှစ်စုံကို ပေးသွားတယ်။ သူတို့က တဖွဲ့လုံးကိုပေးပေမဲ့ အဖွဲ့ကလက်မခံဘူး။ စာမေးပွဲဖြေကြတော့ ဒီမေးခွန်းတွေလည်း ပါမလာခဲ့ဘူး။ ဒါပေမဲ့ သူတို့အားလုံးအောင်တယ်။ အောင်တော့မှ မေးခွန်းကြိုရလို့ဆိုပြီး ပြဿနာလုပ်ပါရော။ အမှန်က သူတို့အားလုံးစာမေးပွဲကျအောင် ဆရာဝါဒီယာရယ်၊ ကိုးတန်း A က ကျောင်းသားခေါင်းဆောင်တွေရယ် ပေါင်းပြီး ကျောင်းစောင့်ကြီးကို ပေးခိုင်းလိုက်တာ။

♛ ♛ ♛

အဲဒီနေ့ကျောင်းမှာ ဆုပေးပွဲအခမ်းအနားလုပ်တယ်။ ကျောင်းအုပ်ကြီးက ကိုးတန်း F ကျောင်းသားတွေကို အပြီးတိုင်ကျောင်းထုတ်လိုက်ကြောင်း၊ ဒါပေမဲ့ ကျန်တာကိုဆရာဝါဒီယာက ဆက်ပြောမယ့်အကြောင်း ပြောသွားတယ်။ ဒီအခမ်းအနားမှာ ဆရာဝါဒီယာက တကယ်တော့ ကိုးတန်း F ကို စာမေးပွဲကျအောင်မေးခွန်းတွေကို သူပေးခိုင်းခဲ့ကြောင်း ဝန်ခံခဲ့တယ်။ ဒါပေမဲ့ ဆရာမနီနားက တကယ်ပဲအသင်အပြကောင်းခဲ့တယ်။ သူပြောခဲ့သလိုပဲ ကျောင်းသားတွေမကောင်းတာ ဆရာတွေရော မကောင်းခဲ့လို့ဆိုတာကို ထပ်ပြီးဝန်ခံခဲ့ပြန်တယ်။

နောက်တော့ ကိုးတန်း F ကျောင်းသားတွေနဲ့ ဆရာမနီနားကို စင်ပေါ်တက်ခိုင်းပြီး ဂုဏ်ပြုကြတယ်။ ဆရာမနီနားကို ''ခင်ဗျားပေးချင်သူကိုပေးပါ''ဆိုပြီး Perfect ဆိုတဲ့ ရင်ထိုးလေးနှစ်ခုပေးခဲ့တယ်။ နီနားက သူတို့အဖွဲ့မှာအတက်ကြွဆုံးဖြစ်တဲ့ ကောင်မလေးအော်ရှုနဲ့ ကျောင်းလာရင်ရုံးပတီသီးလှီးဖို့ယူယူလာရတဲ့ ဖက်တီးကောင်မလေး သမန်နားကို ပေးလိုက်တယ်။ တတန်လုံးပျော်သွားကြပြီး နောက်ပိုင်းကျောင်းမှာ ဆရာ၊ ဆရာမတွေရော ကိုးတန်း A နဲ့ F ကျောင်းသားတွေရော လက်ရည်တပြင်တည်း ဖြစ်သွားကြပြီ။

♛ ♛ ♛

ဒီနေ့မှာတော့ ဆရာနီနားပင်စင်ယူပြီ။ သင်ယူခြင်း၊ သင်ကြားခြင်းကို ၂၅ နှစ်ဖြတ်ကျော်ခဲ့ပြီးချိန် ကလေးတွေက နည်းနည်းပြောင်းလဲလာကြတယ်။ အားလုံးနီးစပ်ခွင့်ရလာကြတယ်။ သူဖြတ်သန်းလာရတဲ့ အကြောင်းတွေတွေးရရင် ကြို့ထိုးဖို့တောင် မေ့နေခဲ့ပြီ။ သူ့ကျောင်းထဲကထွက်လာတော့ ကျောင်းကြီးထဲမှာကလေးတွေက တန်းစီပြီးနှုတ်ဆက်နေကြတယ်။ တချို့ကလည်း We miss you Teacher Naina ဆိုတဲ့ စာတွေကိုကိုင်လို့၊ နှင်းဆီပန်းလေးတွေကိုင်ထားတဲ့ကလေးတွေရော၊ ကျောင်းသားတန်းကြီးရဲ့ အဆုံးမှာတော့ လူလတ်ပိုင်းတွေပါရောက်နေကြပြီဖြစ်တဲ့ ကိုးတန်း F က သူ့တပည့်တွေလာပြီး စောင့်နေကြတယ်။ သူတို့က အခုလူကြီးလူကောင်းတွေဖြစ်နေကြပြီ။ ဆရာမအတွက် အာသစ်က နှင်းဆီပန်းစည်းကြီးကိုင်လို့။ ဆရာမကို အားလုံးဝိုင်းဖက်လိုက်ကြတယ်။

ဒါကပဲ ဆရာ၊ ဆရာမတွေဟာ ကျောင်းသားတွေရဲ့အနာဂတ်အတွက် ဘယ်လောက်အရေးကြီးလဲဆိုတာပြခဲ့တဲ့ Hichki ရုပ်ရှင်ပေါ့။ ဒီကားက ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ သန်းကုန်ပြီး တကမ္ဘာလုံးအတိုင်းအတာအရ အမေရိကန်ဒေါ်လာ ၃၅ သန်းပြန်ရခဲ့ပါတယ်။

**နေသစ်နီ**

www.free4readers.com





# ခံတွင်းနံ့မကောင်းရင်

Dr. တင့်ဆွေ

လူတွေထဲက ၂၅% ဟာ အနည်းနဲ့အများ ခံတွင်းနံ့မကောင်းကြပါ။ ခံတွင်းနံ့မကောင်းတာကို ဆေးစာနဲ့ Halitosis ခေါ်တယ်။ သွား-ခံတွင်းရောဂါနဲ့ တခြားကျန်းမာရေးအခြေအနေတွေကနေ ဖြစ်စေတယ်။ အစားအသောက်ကြောင့်လည်း ဖြစ်စေတယ်။ ၈၅-၀၀% ဟာ ခံတွင်းနဲ့ဆိုင်တယ်။ အသားငါးစားတာ၊ အရက်သောက်တာ၊ ဆေးလိပ်သောက်တာ၊ ဆေးငုံတာတွေကြောင့် အနံ့မကောင်းစေဘူး။ လူဝလို့လည်း ဖြစ်တတ်တယ်။ အစားအစာတွေကို ပါးစပ်ကနေ စားသောက်လိုက်ပြီးရင် ကျေချက်ပြီးနောက် သွေးထဲရောက်မယ်။ နောက်မှာ အဆုတ်ကိုရောက်ရာကနေ အသက်ရှူထုတ်တော့ ဆိုင်ရာအနံ့ထွက်စေတယ်။

ပါးစပ်ထဲမှာ အစားအစာတွေ ကပ်သတ်ကျန်နေရင် ဗက်တီးရီးယားတွေ ပေါက်ပွားစေမယ်။ သူတို့ထဲမှာ အနံ့ဆိုးစေတာမျိုးတွေရှိတယ်။ ဗက်တီးရီးယားတွေကနေ အဆိပ်လို ဖြစ်လာစေနိုင်တယ်။ ဆေးမကုရင် သွားဖုံးရော မေးရိုးပါ ရောဂါရစေနိုင်တယ်။ ကြက်သွန်ဖြူ၊ ကြက်သွန်နီတွေစားရင် Brushing and flossing ပါးစပ်ဆေး၊ သွားတိုက်တာတောင်မှ ခဏတာအနံ့ ဖုံးပေးတာလောက်သာတတ်နိုင်တယ်။ သွားတုတပ်တာနေရာမကျရင်၊ ရိစ်ခေါ် မှိုရောဂါရရင်၊ သွားပိုးစားရင်လည်း အနံ့မကောင်းတာ ဖြစ်စေနိုင်တယ်။ ပါးစပ်ခြောက်နေတာဖြစ်လို့လည်း ဖြစ်နိုင်သေးတယ်။ တံတွေးဟာ ပါးစပ်ကိုသန့်ရှင်းပေးတယ်။ အက်စစ်ဓာတ်ကို ဖြေပေးတယ်။ သေသွားတဲ့ ဆဲလ်တွေကိုလည်း ရှင်းပေးတယ်။ တံတွေးနည်း-ခြောက်နေရင် အဲလိုကောင်းကျိုးတွေ မဖြစ်စေတော့ဘဲ ပုပ်နံ့ထွက်လာစေတယ်။ ပါးစပ်ခြောက်နေတာက ဆေးဝါးတွေကြောင့်ဖြစ်နိုင်တယ်။ တံတွေးထွက်အိတ်တွေ ရောဂါရနေလို့လည်း ဖြစ်စေတယ်။ နူမိုးနီးယား၊ လေပြွန်ရောင်၊ နာတာရှည် ဆိုင်းနပ်စ်ရောဂါ၊ တာရှည်နှာရည်ယိုတာ၊ ဆီးချို၊ အက်စစ်ရည် အထက်ဆန်ရောဂါ၊ အသည်းရောဂါနဲ့ ကျောက်ကပ်ရောဂါတွေကြောင့် အာခေါင်ခြောက်နေနိုင်တယ်။ **(၁) လျှာ** လျှာကို ညစ်ထေးနေတဲ့ကော်ဇောလို မဖြစ်ပါစေနဲ့လို့ တင်စားပြောကြတယ်။ ဘာလို့လဲဆိုတော့ ခံတွင်းနံ့မကောင်းတာကို လျှာကြောင့်ဖြစ်ရတာ ၈၀-၉၀% ရှိတယ်။ လျှာမှာနေတဲ့ ဗက်တီးရီးယားတွေကနေ Malodorous compounds နဲ့ Fatty acids တွေဖြစ်လာစေတယ်။ လူတိုင်းမှာရှိနေတဲ့ အဲလိုပိုးတွေက လျှာရဲ့နောက်ပိုင်းမှာနေကြလို့ သန့်ရှင်းရေးလုပ်တာ မထိရောက်စေဘူး။ နှာရည်ယိုနေတာ၊ အာခေါင်ခြောက်နေတာတွေကြောင့် ပိုဆိုးစေတယ်။ Anaerobic bacteria အမျိုးအစားပိုးတွေက ပိုဆိုးစေတယ်။ ကြာတော့ Putrescent smell of indole, Skatole, Polyamines အနံ့တွေ ဒါမှမဟုတ် Rotten egg ဥပုပ်တဲ့အနံ့မျိုး ထွက်မယ်။ Volatile sulfur compounds (VSCs) အနံ့မျိုးဖြစ်တယ်။ Hydrogen sulfide, Methyl mercaptan, Allyl methyl sulfide နဲ့ Dimethyl sulfide တွေကို ဆိုလိုတာဖြစ်တယ်။ ဒီလိုကြောင့် ဖြစ်သူတွေက Mints, Mouth sprays, Mouthwash တွေ သုံးနိုင်တယ်။ ဒါတွေကနေ အနံ့ဆိုးကိုဖုံးပေးတာသာဖြစ်တယ်။ လျှာသန့်ရှင်းရေးက ပိုအရေးကြီးတယ်။ **(၂) ပါးစပ်** ပါးစပ်ထဲမှာ ဗက်တီးရီးယားအမျိုးအစားပေါင်း ၆၀၀ ကျော်ရှိတယ်။

အဲဒီထဲကတချို့တွေက အနံ့ဆိုးထွက်စေအောင် လုပ်နိုင်တယ်။ သူတို့ကနေ ပရိုတင်းတွေကိုချေဖျက်ပြီး အမိုင်နိုအက်စစ်တွေ ထွက်လာမယ်။ ဆက်ပြီး Hydrogen sulfide နဲ့ Methyl mercaptan တွေဖြစ်တဲ့ အနံ့ဆိုးဓာတ်ငွေ့တွေ ဖြစ်စေမယ်။ **(၃) သွားဖုံး** သွားဖုံးရောဂါတွေကြောင့်လည်း ဖြစ်တယ်ဆိုတာကို အားလုံးကတော့ လက်မခံပါ။ **(၄) နှာခေါင်း** ဒုတိယလိုက်တယ်။ Sinus ဆိုင်းနပ်စ်ရောဂါ ထိပ်ကပ်နာနဲ့ ပြင်ပ-ပစ္စည်းဝင်နေတာတွေကနေ ဖြစ်စေမယ်။ **(၅) အာသီး** အာသီးရောဂါကနေ ဆဲလ်တွေပျက်စီး-သေဆုံးတာတွေကြောင့် အနံ့ဆိုးထွက်နိုင်တယ်။ ၃-၅% မှာ ဖြစ်တယ်။ **(၆) အစာမျိုပြွန်** အစာမျိုပြွန်မှာ Hiatal Hernia နဲ့ GERD ရောဂါရနေရင်ဖြစ်မယ်။ Zenker's diverticulum ရောဂါကနေလည်း ဖြစ်တယ်။ **(၇) အစာအိမ်** အစာအိမ်ကြောင့် သိပ်မဖြစ်စေတတ်ပါ။ လေချဉ်တက်တာတော့ ဖြစ်မယ်။ (၈) တခြားရောဂါတွေ Fetor hepaticus ရောဂါ၊ အသက်ရှူလမ်းအောက်ပိုင်းရောဂါတွေ၊ ကျောက်ကပ်ရောဂါတွေ၊ ကင်ဆာ၊ ဆီးချိုရောဂါနဲ့ Metabolic dysfunction ရောဂါ၊ လျှာကင်ဆာ၊ လည်ချောင်းကင်ဆာနဲ့ အစာမြို့ပြွန်ကင်ဆာတွေဖြစ်တယ်။ ဘယ်လိုကုသမလဲ ခံတွင်းသန့်ရှင်းပါ။ ဖလိုရိုက်ပါတဲ့ သွားတိုက်ဆေးနဲ့ တနေ့ ၂ ကြိမ်သွားတိုက်ပါ။ အစာစားပြီးရင်လည်း သွားတိုက်ပါ။ သွားပွတ်တံကို ၂-၃ လတခါ အသစ်လဲပါ။ Floss ဒါမှမဟုတ် Interdental cleaner သွားကြားသန့်ရှင်းနည်း တနေ့တခါလုပ်ပါ။ သွားအတုကို ညအချိန်ဖြုတ်ထားပြီး သန့်ရှင်းပေးပါ။ သွားဆရာဝန်နဲ့ ပုံမှန် တနှစ်နှစ်ခါ စစ်ဆေးကုသပါ။ ရေများများသောက်ပါ။ Chewing gum ငုံပါ။ ဖြစ်နိုင်ရင် သကြားမပါတာကိုငုံပါ။ Sucking on candy စုပ်ရတဲ့အစားအစာမျိုးကနေ သွားရည်ပိုထွက်စေတယ်။ သကြားမပါရင် ပိုကောင်းတယ်။ ကြော်ငြာပြီးရောင်းနေတဲ့ Mouthwashes ပါးစပ်ဆေး ဆေးရည်တွေကို သတိပြုသုံးပါ။ ခဏလောက်သာအနံ့ဆိုးကို ဖုံးပေးမယ်။ Astring-O-Sol, Colgate, Dentyl pH, Listerine, Oral-B, Sarakan, Scope နဲ့ Tantumverde တွေ ဖြစ်တယ်။ Oral-B ကို ၂၀၀၉ ကတည်းက ရောင်းခွင့်ပိတ်လိုက်ပြီ။ Antiseptic mouth-rinse တွေက ပိုးတွေသေစေမယ်။

3G Mouthwash, All-Fresh, Alna Biotech, Am Pm Mouthwash, Ampm Mouthwash, Angelica Mouthwash, Antiplaque Mouthwash, Antiseptic & Antiplaque Mouthwash, Chlorex Mouthwash, Chlorhexadine Gluconate Mouth Wash, Chlorhexidine Mouthwash, C-Nate--Chlorhexidine Gluconate, Dysinc Mouthwash, FRESHO Mouthwash, Gumdent Mouthwash, Herbal Mouthwash, Listerine Liquid Mouthwash, Mouthwash (AMPM), Nirmal Mouth Wash, Oral care Flavours and Fragrances, Oraline Mouthwash (Chlorhexidine Mouthwash)နဲ့ Speedent Mouth Wash တွေဖြစ်တယ်။ လျှာကို ညင်ညင်သာသာ တနေ့ ၂ ခါသန့်ရှင်းပါ။ လျှာပေါ်က ဗက်တီးရီးယား၊ အစာအကြွင်းအကျန်တွေနဲ့ Mucus အကျိအချွဲတွေကို Tooth brush, Tongue cleaner, Tongue brush/ scraper စတဲ့ လျှာဆေးကိရိယာသုံးပါ။ ဇွန်းနဲ့လည်း လုပ်လို့ရပါတယ်။ လျှာကို မခိုက်မိပါစေနဲ့။ လျှာနောက်နားမှာ V-shaped ပုံရှိနေတဲ့ Taste buds အရသာခံ အသီး-အဖုလေးတွေကို မထိခိုက်စေပါနဲ့။ တခုခုစားပြီးတိုင်း ပါးစပ်ပလုတ်ကျင်းပါ။ Streptococcus salivarius K12 ဆေး သုံးနိုင်တယ်။ Antibacterial mouthrinses က အကျိုးရှိစေတယ်။ ဗက်တီးရီးယားတွေကိုနိုင်တဲ့ Cetylpyridinium chloride, Chlorhexidine, Zinc gluconate, Essential oils, နဲ့ Chlorine dioxide တွေကို သုံးတယ်။ တချို့က Odor eliminators အနံ့ကိုနိုင်တဲ့ Oxidizers တွေကိုလည်း သုံးတယ်။ အိမ်သုံးဆေးနည်းတွေ ကွမ်းသီးအစို၊ ကွမ်းရွက်နဲ့ ကွမ်းသီးအခြောက်တွေကို ဝါးနိုင်းတယ်။ တချို့ကဒီလိုလုပ်တာ သိပ်ကြာရင် ကင်ဆာဖြစ်စေမလား စိုးရိမ်တယ်။ သံပရာ-ရှောက်သီး၊ လေးညှင်း၊ ဖာလာစေ့၊ စမုန်စပါး၊ ပန်းသီး၊ သွပ်ဓာတ်ပါတဲ့ အစားအစာတွေ၊ ရေနွေးကြမ်း၊ ဆိုဒါ၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်တွေကို သုံးနိုင်တယ်။ သွားခံတွင်းကောင်းနေပေမဲ့ အနံ့မကောင်းသေးရင် တခြားကျန်းမာရေးစစ်ဆေးရမယ်။ နာတာရှည်ပါးစပ်နဲ့ မကောင်းသူတွေကို ကုရတာခက်တယ်။ တာရှည်ဖြစ်နေရင် သွားဖုံးရောဂါကိုဆက်ဖြစ်စေနိုင်တယ်။ သွားအပေါ်ဖုံးအလွှာဖြစ်လာရင် အဲလိုရောဂါဖြစ်စေတယ်။ Mouthwashes သုံးပြီး နာတာရှည်ခံတွင်းနံ့ဆိုးနေတာကို ကောင်းစေတယ်လို့ သုတေသနက သက်သေမပြနိုင်ပါ။ ကိုယ့်ခံတွင်းနံ့ကို သိပ်ကောင်းစေချင်လို့ ဆေးလာကုသူတွေထဲက ကဲသူတွေကို Halitophobia ဆိုတာ Delusion halitosis လို့ခေါ်တယ်။ အလိုလို ကြာညှိနံ့သင်းချင်နေသူကိုပြောတာပါ။ Bad mouth ဆိုတာ အာဖရိက ကလာတဲ့ ကျိန်စာသဘောဖြစ်ပြီး ဒီခေတ်မှာ သူများအပြစ်တင်တာကို ပြောတာဖြစ်တယ်။ ဗမာတွေကတော့ ခံတွင်းနံ့ကောင်းချင်ရင် မုသားမပြောပါနဲ့တဲ့။ ■



www.free4readers.com





ဓာတ်ပုံ - ရွှေမိုး

# မိုးနောက်ဆုံးလ ကထိန်ကျ ခင်းရသည့်ချိန်ခါ

▌မင်းရဝေ(အရှေ့တိုင်းပညာ)▌

တန်ဆောင်မုန်းလသည် မြန်မာ့ပြက္ခဒိန်တွင် အဋ္ဌမမြောက်လဖြစ်သည်။ ပါဠိစာပေတို့၌ တန်ဆောင်မုန်းလကို 'မာသေသုသရဒ်ရမဏီယံ'ဟု ဖွဲ့ဆိုထား၏။ အဓိပ္ပာယ်မှာ 'လတကာတို့တွင် တန်ဆောင်မုန်းလသည် မွေ့လျော်ဖွယ်ကောင်း၏'ဟူ၍ ဖြစ်သည်။ ပထမလဝက်သည် မိုးရာသီတွင်ကျရောက်၍ ဒုတိယလဝက်သည် ဆောင်းရာသီတွင် ကျရောက်သည့်အတွက် ရှေးတောင်သူဦးကြီးများက တန်ဆောင်မုန်းတွင် ဆီးနှင်းတပြိုက်မိုးတလိုက်ဟု စာဖွဲ့ခဲ့ကြသည်။

တန်ဆောင်မုန်းသည် 'တန်ဆောင်မှုန်'ဟူသော ကျောက်စာမှဆင်းသက်လာသည်ဟု ယူဆကြသည်။ 'တန်ဆောင်မှုန်'မှ 'တန်ဆောင်မှုန်း'၊ ယင်းမှ 'တန်ဆောင်မုန်း'ဖြစ်လာသည်ဟု ဆိုကြ၏။ တန်ဆောင်သည် မီးရှူးမီးတိုင်ဖြစ်၍ မှုန်းသည် ထွန်းညှိခြင်းဟု အနက်ရသည်။ ထို့ကြောင့် တန်ဆောင်မုန်းသည် ဆီမီးတန်ဆောင် ထွန်းပြောင်သောလဟူ၏။ ဤလတွင် ရက်ပေါင်း ၃၀ ရှိကာ နာရီအားဖြင့် နေ့ ၂၈ နာရီ၊ ညဉ့် ၃၂ နာရီရှိသောကြောင့် နေ့တာတိုကာ ညတာရှည်သောလဖြစ်၏။ ဤလကို ရာသီအလို ဗြိစ္ဆာခေါ်ဆို၍ ကြတ္တိကာနက္ခတ်နှင့်စန်းယှဉ်ပြည့်ကာ ကျီးတာရာထွန်းပ၏။ ရာသီရုပ်မှာ ကင်းမလက်မည်းပုံဖြစ်သည်။ ရာသီပန်းသည် ခဝဲပန်းဖြစ်ပြီး ရာသီပွဲတော်မှာ ကထိန်ပွဲဖြစ်သည်။

သာမညဖလဆိုသည်မှာ ရဟန်းပြုခြင်း၏အကျိုးဟု အဓိပ္ပာယ်ရ၏။ မြတ်စွာဘုရားရှင်သည် အဇာတသတ်မင်းသားကို တန်ဆောင်မုန်းလပြည့်နေ့ ညချမ်းအချိန်တွင် 'သာမညဖလသုတ္တန်တရားတော်'(ရဟန်းပြုခြင်း၏အကျိုး)ကို ဟောဖော်မြွက်ကြားတော်မူသည်ကိုအကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်နေ့ကို 'သာမညဖလအခါတော်နေ့'ဟု ခေါ်ဆိုခြင်းဖြစ်၏။

သာမညဖလသုတ်သည် 'ဒီဃနိကာယ် သီလက္ခန္ဓဝဂ္ဂ'ပါဠိတော်၌လာရှိ၏။ 'သာမညဖလသုတ်'သည် ရဟန်းသံဃာတော်တို့အတွက် ကြေးမုံမှန်ချပ်ကြီးသဖွယ်ဖြစ်၏။ ကိုယ်ကျင့်သီလရှိသည်၊ မရှိသည်ကို ဤသုတ်ဖြင့် ထင်ဟပ်စေနိုင်၏။ မီးရှူးထိုင်ကို ရှေးခေတ်သုံး ပေါရာဏအခေါ်အားဖြင့် တန်ဆောင် (တန်ဆောင်တိုင်)ဟု ခေါ်၏။

အဇာတသတ်မင်းနှင့် အခြွေအရံပရိသတ်ကြီး တန်ဆောင်မုန်းလပြည့်နေ့ည၌ မီးရှူးတိုင်အလင်းရောင်ထွန်းညှိပြီး ဘုရားရှင်ထံသွားရောက် ဖူးမြော်သောထုံးကိုနှလုံးမူ၍ တန်ဆောင်မုန်းလ၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကြီးကို ကျင်းပကြခြင်းဖြစ်ဟန်ရှိ၏။

မဂဓတိုင်းရှင် အဇာတသတ်သည် ဆရာဇီဝက၏အကြံပေးချက်အရ မိုးလေးလအဆုံး ကုမုဒြာကြာပွင့်ချိန် တန်ဆောင်မုန်းလပြည့်နေ့ညဉ့်၌ အမတ်များခြံရံ၍ ဘုရားရှင်အား သွားရောက်ဖူးမြော်သည်။ ဘုရားရှင်က အဇာတသတ်အား သာမညဖလသုတ် (ရဟန်းပြုရခြင်းအကျိုး)ကို ဟောကြားတော်မူသည်။ ထိုနေ့မှစ၍ အဇာတသတ်မင်းသည် ဗုဒ္ဓသာသနာတွင် အရေးပါသော သာသနာပြုမင်းတပါးဖြစ်သွားပြီး ပထမသင်္ဂါယနာတင်မင်းကြီးဖြစ်လာသည်။ ဖခင်အား သတ်မိသော အကုသိုလ်ကံကြောင့် ညစဉ်အိပ်မပျော်သော ရောဂါဆိုးကြီးသည်လည်း ထိုနေ့မှစ၍ ပျောက်ကင်းသွားသည်။

'တန်ဆောင်မာသ၊ ဆေးပေါင်းခသည့်၊ ပင်များမင်းမည်မဲဇလီ'ဆိုသည့်အတိုင်း တန်ဆောင်မုန်းလတွင် မဲဇလီပင်သည် ဆေးဖက်အဝင်ဆုံးဖြစ်သည်။ အထူးသဖြင့် မျက်စိအား ကောင်းသည်ဟု ယူဆကြသည်။ ထို့ကြောင့် အထက်အညာဒေသတွင် တန်ဆောင်မုန်းလပြည့်နေ့၌ မဲဇလီဖူးသုပ်များကို စားလေ့ရှိကြသည်။ အချို့ လက်ဖက်ရည်ဆိုင်များသည် သောက်သုံးသူများကို မဲဇလီဖူးသုပ်များဖြင့် ဧည့်ခံလေ့ရှိကြသည်။ ည ၁၂ နာရီတွင် အပင်မှခူးစားပါက ပို၍ အစွမ်းထက်သည်။

ကထိန်ပွဲတော်သည် တန်ဆောင်မုန်းလ၏ ရာသီပွဲတော်ဖြစ်သည့်ပြင် ဗုဒ္ဓပူဇနီယပွဲတော်လည်းဖြစ်သည်။ ကထိန်ခင်းခြင်းဆိုသည်မှာ ရဟန်းတော်များအား ကထိန်သင်္ကန်းကပ်လှူသောအခါ မည်သို့မည်ပုံ ခင်းကျင်းခံယူရသည်ကို ခေါ်ဆိုပါသည်။ ကထိန်သင်္ကန်းသည် မိုးကျသင်္ကန်းဖြစ်ရပါမည်။ မိုးရေမိုးပေါက်များသည် မိုးကောင်းကင်ပေါ်မှ အလိုအလျောက်ကျလာသကဲ့သို့ ကထိန်သင်္ကန်းသည်လည်း ကထိန်ခင်းမည့်ကျောင်းတိုက်မှ ရဟန်းတော်များ၏တိုက်တွန်းလှုံ့ဆော်မှုတစုံတရာမပါဘဲ အလှူရှင်က သဒ္ဓါတရားနှင့်အညီ အလိုအလျောက်လာလှူသော သင်္ကန်းဖြစ်ရပါမည်။

> "ကထိန်လှူဖွယ်ပစ္စည်းများကို မဲကျရာကျောင်းတိုက်သို့ စီတန်းလှည့်လည်ပို့ဆောင်ပေးနေသည်မှာ မျက်စိပသာဒဖြစ်စေပါသည်။ 'အလှူမှာကထိန်၊ ကျောင်းမှာသိမ်' ဆိုသည့်အတိုင်း အလှူတကာ့အလှူတို့တွင် အမြတ်ဆုံးဖြစ်ပါသည် ..."

'မိုးနောက်ဆုံးလ ကထိန်ကျ ခင်းရသည့်ချိန်ခါ' ဟူသော စကားလာအတိုင်း သီတင်းကျွတ်လပြည့်ကျော် (၁)ရက်မှ တန်ဆောင်မုန်းလပြည့်တိုင် (၁)လမျှအတွင်း ခင်းကျင်းရသောပွဲဖြစ်၏။ မိမိလှူချင်သည့်အချိန်မှာ လှူနိုင်သည့်အလှူပွဲမျိုး မဟုတ်ချေ။ ထို့ကြောင့် ကာလဒါနဟုလည်းခေါ်၏။ ထို့ပြင်ဤကထိန်သင်္ကန်းကပ်လှူရာ၌ ဘုရားရှင်ကိုယ်တိုင် -

(က) ကထိန်သင်္ကန်းလျာအတွက်

(ခ) အလှူခံသံဃာတော်အတွက်

(ဂ) အလှူရှင်ဒါယကာအတွက် စည်းကမ်းချက်များစွာ ထုတ်ပြန်ခဲ့၏။ ယင်းအထူး စည်းကမ်းများနှင့်အညီပြုလုပ်မှ ကထိန်မြောက်ကာ အထူးကုသိုလ်ကိုလည်း ရနိုင်သည်ဟုသိရ၏။

ကထိန်ဟူသောဝေါဟာရသည် ပါဠိ 'ကထိန' ကို အဆုံးသရချေ၍ အသုံးပြုထားသော မြန်မာဝေါဟာရဖြစ်သည်။ ကထိန်၏အဓိပ္ပာယ်မှာ 'မြဲမြံခိုင်ခံ့ခြင်း'ဟု ရပါသည်။ ဝိမတိဝိနောဒနီဋီကာ၊ ဒုတိယတွဲ၌ 'အာနိသင်ငါးပါးတို့ကို ကထိန်ခင်းရာ ဥပစာရသိမ်အတွင်း၌ တည်နေအောင်ပြုခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်ကြောင့် စည်ပင်ပြန့်ပွားကြီးမားသော သစ်ပင်ကြီးအလား ခိုင်မြဲတည်တံ့သော ထိရသတ္တိရှိသဖြင့် ကထိန်'ဟု ဖွင့်ဆိုထားကြောင်းတွေ့ရှိရပါသည်။ သာရတ္ထဒီပနီဋီကာ၊ တတိယတွဲ၌လည်း 'မယိမ်းမယိုင်ကျောက်စာတိုင်ပမာ တည်တံ့ခိုင်မြဲသောအစွမ်းသတ္တိ အရှိန်အဝါရှိသောကြောင့် ကထိန်'ဟု ဖွင့်ဆိုထားပါသည်။

ပါဝေယျက တိုင်းသားဘဒ္ဒဝဂ္ဂီညီနောင်သုံးဆယ်တို့ကိုအကြောင်းပြု၍ ဘုရားရှင်က ရဟန်းတို့အား ကထိန်ခင်းခွင့်ပြုခြင်းဖြစ်သည်။ ကထိန်သင်္ကန်းကို အချိန်မရွေး ကပ်လှူ၍မရပါ။ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှတန်ဆောင်မုန်းလပြည့်နေ့ထိ တလအတွင်း တကျောင်း၌တကြိမ်သာ ကျင်းပခွင့်ရှိသည်။ ထို့ကြောင့် ကာလဒါနဖြစ်၍ မြတ်သောအလှူဖြစ်သည်။ ကထိန်ခင်းခွင့်ကို ရဟန်းတိုင်းမရနိုင်ပါ။ ကထိန်ခင်းမည့်ရဟန်းတော်သည် ပုရိမဝါကပ်ပြီး ပဝါရဏာပြုပြီးသောရဟန်းဖြစ်ရမည်။ ဝါကျိုး၊ ဝါပျက်မရှိသော ရဟန်းဖြစ်ရမည်။ သင်္ကန်းရှားပါသောရဟန်းဖြစ်ရမည်။ သင်္ကန်းနွမ်းပါးသူဖြစ်ပါက သိက္ခာဝါကြီးသော မထေရ်ကို ဦးစားပေးရပါသည်။

၁။ အနာမန္တစာရ = ရဟန်းတို့အား မပန်ကြားဘဲ ခရီးလှည့်လည်သွားလာနိုင်ခြင်း

၂။ အသမာဒါနစာရ = အဓိဋ္ဌာန်တင်ထားသော သင်္ကန်းကိုမဆောင်ဘဲ သွားနိုင်ခြင်း

၃။ ဂဏဘောဇန = မအပ်သောပင့်ဖိတ်ခြင်းဖြင့် ရသောဆွမ်းကိုသုံးဆောင်နိုင်ခြင်း

၄။ ယာဝဒတ္ထစီဝရ = ရသမျှသောသင်္ကန်းတို့ကို အဓိဋ္ဌာန်တင်ခြင်း၊ ဝိကပ္ပနာပြုခြင်းတို့မလုပ်ဘဲ အလိုရှိသလောက် ထားရှိသုံးဆောင်နိုင်ခြင်း

၅။ ယောစတတ္ထစီဝရုပ္ပါဒ = ကထိန်ခင်းရာကျောင်းတိုက်၌ ဖြစ်ပေါ်ရရှိလာသမျှသောသင်္ကန်းတို့ကို သုံးစွဲနိုင်ခွင့်ရှိခြင်း

အထက်ပါအကျိုးတရားငါးပါးကို ကထိန်ခင်းသော ရဟန်း၊ သာဓုအနုမောဒနာခေါ်သော ရဟန်းတို့သည် ကထိန်ခင်းသောနေ့မှ တပေါင်းလပြည့်နေ့တိုင်အောင်ခံစားနိုင်ပါသည်။ ကထိန်သင်္ကန်းလှူဒါန်းသော ဒါယကာများမှာလည်း အောက်ပါအကျိုးတရားများကို ရရှိပါသည်။

၁။ သဘာမာဝစရ = အချုပ်အချယ်အတားအဆီးမရှိဘဲ မိမိလိုရာအရပ်သို့ လွတ်လပ်စွာသွားလာနိုင်ခြင်း

၂။ ဘာရနိက္ခေပ = နိဗ္ဗာန်မရမီစပ်ကြားဘဝများ၌ပြုလုပ်ကြသော ကိစ္စအဝဝတို့တွင်ဝန်မလေးခြင်း

၃။ ဗဟုစိတ္တက = ဝတ်ဆင်၍မကုန်နိုင်အောင် အဝတ်တန်ဆာ စည်းစိမ်ဥစ္စာတို့ပေါများ၍ မိမိကိုယ်တိုင်ချမ်းသာစွာ သုံးဆောင်နိုင်ခြင်း

၄။ အနေကဘောဇနလာဘီ = မိမိစားသုံးသော အစားအစာများမှာပေါများ၍ အဆိပ်အတောက်ကြား အန္တရာယ်မရှိခြင်း

၅။ အာစိန္နဒါနဘောဂဝါ = မိမိ၏စည်းစိမ်ဥစ္စာများမှာ ရန်သူမျိုးငါးပါးဘေးကြောင့် ပျက်စီးမှုမကြုံတွေ့ရခြင်း

ကထိန်ခင်းပွဲတော်အပြင် ဤလတွင် လ၏အမည် တန်ဆောင်မုန်းနှင့်အညီ ဆီမီးထွန်းပွဲတော်ကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြ၏။

စာ (၂၉) သို့

www.free4readers.com



# ရန်ကုန်တက္ကသိုလ်တွင် သစ်ပင်များခုတ်လှဲမှု ယာယီရပ်ဆိုင်းထားရန်နှင့် နိုဝင်ဘာလအတွင်း အသေးစိတ်ညှိနှိုင်းဆွေးနွေးရန် သဘောတူညီမှုရရှိ

ရန်ကုန်တက္ကသိုလ်တွင် သစ်ပင်များခုတ်လှဲမှုကို ယာယီရပ်ဆိုင်းထားရန်နှင့် နိုဝင်ဘာလအတွင်း အသေးစိတ်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်သွားရန် အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တက္ကသိုလ် အဓိကာပိုင်များနှင့် ရန်ကုန်တက္ကသိုလ် ဆရာ၊ ဆရာမများသမဂ္ဂမှ တာဝန်ရှိသူများ၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂမှ တာဝန်ရှိသူများအကြား နိုဝင်ဘာ ၄ ရက်နေ့တွင် ပြုလုပ်သောအစည်းအဝေး၌ သဘောတူညီမှုရရှိခဲ့သည်။



ရန်ကုန်တက္ကသိုလ်တွင် Ring Road၊ Landscaping လုပ်ငန်းများဆောင်ရွက်ရာ၌ သစ်ပင်များအား ခုတ်လှဲမှုများဖြစ်ပေါ်ခဲ့ရာ ကျောင်းသားများသမဂ္ဂမှ တာဝန်ရှိသူများက ကန့်ကွက်ခဲ့ကြသည်။ ယင်းလုပ်ငန်းများနှင့် ပတ်သက်သည့် အစည်းအဝေးတရပ်ကို နိုဝင်ဘာ ၄ ရက်တွင် ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်အပေါ်ထပ်အစည်းအဝေး၌ ပြုလုပ်ခဲ့ပြီး အစည်းအဝေးအပြီးတွင် အဆင့်မြင့်ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများသမဂ္ဂ အတွင်းရေးမှူး၊ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌနှင့် Yangon University Enviromental Club ဥက္ကဋ္ဌတို့ လက်မှတ်ရေးထိုးထားသည့်အစည်းအဝေးဆုံးဖြတ်ချက်များကို ထုတ်ပြန်ခဲ့သည်။

ဆောင်ရွက်လျက်ရှိသော Ring Road၊ Landscaping လုပ်ငန်းများကို ယာယီရပ်ဆိုင်းထားရန်နှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများနှင့် နိုဝင်ဘာလအတွင်း အသေးစိတ်ညှိနှိုင်းဆွေးနွေးပြီး သဘောတူညီချက်ရရှိပြီးမှသာ Ring Road၊ Landscaping လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ခြင်း၊ မဖော်ခြင်းပြုရန်၊ သဘောတူညီချက်မရပါက စီမံကိန်းအား လုံးဝဖျက်သိမ်းရန်နှင့် လက်ရှိလုပ်ငန်းစဉ်ကြောင့် ပျက်စီးမှုများအား ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ပေးရန်၊ ထိုသို့ဆောင်ရွက်ရာတွင် ပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများ၏ အများသဘောတူညီချက်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ သစ်ပင်များအား သစ်တောဦးစီးဌာန၏ သဘောထားမှတ်ချက်နှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၏ သဘောတူညီချက်မပါဘဲ ဆက်လက်မခုတ်ရန်၊ အကယ်၍ ခုတ်ထွင်ရန်လိုအပ်ပါက ကျောင်းသား၊ ကျောင်းသူများ ဆရာ၊ ဆရာမများအားအကြောင်းကြားပြီး လိုက်လံစစ်ဆေး၍ သစ်တောဦးစီးဌာန၏ အကြံပြုညွှန်ကြားချက်ဖြင့်သာ ဆောင်ရွက်မည်ဟုလည်း အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည်။

မလိုအပ်သောအပေါ်ယံရုပ်ပိုင်းဆိုင်ရာပြောင်းလဲခြင်းများအား ဦးစားမပေးဘဲ academic နှင့် infrastructure ဖွံ့ဖြိုးရေး ဘတ်ဂျက်တောင်းခံရာတွင် ဌာနမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ အမှန်တကယ်လိုအပ်ချက်များကို သဘောထားရယူပြီးမှသာ ဆောင်ရွက်မည်ဟုလည်း အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည်။

သစ်ပင်များ အလွန်အကျွံအခုတ်ခံရမှုအပေါ် ကန့်ကွက်သည့် ဆန္ဒထုတ်ဖော်မှုများကို ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂက ဦးဆောင်၍ နိုဝင်ဘာ ၂ ရက်နှင့် ၄ ရက်နေ့တို့တွင် ပြုလုပ်ခဲ့ကြသည်။ ဆန္ဒထုတ်ဖော်ရာတွင် 'တက္ကသိုလ်တွင်း စိမ်းလန်းမှုဖျက်ဆီးသူ တို့ရန်သူ'၊ 'ကျောင်းသားဆန္ဒမပါသော လုပ်ငန်းများ ချက်ချင်းရပ်'၊ 'အပေါ်ယံရုပ်ဝတ္ထုပြောင်းလဲမှုများ အလိုမရှိ' စသော ကြွေးကြော်သံစာတန်းများကိုင်ဆောင်ကာ ကျောင်းဝင်းအတွင်း လှည့်လည်ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်သည်။

**မင်းထင်**

# တောင်ကြီးတန်ဆောင်တိုင်ပွဲ ကားလက်မှတ်ကြိုတင်မှာယူသူနည်း

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲသို့ သွားရောက်လည်ပတ်ရန် ကားလက်မှတ်ကြိုတင်မှာယူသူ နည်းပါးလျက်ရှိကြောင်း ပြည်တွင်းဘုရားဖူးပို့ဆောင်ရေးလုပ်ငန်းများနှင့်ကား လက်မှတ်အရောင်းဌာနများမှ စုံစမ်းသိရသည်။

''သီတင်းကျွတ်ပိတ်ရက်မှာ တောင်ကြီးကို သွားထားတဲ့သူများခဲ့လို့ တောင်ကြီးတန်ဆောင်တိုင်ကို အသွားနည်းမလားတော့ မသိဘူး။ လက်ရှိအချိန်ထိတော့ ဘွတ်ကင်လုပ်မှုက နည်းနေသေးတယ်။ ဒါပေမဲ့ ဒါကတကယ်အဖြေတော့ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီလဆန်းမှာ လာပြီးဘွတ်ကင်လုပ် ကြမယ့်သူတွေရှိနိုင်တယ်။ တောင်ကြီး တန်ဆောင်တိုင်ကတော့ လူများတော့ လူငယ်နဲ့ လူလတ်ပိုင်းတွေပဲ သွားကြတာများတယ်။ လူကြီးပိုင်းတွေကတော့ ပုဂံကိုအသွားများတယ်။ ပုဂံကတော့ သီတင်း ကျွတ်နီးပါးလောက်ကို သွားကြမှာ''ဟု ရွှေကြေးစည် အဆင့်မြင့် ဘုရားဖူးခရီးသွားလုပ်ငန်းမှ အရောင်းတာဝန်ခံက ဆိုသည်။

ယခုနှစ် တောင်ကြီးတန် ဆောင်တိုင်မီးပုံးပျံပွဲတော်ကို နိုဝင်ဘာ ၄ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲတော်သို့ လာရောက်လည်ပတ်သော ပြည်သူများ လုံခြုံရေးအတွက် ရဲတပ်ဖွဲ့အင်အား ၈၀၀ ကျော် တာဝန်ချသွားမည်ဖြစ်ကြောင်း တန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲကျင်းပရေး ကော်မတီမှ သိရသည်။

''ခုချိန်ထိတော့ ကားလက်မှတ်ဘွတ်ကင်လုပ်မှုက နည်းသေးတယ်။ အသွားတော့များမယ်ထင်တယ်။ တန်ဆောင်တိုင်ကတော့နီးပေမဲ့ ရုံးပိတ်ရက်ကတော့ လိုသေးတယ်။ သီတင်းကျွတ်လိုတော့ ကားမရတာတွေတော့မဖြစ်နိုင်လောက်ဘူး။ သီတင်းကျွတ်ရုံးပိတ်ရက်ကတော့ နယ်ပြန်တဲ့သူတွေများလို့ တန်ဆောင်တိုင်ကတော့ နယ်သိပ်မပြန်ကြဘူး''ဟု ရွှေသစ္စာအဝေးပြေးကားလက်မှတ်အရောင်းဌာနမှ တာဝန်ခံကဆိုသည်။

တောင်ကြီးတန်ဆောင်တိုင်ခရီးစဉ်တွင် ရိုးရာကထိန်ပွဲ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ၊ မီးပုံးပျံအလှပြိုင်ပွဲများကိုကြည့်ရှုနိုင်သည့်အပြင် ထမ့်စမ်းလိုဏ်ဂူ၊ မွေ့တော်ကက္ကူ၊ မြို့မဈေးကြီး၊ စူဠာမဏိဘုရား၊ အင်းလေး ဖောင်တော်ဦးဘုရား၊ ပင်းတယရွှေဥမင်၊ ကုံလုံကျောင်း၊ မြင်းမထိလိုဏ်ဂူ၊ ကလော နီးဘုရား၊ ရွှေဥမင်၊ မိန်းမရဲတောင်၊ ရေပြာအိုင်များကိုလည်း လည်ပတ်ရနိုင်မည်ဖြစ်သည်။

ယခင်နှစ် တောင်ကြီးတန်ဆောင်တိုင် ရိုးရာမီးပုံးပျံပွဲတော်တွင် ညမီးကြီးမီးပုံးပျံ ၈၁ လုံး၊ စိန်နားပန် ၄၂ လုံး၊ နေ့လွှတ်အရုပ် ၂၉၁ လုံး စုစုပေါင်း မီးပုံးပျံအလုံးရေ ၄၁၄ လုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယခုနှစ် ဝင်ရောက်ယှဉ်ပြိုင်မည့် မီးပုံးပျံအရေအတွက် စာရင်းအတိအကျ မရရှိသေးကြောင်း တောင်ကြီး တန်ဆောင်တိုင် မီးပုံးပျံပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

**ကျော်ကျော်**



စာ-၂၈ (မိုးနောက်ဆုံးလ ကထိန်ကျ ခင်းရသည့်ချိန်ခါ)မှအဆက်

ယင်းဆီမီးထွန်းပွဲတော်ကို ရှေးမြန်မာတို့သည် ကြတ္တိကာနက္ခတ်ကိုပူဇော်သောအားဖြင့် ထွန်းညှိသည်ဟု သိရ၏။ ကြတ္တိကာနက္ခတ်၏အစောင့်သည် အဂ္ဂိဒေဝ မီးနတ်ဖြစ်၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်း လူ့ပြည်သို့ ဆင်းလာလေ့ရှိသည်ဆို၏။ ထိုအခါ လူတို့က ယင်းနတ်ကို မီးရောင်စုံထွန်းညှိပူဇော်ပြီးလျှင် ခြိမ့်ခြိမ့်သဲသဲ အမျိုးမျိုးသောပွဲတို့ကိုလည်း ကျင်းပကြသည်ဆို၏။ အချို့ကလည်း ဤဆီမီးထွန်းပွဲတော်သည် မဟာပိန္နဲနတ်ကိုလည်းကောင်း၊ တာဝတိံသာရှိ ဆံတော်ဓာတ်ကိန်းဝတ်ရာ စူဠာမဏိစေတီတော်ကိုလည်းကောင်း ရည်စူးပူဇော်ခြင်းဟု အဆိုပြုကြပြန်၏။ သို့ရာတွင် ဆီမီးထွန်းပွဲတော်သည် ယနေ့ခေတ်တွင်မူ ဘုရားမြတ်စွာကို ရည်မျှော်ကာပူဇော်ကြခြင်းဖြစ်၏။

မသိုးသင်္ကန်းရက်လုပ္ပဲဇော်ပွဲသည်လည်း တန်ဆောင်မုန်းလ၏ ပွဲတော်တခုဖြစ်သည်။ မသိုးသင်္ကန်းဆိုသည်မှာ သံဃာတော်များကိုယ်တိုင် သင်္ကန်းများကိုချုပ်ဆိုးဝတ်ကြရသည့်ခေတ်က ကထိန်သင်္ကန်း၏ နာမည်ထူးတမျိုးပင်ဖြစ်သည်။ ထိုခေတ်က ရဟန်းသံဃာများသည် ကထိန်ခင်းရန်အတွက် လှူဒါန်းသည့် သင်္ကန်းကို ညသိပ်သိမ်းဆည်းမထားဘဲ လှူဒါန်းသည့်နေ့အရုဏ်မတက်မီအတွင်း သင်္ကန်းအပ်နှင်းမှု၊ ချုပ်ဆိုးမှုကိုကိစ္စများ ပြီးစီးအောင်ဆောင်ရွက်ကြရသည်။ ယင်းသို့ကိစ္စအားလုံးကို နေ့ချင်းပြီးလုပ်ဆောင်နိုင်သော သင်္ကန်းမျိုးကို မသိုးသင်္ကန်းဟုခေါ်သည်။ သင်္ကန်းချုပ်ဆိုးနေစဉ် အရုဏ်တက်ခဲ့လျှင်ဖြစ်စေ၊ အပ်နှင်းမှု၊ ချုပ်ဆိုးမှုတို့ကို လုံးဝမပြုဘဲ ညသိပ်ထားလျှင်ဖြစ်စေ သင်္ကန်းသိုးသည်ဟု ဆိုလိုသည်။

မြတ်စွာဘုရားရှင်လက်ထက်တော်က မိထွေးတော်မဟာပဇာပတိဂေါတမီသည် နန်းတော်တွင်း၌ ရက်ကန်းစင်များဆောက်၍ ကထိန်သင်္ကန်းလျာရက်လုပ်ယှဉ်ပြိုင်ပွဲများ ပြုလုပ်သည်။ ကိုယ်တိုင်လည်း ပါဝင်ရက်လုပ်သည်။ ရက်လုပ်သူများကို ဆုများချီးမြှင့်သည်။ ဘုရားရှင်အားလည်း သင်္ကန်းလျာပိတ်ချောတထည်လှူဒါန်းသည်ဟု ဥပရိပဏ္ဏာသအဋ္ဌကထာ ဒက္ခိဏာဝိဘင်္ဂသုတ်တွင် ဖော်ပြထားပါသည်။ ထိုလှူဒါန်းပွဲကိုအတုယူ၍ ပြည်ထောင်စုမြန်မာနိုင်ငံတွင်လည်း တန်ခိုးကြီးဘုရားများ၌ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲများကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ည၌ ကျင်းပကြသည်။ အရုဏ်မတက်မီ အပြီးရက်လုပ်ရသည်။ အသင်းအဖွဲ့အလိုက် ယှဉ်ပြိုင်ပွဲများပြုလုပ်ကြသည်။ ဤပွဲသည် မြန်မာ့ယဉ်ကျေးမှုတွင် ကောင်းမြတ်သော အစဉ်အလာတရပ်အဖြစ် ယနေ့တိုင်တည်ရှိနေသည်။



ပြည်ထောင်စုမြန်မာနိုင်ငံတွင် ကထိန်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ အစိုးရဌာနများ၊ ရုံးများ၊ ကျောင်းများ၊ ကောလိပ်၊ တက္ကသိုလ်များ၊ အသင်းများ၊ အဖွဲ့အစည်းများက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ကထိန်ပွဲများကျင်းပကြသည်။ မြို့၊ ရွာ၊ ရပ်ကွက်များတွင် ကထိန်လှူဖွယ်ပစ္စည်းများ ခင်းကျင်းပြသထားသည်မှာ ကြည်နူးဖွယ်ရာကောင်းလှသည်။ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် ကထိန်လှူဖွယ်ပစ္စည်းများကို မဲကျရာကျောင်းတိုက်သို့ စီတန်းလှည့်လည်ပို့ဆောင်ပေးနေသည်မှာ မျက်စိပသာဒဖြစ်စေပါသည်။ 'အလှူမှာကထိန်၊ ကျောင်းမှာသိမ်' ဆိုသည့်အတိုင်း အလှူတကာ့အလှူတို့တွင် အမြတ်ဆုံးဖြစ်ပါသည်။ ထို့ကြောင့် လှူကထိန်သင်္ကန်းနှင့် မဂ်လမ်းကိုရှယ်သော ပွဲတော်ပင်ဖြစ်ပါတော့သည်။

**မင်းရဝေ(အရှေ့တိုင်းပညာ)**

www.free4readers.com



# မေတ္တာထားပြီး ဆက်ဆံကြစေလို

ဟသ်ာ(တောင်တွင်းကြီး)



အလုပ်ရှင်တွေ အကြီးအကဲတွေနဲ့ ဝန်ထမ်းတွေ အလုပ်သမား၊ အောက်လက်ငယ်သားတွေနဲ့ ဆက်ဆံကြတဲ့အခါ အလုပ်ရှင်အကြီးအကဲတွေဘက်က လိုက်နာကျင့်သုံးရမယ့် အချက်အလက်တွေဆိုတာရှိပြီးသားမို့ အထူးပြောစရာမလိုပါ။ အလုပ်ရှင်အကြီးကဲဟာ ကိုယ့်အောက်လက်ငယ်သားအပေါ်မှာ ပေးထားတဲ့ ကတိကိုတည်ကြည်ဖို့ အလွန်ပဲအရေးကြီးလှပါတယ်။

ဥပမာအနေနဲ့ ဒီအလုပ်ကိုအောင်မြင်အောင် တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်ရင် ထိုက်တန်စွာ ဂုဏ်ပြုပေးပါမယ်လို့ ကတိပေးထားရင် မပျက်မကွက် ဆက်ဆက်ဆောင်ရွက်ပေးရမှာက အကြီးအကဲအလုပ်ရှင်ဘက်က မပျက်မကွက်ရမယ့်တာဝန်တခုပါ။ ဆောင်ရွက်မပေးဘဲ ပျက်ကွက်ခဲ့တယ်ဆိုရင် အလွန်ပဲအကျိုးဆုတ်ယုတ်သွားစေနိုင်ပါတယ်၊ မြန်မာနိုင်ငံဟာ ဗုဒ္ဓဘာသာယဉ်ကျေးမှုကို အလေးအမြတ်ထားပြီး ကျင့်သုံးတဲ့နိုင်ငံတနိုင်ငံဖြစ်ပါတယ်။ ထို့ကြောင့် ထိုယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်ဖို့နဲ့ ယဉ်ကျေးမှုရှိဖို့တော့ လိုပါတယ်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုအရ အကြီးအကဲအလုပ်ရှင်က အောက်လက်ငယ်သားအလုပ်သမားများအပေါ်မှာ ခွန်အားရှိသလောက်သာ အလုပ်ကိုခိုင်းရပါမယ်။ ရိက္ခာကိုလည်း လုံလောက်အောင် ပေးရပါမယ်။ မကျန်းမာလျှင်ပြုစုပေးရပါမယ်၊ စားကောင်းသောက်ဖွယ်များလည်း ခွဲဝေကျွေးမွေးရပါမယ်၊ အခါအားလျော်စွာ အားလပ်ခွင့်ကိုလည်း ပေးရပါမယ်၊ အဝတ်တန်ဆာတွေကိုလည်း ဆုလာဘ်အဖြစ်ပေးရပါမယ်၊ အဲဒီလိုမေတ္တာထားရင် အောက်လက်ငယ်သား အလုပ်သမားများအပေါ်မှာ တာဝန်ကျေတဲ့ အကြီးအကဲအလုပ်ရှင်ဖြစ်နိုင်ပါတယ်။

**ဝစ္စာကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုစေ၊ ငှဝေရသာ၊ အခါကိုလွှတ်၊ အလုပ်ရှင်ဝတ်၊ မချွတ် ငါးခုသာ**ဆိုပြီးရှိပါတယ်။ အောက်လက်ငယ်သား အလုပ်သမားတွေကို မေတ္တာနဲ့ဆက်ဆံကြရပါမယ်။ အလုပ်သမားတွေအပေါ်မှာ သူမတတ်နိုင်တာကို ကိုယ်က တတ်နိုင်သလောက် ဆောင်ရွက်ပေးတာကို (သက္ကမေတ္တာ)လို့ ခေါ်ပါတယ်။ အောက်လက်ငယ်သားအလုပ်သမားတွေ အပေါ်မှာ ပြဿနာမရှိတဲ့ အပြော၊ အပြု၊ အနေနဲ့၊ ကိုယ်ကဖြောင့်မတ်ရိုးသားသူအဖြစ်နဲ့ ကျင့်သုံးနေတာဟာ (ဥဇုမေတ္တာ)လို့ခေါ်ပါတယ်။ အောက်လက်ငယ်သားအလုပ်သမားတွေ အပေါ်မှာ ပြဿနာမရှိတဲ့ အပြော၊ အပြု၊ အနေဆိုတဲ့ ဆက်ဆံရေးတွေမှာ အလွန်ဖြောင့်မတ်ရိုးသားသူအဖြစ် ဆက်ဆံနေတာဟာ(သုဟုဇု)မေတ္တာခေါ်ပါတယ်။

အောက်လက်ငယ်သားအလုပ်သမားတွေ အပေါ်မှာပြောဆိုဆုံးမလွယ်ကူသူအဖြစ် ပြုကျင့်နေတာဟာ(သုဝစ)မေတ္တာလို့ ခေါ်ပါတယ်။ အောက်လက်ငယ်သားအလုပ်သမားတွေအပေါ်မှာ ဝမ်းမြောက်ဖွယ်ပြုမူပြောဆို၊ နေထိုင်ဆက်ဆံတာကို နူးညံ့သိမ်မွေ့ပြေပြစ်စွာ ဆက်ဆံတာဖြစ်တဲ့အတွက်(မုဒု)မေတ္တာလို့ ခေါ်ပါတယ်။ အောက်လက်ငယ်သားအလုပ်သမားတွေအပေါ်မှာ မိမိပြုခဲ့ပြီးတာထက် ပိုမိုပြုခဲ့ပြီးသယောင်မပြုတာဟာ လွန်ကဲမြင့်မောက်ပြီး မိမိကိုယ်ကို ချီးပင့်မြှောက်တင်တဲ့ မာန်မထောင်သူဖြစ်လို့(အနတိမာနီ) မေတ္တာလို့ခေါ်ပါတယ်။ အောက်လက်ငယ်သားအလုပ်သမားတွေကပေးတဲ့ ဥစ္စာဖြင့်တင်းတိမ်၊ အားရ၊ ကျေနပ်၊ နှစ်သက်ဝမ်းမြောက်၊ ရောင့်ရဲနိုင်တာဟာ ကိုယ်ကအောက်လက်ငယ်သား အလုပ်သမားတွေအပေါ်မှာ မိမိဥစ္စာဖြင့်ရောင့်ရဲနိုင်သူအဖြစ် ပြုနိုင်လို့ (သန္တုဿက) မေတ္တာလို့ ခေါ်ပါတယ်။

အောက်လက်ငယ်သားအလုပ်သမားတွေနဲ့ ပေါင်းသင်းဆက်ဆံရမခက်တဲ့ ကိုယ်၊ နှုတ်၊ နှလုံးရှိသူအဖြစ် ကျင့်တာဟာ၊ မွေးမြူရလွယ်ကူသူ(သုဘရ) မေတ္တာလို့ ခေါ်ပါတယ်။ ကိုယ့်အောက်လက်ငယ်သားအလုပ်သမားတွေအပေါ်ဆက်ဆံတဲ့အခါ၊ ကိုယ့်မှာ ပြုဖွယ်ကိစ္စတွေများနေသော်လည်း အောက်လက်ငယ်သားအလုပ်သမားများရဲ့ကိစ္စကို ဆောင်ရွက်ပေးနိုင်တာဟာ(အပ္ပကိစ္စ)မေတ္တာလို့ ခေါ်ပါတယ်။

အလုပ်အကိုင်တွေလုပ်ကိုင်ပြီး အောက်လက်ငယ်သားအလုပ်သမားတွေ ပါဝင်တဲ့လောကကို အလုပ်အကျွေးပြုစောင့်ရှောက်ပြီးနေတာဟာ အလုပ်သမား တွေရဲ့ဝန်းကျင် ပေါ့ပါးတဲ့ အသက်မွေးဝမ်းကျောင်းသူဖြစ်လို့ (သလ္လဟုကဝုတ္တိ)မေတ္တာလို့ ခေါ်ပါတယ်။ အပြစ်ကင်းတဲ့အလုပ်ကိုင် အပြောအဆို၊ အနေအထိုင်တွေမှာ ပိုင်နိုင်ကျွမ်းကျင်စွာ လုပ်ကိုင်ပြောဆိုနေနိုင်တာဟာ အောက်လက်ငယ်သားအလုပ်သမားတွေရဲ့ စိတ်မှာ၊ ငြိမ်းအေးတဲ့ ဣန္ဒြေရှိသူ ဣန္ဒြေရသူအဖြစ်ကိုရရှိစေတဲ့အတွက် (သန္တိန္ဒြိယ) မေတ္တာခေါ်ပါတယ်။

ကိုယ်နဲ့အောက်လက်ငယ်သားအလုပ်သမားတွေရဲ့ သိမ်မွေ့နက်နဲတဲ့ အကျိုးကျေးဇူးတွေကို ကြောင်းကျိုးဆက်စပ်ပြီးသိမြင်တာဟာ ကိုယ်က အောက်လက်ငယ်သားအလုပ်သမားတွေကို ရင့်ကျက်တဲ့ပညာရှိသူအဖြစ်ကို ရောက်စေတဲ့အတွက် (နိပက)မေတ္တာလို့ ခေါ်ပါတယ်။ ကိုယ့်ကို အောက်လက်ငယ်သား အလုပ်သမားတွေက စိတ်၊ ပျက်၊ စက်ဆုပ်စရာမရှိအောင် ပြောဆိုပြုမူနေထိုင်တာဟာ အောက်လက်ငယ်သား အလုပ်သမားတွေအပေါ် မခက်ထန်သူအဖြစ် ရောက်လို့(အပ္ပဂဗ္ဘ) မေတ္တာလို့ ခေါ်ပါတယ်။

အောက်လက်ငယ်သားအလုပ်သမားတွေအပေါ်မှာ ခွဲခွဲခြားခြား မလုပ်တာဟာ အောက်လက်ငယ်သား အလုပ်သမားတွေအပေါ်မှာ အမျိုးတို့ကို မတပ်မက်သူ၊ အမျိုးစွဲကင်းသူ၊ အမျိုးခင်တာနောက်မလိုက်သူဖြစ်လို့ (ကုလေသွနနုဂိဒ္ဓ) မေတ္တာလို့ ခေါ်ပါတယ်။ သာမာန်အသိရှိသူတွေက ကဲ့ရဲ့ရှုတ်ချစရာ၊ မကောင်းမှုကို အစေအပါး အောက်လက်ငယ်သားအလုပ်သမားတွေအပေါ် စိုးစဉ်းအနည်းငယ်မျှလည်း မပြုကျင့်တာဟာ (နစခုဒ္ဒမာစရေကိဉ္စိ ယေန ဝိညူပရေ ဥပ ဝဒေယျုံ)မေတ္တာလို့ ခေါ်ပါတယ်။

ဘယ်လိုအကြောင်းကြောင်းမှ အောက်လက်ငယ်သားအလုပ်သမားတွေကို စိတ် ဆိုး၊ စိတ်ပျက်၊ အမျက်ဒေါသမထွက်တာ၊ အောက်လက်ငယ်သား အလုပ်သမားတွေအပေါ် စိတ်မကုန်တာဟာ(န ပရော ပရံ နိကုဗ္ဗေထ)မေတ္တာလို့ ခေါ်ပါတယ်။ ဘယ်လို အကြောင်းကြောင်းမှ အောက်လက်ငယ်သားအလုပ်သမားတွေကို မထေမဲ့မြင် မထီလေးစား၊ မသိကျိုးကျွန်မပြုတာဟာ (နာတိ မညေထ ကတ္တစိ နကိဉ္စိ) မေတ္တာလို့ ခေါ်ပါတယ်။ ဘယ်အကြောင်းကြောင်းမှ အောက်လက်ငယ်သားအလုပ်သမားတွေရဲ့ ဆင်းရဲကို မလိုလားတာ၊ အောက်လက်ငယ်သား အလုပ်သမားတွေရဲ့ ဆင်းရဲဖြစ်မှုကိုမလုပ်တာဟာ (နာညမညဿ ဒုက္ခ မိစ္ဆေယျ) မေတ္တာလို့ ခေါ်ပါတယ်။

ဘယ်လိုအကြောင်းကြောင့်မှ အောက်လက်ငယ်သားအလုပ်သမားတွေကို အနေမကျပ်တည်း မကျဉ်းမြောင်းစေတာဟာ (အသမ္ဗာဓ) မေတ္တာလို့ ခေါ်ပါတယ်။ ဘယ်လိုအကြောင်းကြောင့်မှ အောက်လက်ငယ်သား အလုပ်သမားတွေကို ရန်ညှိုးရန်စ ထောင်ခြင်းမလုပ်တာဟာ (အဝေရ)မေတ္တာလို့ ခေါ်ပါတယ်။ ဘယ်လိုအကြောင်းကြောင့်မှ အောက်လက်ငယ်သား အလုပ်သမားတွေကို ရန်သူ၊ ပြိုင်ဘက်မလုပ်တာဟာ (မသပတ္တ) မေတ္တာလို့ခေါ်ပါတယ်။ အဲဒီလိုမေတ္တာတရားတွေကို အကြီးအကဲတွေ အလုပ်ရှင်တွေဘက်က အောက်လက်ငယ်သား အလုပ်သမားတွေအပေါ်မှာ ထားနိုင်ပါမှ လောကကြီး တိုးတက်ဖြစ်ထွန်းနိုင်ပါတယ်။

အဲဒီလို အကြီးအကဲအလုပ်ရှင်က အောက်လက်ငယ်သား အလုပ်သမားတွေအပေါ်မှာ ထားရှိရမယ့် မေတ္တာတရားတွေ ပျက်ယွင်းနေပြီဆိုရင်တော့ အဲဒီအလုပ်ကြီးဟာ ပျက်စီးတော့မှာဖြစ်ပါတယ်။ အဲဒီလုပ်ငန်းကို ဦးစီးလုပ်ကိုင်နေသူတွေဟာ ဒီလိုဗုဒ္ဓဘာသာရဲ့ ယဉ်ကျေးမှုကြီးကိုဖျက်ဆီးပြီး ကိုယ့်အောက်လက်ငယ်သားအလုပ်သမားတွေအပေါ်မှာ မုသာဝါဒစကားတွေနဲ့ လိမ်လည်လှည့်ဖြားနေပြီဆိုရင် အကြီးအကဲ အလုပ်ရှင်ဘက်က မေတ္တာတော့ပျက်ယွင်းနေတဲ့အတွက် ကြာလာရင် အဲဒီလုပ်ငန်းကြီးလည်း အကျိုးစီးပွားတွေ ပျက်ပြားသွားနိုင်ပါတယ်။ ပြုပြင်ချိန်တန်ရင်တော့ အသိတရားရှေ့ထားပြီး ပြုပြင်သွားပါမှ ကိုယ်လုပ်ကိုင်နေတဲ့လုပ်ငန်းအပေါ်မှာ တိုးတက်လာနိုင်ဖွယ်ရှိပါတယ်။

မေတ္တာတရားဆိုတာ ဒေါသတရားရဲ့ ဆန့်ကျင်ဘက်ပါ၊ မေတ္တာပျက်တာနဲ့ ဒေါသတရားဖြစ်သွားပါပြီ။ မေတ္တာဆိုတာ(အဒေါသ)ကိုခေါ်တာပါ။ လူလူချင်း ဆက်ဆံကြတဲ့အခါ မေတ္တာတရားတွေထားပြီး ဆက်ဆံကြဖို့လိုပါတယ်။ **လိမ်လည်တဲ့ မုသားစကားတွေ၊ သိမ်ဖျင်းယုတ်ညံ့တဲ့ သမ္မပ္ပလာပဝါစာတွေ၊ ကြမ်းတမ်းတဲ့ ဖရုသဝါစာတွေကို အသုံးပြုဆက်ဆံနေသရွေ့ ကြာလာရင်အကျိုးယုတ်မှာ သေချာပါတယ်။ အဲဒါကြောင့် ဒေါသ၊ လောဘ၊ တရားတွေကိုရှောင်ကွင်းပြီး ဗုဒ္ဓဘာသာတွေပီပီ မေတ္တာတရားတွေပွားပြီး ကိုယ့်အောက်လက်ငယ်သား အလုပ်သမားတွေအပေါ်မှာ ဆက်ဆံသွားကြပါလို့ တိုက်တွန်းအသိပေးလိုက်ရပါတယ်။**

ဟသ်ာ(တောင်တွင်းကြီး)



# နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ Infantino တို့တွေ့ဆုံခဲ့ခြင်းက ဘောလုံးလောက အထောက်အပံ့ကောင်းများရလာနိုင်ဟုဆို

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Asean Business and Investment Summit (ABIS) အစည်းအဝေး၊ ၃၅ ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ Infantino နှင့် တွေ့ဆုံ၍ မြန်မာ့ဘောလုံးလောကတိုးတက်ရန် ကူညီဆောင်ရွက်ပေးဖို့ ပြောကြားခဲ့ခြင်းသည် မြန်မာ့ဘောလုံးလောကအတွက် အထောက်အပံ့ကောင်းများရလာနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ်ဦးစိုးမိုးက ပြောသည်။

''ဒါကောင်းတဲ့တွေ့ဆုံမှုပါပဲ။ ဘာပဲပြောပြော နိုင်ငံတော်အကြီးအကဲတယောက်အနေနဲ့ ဘောလုံးအားကစားကို စိတ်ဝင်စားမှုရှိလာတယ်။ အားပေးမှုတွေပိုလုပ်လာတယ်ဆိုတာ ကောင်းတဲ့လက္ခဏာတခုပါပဲ။ ဘာမှလှုပ်ရှားမှုမရှိတာထက်စာရင် အကြီးအကဲတယောက် အနေနဲ့ လှုပ်ရှားမှုရှိလာတယ်ဆိုတာ ဘာပဲပြောပြော အင်မတန်ကောင်းတဲ့ အားထားရတဲ့ ကိစ္စတခု ဖြစ်စေပါတယ်။ နိုင်ငံတော်အကြီးအကဲတဦးရဲ့ ဒီလိုတွေ့ဆုံမှုက ရှေ့ဆက်ပြီး ကျွန်တော်တို့မြန်မာ့ဘောလုံးလောကအတွက် အလားအလာကောင်းတွေဖြစ်လာနိုင်မှာပါ''ဟု ၎င်းက ပြောသည်။



နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) ဥက္ကဋ္ဌ Mr.Gianni Infantino နှင့် နိုဝင်ဘာ ၃ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၂၀ မိနစ်ခန့်တွင် အာဆီယံ ထိပ်သီးအစည်းအဝေးကျင်းပသည့် Impact Convention Centre ၌ သီးခြားတွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ဘောလုံးအားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာအမျိုးသားနှင့် အမျိုးသမီးဘောလုံးအားကစားသမားများ၏ အားကစားစွမ်းရည်မြင့်မားလာရေး၊ လူငယ်များအကြား ဘောလုံးအားကစားနည်းစနစ်များ၊ ဘောလုံးအကယ်ဒမီများ၏ အရည်အသွေးမြှင့်တင်ရေး၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအား မြန်မာလူငယ်များအကြား အားကစားအပေါ် ပိုမိုစိတ်ဝင်စားလာစေရေး၊ ကျန်းမာရေးနှင့်ကိုက်ညီသည့် လူနေမှုပုံစံဖြစ်ပေါ်လာရေး၊ အသင်းအဖွဲ့စိတ်ဓာတ်ပိုမို ရှင်သန်းထွန်းကားလာရေးနှင့် မြန်မာ့ဘောလုံးအဆင့်အတန်းကို အာရှထိပ်တန်းအဆင့်သို့ ပြန်လည်ရောက်ရှိရေး အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ကူညီပံ့ပိုးပေးရန် မေတ္တာရပ်ခံခဲ့ကြောင်း သိရသည်။

''ကောင်းတဲ့ဘက်ကိုချဉ်းကပ်လာတယ်လို့တော့ ပြောလို့ရတာပေါ့။ တခြားနိုင်ငံနဲ့ယှဉ်ရင် ကျွန်တော်တို့က အများကြီးအားနည်းနေတယ်။ တကယ့်နိုင်ငံတကာ ပြိုင်ပွဲတွေမှာဆိုရင် သူတို့နိုင်ငံရဲ့သမ္မတကိုယ်တိုင် လာရောက်အားပေးတာမျိုးတွေရှိတယ်။ ထောက်ပံ့တာတွေရှိတယ်။ ကျွန်တော်တို့ဆီမှာတော့ တော်တော်လေးအားနည်းနေတယ်''ဟု ဦးစိုးမိုးက ဆက်လက်ပြောသည်။

လက်ရှိအခြေအနေတွင် မြန်မာဘောလုံးအဖွဲ့ချုပ်အနေဖြင့် အားကစားသမားများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ လေ့ကျင့်သင်ကြားပေးခြင်း၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ ထိန်းကျောင်းမှုများဆောင်ရွက်လျက်ရှိသော်လည်း တခြားနိုင်ငံများနှင့်ယှဉ်ပါက များစွာအားနည်းလျက်ရှိသေးကြောင်း မြန်မာ့ဘောလုံး အဖွဲ့ချုပ်အနေဖြင့် အဓိကထောက်ပံ့မှု အပိုင်းများ လိုအပ်လျက်ရှိကြောင်း ဦးစိုးမိုးက ထောက်ပြပြောကြားခဲ့သည်။ **ကျော်သူ**

စာ-၉ (ခေတ်မီချင်သောရောဂါ) မှအဆက်

မေတ္တာထုံမွမ်းသည့်အသုံး ကလေးကို 'ကျား'နှင့်'မ'ဟု အရုပ်ဆိုးအကျည်းတန်စွာ ခွဲခြားရှုမြင်သည့်အဖြစ်မျိုး ရောက်ပါလိမ့်မည်။ **ခေတ်မီချင်သောရောဂါကြောင့် ကဗျာကောင်း ကလေးများ အလှပျက်မသွားစေချင်ပါ။ တန်ဖိုးလျော့မသွားစေချင်ပါ။ ပြောရင်းပြောရင်း အဖေနှင့်အမေကို ကျေးဇူးကန်းမိသည့်အဖြစ်သို့ ရောက်လာမှန်းမသိ ရောက်သွားမည်စိုးပါသည်။**

ငိုရမလို ရယ်ရမလိုအဖြစ်တခု ကြားရပါသေးသည်။ ဒုတိယတန်း မြန်မာဖတ်စာ 'အဘိုးအိုနှင့်သားသုံးယောက်'ပုံပြင်မှ အဘိုးအိုက စည်းလုံးညီညွတ်မှုသာကေအဖြစ် သားသုံးယောက်ကို ထင်းစည်းချိုးခိုင်းသည့်အကြောင်းကို အများသိပါသည်။ ထိုပုံပြင်တွင် ယောက်ျားတွေချည်းပါနေသဖြင့် ကျား၊ မခွဲခြားရာရောက်သည့်အတွက် ထင်းစည်းချိုးသူများထဲတွင် မိန်းကလေးတယောက်ထည့်ပေးရန် ရှေ့ဆောင်ရှင်များက အကြံပေးပါသတဲ့။ ''ဒီလိုဆိုရင်တော့ သရုပ်ဖော်ပုံမှာ မိန်းကလေးတယောက် ခါးတောင်းကျိုက်ပြီး ထင်းစည်းချိုးနေတဲ့ပုံ ထည့်ရမယ်ထင်တယ်''ဟုပြောပြီး ရယ်ကြရပါသည်။ ဟာသဝတ္ထုတပုဒ်ဖတ်နေရသလို ဖြစ်ပါသည်။

ခေတ်မီချင်သည့်ရောဂါကြောင့် ပြဋ္ဌာန်းစာများကို ပုတ်ခတ်ထိပါးသူများ ခေတ်အဆက်ဆက်ကြုံခဲ့ဖူးပါပြီ။ ကန်တော်မင်းကျောင်းဆရာတော်၏ 'လောကသာရပျို့'မှ 'လယ်လုပ်ကုန်သွယ်၊ ကြေးဆယ်မြီချ'ဟူသော အပိုဒ်သည် ငွေချေးသည့်အကြောင်း ရေးဖွဲ့ထားသဖြင့် ဆိုရှယ်လစ်အယူအဆနှင့် မကိုက်ညီသောကြောင့် ဖြုတ်သင့်သည်ဟု ဆွေးနွေးမှုမျိုးရှိခဲ့ဖူးပါသည်။ ဆရာကြီးဒဂုန်ဦးထွန်းမြင့်၏ မဂ်လာကဗျာမှ 'အဲဒါမှ ဗုဒ္ဓဝါဒကမ္ဘာ့မဂ်လာတွေ'ဟူသောအဖွဲ့သည် ဗုဒ္ဓဘာသာကို မျက်နှာလိုက်ရာရောက်သဖြင့် ဖြုတ်သင့်ကြောင်း တာဝန်ရှိသူတယောက်က ဆွေးနွေးရာ ''ဒါ မြန်မာမှုအစဉ်အလာတခုပါ။ မသင်ချင်ရင်နေပါ။ အဲဒီအပိုဒ်ဖြုတ်ပြီး ဆရာကြီးကိုတော့ မစော်ကားပါနဲ့''ဟု ပြန်ဆွေးနွေးခဲ့ရကြောင်း ဆွေးနွေးသူက ပြောပြဖူးပါသည်၊ ''ဒါတောင် ဗုဒ္ဓဝါဒနေရာမှာ တခြားစကားလုံးထည့်ဖို့ သူတို့ကြိုးစားကြသေးတယ်ဗျ။ ဒါပေမဲ့ မအောင်မြင်ပါဘူး''ဟု ပြောပါသည်။

နောက်ရောဂါတခုက မြန်မာဖြစ်ပါလျက် မြန်မာစကား၊ မြန်မာစာကို အထင်သေးနေသော ရောဂါဖြစ်သည်။ ဦးလတ်၏ရွှေပြည်စိုးဝတ္ထု ဝတ်လုံတော်ရမောင်သောင်းဖေရခဲ့သော ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကိုအထင်သေးသော ဂါရဝ၊ နိဝါတပျက်ယွင်းသောရောဂါဖြစ်သည်။ ခေတ်အဆက်ဆက်ဖွဲ့စည်း(အုပ်ချုပ်)ပုံ အခြေခံဥပဒေများတွင် မြန်မာစာကို ရုံးသုံးစာအဖြစ်ပြဋ္ဌာန်းထားသည်ကို လူတိုင်းသိပါသည်။ ထို့ပြင်မက မြန်မာစာသည် နက်နဲသိမ်မွေ့သော ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု စသည့် မြန်မာမှုအားလုံးကို မှန်ကန်ကောင်းမွန်စွာရေးသားဖော်ပြနိုင်စွမ်းရှိသော စာလည်းဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်းရှိ ပြည်ထောင်စုတိုင်းရင်းသားများ အပြန်အလှန်နားလည်ရေးအတွက် 'ဘုံဘာသာစကား'အဖြစ် အစဉ်အဆက်အသုံးပြုခဲ့သော ဘာသာစကားလည်း ဖြစ်ပါသည်။

ဘာသာစကား၏သဘောသဘာဝအရ မည်သည့်ဘာသာစကားဖြင့်ရေးထားသော မည်သည့်အကြောင်းအရာမဆို အခြားဘာသာစကားတခုဖြင့် ဘာသာပြန်ဆိုနိုင်စွမ်းရှိသည့်ချည်း ဖြစ်သည်ကို ဘာသာစကားပညာရှင်များ ကောင်းစွာနားလည်ပါသည်။ ဘာသာစကားတခုမှတခုသို့ ဘာသာပြန်၍ မရစကောင်းသော အကြောင်းအရာဟူ၍မရှိကြောင်း ပုဂံခေတ်ကစ၍ ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့သော ပါဠိမြန်မာဘာသာပြန်သည့် ဝိဇ္ဇာ၊ သိပ္ပံပညာရပ်ဆိုင်ရာ အင်္ဂလိပ်-မြန်မာဘာသာပြန်များက သက်သေပြနေပါသည်။ သို့ပါလျက် ''ဘယ်အကြောင်းအရာ၊ ဘယ်ဘာသာရပ်ကိုတော့ မြန်မာလိုဘာသာပြန်ပေးလို့ မရနိုင်ပါဘူး''ဟု အချို့တာဝန်ရှိပုဂ္ဂိုလ်များ စွတ်ပြောနေသည်မှာ သူတို့ကိုယ်တိုင်ဘာသာစကား၏ သဘောသဘာဝကို ထဲထဲဝင်ဝင်နားမလည်ဘဲ အပေါ်ယံရှုပ်ပြီး 'တတ်ယောင်ကား'လုပ်ကာ ပြောနေခြင်းဖြစ်ကြောင်း ထင်ရှားပါသည်။ မိမိတို့ ခေတ်မီကြောင်း ပြလိုသဖြင့် မြန်မာစာကိုအထင်သေးပြနေခြင်းဖြစ်ပါသည်။ ထိုမှတဆင့် ''တက္ကသိုလ်ပညာကို မြန်မာလိုသင်လို့မရဘူး''ဆိုသောအသံမှသည် ''တက္ကသိုလ်မှာ မြန်မာစာသင်ဖို့ မလိုပါဘူး''ဆိုသော အသံအထိ တိုးတိုးတမျိုး၊ ကျယ်ကျယ်တမျိုး ကြားနေရပါသည်။ မြန်မာစာကိုအလေးမထားသည့် ဆိုးကျိုးကတော့ မြန်မာဖြစ်ပါလျက် မြန်မာစကားမှန်အောင် မပြောတတ်၊ မြန်မာစာမှန်အောင် မရေးတတ်သောရောဂါဆိုးကြီး ယခုပင် ကျယ်ပြန့်စွာကူးစက်နေပြီဖြစ်ပါသည်။

ခေတ်မီချင်သောရောဂါဆိုးများ၏ အန္တရာယ်ကို အချိန်မီ တားဆီးကာကွယ်နိုင်ကြပါစေဟူ၍သာ...။

**မောင်ခင်မင်(ဓနုဖြူ)**

စာ-၃၉ (အိုင်အက်စ်ခေါင်းဆောင် အဘူဘာကာအယ်လ်ဘဂ္ဂဒါဒီ ကျဆုံးခန်း)မှအဆက်

လူထောင်ပေါင်းများစွာအပေါ် နည်းလမ်းပေါင်းစုံဖြင့် အစွမ်းကုန်ရက်စက်ကြမ်းကြုတ်မှုပြုလုပ်ခဲ့သည့် ဘဂ္ဂဒါဒီသည် အမေရိကန်တပ်ဖွဲ့များ၏ သုတ်သင်ချေမှုန်းခြင်းခံရခါနီးအချိန်တွင် အကြီးအကျယ်ထိတ်လန့်ကြောက်ရွံ့ပြီး ငိုကြွေးခဲ့သည်ဟုလည်း သမ္မတထရန့်က ပြောသည်။

''သူ(ဘဂ္ဂဒါဒီ)က စက်ဆုပ်ရွံရှာစရာလူယုတ်မာတဦးပဲ။ သူဟာ ခွေးတကောင်လို သေသွားခဲ့တယ်။ သူဟာ သူရဲဘောကြောင်တဲ့လူတဦးပမာ သေသွားခဲ့တယ်''ဟု သမ္မတထရန့်က ပြောသည်။

သမ္မတထရန့်သည် အထူးစစ်ဆင်ရေးတပ်ဖွဲ့ကို ချီးကျူးမှုနှင့်အတူ ရုရှား၊ တူရကီ၊ အီရတ်၊ ဆီးရီးယားနှင့် ကာ့ဒ်တပ်ဖွဲ့များကိုကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အောက်တိုဘာ ၃၁ တွင် ပင်တဂွန်စစ်ဌာနချုပ်က အိုင်အက်စ်ခေါင်းဆောင်အယ်လ်ဘဂ္ဂဒါဒီအား အမေရိကန်အထူးတပ်ဖွဲ့က စီးနင်းတိုက်ခိုက်ခဲ့ပုံနှင့် ပတ်သက်ပြီး ရုပ်သံဖိုင်တခုထုတ်ပြန်သည်။ အဆိုပါရုပ်သံဖိုင်တွင် မရိန်းတပ်ဖွဲ့ဗိုလ်ချုပ်ကက်နက်မက်ကန်ဇီက စီးနင်းတိုက်ခိုက်မှုတွင် ဘဂ္ဂဒါဒီနှင့်အတူ ကလေးနှစ်ဦးသေဆုံးခဲ့ကြောင်း သမ္မတဒေါ်နယ်ထရန့်ပြောသလို သုံးဦးမဟုတ်ကြောင်း၊ ကလေးများမှာ အသက် ၁၂ နှစ်အောက်အရွယ်များဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဘဂ္ဂဒါဒီသည် သမ္မတထရန့်ပြောသလို လိုဏ်ခေါင်းထဲသို့ ငိုယိုပြေးဝင်သွားခြင်းဟုတ်၊ မဟုတ် ဗိုလ်ချုပ်မက်ကန်ဇီက ပြောကြားခဲ့ခြင်း မရှိပေ။

အမေရိကန်ကာကွယ်ရေးဝန်ကြီး မိုက်အက်စ်ပါကဘဂ္ဂဒါဒီသေဆုံးမှုသည် အိုင်အက်စ်အဖွဲ့အတွက် ကြီးမားသောထိုးနှက်ချက်တရပ်ဖြစ်ကြောင်း ပြောသည်။ ၎င်းက ''ဘဂ္ဂဒါဒီဟာ အိုင်အက်စ်အဖွဲ့ကို တည်ထောင်ခဲ့သူဖြစ်တယ်။ နည်းလမ်းများစွာဖြင့် စေ့ဆော်ပေးနိုင်သူလည်းဖြစ်တယ်။ သူဟာ ၂၀၁၄ ခုနှစ်မှာ IS ကိုဖွဲ့ခဲ့တယ်။ ဒေသတဝန်းကာလီဖိတ်နိုင်ငံထူထောင်ရေး လက်တွေ့ဦးဆောင်ခဲ့တယ်။ ဒါကြောင့် သူသေဆုံးမှုဟာ IS အတွက် အဓိကထိုးနှက်ချက်ဖြစ်တယ်''ဟု ပြောသည်။

အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေးရောဘတ်အိုဘရိုင်ယန်က ဘဂ္ဂဒါဒီ၏ရုပ်အလောင်းကို အယ်နိုင်ဒါခေါင်းဆောင်ဟောင်း အိုစမာဘင်လာဒင်ကဲ့သို့ ပင်လယ်တွင်း၌ မြှုပ်နှံသင့်ကြောင်းပြောကြားခဲ့သည်။ သမ္မတအိုဘားမားလက်ထက် ၂၀၁၁ ခုနှစ် မေလတွင် အမေရိကန်ရေတပ်အထူးတပ်ဖွဲ့ဝင်များသည် အထူးစစ်ဆင်ရေးတရပ်ဖြင့် ပါကစ္စတန်နိုင်ငံတွင်းသို့ ညအချိန်ဝင်ရောက်ပြီး အိုစမာဘင်လာဒင်အားသတ်ဖြတ်ကာ အလောင်းကိုပင်လယ်တွင်းသို့ ပစ်ချမြှုပ်နှံခဲ့သည်။

### အိုင်အက်စ်ခေါင်းဆောင်သစ်ခန့်အပ်

အမေရိကန်အထူးစစ်ဆင်ရေးတပ်ဖွဲ့၏ စီးနင်းတိုက်ခိုက်မှုအတွင်း အိုင်အက်စ်ခေါင်းဆောင်ဘဂ္ဂဒါဒီ သေဆုံးပြီးနောက် ၎င်း၏နေရာကို အီရတ်သမ္မတဟောင်းဆဒမ်ဟူစိန်လက်ထက် စစ်ဘက်အရာရှိတဦးဖြစ်သူ အဗ္ဗဒူလာကာဒက်က ဆက်ခံခဲ့သည်။ ကာဒက်သည် ဘဂ္ဂဒါဒီအပေါ်သစ္စာရှိသူတဦးဖြစ်သည်။ ၎င်းတို့နှစ်ဦးစလုံးသည် အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့နှင့် ဆက်နွယ်မှုကြောင့် အမေရိကန်စစ်ဘက်၏ ဖမ်းဆီးခြင်းခံရပြီး ဘာဆရာမြို့အနီးရှိ Canp Bucca အကျဉ်းစခန်း၌ထိန်းသိမ်းခံခဲ့ရကြောင်း၊ London Times သတင်းစာကဖော်ပြသည်။ ဘဂ္ဂဒါဒီသည် အိုင်အက်စ်အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများကို စီစဉ်ခြင်းမရှိဘဲ အဗ္ဗဒူလာကာဒက်က ကြီးကြပ်စီစဉ်ကြောင်း၊ ဘဂ္ဂဒါဒီသည် သူမသေဆုံးမီကာဒက်ကို လုပ်ပိုင်ခွင့်အာဏာ ပိုမိုပေးအပ်ခဲ့ကြောင်း သိရသည်။

တဖန် နိုဝင်ဘာ ၁ ရက်တွင် အိုင်အက်စ်အဖွဲ့က ဘဂ္ဂဒါဒီ၏နေရာတွင် ခေါင်းဆောင်သစ်အဖြစ် အဘူအီဘရာဟင်အယ်လ်ဟာရှာမီအဲလ်ကူရိုင်ရှီကို ခန့်အပ်ကြောင်း ကြေညာချက်တရပ်ထုတ်ပြန်ခဲ့သည်။ ဟာရှာမီသည် အိုင်အက်စ်အဖွဲ့၏ တရားသူကြီးတဦးဖြစ်ပြီး အစ္စလာမ်မစ်ဥပဒေရှားရီးယားကော်မတီကို ဦးဆောင်သူဖြစ်ကြောင်း သိရသည်။ သမ္မတထရန့်သည် ရှုးမိုက်သူတဦးဖြစ်ပြီး ဘဂ္ဂဒါဒီသေဆုံးမှုအတွက် အမေရိကန်နှင့်၎င်း၏နောက်လိုက်များကို လက်စားချေမည်ဖြစ်ကြောင်း ကြေညာချက်တွင်ဖော်ပြထားသည်။

မည်သို့ဆိုစေ အမေရိကန်အထူးစစ်ဆင်ရေးတပ်ဖွဲ့၏စီးနင်းတိုက်ခိုက်မှုကြောင့် အယ်လ်ဘဂ္ဂဒါဒီ ကွယ်လွန်သွားပြီဖြစ်သည်။ သို့သော် အိုင်အက်စ်အဖွဲ့ကား ပြိုကွဲသွားခြင်းမရှိပေ။ ကမ္ဘာအနှံ့တွင် အိုင်အက်စ်သစ္စာခံအကြမ်းဖက်အဖွဲ့များစွာဖြန့်ကြက်တည်ရှိနေ သည်။ ဘဂ္ဂဒါဒီသေဆုံးသွားပြီးနောက် ကမ္ဘာတဝန်း အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပေါ်လာမည်ကို ကမ္ဘာ့နိုင်ငံများက စိုးရိမ်နေကြသည်။

SM

Ref: (The Guardian, AP)

www.free4readers.com

www.free4readers.com

# ရန်ကုန်တက္ကသိုလ်ပတ်လမ်းစီမံချက်က ပြသလိုက်တဲ့ စီမံခန့်ခွဲရေးညံ့ဖျင်းမှု

ခင်နှင်းဦး

ဒီချုပ်အစိုးရရဲ့ သက်တမ်း ၄ နှစ်ထဲ ဝင်ခဲ့ပါပြီ။ မကြာမီ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပတော့မယ့် အကြိုကာလကိုတောင်ချဉ်းကပ်လာပါပြီ။ ၂၀၁၅ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးဟောပြောတုန်းက လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က ပြောင်းလဲချိန်တန်ပြီဆိုတဲ့ဆောင်ပုဒ်နဲ့ ပြည်သူ့စိတ်နှလုံးကို သိမ်းကျုံးဖမ်းစားနိုင်ခဲ့ပါတယ်။

အစစပြောင်းလဲချင်နေတဲ့ မြန်မာလူထုက တိုင်းပြည်နဲ့ လူထုဘဝကို တကယ်ပြောင်းလဲပေးမယ်လို့ ယုံကြည်ကြလို့ ဒီချုပ်ပါတီကို မဲပုံအောပေးခဲ့ကြပါတယ်။ တကယ်တော့ သူပြောခဲ့တဲ့ပြောင်းလဲချိန်တန်ပြီဆိုတာ စိတ်ဓာတ်တော်လှန်ရေးကို ဆိုလိုတာပါ။ နှစ်အကြာကြီး ခေါက်ရိုးကျိုးနေခဲ့တဲ့ လွဲမှားနေတဲ့ အယူအဆတွေစိတ်ဓာတ်တွေကို ပြင်ဆင်ကြရမယ့် စိတ်ဓာတ်တော်လှန်ရေးပါလို့ နောက်တော့ဒေါ်အောင်ဆန်းစုကြည်က ပြန်ရှင်းပြခဲ့ပါတယ်။ ဒါပေမဲ့ လူထုကတော့ အမေစုအစိုးရတက်လာရင် မီးမပျက်ရေမပျက်၊ ငွေကြေးဖောင်းပွ၊ ကုန်ဈေးနှုန်းတက် စတဲ့ရင်ဆိုင်နေရတဲ့ အခက်အခဲတွေအားလုံး ပိန်းကြာဖက်ပေါ် ရေမတင်သလို ဥဴဖွလို့မန်းမှုတ်လိုက်တာနဲ့ နတ်ရေကန်ထဲ ပစ်ချပေးလိုက်လို့ အကောင်းပကတိဖြစ်သွားသလို ဖြစ်လာမယ်ထင်ခဲ့ကြတာဆိုတော့ ဒီချုပ်အစိုးရရဲ့ အထနှေးတဲ့ပြောင်းလဲမှု မမျှော်မှန်းခဲ့တဲ့ အခွန်အမျိုးမျိုးကောက်ခံလာမှုတွေကို မကျေနပ်စိတ်တိုလာကြပါတယ်။

ဒါပေမဲ့ သနားဖို့လည်းကောင်းလှချစ်ဖို့လည်း ကောင်းလှတဲ့ မြန်မာလူထုဟာ ဩော်ငါတို့အစိုးရ ခများ ၂၀၀၈ ဖွဲ့စည်းပုံကြီးအောက်မှာ အာဏာအပြည့်မရရှာဘဲ ပြည်ထဲရေးကဏ္ဍာနတချို့ ညစ်ပတ်အလုပ်မလုပ်တဲ့ ဒဏ်ကို ခံနေရရှာတယ်။ ဒါကြောင့် ကိုလှရွှေတို့ကလည်း အလုပ်ကောင်းကောင်းမလုပ်၊ တရားရေးကလည်း ဥပဒေအထက်မှာ ရှိနေဆဲဖြစ်တဲ့ လက်မည်းကြီးတွေရဲ့လက်ထဲက မလွတ်သေးစသဖြင့် ဖြည့်တွေးပေးကြပါတယ်။ ဒါကြောင့် ဘယ်လိုအခက်အခဲတွေ ပေါ်လာပါစေ၊ အမေစု အမေစုလို့ ထောက်ခံကြသူ အများစုရှိနေဆဲပါပဲ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေနဲ့ ပြောင်းလဲမှုတွေကို လူထုကျေနပ်တဲ့အဆင့် လုပ်ဆောင်မပေးနိုင်ပေမဲ့ ဒီချုပ်အစိုးရရဲ့အာဘော်ဖြစ်တဲ့ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့အညီ အလုပ်လုပ်ပြမယ်ဆိုရင် လူထုကကျေနပ်ကြမှာပါ။ အမှန်တကယ်သာ ရန်ကုန်တိုင်းဒေသကြီးအစိုးရရဲ့ လုပ်ဆောင်မှုတွေ ပွင့်လင်းမြင်သာခဲ့ရင် ရာပြည့်အကြို ရန်ကုန်တက္ကသိုလ်ထဲမှာ ပတ်လမ်းဖောက်မယ့်ကိစ္စကြောင့် ခုလိုအုတ်အော်သောင်းတင်းဖြစ်လာစရာ အကြောင်းမရှိပါဘူး။

ခုတော့ ရန်ကုန်တက္ကသိုလ်ဝင်းထဲက သစ်ပင်တွေကိုဘယ်သူ့ကိုမှ အသိမပေးဘဲ ဝင်လှဲခုတ်ပစ်တယ်ဆိုတဲ့ သတင်းတွေဖေ့စ်ဘုတ်ပေါ် အရင်ဆုံးတက်လာပါတယ်။ သစ်ပင်တွေခုတ်ထားလို့ အမြင်ဆိုးလှတဲ့ပုံတွေ ဖေ့စ်ဘုတ်ပေါ်တက်လာပါတယ်။ နောက်ဆက်တွဲအနေနဲ့ သစ်ပင်တွေကိုဆက်မခုတ်ဖို့ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂက ကန့်ကွက်ဆန္ဒပြကြပါတယ်။ ဒီသတင်းအရ တက္ကသိုလ်ဝင်းထဲက သစ်ပင်တွေ ဝင်ခုတ်ပစ်တာနဲ့ပတ်သက်ပြီး လူထုကပါ ဝိုင်းဝန်းကန့်ကွက်ကြောင်းစာတွေ ဖေ့စ်ဘုတ်ပေါ်တက်လာပါတယ်။ အဲဒီတော့မှ ပတ်လမ်းစီမံချက်ဟာ နိုင်ငံခြားသားပညာရှင်တွေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်တိုင်ပင်ဆွေးနွေးပြီး ချမှတ်ခဲ့တဲ့စီမံချက်ပါ။ ဒီစီမံချက်ကို ၂၀၁၉ နိုဝင်ဘာ ၉ ရက်နေ့မှာ တရားဝင်ချပြဖို့ လုပ်ဆောင်ထားပါတယ်ဆိုတဲ့ ရေးသားချက်တခု ဖေ့စ်ဘုတ်ပေါ်တက်လာပါတယ်။ ဒါပေမဲ့ ရက်ပိုင်းအတွင်းမှာပဲ ဒီရေးသားချက်ကို ပြန်ဖြုတ်သွားပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံကိုယ်တိုင်ပါဝင်တဲ့ အဖွဲ့ကချမှတ်ထားတဲ့ စီမံချက်မှန်ရင် ဘာကြောင့်တာဝန်ရှိသူတွေက တိုင်းပြည်နဲ့လူထုကို ကနဦးမချပြသလဲ။ ရန်ကုန်တက္ကသိုလ်ဆိုတာ တမျိုးသားလုံးက တန်ဖိုးထားတဲ့နေရာပါ။ အားလုံးကစိတ်ဝင်တစား စောင့်မျှော်နေကြတဲ့ တက္ကသိုလ်ရာပြည့်ပွဲပါ။ မြန်မာနိုင်ငံရဲ့ ပထမဆုံးတက္ကသိုလ်ကြီးသက်တမ်း ၁၀၀ ပြည့်ပွဲအတွက် တခမ်းတနားဖြစ်ဖို့ စီမံထားတာကို လူထုမသိသင့်ဘူးလား။ ဘာကြောင့် ပွင့်လင်းမြင်သာမရှိတာလဲ။

ရန်ကုန်တက္ကသိုလ်ကပတ်လမ်းအတွက် ခုတ်မယ့်သစ်ပင်တွေကို လာရောက်စစ်ဆေးပေးဖို့ သစ်တောဦးစီးဌာနကို ဖိတ်ခေါ်ခဲ့ကြောင်း၊ သစ်တောဦးစီးဌာနဟာ ရန်ကုန်တိုင်းဒေသကြီးအစိုးရလက်အောက်မှာ ရှိနေတဲ့အတွက် အစိုးရကိုအသိပေးဖို့လိုကြောင်း တင်ပြလို့၊ ရန်ကုန်တက္ကသိုလ်က ရန်ကုန်အစိုးရကို ဖိတ်ကြားအသိပေးခဲ့ပါကြောင်း၊ ဒီတော့မှ သစ်တောဦးစီးဌာနအနေနဲ့ ယခင်ကလူသွားလမ်းအဖြစ်သာ သိခဲ့တဲ့ ပတ်လမ်းကို ကားလမ်းအဖြစ်ဖောက်လုပ်မယ်ဆိုတာ သိခဲ့ရပါကြောင်း၊ သစ်ပင်တွေကို ကနဦးစစ်ဆေးကြည့်ရှုခဲ့ကြောင်း၊ တွေ့ရှိချက်တွေကို ဌာနမှာ ပြန်တင်ပြနေဆဲအဆင့် လုပ်ဆောင်နေဆဲဖြစ်လို့ သစ်တောဦးစီးရဲ့သဘောထားမှတ်ချက် မပေးရသေးပါကြောင်း၊ ခုလိုသတင်းတွေထွက်လာချိန်မှာ၊ သစ်တောဦးစီးဌာနက ရန်ကုန်တက္ကသိုလ်ထဲလာကြည့်တဲ့အခါ သစ်ပင်တချို့ကိုခုတ်လှဲထားပြီးဖြစ်တာကို စိတ်မကောင်းစွာ တွေ့ရှိရကြောင်း၊ သစ်တောဦးစီးဌာနက စုံစမ်းမေးမြန်းတဲ့အဖွဲ့ကို ပြန်ဖြေထားပါတယ်။

သစ်တောရဲ့ဖြေကြားချက်အရ စဉ်းစားစရာ ၂ ချက်ထွက်လာပါတယ်။ လူသွားလမ်းအဖြစ်ကနေ ဘယ်သူ့လက်ချက်နဲ့ ကားလမ်းဖြစ်သွားရသလဲ။ သစ်တောဦးစီးရဲ့ သဘောထားမှတ်ချက်ထွက်မလာသေးခင် ဘယ်သူဘယ်အဖွဲ့ကလက်ဦးမှုရယူပြီး သစ်ပင်တွေကို ခုတ်ပစ်သလဲ။ ဒီသစ်ပင်တွေဟာ ရန်ကုန်တက္ကသိုလ်ဝင်းက သစ်ပင်တွေမဟုတ်ဘဲ တခြားတနေရာရာက သစ်ပင်တွေသာဆိုရင် ခုလိုလူသိရှင်ကြားပြဿနာဖြစ်ချင်မှဖြစ်လာမှာပါ။ အရှေ့တောင်အာရှနိုင်ငံတွေရဲ့ ရာသီဥတုသတင်းမှာ မြန်မာဟာအထူးသဖြင့် ရန်ကုန်ဟာတခြားနေရာတွေထက် အမြဲလိုလိုအပူချိန်ပိုမြင့်နေတယ်လို့ ထုတ်ပြန်ပေးနေတာကို စည်းစနစ်နဲ့ မညီဘဲ သစ်ပင်ခုတ်သူတွေ မသိကြဘူးလား။ အရိပ်ရသစ်ပင်တပင်ဖြစ်ဖို့ အနည်းဆုံးဆယ်စု နှစ်ချီကြာတာကို ထည့်မစဉ်းဘဲ ဘယ်သူဘယ်အဖွဲ့ကဘာ အကျိုးအမြတ်အတွက် သစ်ပင်တွေခုတ်ပစ်ကြသလဲ။




ဒီချုပ်အစိုးရအာဘော်ဟာ ပွင့်လင်းမြင်သာမှု တာဝန်ယူမှု၊ တာဝန်ခံမှုဖြစ်ပေမဲ့ ဒီအချက်တွေနဲ့ ပတ်သက်ပြီး ဘယ်လောက်အားနည်းကြောင်း လက်ရှိဖြစ်ပေါ်နေတဲ့ ရန်ကုန်တက္ကသိုလ် ပတ်လမ်းကိစ္စက ပြသပေးနေပါတယ် ...





ကြားရတဲ့ပါးစပ်သတင်းတွေအရ ရန်ကုန်တက္ကသိုလ် ရာပြည့်အတွက် မဟာစီမံချက်ကို (Master Plan)ရေးဆွဲနေတာတနှစ်ကျော်ပြီလို့ဆိုပါတယ်။ တပြည်လုံးအာရုံစိုက်နေတဲ့ ရန်ကုန်တက္ကသိုလ်ရာပြည့်ပွဲအတွက်လုပ်မယ့်စီမံချက်ကို ပြည်သူကိုပထမဆုံး အသိပေးချပြခဲ့ရင် အားလုံးဆီက အကြံဉာဏ်တွေရမယ်။ ပါဝင်ကူညီမှုတွေရမယ်။ မိသားစုအသွင်ခံစားရလို့ ပြည်သူနဲ့ ရန်ကုန်တိုင်းအစိုးရ၊ ပြည်သူနဲ့တက္ကသိုလ်အဝန်းအဝိုင်း ပိုမိုနီးစပ်နွေးထွေးလာကြမယ်စတဲ့ ကောင်းကျိုးတွေ မုချရခဲ့မှာပါ။

ကျောင်းသားတွေခမျာလည်း ထစ်ခနဲရှိ ခွပ်ဒေါင်းအလံထောင်ပြီး အဓိပတိလမ်းပေါ်တက်အော်ရတဲ့အဖြစ်က ကင်းလွတ်ခွင့်ရကြပါမယ်။ လက်မည်းကြီးတွေကြိုးဆွဲတာခံနေရတဲ့ ကျောင်းသားတွေနဲ့ စည်းလုံးညီညွတ်မှုကို ဖြိုခွဲချင်သူတွေက သပ်လျှိုတာလို့ ဆိုကြပြန်ပါတယ်။ ဆူညံပူညံဖြစ်လာပါမှ သက်ဆိုင်ရာအဖွဲ့လေးဖွဲ့ ညှိနှိုင်းကြတယ်။ လုပ်ငန်းကို ယာယီရပ်ထားမယ်ဆိုပေမဲ့ ဒါဟာ တကယ့်အဖြေမဟုတ်သေးဘူးဆိုတဲ့ သတင်းတွေတက်လာပြန်ပါတယ်။

ရုပ်သံသတင်းဌာနတခုက ကျောင်းသားတဦး၊ ဆရာတဦးနဲ့ တွေ့ဆုံမေးမြန်းထားတာကို ထုတ်လွှင့်ပေးပါတယ်။ ဖြေကြားတဲ့ဆရာက ဒီပြဿနာမှာ တာဝန်အရှိဆုံးက တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့လို့ ပြောသွားပါတယ်။ ဖေ့စ်ဘုတ်ပေါ်မှာ သတင်းစာတချို့ရဲ့ စာမျက်နှာတွေပေါ်မှာ ရန်ကုန်တက္ကသိုလ်ပတ်လမ်းနဲ့ဆိုင်တဲ့ သတင်းတွေပါလာပေမဲ့ ဘယ်တာဝန်ရှိ အဖွဲ့အစည်းကမှ တပြည်လုံးကို တရားဝင်သတင်းစာရှင်းပွဲ ကျင်းပပြီး အသိပေးတာမျိုး မရှိပါဘူး။

ကျွန်စိတ်မကုန်သေးဘူးလို့ ပြောပြောချင်ပြောကြပါ။ တကယ်တော့ ရန်ကုန်တက္ကသိုလ်ကို အင်္ဂလိပ်တွေက အင်မတန်စနစ်တကျ ဆောက်လုပ်ခဲ့တာပါ။ တက္ကသိုလ်ပရဝဏ်ထဲကိုဝင်ဖို့၊ ထွက်ဖို့ ဝင်ပေါက် ၁၄ ပေါက်ဖောက်ပေးထားပါတယ်။ တက္ကသိုလ်ရိပ်သာလမ်း၊ ပြည်လမ်းနဲ့ အင်းလျားလမ်းတွေဟာ ပတ်လမ်းတွေပါ။ တက္ကသိုလ်ဝန်းကျင်က အင်းလျားလမ်း၊ အင်းလျားမြိုင်လမ်း၊ ဝင်ဒါမီယာလမ်း၊ တက္ကသိုလ်ရိပ်သာလမ်းတွေဟာ အရင်တုန်းကတက္ကသိုလ်ပိုင်မြေတွေ ဖြစ်ပါတယ်။ ဒီမြေတွေကိုသုံးသူတွေက မြေထောက်ခ၊ မြေငှားခပေးရပြီး ဒီကရတဲ့ ဝင်ငွေနဲ့ တက္ကသိုလ်ကိုလည်ပတ်စေဖို့ အင်္ဂလိပ်အစိုးရကစနစ်တကျ စီမံခဲ့တယ်လို့ တက္ကသိုလ်ကျောင်းသားဟောင်းတဦးက ရှင်းပြပါတယ်။ ဒီမြေတွေကိုဗိုလ်ချုပ်ကြီးနေဝင်း အိမ်စောင့်အစိုးရလက်ထက်ရောက်မှ မြူနီစပယ် (ယခုစည်ပင်)ကို လက်လွှတ်စပယ်လွှဲခဲ့တာလို့ ဆိုပါတယ်။ ဒါကိုတက္ကသိုလ်ဗဟိုကောင်စီက တရားရုံးကိုဦးတိုက်ပြီး တက္ကသိုလ်ပိုင်မြေအဖြစ်ပြန်ရဖို့ လျှောက်ထားသင့်ပါသတဲ့။

ပညာရေးကတာဝန်ရှိသူတွေနဲ့ လက်ရှိအုပ်ချုပ်နေတဲ့ ရန်ကုန်အစိုးရသာ အတူပူးပေါင်းပြီး မူလတက္ကသိုလ်မြေနေရာအပြည့်ကို ပြန်ယူနိုင်မယ်ဆိုရင် ရန်ကုန်တက္ကသိုလ်နေရာဟာ အင်မတန်ကျယ်ဝန်းပြီး နိုင်ငံတကာက သက်တမ်းရင့်တက္ကသိုလ်တွေလို မိမိဝင်ငွေနဲ့ မိမိစီမံခန့်ခွဲနိုင်တဲ့ တက္ကသိုလ်တခုဖြစ်လာမှာပါ။ ထိုင်းကချူလာလောင်ကွန်တက္ကသိုလ်ဆိုရင် နည်းတဲ့အကျယ်အဝန်းမဟုတ်ပါဘူး။ တက္ကသိုလ်ပိုင်ဆိုင်တဲ့အဆောက်အအုံတွေနေရာတွေက ရတဲ့ဝင်ငွေကို တက္ကသိုလ်ကပဲကိုင်တွယ်သုံးစွဲပါတယ်။ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူတွေသာမက နေ့စဉ် ထိုင်းပြည်သူတွေ ဝင်ထွက်သွားလာနေတဲ့ နေရာတနေရာလည်း ဖြစ်ပါတယ်။

ဒီချုပ်အစိုးရအာဘော်ဟာ ပွင့်လင်းမြင်သာမှု တာဝန်ယူမှု၊ တာဝန်ခံမှုဖြစ်ပေမဲ့ ဒီအချက်တွေနဲ့ပတ်သက်ပြီး ဘယ်လောက်အားနည်းကြောင်း လက်ရှိဖြစ်ပေါ်နေတဲ့ ရန်ကုန်တက္ကသိုလ်ပတ်လမ်းကိစ္စက ပြသပေးနေပါတယ်။ တမျိုးသားလုံးဂုဏ်ယူနေ မျှော်လင့်စောင့်စားနေတဲ့ ရန်ကုန်တက္ကသိုလ်ရာပြည့် ပွဲကိုမှီပြီး ဘယ်အဖွဲ့အစည်း ဘယ်လူပုဂ္ဂိုလ်ကမှ ကိုယ်ကျိုးရှာအမြတ်မထုတ်နိုင်ပါစေနဲ့။ ဒီလိုလုပ်ဆောင်လာသူတွေနဲ့ အဖွဲ့အစည်းတွေရှိခဲ့ရင်လည်း ပွင့်လင်းမြင်သာဖော်ထုတ်ပြီး စံနမူနာပြအဖြစ် လူသိရှင်ကြားအပြစ်ပေးအရေးယူချိန်တန်ပါပြီ။

ခင်နှင်းဦး

www.free4readers.com



# Myanmar National Real Estate Awards 2019 ဆုပေးပွဲကျင်းပ



လူကြီးမင်းတို့၏ စီးပွားရေး
လုပ်ငန်းများ၊ ကုမ္ပဏီဖွင့်ပွဲအခမ်း
အနားများ၊ ကုန်ပစ္စည်း
မိတ်ဆက်ပွဲများ၊ နှစ်ပတ်လည်
အခမ်းအနားများ၊ လူမှုအကျိုးပြုလုပ်ငန်း
ဆောင်ရွက်ချက်များ အစရှိသည့်
သတင်းများနှင့်ပတ်သက်၍ News Watch
စာမျက်နှာတွင်ဖော်ပြလိုပါက
၀၉ ၄၃၀၂၉၁၀၆ သို့ ဆက်သွယ်
စုံစမ်းနိုင်ပါသည်။

အွန်လိုင်းအိမ်ခြံမြေလုပ်ငန်းစု Shweproperty.com မှ စီစဉ်ကျင်းပ သည့် မြန်မာနိုင်ငံ၏ပထမဦးဆုံး Myanmar National Real Estate Awards ဆုပေးပွဲအခမ်းအနားကြီးကို အောက်တိုဘာ ၄ ရက်က ရန်ကုန်မြို့၊ ပြည်လမ်းပေါ်ရှိ Novotel Yangon Max ၌ ကျင်းပပြုလုပ်ခဲ့သည်။

ယခုဆုပေးပွဲကြီးသည် ၅ လကြာမြင့်ခဲ့သည့် အစီအစဉ်တခုဖြစ်ပြီး မြန်မာပြည်၏ အကောင်းဆုံးဆောက်လုပ်ရေး လုပ်ငန်းရှင်များကို ဂုဏ်ပြုသောအခမ်းအနားဖြစ်သည်။ အခမ်းအနားကို အမှုဆောင်အရာရှိချုပ်များ၊ နိုင်ငံတော်သမ္မတ စီးပွားရေးအကြံပေး ပုဂ္ဂိုလ်(ငြိမ်း) ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ ရန်ကုန်မြို့ တော်စည်ပင်သာယာ ရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်၊ ရန်ကုန်မြို့သစ်စီမံကိန်းမှ တာဝန်ရှိသူ များ တက်ရောက်ခဲ့ကြသည်။

ဆုပေးပွဲကြီးသည် ဝင်ရောက်ယှဉ်ပြိုင်လျှောက်ထားသူ ၁၂၀ ကျော်မှ ၄၆ ယောက် အတွက် ဆုအမျိုးအစားပေါင်း ၂၀ ကျော် အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။ ယခုပြိုင်ပွဲကို Deloitte Myanmar မှအကဲဖြတ်ကြီးကြပ်ပြီး Honorary Judge အဖြစ် နိုင်ငံတော်သမ္မတ အကြံပေးပုဂ္ဂိုလ်(ငြိမ်း) ပါမောက္ခဒေါက်တာ အောင်ထွန်းသက်၊ Emerson Real Estate မှ မန်းနေဂျင်းဒါရိုက်တာ Mr.Richard Emerson က အကဲဖြတ်ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပေးခဲ့သည်။ ဆုအများဆုံးဆွတ်ခူးရရှိတဲ့ကုမ္ပဏီမှာ Shwe Taung Real Estate Co.,Ltd ပဲဖြစ်ပြီး စုစုပေါင်း ၇ ဆု ရရှိခဲ့ကြောင်းသိရသည်။

# Vietjet လေကြောင်းလိုင်းဖြင့် ဗီယက်နမ်မှတဆင့်ဂျပန်သို့ အလွယ်တကူသွားနိုင်ပြီ




ခေတ်မီလေကြောင်းလိုင်းတခုဖြစ်သည့် Vietjet သည် အောက်တိုဘာ ၁၉ နှင့် ၂၀ တွင် Yangon Convention Center ၌ ကျင်းပပြုလုပ်ခဲ့သည့် '၂၀၁၉ မြန်မာ–ဂျပန်ပြပွဲကြီး'တွင် ပါဝင်ပြသခဲ့ပြီး ရန်ကုန်မှ ဂျပန်ပြည်မြို့တော်များဖြစ်သည့် တိုကျိုနှင့် အိုဆာကာသို့ ဟနွိုင်း(ဗီယက်နမ်)မှတဆင့် သွားရောက်နိုင်သည့်ခရီးစဉ်များကိုလည်းရှင်းလင်းပြသခဲ့သည်။ မြန်မာခရီးသွားများအနေဖြင့် ဂျပန်သို့ Vietjet နှင့်ပျံသန်းသွားလာရင်း တမူထူးခြားသည့် လေကြောင်းခရီးအတွေ့အကြုံနှင့် အထူးကောင်းမွန်သော ဝန်ဆောင်မှုများကို အသက်သာဆုံးသောနှုန်းထားများဖြင့် ရရှိစေလိုသည့် ရည်ရွယ်ချက်ဖြစ်ကြောင်း သိရသည်။

Vietjet သည် ဂျပန်နှင့် ဗီယက်နမ်နိုင်ငံတို့၏ အကြီးဆုံးသော စီးပွားရေးနှင့် ခရီးသွားမြို့တော်များဖြစ်သည့် တိုကျို၊ အိုဆာကာ၊ ဟနွိုင်း၊ ဒါနန်းနှင့် ဟိုချီမင်းမြို့တော်တို့ကို ချိတ်ဆက်ပြေးဆွဲလျက်ရှိပြီး ၂ နိုင်ငံခရီးသွားများနှင့် နိုင်ငံတကာခရီးသွားများအား အချိန်၊ ခရီးစဉ်နှင့် စရိတ်များသက်သာသည့် လေကြောင်းခရီးစဉ်ရွေးချယ်စရာများကို ပေးအပ်လျက်ရှိသည်။ မြန်မာခရီးသွားများအနေဖြင့်လည်း တိုကျိုနှင့် အိုဆာကာသို့ ဟနွိုင်းမှတဆင့်သွားလာနိုင်ပြီဖြစ်ပြီး ဟနွိုင်း–ရန်ကုန် ခရီးစဉ်များကိုလည်း Vietjet က တပတ်လျှင် ငါးကြိမ် အသွားအပြန် ပျံသန်းပို့ဆောင်လျက်ရှိကြောင်း သိရသည်။

Vietjet သည် တကမ္ဘာလုံးတွင် ဂျပန်စီးပွားရေးအဖွဲ့အစည်းအဖွဲ့ချုပ်ဖြစ်သည့် Japan Federation of Economic Organizations (Keidanren)၏ အသင်းဝင်ဖြစ်ခွင့်ရသော ပထမဆုံးတန်ဖိုးနည်း လေကြောင်းလိုင်းဖြစ်သည့်အပြင် အထူးခွင့်ပြုထားသော နိုင်ငံခြားစီးပွားရေးအဖွဲ့အစည်းလည်း ဖြစ်သည်။

# နိုဝင်ဘာတလလုံး တဝက်တိတိလျှော့ဈေးနှင့် ရောင်းချပေးသွားမည့် Hai Wei Xuan Hot Pot ဆိုင်သစ်ဖွင့်လှစ်

နိုင်ငံတကာတွင် နာမည်ရပြီးဖြစ်သော Hai Wei Xuan Hot Pot သည် ၎င်း၏ ဆိုင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်အနေနှင့် နိုဝင်ဘာတလလုံး လာရောက်စားသုံးသူများကို တဝက်တိတိ လျှော့ဈေးဖြင့် ရောင်းချပေးမည့် အစီအစဉ်ကို စတင်နေပြီ ဖြစ်သည်။ ထိုသို့ ဟော့ပေါ့ချစ်သူများအတွက် ၅၀ ရာခိုင်နှုန်းရရှိမည့် အစီအစဉ်အပြင်၊ ၃၀ ရာခိုင်နှုန်း ရရှိမည့် အစီအစဉ်များကိုလည်း ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ လာရောက်စားသုံးသူများကို ၅၀ ရာခိုင်နှုန်း၊ ညနေ ၄ နာရီမှ ည ၁၁ နာရီအထိ လာရောက်စားသုံးသူများကို ၃၀ ရာခိုင်နှုန်းပေးမည် ဖြစ်သည်။

ယခုဆိုင်သစ်ကြီးတွင် သန့်ရှင်းလတ်ဆတ်မှုကို အဓိကထားကာ အကောင်းဆုံး အစားအသောက်များကို စုံလင်စွာ ရောင်းချပေးမည်ဖြစ်ကြောင်း၊ Hot Pot ဟင်းရည်အတွက် Hong Kong Style Spicy Base အပါအဝင် အမျိုးအစား ၆ မျိုးအထိ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် Seafood, Chicken, Duck, Beef, Goat, Pork,



Slippery, Mushroom, Doufu, Vegetable, Principal Food, Juice, Drink များလည်း ရရှိနိုင်မည်ဖြစ်သလို ရှားပါးသော Dishes များကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

Hai Wei Xuan Hot Pot ဆိုင်သစ်ကို အမှတ် ၅၊ ၇ ရပ်ကွက်၊ အေဒီမီးပွိုင့်အနီး၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်တွင် ဖွင့်လှစ်ထားကာ ဆိုင်ဖွင့်ပွဲသို့ သရုပ်ဆောင် ခင်ဝင့်ဝါ၊ မိုးယုစံနှင့် ဝါဆိုမိုးဦးတို့က တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။






# Fair& Lovely ပညာသင်ဆုနှင့် ကိုယ်ရည်ကိုယ်သွေး မြှင့်တင်ရေးအစီအစဉ်စတင်

မြန်မာအမျိုးသမီးငယ်များ၏ အနာဂတ်ရည်မှန်းချက်များကို ဖော်ဆောင်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် Fair& Lovely သည် ပညာသင်ဆုနှင့် ကိုယ်ရည်ကိုယ်သွေးမြှင့်တင်ရေးအစီအစဉ်ကို စတင်လိုက်ပြီဖြစ်ကြောင်း သိရသည်။ အမျိုးသမီးများ၏ ပြင်းပြသောဆန္ဒနှင့် ရည်မှန်းချက်များကို အကောင်အထည်ဖော်ပေးနေသည့် အမှတ်တံဆိပ်တခုဖြစ်သော Fair& Lovely သည် မြန်မာကျောင်းသူ ၄၀ ကို ၎င်းတို့အထူးပြုထားသော ဘာသာရပ်များအတိုင်း တနှစ်မှလေးနှစ်အထိ တက္ကသိုလ်ပညာရေးအတွက် အထောက်အပံ့များ ပေးအပ်သွားမည် ဖြစ်သည်။

ပညာသင်ဆုလျှောက်ထားသူများသည် အသက် ၁၆ နှစ် အထက်ရှိရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း ပညာသင်ကြားနေသူဖြစ်ကာ ဘာသာရပ်အားလုံး၏ စုစုပေါင်းအမှတ် အနည်းဆုံး ၃၀၀ ဖြင့် ဖြေဆိုအောင်မြင်ရမည်ဖြစ်ကြောင်း၊ မိသားစုတလဝင်ငွေသည် ကျပ် ၅၀၀၀၀၀ မကျော်သူဖြစ်ရမည် ဖြစ်ကြောင်း၊ လျှောက်လွှာများကို နိုဝင်ဘာမှစတင်ကာ ၂၀၂၀ ဖေဖော်ဝါရီအထိလက်ခံမည်ဖြစ်ပြီး ပညာသင်ဆုရရှိသူများကို ၂၀၂၀ မတ်လတွင် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုအစီအစဉ်စတင်ခြင်းကို နိုဝင်ဘာ ၂ ရက်က ရန်ကုန်မြို့ ဗန္ဓုလပန်းခြံတွင် အနုပညာရှင်များစွာနှင့် ပြုလုပ်ခဲ့ပြီး ချစ်သုဝေ၊ ခင်ဝင့်ဝါနှင့် Project K တို့ တက်ရောက်ခဲ့ကြသည်။

www.free4readers.com



# ပုဂံဒေသ ငလျင်ဒဏ်သင့်ဘုရားများ ပြုပြင်ထိန်းသိမ်းခြင်းဆောင်ရွက်ရာ၌ လုပ်ငန်းအနှောင့်အယှက်မဖြစ်အောင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကာကွယ်ပေးမည်



"၂၀၁၆ ခုနှစ်က လှုပ်ခတ်ခဲ့တဲ့ ငလျင်ဒဏ်ကို ခံထားရတဲ့အတွက် ပြုပြင်တာတွေလုပ်ပြီးတော့ နောင်လာမယ့် ငလျင်ဒဏ်ကိုလည်း ခံနိုင်ရည်ရှိအောင် ဆောင်ရွက်မှာပါ..."

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းအမွေအနှစ်ဒေသရှိ ငလျင်ဘေးဒဏ်ခံခဲ့ရသည့် ဘုရားများကို ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ တိုင်းဒေသကြီးအစိုးရအနေဖြင့် လုပ်ငန်းများအပေါ် အနှောင့်အယှက်မဖြစ်အောင် ကာကွယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သူတို့က နည်းပညာလည်း ကူညီမယ်။ ငွေကြေးလည်း စိုက်ထုတ်လုပ်မယ်။ အဲဒီတော့ တို့ဆီက ရှေးဟောင်းအဆောက်အအုံက ထိန်းသိမ်းပြီးသား ဖြစ်သလို နည်းပညာလည်း ရတယ်။ ဒို့တွေ တိုင်းဒေသကြီးအစိုးရအနေနဲ့ကတော့ လုပ်ငန်းအပေါ်မှာ အနှောင့်အယှက်မဖြစ်အောင် ကာကွယ်ပေးမယ်"ဟု မန္တလေးတိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက ပြောသည်။

နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက မြင်းပြဂူဘုရား၌ ပြုလုပ်သည့် Getty Conservation Institute မှ ပုဂံရှေးဟောင်းအဆောက်အဦများ ထိန်းသိမ်း ပြုပြင်မှုလုပ်ငန်းများဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်ပတ်သက်ပြီး ရှင်းလင်းပွဲတွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

Getty Conservation Institute နှင့် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနတို့ ပူးပေါင်း၍ ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် အဆောက်အအုံများ ပြန်လည်ပြုပြင်မှု လုပ်ငန်းများကို ၁၀ နှစ် စီမံကိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ Getty Conservation Institute က ငွေကြေးနှင့် နည်းပညာတို့ကို ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ကနဦးအဖြစ် ဘုရားအမှတ် (၁၄၉၃) မြင်းပြဂူဘုရားကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ယခုအချိန်တွင် မြင်းပြဂူဘုရားအား သုတေသနလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

"၂၀၁၆ ခုနှစ်က လှုပ်ခတ်ခဲ့တဲ့ ငလျင်ဒဏ်ကို ခံထားရတဲ့အတွက် ပြုပြင်တာတွေလုပ်ပြီးတော့ နောင်လာမယ့် ငလျင်ဒဏ်ကိုလည်း ခံနိုင်ရည်ရှိအောင် ဆောင်ရွက်မှာပါ။ အတွင်းပိုင်းမှာရှိတဲ့ နံရံဆေးရေးပန်းချီတွေကို နည်းပညာနဲ့သန့်ရှင်းရေးတွေလုပ်မယ်။ ဒီကလူတွေကိုလည်း ဘယ်လိုပြုပြင်ထိန်းသိမ်းရမလဲဆိုတာ နည်းပညာတွေပေးသွားမယ်"ဟု Getty Conservation Institute မှ အဆောက်အဦနှင့် လုပ်ငန်းခွင်ခေါင်းဆောင် Susan Macdonald က ပြောကြားခဲ့သည်။

မြင်းပြဂူဘုရားသည် ပြုပြင်ထိန်းသိမ်းမှု အနည်းဆုံးဘုရားဖြစ်ပြီး နံရံဆေးရေးပန်းချီနှင့် ရုပ်လုံးများ၊ သစ်သားပါဝင်သည့် ရှေးဟောင်းအဆောက်အဦဖြစ်ကာ ၁၂ ရာစုခေတ်လက်ရာဖြစ်သည့်အတွက် Getty Conservation Institute အဖွဲ့က လက်ရှိတွင် မြင်းပြဂူဘုရားအား သုတေသနလုပ်ငန်းများ လုပ်ဆောင်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့က လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသရှိ ဘုရား၊ စေတီ ၃၈၉ ဆူ ထိခိုက်ပျက်စီးခဲ့ပြီး ပျက်စီးခဲ့သည့်ဘုရားများကို ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေးအဖြစ် အဆင့်ခွဲခြားသတ်မှတ်၍ ပြုပြင်ထိန်းသိမ်းမှုများပြုလုပ်လျက်ရှိသည်။

ဦးရာဇ


## TRADEMARK CAUTION

Mega Lifesciences Public Company Limited (Formally known as Mega Lifesciences Ltd) a company organized and existing under the laws of Thailand and having its registered office at 384, Village No. 4, 6 Alley, Pattana 3 Road, Bangpoo Industrial Estate, Praeksa Subdistrict, Mueang Samut Prakarn District, Samut Prakarn Province. Thailand (hereinafter called the "Company") hereby declare that the company is the owner and sole Proprietor of the following trademarks.

MEGA — Reg : No. 4/9139/2012
MEGA We care — Reg : No. 4/9138/2012
Eugica — Reg : No. 4/3009/2013

The above trademarks are used in respect of : Bleaching preparations, other substances for laundry use, cleaning, polishing, scouring and abasive preparations,, soaps; perfumery, essential oils, cosmetics, hair lotions, dentifrices in class 3.
Pharmaceutical and veterinary preparations; sanitary preparations for medical purposes; dietetic substances adapted for medical use, food for 'babies; plasters, materials for dressings; material- for stopping teeth, dental wax; disinfectants, preparations for destroying vermin; fungicides, herbicides, in class 5.
Meat, fish, poultry and game; meat extracts; preserved, frozen, dried and cooked fruits and vegetables; jellies, jams, compotes; eggs, milk and milk products; edible oils-and fats in class 29.
Coffee, tea, cocoa, sugar, rice, tropica, sago, artificial coffee; flour and preparations made from cereals, bread, pastry and confectionary, ices, honey, treacle, yeast, baking powder, salt, mustard, vinegar, sauces(condiments), spices, ice. in class 30.

MEGA We Care — Reg : No. 4/2368/2007

The trademark Reg : No.4/2368/2007 is used in respect of :Pharmaceutical preparation for medical use, food supplement for human consumption, and dietetic substances not for medical use, food supplement for human consumption derived from tea, rice and preparation made from cereals in class 29.

MAXXCARE — Reg : No. 4/12063/2011
MAXXCARE We Know How — Reg : No. 4/12061/2011
We Know How — Reg : No. 4/12062/2011

The above trademarks are used in respect of : Pharmaceutical preparation for medical use, supplementary food for human consumption in class 5, 29.

GABY Good Health By Yourself — Reg : No. 4/14802/2015
Natural Care Food for Health — Reg : No. 4/14808/2015

The above trademarks are used in respect of : Medical services, hygienic and beauty care for human begins in class 44.

MEGA We care Human Wellness — Reg : No. 4/15831/2019

The trademark Reg : No.4/15831/2019 is used in respect of : Advertising; business management; business administration; office functions in class 35

Any fraudulent imitation or unauthorized use of the above marks or other infringements whatsoever will be dealt with according to law.

For Mega Lifesciences Public Company Limited,
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs (Cardiff)
myint.advocate@mptmail.net.nnn
myintip@mipadvocate.com
www.mipadvocate.com

U MYINT LWIN LAW OFFICE
No. 48/50, 1st Floor, 36th Street
Kyauktada Township, Yangon,
Myanmar., P.O.Box : 1126
PH : 95 1 373 344, 95 1 372 209
Fax : 95 1 371 990
9 November 2019

www.free4readers.com



# အိုင်အက်စ်ခေါင်းဆောင် အဘူဘာကာအယ်လ်ဘာဂ္ဂဒါဒီ ကျဆုံးခန်း

SM



၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၇ ရက် ညသန်းခေါင်ယံအချိန်။ တူရကီနယ်စပ်အနီး ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းဒေသ အိုင်ဒလစ်ပြည်နယ် အတွင်းရှိ ဘာရီရှာကျေးရွာဖြစ်သည်။ အမေရိကန် လေတပ်မှ ရဟတ်ယာဉ်ရှစ်စင်းသည် အဆိုပါကျေးရွာရှိ နေအိမ်ဝင်းခြံတခုသို့ချဉ်းကပ်လာနေသည်။ အဆိုပါ ရဟတ်ယာဉ်များပေါ်တွင် အမေရိကန်ကြည်းတပ် အထူးကွန်မန်ဒိုတပ်ဖွဲ့၊ ဒယ်လ်တာတပ်ဖွဲ့၊ ကြည်းတပ် ရိန်းဂျားတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များလိုက်ပါလာကြသည်။ မြေပြင်ထောက်လှမ်းရေးသတင်းကို အမေရိကန်ဗဟို ထောက်လှမ်းရေးအဖွဲ့(CIA)က ပံ့ပိုးပေးသည်။ ခရီးဝေးထိုးစစ်ဆင်မှုအတွက် အထူးတလည်တည်ဆောက်ထားသည့် MH-GOL ၊ MH- 47 ရဟတ်ယာဉ်များ မြင့်မားသော နံရံများရှိသော အဆောက်အအုံကြီးရှိရာသို့ ချဉ်းကပ်လာချိန်တွင် မြေပြင်ပေါ်မှ အမျိုးအမည်မသိ သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်သဖြင့် အမေရိကန်အက်ဖ်-၁၅ ဂျက်တိုက်လေယာဉ်များက တုံ့ပြန်ပစ်ခတ်ခဲ့ရသည်။

ကွန်မန်ဒိုတပ်ဖွဲ့များသည် မြေပြင်ပေါ်သို့ ဘေးကင်းလုံခြုံစွာ ဆင်းသက်နိုင်ခဲ့သည်။ သူတို့သည် အဆောက်အဦရှိရာသို့ ခြေကျင်တိတ်တဆိတ်ချဉ်းကပ်သွားကြသည်။ ပင်မတံခါးပေါက်ကြီးတွင် ထောင်ချောက်များဆင်ထားမည်ဟု ယူဆရသဖြင့် နံရံကို အပေါက်များဖောက်ပြီး အဆောက်အအုံထဲသို့ ဝင်ရောက်ခဲ့ကြသည်။ အချိန် နှစ်နာရီကြာ စီးနင်းတိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင်များသည် အိုင်အက်စ်အဖွဲ့ခေါင်းဆောင် အဘူဘာကာအယ်လ်ဘာဂ္ဂဒါဒီကို အသေဖမ်းဆီးနိုင်ခဲ့ကြသည်။

အိုင်အက်စ်စစ်သွေးကြွအဖွဲ့ခေါင်းဆောင် ဘဂ္ဂဒါဒီကတော့ အမေရိကန်အထူးတပ်ဖွဲ့၏ စစ်ဆင်ရေးအတွင်း ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ပြီး သေဆုံးသွားပြီဖြစ်သည်။ အထူးတပ်ဖွဲ့ဝင်များက ၎င်းကို လိုဏ်ခေါင်းတခုအတွင်း လိုက်လံဖမ်းဆီးစဉ် အယ်လ်ဘာဂ္ဂဒါဒီသည် အဖမ်းမခံဘဲ အသေခံဗုံးခွဲခါးပတ်ကို ဖောက်ခွဲကာ သတ်သေသွားခဲ့ခြင်းဖြစ်သည်။

**အဘူဘာကာအယ်လ်ဘာဂ္ဂဒါဒီ**

အယ်လ်ဘာဂ္ဂဒါဒီ၏ နာမည်ရင်းမှာ အီဘရာဟင်အော်ဝပ် အီဘရာဟင်အယ်လ်ဘာဒရီဖြစ်သည်။ သူသည် အလွန်အမင်း စည်းရုံးရေးကောင်းပြီး ရက်စက်ကြမ်းကြုတ်သည့် စစ်မြေပြင်နည်းဗျူဟာမှူးအဖြစ် ဂုဏ်သတင်းကျော်ကြားသူဖြစ်သည်။ ကမ္ဘာ့အလိုအရှိဆုံး အကြမ်းဖက်သမားအဖြစ် ဖော်ပြခြင်းခံရသူလည်း ဖြစ်သည်။

အယ်လ်ဘာဂ္ဂဒါဒီကို ၁၉၇၁ ခုနှစ်တွင် ဘဂ္ဂဒက်မြောက်ပိုင်း ဆမားရားမြို့အနီး၌ မွေးဖွားခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် အမေရိကန်ဦးဆောင်ပြီး အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်ချိန်တွင် အယ်လ်ဘာဂ္ဂဒါဒီသည် ဆမားရားမြို့ရှိ ဗလီတခုတွင် တရားဟောဆရာတဦး ဖြစ်ခဲ့သည်ဟု ဆိုသည်။ အီရတ်ခေါင်းဆောင်ဟောင်း ဆဒမ်ဟူစိန်အုပ်စိုးချိန်ကာလတွင် အယ်လ်ဘာဂ္ဂဒါဒီသည် ဂျီဟတ်ဝါဒီတဦးဖြစ်နေပြီဟု ယုံကြည်ရသည်။ အချို့ကလည်း အယ်လ်ဘာဂ္ဂဒါဒီသည် အီရတ်နိုင်ငံ တောင်ပိုင်းရှိ အမေရိကန်အကျဉ်းစခန်း Camp Bucca တွင် ထိန်းသိမ်းခံခဲ့ရသောအချိန်အတွင်း အစွန်းရောက်တဦး ဖြစ်လာခဲ့သည်ဟု ဆိုကြသည်။ ဆဒမ်ဟူစိန်ကို ဖြုတ်ချပြီးနောက် အမေရိကန်အာဏာပိုင်များသည် အယ်လ်ခိုင်ဒါတပ်မှူး အများအပြားကို Camp Bucca အကျဉ်းစခန်း၌ ဖမ်းဆီးချုပ်နှောင်ထားခဲ့သည်။

ဘဂ္ဂဒါဒီသည် ၂၀၁၀ ပြည့်နှစ်တွင် အီရတ်ရှိ အယ်လ်ခိုင်ဒါအဖွဲ့အပါအဝင် အကြမ်းဖက်အဖွဲ့အစည်းပေါင်းစုံပါဝင်သည့် အုပ်စု၏ခေါင်းဆောင်အဖြစ် ပေါ်ထွက်လာပြီး ၂၀၁၄ ခုနှစ်တွင် အိုင်အက်စ်စစ်သွေးကြွများက အီရတ်နိုင်ငံ မိုဆူးလ်မြို့ကို သိမ်းပိုက်လိုက်သောအခါ ၎င်း၏ဂုဏ်သတင်းကျော်ကြားမှုသည် အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။ သူသည် အီရတ်နှင့် ဆီးရီးယားရှိ အိုင်အက်စ်တို့ သိမ်းယူခဲ့သော နယ်မြေများကိုစုစည်းကာ 'ကာလီဖိတ်' နိုင်ငံ တနိုင်ငံတည်ထောင်ကြောင်း ကြေညာခဲ့သည်။ ဤတကြိမ်တည်းသာလျှင် ဘဂ္ဂဒါဒီကို လူကြားသူကြားထဲ၌ တွေ့မြင်ခဲ့ရသည်။

၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် အမေရိကန်ပြည်ထောင်စုက ဘဂ္ဂဒါဒီကို အကြမ်းဖက်သမားတဦးအဖြစ် တရားဝင်သတ်မှတ်ခဲ့သည်။ သူ့ကို အရှင်သို့မဟုတ် အသေဖမ်းမိရေးသတင်းပေးနိုင်သူကို ဆုငွေဒေါ်လာ ၁၀ သန်းချီးမြှင့်မည်ဟု ထုတ်ပြန်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် အဆိုပါဆုငွေကို ဒေါ်လာ ၂၅ သန်းအထိ တိုးမြှင့်ခဲ့သည်။

၂၀၁၅ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့သည် ဆီးရီးယားနယ်စပ်အနီး အီရတ်နိုင်ငံမြောက်ပိုင်း၊ နိုင်ဗီးပြည်နယ် အယ်လ်ဘာ့ဂျ်ခရိုင်၌ လေကြောင်းတိုက်ခိုက်မှုတရပ် ပြုလုပ်ခဲ့သည်။ ယင်းလေကြောင်းတိုက်ခိုက်မှုအတွင်း ဘဂ္ဂဒါဒီသည် ဒဏ်ရာအကြီးအကျယ်ရရှိသွားခဲ့သည်။ အကယ်၍ ဘဂ္ဂဒါဒီသေသွားလျှင် ၎င်း၏နေရာကို အစားထိုးနိုင်ဖို့ ဆွေးနွေးရန် အိုင်အက်စ်ခေါင်းဆောင်များသည် အစည်းအဝေးတရပ် ကျင်းပခဲ့ကြောင်းသိရသည်။

အိုင်အက်စ်မီဒီယာက ယခုနှစ် ဧပြီလကထုတ်လွှင့်ခဲ့သော ၁၈ မိနစ်ကြာ အွန်လိုင်းမီဒီယာတခုတွင် အယ်လ်ဘာဂ္ဂဒါဒီကို နောက်ဆုံးတွေ့မြင်ခဲ့ရသည်။ ယင်းဗီဒီယိုတွင် အယ်လ်ဘာဂ္ဂဒါဒီက အီရတ်နှင့် ဆီးရီးယားတွင် အိုင်အက်စ်အဖွဲ့၏ ကာလီဖိတ်နိုင်ငံတော် ကျဆုံးသွားသော်လည်း ဆက်လက်တိုက်ပွဲဝင်ရန် သန္နိဋ္ဌာန်ချထားကြောင်း ပြောကြားခဲ့သည်။

**သမ္မတထရန့်ပြောပြသည့် ဘဂ္ဂဒါဒီ၏ဘဝနိဂုံး**

ဆီးရီးယားအနောက်မြောက်ဘက်တွင်း အမေရိကန်စစ်ဆင်ရေးတခုအတွင်း အိုင်အက်စ်အုပ်စု၏ဝရမ်းပြေးခေါင်းဆောင်သည် သူ့ကိုယ်သူသတ်သေသွားပြီဟု အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ကြေညာခဲ့သည်။ အမေရိကန်သမ္မတဒေါ်နယ်ထရန့်၊ အစိုးရအဖွဲ့ဝင်အချို့နှင့် လုံခြုံရေးတာဝန်ရှိသူများသည် အိုင်အက်စ်ခေါင်းဆောင်ဖမ်းဆီးသုတ်သင်ရေး အမေရိကန်အထူးတပ်ဖွဲ့ဝင်များ၏ စစ်ဆင်ရေးကို အိမ်ဖြူတော်သီးသန့်ခန်းမတခုအတွင်းမှစောင့်ကြည့်ခဲ့ကြသည်။ အိုင်အက်စ်ခေါင်းဆောင်များရှာဖွေသုတ်သင်ပုံကို ရုပ်ရှင်ကြည့်ရသလို သမ္မတထရန့်က ရှင်းပြခဲ့သည်။ အိုင်အက်စ်ခေါင်းဆောင်သည် ကလေးများနှင့်အတူ လိုဏ်ခေါင်းတခုအတွင်း ပြေးလွှားနေစဉ် အမေရိကန်စစ်ခွေးများက အနံ့ခံလိုက်နေသောကြောင့် ပြေးမလွတ်သည့်အဆုံး ဗုံးတပ်ဆင်ထားသော ကိုယ်ကြပ်အင်္ကျီကို ဖောက်ခွဲလိုက်ခြင်းဖြစ်သည်ဟု သမ္မတထရန့်က ပြောသည်။

ဆီးရီးယားမြောက်ပိုင်းမှ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းရန်ဆုံးဖြတ်ချက်ကြောင့် ပြစ်တင်ဝေဖန်မှုများနှင့် အကြီးအကျယ်ပြစ်တင်ဝေဖန်ခြင်းခံရချိန်၊ ဒီမိုကရက်များက ယူကရိန်းကိစ္စနှင့်ပတ်သက်ပြီး သမ္မတအား စွဲချက်တင်ရန်ကြိုးစားနေချိန်တွင် ဘဂ္ဂဒါဒီသေဆုံးသွားခြင်းမှာ သမ္မတထရန့်အတွက် အဓိကအောင်ပွဲတရပ်ဖြစ်သည်။

သမ္မတထရန့်က ''ဘဂ္ဂဒါဒီဟာ တဖက်ပိတ်လိုဏ်ခေါင်းအတွင်းပြေးဝင်သွားခဲ့တယ်။ နောက်မှ စစ်ခွေးတွေလိုက်နေတုန်း ပါးစပ်က တအီအီနဲ့ အော်ဟစ်ငိုယိုနေခဲ့တယ်''ဟု ပြောသည်။

ဆက်လက်ပြီး သမ္မတက အိုင်အက်စ်ခေါင်းဆောင်သည် အသေခံကိုယ်ကြပ်အင်္ကျီကိုဖောက်ခွဲပြီး ကလေးသုံးဦးနှင့်အတူ သူ့ကိုယ်သူသတ်သေသွားခဲ့သည်။ ယင်းပေါက်ကွဲမှုကြောင့် လိုဏ်ခေါင်းပြိုကျသွားခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်တဦးတယောက်မျှ ထိခိုက်ဒဏ်ရာမရဘဲ စစ်ခွေးတကောင်ဒဏ်ရာရသွားခဲ့သည်။ ဘဂ္ဂဒါဒီ၏ခန္ဓာကိုယ်လည်း တစစီဖြစ်သွားခဲ့သည်။ DNA စစ်ဆေးမှုအရ ဘဂ္ဂဒါဒီသေဆုံးသွားသည်ကို အတည်ပြုနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

**စာ(၃၁)သို့**

ဆီးရီးယားမြောက်ပိုင်းမှ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းရန်ဆုံးဖြတ်ချက်ကြောင့် ပြစ်တင်ဝေဖန်မှုများနှင့် အကြီးအကျယ်ပြစ်တင်ဝေဖန်ခြင်း ခံရချိန်၊ ဒီမိုကရက်များက ယူကရိန်းကိစ္စနှင့်ပတ်သက်ပြီး သမ္မတအား စွဲချက်တင်ရန် ကြိုးစားနေချိန်တွင် ဘဂ္ဂဒါဒီသေဆုံးသွားခြင်းမှာ သမ္မတထရန့်အတွက် အဓိကအောင်ပွဲတရပ်ဖြစ်သည်။











◆ ဘဂ္ဂဒါဒီအပါအဝင် လူ ၉ ဦး သေဆုံးခဲ့ရသော အမေရိကန်စစ်တပ်၏ စီးနင်းတိုက်ခိုက်မှုကို ကောင်းကင်မှ ရိုက်ကူးထားသည့်ပုံ

www.free4readers.com

# ဝန်ကြီးဌာန ၂ ခုပေါင်း၍ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း




နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနတို့၏ (၁၄)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ လောကနတ်ခန်းမ၌ ကျင်းပခဲ့ပြီး ပျဉ်းမနားမြို့၊ ရတနာမုန်ကျောင်းမှဆရာတော်ဦးဝိလာသ၊ တရားဟောဆရာတော်ဦးကုဏ္ဍာစရိယ အပါအဝင် စုစုပေါင်း သံဃာငါးပါးတို့အား ပင့်ဖိတ်၍ ဆက်ကပ်လှူဒါန်းခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား သံဃာတော်အရှင်သူမြတ်



တို့ထံ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း ဝန်ကြီးဌာနက နိုဝင်ဘာ ၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ကထိန်သင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်း ကျပ် ၃,၉၅၂,၆၀၀ နှင့် လှူဒါန်းငွေကျပ် ၁,၉၂၄,၇၀၀ စုစုပေါင်း ကျပ် ၅,၈၇၇,၃၀၀/ (ကျပ်ငါးဆယ့်ရှစ်သိန်း ခုနစ်သောင်းခုနစ်ထောင့်သုံးရာတိတိ)ကို သံဃာတော်အရှင်သူမြတ်တို့ထံ ဆက်ကပ်လှူဒါန်းခဲ့ပြီးနောက် သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

ယင်းအခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်တင်၏ ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ကထိန်သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများအား သံဃာတော်အရှင်သူမြတ်တို့ထံ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ရေစက်သွန်းချ အမျှဝေခဲ့ကြပါသည်။

ကိုလင်း

# ရန်ကုန်တက္ကသိုလ်၌ လုံခြုံရေးနှင့် မဟာဗျူဟာလေ့လာရေး မဟာဝိဇ္ဇာဘွဲ့သင်တန်း ဖွင့်လှစ်မည်

လုံခြုံရေးနှင့် မဟာဗျူဟာလေ့လာရေး မဟာဝိဇ္ဇာဘွဲ့သင်တန်းကို ရန်ကုန်တက္ကသိုလ်၌ ၂၀၂၀ ပြည့်နှစ်တွင် စတင်ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း ဗြိတိန်အခြေစိုက် အဖွဲ့အစည်းတခုဖြစ်သည့် SAFER WORLD က နိုဝင်ဘာ ၇ ရက်တွင်ထုတ်ပြန်ခဲ့သော ''မြန်မာနိုင်ငံ၏ လုံခြုံရေးကဏ္ဍအား ဒီမိုကရေစီနည်းကျ ဖော်ဆောင်ခြင်း''ဟု အမည်ပေးထားသည့်စာတမ်းတွင် ဖော်ပြထားသည်။

တရားမျှတရေးနှင့် လုံခြုံရေးကိစ္စများနှင့်ပတ်သက်သော ပညာရပ်ဆိုင်ရာ အခွင့်အလမ်းများနှင့်သင်တန်းများအား ကျယ်ကျယ်ပြန့်ပြန့်လက်လှမ်းမီရရှိနိုင်ရန် လုပ်ဆောင်ခြင်းသည် လုံခြုံရေးကဏ္ဍအား ဒီမိုကရေစီနည်းကျပြောင်းလဲမှုပြုရာတွင် အရေးပါလှကြောင်း၊ လုပ်နိုင်စွမ်းရှိပြီး နည်းပညာများအရ ကောင်းစွာနားလည် သိရှိထားသော အရပ်သားခေါင်းဆောင်များမရှိပါက လုံခြုံရေးဆိုင်ရာ

အချစ်ပို(ဂ)သို့

# တပ်မတော်က နိုင်ငံတော်အာဏာကို လက်နက်အားကိုးဖြင့် သိမ်းယူခဲ့သည့်နေ့ဟု ပြောဆိုမှု လွှတ်တော်မှတ်တမ်းမှ ပယ်ဖျက်ပေးရန် တပ်မတော်သားကိုယ်စားလှယ်တင်ပြ

မတ်လ ၂ ရက်နေ့မှာ တပ်မတော်က နိုင်ငံတော်အာဏာကို လက်နက်အားကိုးဖြင့်သိမ်းယူခဲ့သည့်နေ့ဟု ပြောဆိုသုံးနှုန်းမှုကို လွှတ်တော်မှတ်တမ်းမှပယ်ဖျက်ပေးရန် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်းက နိုဝင်ဘာ ၇ ရက်ကကျင်းပသော ပြည်သူ့လွှတ်တော်တွင် တင်ပြခဲ့သည်။

ဒီပဲယင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ တောင်သူလယ်သမားများအတွက် တောင်သူလယ်သမားနေ့အဖြစ် မတ်လ ၂ ရက်နေ့ကို သတ်မှတ်ထားခြင်းမှ ပယ်ဖျက်ပေးရန်နှင့် ဗြိတိသျှနယ်ချဲ့အစိုးရအား ဆရာစံဦးဆောင်ပြီး တောင်သူလယ်သမားများ ကိုယ်တိုင်စတင်တော်လှန်ခဲ့သည့် ဒီဇင်ဘာ ၂၂ ရက်ကို ပြောင်းလဲသတ်မှတ်အတည်ပြုပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်

အချစ်ပို(ဂ)သို့

# ရဲတပ်ဖွဲ့ဝင်များသည် တရားခံကို ပြည်သူတွေမမြင်အောင် ကာကွယ်ရန် တာဝန်မရှိ

ရဲတပ်ဖွဲ့ဝင်များအနေဖြင့် တရားခံများကို မလွတ်အောင်သာ စောင့်ရှောက်ရန် တာဝန်ရှိပြီး တရားခံကို ပြည်သူများမမြင်အောင် ကာကွယ်ရန်တာဝန်မရှိကြောင်း တရားလွှတ်တော်ရှေ့နေ ဦးအောင်စိုးက သုံးသပ်ပြောကြားသည်။

အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီဉက္ကဋ္ဌ ဦးစိုးထွန်းရှိန်ကို ထိုင်းရဲတပ်ဖွဲ့ထံမှ လွှဲပြောင်းရယူလာပြီး လေဆိပ်အဆင်း အတက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက တရားခံပြေးဦးစိုးထွန်းရှိန်ကို ထီးများမိုး၍ ခေါ်ထုတ်သွားသည်နှင့် ပတ်သက်၍ ပြည်သူများအကြား ဝေဖန်မှုများ မြင့်တက်လျက်ရှိသည်။



ဓာတ်ပုံ-ရွှေတြိဂံဒေသ သတင်းဌာန

''တရားခံပြေးတွေကို အကာအကွယ်ပေးခြင်းဟာ အထင်မှားစရာဖြစ်တယ်။ ရဲတပ်ဖွဲ့အနေနဲ့ ခွဲခြားပြီးတော့ တရားခံတွေကို မဆက်ဆံသင့်ဘူး။ လူမှုကွန်ရက်မှာ တွေ့နေရတာက ကျောင်းသားတွေကို ဖမ်းစဉ်တုန်းက ဒီလိုမဟုတ်ဘူး။ အဆိုတော်တယောက် ဆေးပြားမိတယ်ဆိုပြီး ဖမ်းတဲ့အချိန်မှာ။ ဆေးပြားတောင်မှ ဆေးပြားအစစ်မဟုတ်ဘဲနဲ့ ဖမ်းတဲ့ အချိန်မှာထိုးကြိတ်ပြီးတော့ ဖမ်းပြီးတော့။ အခုဦးစိုးထွန်းရှိန်ကို ဖမ်းတဲ့အခါမှာကျတော့လည်း ဆရာတော်ကြီးတွေကြွသလို ရဲတွေကိုယ်တိုင် ထီးတော်မိုးလုပ်ပြီးတော့ပို့တဲ့အပေါ်မှာ ပြည်သူတွေအတွက် အထင်မှားအမြင်မှား ဖြစ်စရာဖြစ်တယ်ပေါ့။ တရားခံကို မလွတ်အောင် စောင့်ရှောက်ဖို့ပဲ ရှိတယ်။ တရားခံကို ပြည်သူတွေမမြင်အောင် ကာကွယ်ဖို့တာဝန်မရှိဘူး။ ပြည်သူတွေအမြင်မှာ ဘာကြောင့် ဒီလိုလုပ်တယ်ဆိုတာ မေးခွန်းတွေဖြစ်ပေါ်လာတယ်'' ဟု ဦးအောင်စိုးက ပြောသည်။

တရားခံပြေးတဦးကို ရဲတပ်ဖွဲ့ဝင်များက ရဲယူနီဖောင်းအပြည့်အစုံနှင့် ထီးမိုးပေးသည်ကို ဥပဒေအမြင်ဖြင့် မသင့်တော်၏။ သင့်တော်၏ ကြည့်ရှုသည့်အခါတွင် ရဲဆိုသည်မှာ ပြည်သူကိုစောင့်ရှောက်ရမည်၊ ပြည်သူဘက်မှ ရပ်တည်ရမည်၊ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်ရမည်ဖြစ်ကာ တရားခံပြေးများကို ဖမ်းဆီးချုပ်နှောင်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း တရားခံပြေးများဘက်မှ ကာကွယ်မှုများပြုလုပ်ပါက ပြည်သူများအကြား ထင်ယောင်ထင်မှားဖြစ်စေနိုင်ကြောင်း ၎င်းကဆိုသည်။

''ရဲတွေမှာ ကျောသားရင်သား မခွဲခြားရဘူးဆိုတာ ရှိတယ်။ ရဲမှာလည်း ရဲလုပ်ထုံးလုပ်နည်းတွေရှိပါတယ်။ ဒါပေမဲ့ အခုလောလောဆယ်မှာဆိုရင်တော့ နာမည်ပျက်တဲ့ လူတွေရှိတယ်။ လူတွေကို ဆက်ဆံတဲ့အခါမှာကျတော့ ပိုက်ဆံရှိတဲ့လူကိုတမျိုး၊ ပိုက်ဆံမရှိတဲ့လူကိုတမျိုး ဒီလိုမျိုး ခွဲခြားဆက်ဆံမှုမရောက်အောင်လို့တော့ ကျင့်သုံးသင့်တယ်ပေါ့။ ဒါမှပဲ ပြည်သူအားကိုးတဲ့ ရဲဖြစ်လာမှာပေါ့နော်။ အများအမြင်မှာ မသင့်တော်တဲ့ ခွဲခြားဆက်ဆံမှုပုံစံမျိုး မဖြစ်ရအောင်လို့တော့ ပြုမူဆောင်ရွက်သင့်တယ်''ဟု AAPP တွဲဖက်အတွင်းရေးမှူး ဦးဘိုကြည်က ပြောသည်။

ရဲတပ်ဖွဲ့သည် ပြည်သူများအားကိုးနိုင်သည့် တပ်ဖွဲ့ဖြစ်ရန် ရဲလက်စွဲများပြုပြင်ပြောင်းလဲရန် လိုအပ်ပါက ရဲလက်စွဲများပြောင်းလဲရန်၊ ရဲလက်စွဲကိုကိုင်တွယ်ကျင့်သုံးနေသည့် ရဲတပ်ဖွဲ့ဝင်များအား ပြည်သူ့ဆက်ဆံရေးသင်တန်းများ လိုအပ်ပါက ပြုလုပ်သင့်ကြောင်း ပြည်သူများကြားတွင် မပြေးရင်မိသည်ဆိုသည့် သဘောထားများရှိပြီး လက်ရှိအချိန်တွင်လည်း အမှုကြီးများ၊ ထင်ရှားသည့် တရားခံပြေးများစွာ ဖမ်းဆီးနိုင်ခြင်းမရှိသေးသည်ကို တွေ့နေရကြောင်း ၎င်းကဆိုသည်။

ဦးစိုးထွန်းရှိန်အား တာချီလိတ်မှ မန္တလေးသို့ ပို့ဆောင်ရန် လေယာဉ်ပေါ်သို့ တင်သည့်အခါတွင် ထီးမိုးသည်မှာ မိုးရွာသည့်အတွက်ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များလည်းဆောင်း၊ ဦးစိုးထွန်းရှိန်ကိုလည်းဆောင်းပေးသည့် သဘောဖြစ်ကြောင်း တာချီလိတ်မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးလှဦးက ပြည်တွင်းမီဒီယာများသို့ ပြောခဲ့သည်။

အောက်တိုဘာ ၂၅ ရက်ကပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက ရဲတပ်ဖွဲ့ ထိပ်ပိုင်းခေါင်းဆောင်များ ထိုင်းနိုင်ငံသို့ သွားရောက်မည်ဟု ပြောကြားခဲ့ကာ ယင်းသတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး ၁၀ ရက်ကျော်အကြာ နိုဝင်ဘာ ၆ရက်က ထိုင်းနိုင်ငံမှလွှဲပြောင်းရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ရဲမှူးကြီး ကျော်သီဟထံ News Watch မှ ဆက်သွယ်မေးမြန်းခဲ့သော်လည်း ပြန်လည်ဖြေကြားခြင်း မရှိခဲ့ပေ။ ဦးစိုးထွန်းရှိန်ကို မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် တရားရုံးတွင် နိုဝင်ဘာ ၇ ရက်က ရုံးထုတ်ရမန်ယူခဲ့ပြီး ရမည်းသင်းအကျဉ်းထောင်တွင် ချုပ်နှောင်ထားကြောင်း သိရသည်။

TCM

www.free4readers.com

News Watch WEEKLY
စောင့်ကြည့်သတင်းဂျာနယ်
အတွဲ (၁၄)၊ အမှတ် (၃၄) ၉-၁၁-၂၀၁၉ (စနေ)

# ထိုင်းငါးလုပ်ငန်း အမေရိကန်ကပေးထားသည့် ကုန်သွယ်ရေး အထူးအခွင့်အရေး GSP ဆုံးရှုံးရဖွယ်ရှိ၊ မြန်မာလုပ်သားများ ထိုင်းသို့ မလာရောက်ကြရန် သတိပေး

အချုပ်ပို တောင်းယူပါ။

ရေထွက်ပစ္စည်းဝယ်ယူမှုတွင် ကမ္ဘာ့တတိယအကြီးဆုံးဖြစ်သည့် အမေရိကန်နိုင်ငံမှ ထိုင်းရေလုပ်ငန်းအတွက် ပေးထားသော ကုန်သွယ်ရေးဆိုင်ရာ အထူးအခွင့်အရေး(GSP)ကို ဆိုင်းငံ့နိုင်ဖွယ်ရှိကြောင်း ထုတ်ပြန်ထားခြင်းကြောင့် လတ်တလော အခြေအနေတွင် မြန်မာလုပ်သားများ ထိုင်းသို့မလာရောက်ကြရန် အလုပ်သမားအရေးဆောင်ရွက်သူများက သတိပေးပြောကြားသည်။ ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံတန်ကြေးရှိ GSP ရုပ်သိမ်းခံရပါက မြန်မာရွှေ့ပြောင်းလုပ်သားများ အနေဖြင့် အလုပ်လက်မဲ့အခက်အခဲနှင့်ကြုံတွေ့ရမည့် အခြေအနေများရှိနေသောကြောင့် မြန်မာလုပ်သားများ စာ(၁၇)သို့

# YBS ယာဉ်ကုမ္ပဏီများ အရှုံးပေါ် နေခြင်းမရှိဟု YRTA ဆို

ရန်ကုန်တိုင်းဒေသကြီးအတွင်း သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုပေးနေသည့် YBS ယာဉ်လိုင်းကုမ္ပဏီများ အရှုံးပေါ်နေသည်ဟုဆိုခြင်းမှာ မဟုတ်မှန်ဘဲ ကုမ္ပဏီလုပ်ငန်းသဘောသဘာဝကို နားမလည်၍ ပြောဆိုနေကြခြင်းသာဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) မှ သိရသည်။ ''ကျွန်တော်တို့ရဲ့ ဒီသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ရှုံးတယ်လို့ ဘယ်အချိန်မှာပြောရမလဲ၊ အဲဒါအရေးကြီးပါတယ်။ အခုကျွန်တော်တို့ လည်ပတ်နိုင်လို့ ကားအားလုံးကို ပြေးဆွဲနေတာ။ တကယ်လို့ရှုံးရင် အကုန်ရပ်သွားမှာ ဒါကိုနည်းနည်းလေး စာ(၂၃)သို့

# နိုင်ငံတော်သမ္မတဦးဝင်းမြင့် အတ္ထရံမြစ်ကူးတံတားစီမံကိန်းကို ကြည့်ရှုစစ်ဆေး နိုင်ငံတော်ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန် မှာကြား

စာ(၁၇)သို့



# တိုယိုတာစက်ရုံတည်ဆောက်မှုနှင့်အတူ မြန်မာ့ကားဈေးကွက် လှုပ်လှုပ်ခတ်ခတ်ဖြစ်လာ

တိုယိုတာကားကုမ္ပဏီ (Toyota Motor) က မြန်မာနိုင်ငံတွင် တပ်ဆင်ထုတ်လုပ်မှုစက်ရုံတည်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁ ရက်နေ့က ပြုလုပ်ခဲ့ခြင်းနှင့်အတူ ပြည်ပကားကုမ္ပဏီများ၏ ပြိုင်ဆိုင်မှု ပိုမိုသွက်လက်လှုပ်ခတ်လာသည်။ မြန်မာနိုင်ငံ၏ တပတ်ရစ်ကား ဈေးကွက်တွင် ထိပ်တန်းမှနေရာယူထားသည့် တိုယိုတာသည် အရှေ့တောင်အာရှ၏ နောက်ဆုံးလက်ကျန် စီးပွားရေးနယ်ပယ်သစ်ဖြစ်သည့် မြန်မာနိုင်ငံဈေးကွက်သို့ဝင်ရောက်လာသည့် ဆဋ္ဌမမြောက်ကားကုမ္ပဏီဖြစ်သည်။ အဆိုပါစက်ရုံကို ရန်ကုန်မြို့နှင့် နီးကပ်စွာ စာ(၂၃)သို့



# ရုပ်သံဇာတ်လမ်းတွဲရိုက်ကူးရန် ဝတ္ထုတအုပ်ကိုစံချိန်တင်ဈေး ကျပ်သိန်း ၅၀ ဖြင့် ဝယ်ယူ

စာရေးဆရာ သရဝဏ်(ပြည်)ရေးသားခဲ့သည့် 'တရွေ့ခေါ်လာသော ညှို့သည်' ဝတ္ထုကို MRTV-4 ချန်နယ်အတွက် ဇာတ်လမ်းတွဲရိုက်ကူးရန် ကျပ်သိန်း ၅၀ ဖြင့် ဝယ်ယူလိုက်ပြီဖြစ်ကြောင်း စာရေးဆရာထံမှသိရသည်။ ''အဲဒါကို Forever ကုမ္ပဏီကနေ ဇာတ်လမ်းတွဲရိုက်ဖို့ဆိုပြီး ဆက်သွယ်လာလို့ သိန်း ၅၀ နဲ့ဝယ်တာ။ အဲဒီအထဲမှာက နိုင်ငံခြားသူဇာတ်ကောင်တွေလည်းပါတော့ ထိုင်း(သို့မဟုတ်)ဖိလစ်ပိုင်ကို စာ(၁၇)သို့




# ဦးစိုးထွန်းရှိန်ကို မန္တလေးလေဆိပ်မှတဆင့် လုံခြုံရေးယာဉ်တန်းဖြင့် ရမည်းသင်းသို့ ဖမ်းဆီးခေါ်ဆောင်

စာ(၄)သို့





# အရေးကြီးတာ ၂၀၀၈ ခြေ/၃ပြင်ဖို့

စစ်အာဏာရှင်တွေ ရေးဆွဲပြဋ္ဌာန်းထားခဲ့တဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ နှောင်ကြိုးကြီး ရှိနေလို့ပါပဲ။ အဲဒီနှောင်ကြိုးကို ဖြတ်တောက်ပစ်ဖို့ လိုအပ်ပါတယ်။ အဖိနှိပ်ခံ ပြည်သူအားလုံးနဲ့ အဲဒီပြည်သူတွေကို ကိုယ်စားပြုတဲ့ ပါတီတွေရဲ့ အဓိက တာဝန်ဟာ အဲဒီနှောင်ကြိုးကို ဖြတ်တောက်ကြဖို့ပါပဲ . . . ၊ ကိုလေးမြတ် ၊ စာ(၁၃)သို့

ဖြစ်ပေါ်ပြောင်းလဲနေသော ကမ္ဘာ့အရေး၊ မြန်မာ့အရေးသတင်းများကို News Watch က စောင့်ကြည့်နေသည်။

www.free4readers.com



# ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် ကရင်ဒုံးယိမ်းအကကို ပမာပြုကာ တိုင်းရင်းသားအချင်းချင်း အပြန်အလှန် နားလည်မှုရှိရှိ၊ ဟန်ချက်ညီညီထိန်းညှိလုပ်ဆောင်စေလိုဟု သမ္မတပြော

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် ကရင်ဒုံးယိမ်းအကကဲ့သို့ တိုင်းရင်းသားအချင်းချင်းတဦးနှင့်တဦးအပြန်အလှန်နားလည်မှုရှိရှိ၊ ဟန်ချက်ညီညီဖြင့် ကြိုးပမ်းလုပ်ဆောင်စေလိုကြောင်း ကရင်ပြည်နယ်၊ ဘားအံမြို့တွင် နိုဝင်ဘာ ၇ ရက်ကပြုလုပ်သော (၆၄) နှစ်မြောက် ကရင်ပြည်နယ်နေ့ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးဝင်းမြင့်က ပြောကြားလိုက်သည်။



''ကျွန်တော်တို့အမြင်အရ ပြောမယ်ဆိုရင်တော့ ဘယ်လိုပဲ ကကွက်တွေရှိရှိ၊ ကကြိုးတွေရှိရှိ တယောက်နဲ့တယောက် ထိန်းညှိပြီးတော့ ဟန်ချက်ညီညီနဲ့ လုပ်ကြမယ်၊ ကိုင်ကြမယ်ဆိုလို့ရှိရင် ပြည်ထောင်စုကြီးအတွက် အင်မတန်မှကြီးမားတဲ့အင်အားတခုဖြစ်မှာ ဖြစ်ပါတယ်။ ကရင်ဒုံးယိမ်းမှာ ဖျတ်လတ်တက်ကြွနေသလို မြူးကြွနေသလို မမောနိုင်၊ မပန်းနိုင်နဲ့ အပြုံးပန်းဝေဆာပြီး ကသွားသလို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအတွက်လည်း မမောနိုင်၊ မပန်းနိုင်ဘဲနဲ့ ပန်းတိုင်ရောက်အောင်လို့ အပြုံးပန်းကိုယ်စီနဲ့ တဦးနဲ့တဦးနားလည်မှုတွေပေးပြီးတော့ ဆက်လက်ပြီးတော့ ဆောင်ရွက်သွားစေလိုပါတယ်''ဟု သမ္မတက ပြောသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို မဖြစ်မနေတည်ဆောက်မည်ဟူ၍ ဆုံးဖြတ်ပြီးဖြစ်၍ တိုင်းရင်းသားများနှစ်ပေါင်းများစွာလိုလားတောင့်တနေသည့်၊ ခံစားသင့်ခံစားထိုက်သည့် ဒီမိုကရေစီအခွင့်အရေး၊ ဖက်ဒရယ်အခွင့်အရေးများအပြင် တိုင်းရင်းသားများ၏ အခြေခံအခွင့်အရေး၊ တန်းတူညီမျှရရှိရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်များရရှိရေး ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိကြောင်း ထည့်သွင်းပြောကြားသည်။

''ဒီကြိုးပမ်းအားထုတ် ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ချည်းပြီးလားဆိုတော့ ကျွန်တော်တို့ချည်းလည်း မပြီးပါဘူး။ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပြီးတော့ ကရင်ဒုံးယိမ်းလိုပဲ တက်ညီလက်ညီနဲ့ သွက်သွက်လက်လက်နဲ့ ဟန်ချက်ညီညီထိန်းညှိပြီး ဆောင်ရွက်ကြမှပဲ ဒီပန်းတိုင်ကိုရောက်မှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အားလုံးဟာ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကိုတည်ဆောက်တဲ့အခါမှာ တိုင်းရင်းသားအားလုံးရဲ့ စည်းလုံးညီညွတ်မှုနဲ့ တိုင်းရင်းသားအားလုံးရဲ့ ဆန္ဒတူညီမှုတွေအပေါ်မှာ အခြေခံပြီးတော့မှ တည်ဆောက်လို့ရတာဖြစ်ပါတယ်''ဟု သမ္မတကပြောသည်။

တိုင်းရင်းသားအားလုံး၊ လူမျိုးပေါင်းစုံဖြင့်ဖွဲ့စည်းထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖြစ်သည်နှင့်အညီ ပြည်ထောင်စုစိတ်ဓာတ် ကိုယ်စီကိုယ်စီထားကြရန်လိုအပ်ကြောင်း၊ တိုင်းရင်းသားအားလုံးတွင် သဘောထား၊ အယူအဆ မတူညီကြမှုများရှိနေသော်လည်း အချင်းချင်းအပြန်အလှန်နားလည်ယုံကြည်မှု၊ အပြန်အလှန်လေးစားမှုတို့ဖြင့် လက်တွဲလုပ်ဆောင်မည်ဆိုလျှင် ပြည်ထောင်စုအတွက် စုပေါင်းအင်အားပင်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့အပြင် ကရင်ပြည်နယ်တွင်ဖွံ့ဖြိုးတက်လာမည့် အလားအလာကောင်းများရှိနေပြီဖြစ်ပြီး ကော့ဂွန်းဂူ၊ ဆဒ္ဒန်ဂူ၊ ဘုရင့်ညီဂူ၊ ရသေ့ပျံဂူ စသည့်ဂူများသည်လည်း ခရီးသွားလုပ်ငန်းများအတွက် ဆွဲဆောင်သည့်နေရာများဖြစ်ကြောင်း သမ္မတက ထည့်သွင်းပြောကြားခဲ့သည်။

''ဒါတွေဟာ ခရီးသွားလုပ်ငန်း မီးခိုးမထွက်တဲ့စက်ရုံ၊ ပြည်နယ်ဘဏ္ဍာငွေရရှိဖို့အတွက် အင်မတန်မှဆွဲဆောင်အားတွေကောင်းတဲ့နေရာတွေဖြစ်ပါတယ်။ ဒါကြောင့်မို့ ကရင်ပြည်နယ်ကြီးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အားသာချက်တွေအများကြီးရှိပါတယ်။ အဲဒီဖွံ့ဖြိုးတိုးတက်မှုဟာ အခုဆိုရင် ငြိမ်းချမ်းရေးအလင်းရောင် ရရုံပဲရှိသေးတယ်။ ဒီဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်တွေ ကရင်ပြည်နယ်မှာ ခံစားနေရတယ်ဆိုတာ အားလုံးမျက်ဝါးထင်ထင်ဖြစ်ပါတယ်''ဟု သမ္မတကပြောသည်။

ထို့ကြောင့် တိုင်းနှင့်ပြည်နယ်အသီးသီးတို့တွင် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များဆက်လက်ခံစားနိုင်ရန်နှင့် ငြိမ်းချမ်းရေးရရှိရေးအတွက် ဖွဲကပင်တောင်၏ မယိုင်မလဲခိုင်မြဲစွာတည်ဆောက်ထားမှုကို ပမာပြုကာ ပြည်ထောင်စုစိတ်ဓာတ်ကိုလည်း ထိန်းသိမ်းကြရန် နိုင်ငံတော်သမ္မတ တိုက်တွန်းပြောကြားခဲ့သည်။

**လင်းလင်းအောင်**

## နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိုးကုတ်မြို့ ညောင်သုံးပင်ဘုန်းကြီးကျောင်း ဗိမာန်ဖွင့်ပွဲသို့ တက်ရောက်မည်

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုဝင်ဘာ ၉ ရက်တွင်ကျင်းပမည့် မိုးကုတ်မြို့ ညောင်သုံးပင်ဘုန်းတော်ကြီးကျောင်း ဗိမာန်ဖွင့်ပွဲသို့ တက်ရောက်မည်ဖြစ်ကြောင်း မိုးကုတ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ငံကျော်က News Watch သို့ပြောသည်။



''ကျွန်တော်တို့မိုးကုတ်မှာ ညောင်သုံးပင်ဘုန်းကြီးကျောင်း ဗိမာန်ဖွင့်ပွဲရယ် ပထမဆုံးအကြိမ်ကျင်းပတဲ့ သာမဏေကျော်အပါး ၁၀၀၀ ကျော်တို့ရဲ့ စာမေးပွဲပိတ်ပွဲအတွက် လာမှာဖြစ်ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က ဒီပွဲအတွက် အဓိကလာရောက်ခြင်းဖြစ်ပါတယ်။ ဒီအတွက်လည်း နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်မိုးကုတ်မြို့ကို လာရောက်ခြင်းဖြစ်တဲ့အတွက် ကျွန်တော်တို့မြို့ကဝမ်းမြောက်ဝမ်းသာကြိုဆိုတယ်။ ဂုဏ်လည်းယူပါတယ်''ဟု ၎င်းကပြောသည်။

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ညောင်သုံးပင်ဘုန်းကြီးကျောင်းဆရာတော်ကြီး၏ ဖိတ်ခေါ်မှုအရ မိုးကုတ်မြို့သို့ နိုဝင်ဘာလ ၉ ရက် နံနက်ပိုင်းတွင်ရောက်ရှိမည်ဖြစ်ပြီး မိုးကုတ်မြို့သူ၊ မြို့သားများနှင့် လူထုတွေ့ဆုံပွဲလုပ်ဆောင်သွားမည်မဟုတ်ကြောင်း မိုးကုတ်မြို့တာဝန်ရှိသူတဦးက ပြောသည်။

''ကျွန်မတို့အနေနဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်လာရောက်မှာကို ကြိုဆိုနေပါတယ်။ လူထုတွေ့ဆုံပွဲရှိလား၊ မရှိလားကတော့ မသေချာသေးပါဘူး။ ကျွန်မတို့ဒေသခံတွေအနေနဲ့ကတော့ ဖြစ်စေချင်တာက လာမယ့်အတူတူတော့ လူထုတွေ့ဆုံပွဲလေး လုပ်စေချင်တယ်။ ဒါပေမဲ့ သူလည်းအလုပ်များတယ်ဆိုတော့ ခဏလာပြီး ပြန်ဖို့များတယ်''ဟု မိုးကုတ်မြို့ကျောက်ကုန်သည်ပွဲစားများအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူမြင့်က ပြောသည်။

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် မိုးကုတ်နေပြည်သူများနှင့်တွေ့ဆုံကာ လူထုစကားဝိုင်းပြုလုပ်ပေးမည်ဆိုပါက မိုးကုတ်နေပြည်သူများမှ ကျောက်မျက်ရတနာကိစ္စရပ်များ၊ အခြားသောမြေယာပြဿနာများကို တင်ပြသွားရန်ရှိကြောင်း သိရသည်။

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ မိုးကုတ်မြို့ခရီးစဉ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မိုးကုတ်မြို့အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများက လုံခြုံရေးစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး လုံခြုံရေးနှင့်ပတ်သက်၍ မြို့ခံပြည်သူများကို အကူအညီတောင်းခံထားခြင်း မရှိသေးကြောင်း မိုးကုတ်မြို့ဒေသခံပြည်သူများထံမှ သိရသည်။

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မိုးကုတ်မြို့သို့ လူထုစည်းရုံးရေး ၃ ကြိမ်လာရောက်ခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လ ၂၃ ရက်နေ့က နောက်ဆုံးအကြိမ် လာရောက်ခဲ့ခြင်းဖြစ်ကာ ယင်းမှာ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး လူထုဟောပြောပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း မိုးကုတ်မြို့ဒေသခံများထံမှ သိရသည်။ **ကျော်သူ**

## ဂျပန် Taiyo အာမခံလုပ်ငန်းက ဝန်ထမ်းအများအပြား ခေါ်ယူမည်

ဂျပန် Taiyo အသက်အာမခံလုပ်ငန်းက မြန်မာနိုင်ငံတွင် အပြည့်အဝလုပ်ကိုင်ခွင့်ရရှိသည်နှင့် တအိမ်တက်ဆင်း အရောင်းမြှင့်တင်ရေးဆောင်ရွက်ရန် ဝန်ထမ်းအများအပြားခန့်အပ်ရန် စီစဉ်ထားသည်။

အသက်အာမခံထားသည့် အလေ့အထနည်းပါးသည့် မြန်မာနိုင်ငံတွင် လုပ်ငန်းစတင်လုပ်ကိုင်ချိန်မှ ၃ နှစ်အတွင်း ဝန်ထမ်း ၅၀၀၀ ခန့်အပ်ရန် စီစဉ်ထားကြောင်း တိုင်ယိုအာမခံလုပ်ငန်း၏ဥက္ကဋ္ဌ နာအိုကီစိုဂျိမားက ပြောသည်။

အစိုးရအနေဖြင့် ပြည်ပအာမခံလုပ်ငန်းများကို ပြည်တွင်းအာမခံလုပ်ငန်းများနှင့် ဖက်စပ်လုပ်ကိုင်ခွင့်ပြုထား၍ လက်ရှိတွင် ပြည်ပအာမခံလုပ်ငန်း ၁၀ ခုဝန်းကျင်အား ခွင့်ပြုပေးထားကြောင်း သိရသည်။

တိုင်ယိုအာမခံလုပ်ငန်းက Capital Life Insurance ကုမ္ပဏီ၏ ရှယ်ယာ ၃၅ ရာခိုင်နှုန်းကို ဒေါ်လာ ၇ ဒသမ ၁၄ သန်းဖြင့် ပြီးခဲ့သည့်လပိုင်းအတွင်းက ဝယ်ယူခဲ့ပြီး ယခု နိုဝင်ဘာလအစောပိုင်းတွင် လုပ်ငန်းစတင်ဆောင်ရွက်ခွင့်ရရှိရန် မျှော်မှန်းထားသည်။

''အသက် အာမခံထားတာဘယ်လောက်အရေးကြီးတယ်ဆိုတာ မြန်မာနိုင်ငံသားများ သိပ်မသိကြသေးဘူး။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ လူချင်းတွေ့ပြီး သေသေချာချာ ရှင်းပြနိုင်ဖို့ တအိမ်တက်ဆင်း လုပ်ဆောင်သွားပါမယ်''ဟု နာအိုကီစိုဂျိမားက ပြောသည်။

တိုင်ယို အသက်အာမခံလုပ်ငန်းသည် တိုကျိုအခြေစိုက် T&D Holdings ၏ လက်ခွဲလုပ်ငန်းတခုဖြစ်သည်။

မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းဈေးကွက်သည် မကြာမီနှစ်များအတွင်း အရှိန်အဟုန်ဖြင့် ကြီးမားကျယ်ပြန့်လာနိုင်ဖွယ်ရှိပြီး ခန့်မှန်းချက်တခုအရ ၂၀၁၈ ခုနှစ်အတွင်း ဒေါ်လာ သန်း ၄၀ ရှိခဲ့ရာမှ ၁၀ နှစ်အတွင်း ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံအထိ တိုးတက်လာ ဖွယ်ရှိသည်။

လက်ရှိ မြန်မာနိုင်ငံ၏ အာမခံဈေးကွက်မှာ ဒုတိယကမ္ဘာစစ်အပြီး ဂျပန်ပြည်အခြေအနေနှင့် ဆင်တူကြောင်းလည်း နာအိုကီစိုဂျိမားက ပြောသည်။

ထိုအချိန်ကာလက ဂျပန်တွင် ငွေစု ဆောင်းမှုနှင့် ဆေးကုသစရိတ် (Medical coverage) တွဲလျက်ပါသော အာမခံပေါ်လစီကို လူကြိုက်များခဲ့ကြောင်း၊ တိုင်ယိုအနေဖြင့် အဆိုပါ အာမခံပေါ်လစီနှင့် အလားတူ အာမခံပေါ်လစီများကိုလည်း မြန်မာဈေးကွက်အတွက် ချဲ့ထွင်သွားရန် အစီအစဉ်ရှိကြောင်း ၎င်းက ပြောသည်။

**ဝိရ**

**Ref; Nikkei Asian Review**

www.free4readers.com



# တက္ကသိုလ်ပတ်လမ်းဖောက်လုပ်မည့်ကိစ္စ တက္ကသိုလ်၏ မူလသွင်ပြင်လက္ခဏာများ ထိခိုက်ပျက်စီးစေမည်မဟုတ်ဘဲ သင်ယူမှု ပတ်ဝန်းကျင်ကောင်းမွန်ရန်နှင့် စိမ်းလန်းစိုပြည်ရန် ရည်ရွယ်ခြင်းသာဖြစ်ဟုဆို

ရန်ကုန်တက္ကသိုလ်တွင် တက္ကသိုလ်ပတ်လမ်းဖောက်လုပ်မည့်ကိစ္စသည် လူတချို့စိုးရိမ်နေသကဲ့သို့ တက္ကသိုလ်၏ မူလလက္ခဏာများ ထိခိုက်ပျက်စီးစေမည် မဟုတ်ဘဲ သင်ယူမှု ပတ်ဝန်းကျင် ပိုမိုကောင်းမွန်ရန်နှင့် စိမ်းလန်းစိုပြည်ရန် ရည်ရွယ်ခြင်းသာဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်အောင်က ပြောသည်။




ရန်ကုန်တက္ကသိုလ်အတွင်း သစ်ပင်များ မခုတ်ရန်နှင့် အပေါ်ယံ ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများမလုပ်ရန် ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂက နိုဝင်ဘာ ၂ နှင့် ၄ ရက်နေ့များတွင် ဆန္ဒဖော်ထုတ်ခဲ့ကြပြီး ပတ်လမ်းအစီအစဉ်ယာယီရပ်ဆိုင်းခဲ့ရသည့်ကိစ္စနှင့်ပတ်သက်ပြီး VOA မှ ဦးကျော်ဇံသာ၏ တွေ့ဆုံမေးမြန်းမှုကို ဒေါက်တာတင်အောင်က ပြောကြားခဲ့ခြင်း ဖြစ်သည်။

''ကျွန်တော်တို့ အခုလောလောဆယ်တော့ အဓိပတိလမ်း အဝင်ရဲ့ ဘယ်ညာမှာ ဆရာများသမဂ္ဂ အဆောက်အအုံ၊ ကျောင်းသားများသမဂ္ဂ အဆောက်အအုံ ဆောက်ဖို့ Plan ဆွဲထားပါတယ်။ ခုန အဓိပတိလမ်းထဲကနေ ကားတွေ Block ဖြစ်နေတယ်။ ဖြစ်နေတဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့က အဲဒီ အဓိပတိလမ်းကို လမ်းလျှောက်ပြီး သုံးပြီးတော့ ဒီလိုပတ်လမ်းကသွားလို့ရှိရင် အနည်းငယ်တော့ သစ်ပင်လေးတွေ ပျက်မယ်လို့ ကျွန်တော်တို့လည်း တချိန်ကတော့ တွက်ဆထားတယ်။ အခုတော့ ဒီလောက်များလား၊ မများလားလို့ ကျွန်တော်တို့လည်း မသိပါဘူး။ အဲဒီအတွက် ခုတ်တယ်လို့ ကျွန်တော်ထင်ပါတယ်။ နောက်တခုက ပြည်သူတွေ ကျောင်းသားဟောင်းတွေပြောပြောနေတဲ့ အဓိပတိလမ်းကဝင်တဲ့ ဘယ်၊ ညာမှာ နိုင်ငံတကာ တက္ကသိုလ်တွေလို မြက်ခင်းတွေ အကုန်စိုက်မှာ''ဟု ၎င်းက ပြောသည်။

ဆက်လက်ပြီး ဒေါက်တာတင်အောင်က တက္ကသိုလ်ပတ်လမ်းဖောက်လုပ်ရာတွင် ရန်ကုန်တက္ကသိုလ်အတွင်းရှိ နှစ်ရှည်အပင်ကြီးများကို ခုတ်ပစ်မည်မဟုတ်ကြောင်း၊ အပင်ငယ်များနှင့် အကိုင်းများကိုသာ ကားနှစ်စီးရှောင်သွားရုံမျှ ခုတ်မည်ဖြစ်ကြောင်း ရှင်းပြသည်။

''ဒါက ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်တာပါ။ သစ်ပင်ကြီးတွေခုတ်တဲ့အဆင့်တော့ ကျွန်တော်တို့ မလုပ်ပါဘူး။ သို့သော် လုပ်သင့်တဲ့အလုပ်ကို လုပ်တာပဲလို့ မြင်ပါတယ်။ ဒါကျွန်တော်တို့ စီမံကိန်းနဲ့ချတယ်၊ ကျွန်တော်တို့တော်တော်လေး စဉ်းစားပြီးမှ ဒီအလုပ်ကိုလုပ်တာပါ။ ဒါကြောင့် နောင်ကို ကျောင်းသားတွေ ကျေနပ်အောင်ထိခိုက်မှုအနည်းဆုံးဖြစ်အောင် လုပ်ပြီးတော့ ကျွန်တော်တို့ စဉ်းစားထားတယ်။ ကော်မတီနဲ့ပဲ ဆုံးဖြတ်ပေးပါလိမ့်မယ်''ဟု ၎င်းက ပြောသည်။

အဓိပတိလမ်း ဘယ်၊ ညာတွင် ဆောက်လုပ်မည့် ဆရာများ သမဂ္ဂနှင့် ကျောင်းသားသမဂ္ဂရုံးခန်းများသည် ယခင်သမဂ္ဂအဆောက်အဦ ပြန်လည်တည်ဆောက်မည့်ကိစ္စနှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ သမဂ္ဂအဆောက်အဦကြီး ပြန်လည်တည်ဆောက်ရန် လွန်ခဲ့သောနှစ်နှစ်က နိုင်ငံတော်မှ သိန်း ၅၀၀၀ မတည်ပေးထားကြောင်း၊ အဆိုပါငွေကြေးကို နိုင်ငံတော်သို့ ခေတ္တအပ်နှံထားကြောင်း၊ သမဂ္ဂပြန်လည်တည်ဆောက်ရေးကိစ္စ ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ကျောင်းသားဟောင်းများ ညှိနှိုင်းနေကြောင်း လောလောဆယ်တွင် မလုပ်နိုင်သေးဟု သိရှိရပါကြောင်း ဒေါက်တာတင်အောင်က ဆက်လက်ပြောကြားခဲ့သည်။

*Ref; (VOA)*

# ၂၀၂၀ ပြည့်နှစ်တွင် သင်္ကြန်ပိတ်ရက် ၁၀ ရက်အပါအဝင် ရက်ရှည်ရုံးပိတ်ရက်ခံစားခွင့် ၁၀ ကြိမ်အထိရှိ

၂၀၂၀ ပြည့်နှစ်တွင် အတာသင်္ကြန်နှစ်ကူးကာလ ၁၀ ရက်ဆက်တိုက် ရုံးပိတ်ရက်အပါအဝင် ရက်ရှည်ရုံးပိတ်ရက် စုစုပေါင်း ၁၀ ကြိမ်အထိရှိသည်။

အစိုးရဝန်ထမ်းများအနေဖြင့် သင်္ကြန်ရုံးပိတ်ရက်အပြင် စနေ၊ တနင်္ဂနွေပိတ်ရက်နှင့်ဆက်၍ ၃ ရက်ဆက်တိုက်ရုံးပိတ်ရက်ခံစားခွင့် ၇ ကြိမ်၊ ၄ ရက်ဆက် ၁ ကြိမ်၊ ၅ ရက်ဆက် ၁ ကြိမ် အသီးသီး ခံစားခွင့်ရရှိမည်ဖြစ်သည်။

ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့သည် စနေနေ့တွင်ကျရောက်သောကြောင့် ဇန်နဝါရီ ၆ ရက် တနင်္လာကို အစားထိုးရုံးပိတ်ရက်အဖြစ် ခံစားခွင့်ရရှိမည်ဖြစ်ရာ ၂၀၂၀ ပြည့်နှစ်အတွက် ပထမဆုံးရက်ရှည်အားလပ်ရက်ကို ခံစားရမည်ဖြစ်သည်။

မတ်လ ၂ ရက် တောင်သူလယ်သမားနေ့နှင့် မတ်လ ၉ ရက် တပေါင်းလပြည့်နေ့များမှာ တနင်္လာနေ့တွင်ကျရောက်ပြီး မတ်လ ၂၇ ရက် တပ်မတော်နေ့မှာလည်း သောကြာနေ့တွင်ကျရောက်သဖြင့် တလအတွင်း ၃ ရက်ဆက်ရုံးပိတ်ရက် ၃ ကြိမ်တိတိ ခံစားရမည်ဖြစ်သည်။

မြန်မာနှစ်သစ်ကူးသင်္ကြန်ကာလတွင် မြန်မာ့ပြက္ခဒိန်လများဖြစ်သည့် ပထမဝါဆိုနှင့် ဒုတိယဝါဆို နှစ်လထပ်သည့်အပြင် သင်္ကြန်ကာလအတွင်း စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များနှင့် တိုက်ဆိုင်နေသောကြောင့် ဧပြီ ၁၀ ရက် သောကြာနေ့မှစတင်ကာ ဧပြီ ၁၉ ရက် တနင်္ဂနွေနေ့အထိ ၁၀ ရက်ဆက်တိုက် နှစ်သစ်ကူးအားလပ်ရက်ရရှိမည်ဖြစ်သည်။

တဖန်ဇူလိုင် ၁၉ ရက် အာဇာနည်နေ့မှာ တနင်္ဂနွေနေ့တွင်ကျရောက်သဖြင့် ဇူလိုင် ၂၀ ရက် တနင်္လာနေ့ကို အစားထိုးပိတ်ရက်အဖြစ် ခံစားရမည်ဖြစ်သည်။

ဆက်လက်ပြီး ဩဂုတ်လ ၃ ရက် ဒုတိယဝါဆိုလပြည့် ဓမ္မစကြာနေ့မှာလည်း တနင်္လာနေ့တွင်ကျရောက်သဖြင့် ၂၀၂၀ ပြည့်နှစ်အတွက် ဆဋ္ဌမကြိမ်မြောက် ၃ ရက်ဆက်ရုံးပိတ်ရက်ကို ခံစားရမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် သီတင်းကျွတ်အခါသမယရုံးပိတ်ရက်သည်လည်း အောက်တိုဘာ ၂၉ ရက် ကြာသပတေးနေ့မှ နိုဝင်ဘာ ၂ ရက် တနင်္လာနေ့အထိ ၅ ရက်ဆက်တိုက်ပိတ်ရက်ရဦးမည်ဖြစ်သည်။

ထပ်မံ၍ တန်ဆောင်တိုင်ရုံးပိတ်ရက်အဖြစ် နိုဝင်ဘာ ၂၇ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ ၄ ရက်ဆက်တိုက် ရက်ရှည်ရုံးပိတ်ရက်ရရှိမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ်၏ နောက်ဆုံး ၃ ရက်ဆက်ရုံးပိတ်ရက်အဖြစ် ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့မှာ သောကြာနေ့ဖြစ်သည့်အတွက် အစိုးရဝန်ထမ်းများအနေဖြင့် စနေ၊ တနင်္ဂနွေနှင့်တဆက်တည်း ၃ ရက် အားလပ်ရက်ကိုရရှိခံစားရမည်ဖြစ်သည်။

**TCM**

# တပ်တွင်းမဲရုံထားခွင့်မရှိသည့် နည်းဥပဒေပြင်ဆင်ချက် လွှတ်တော်က ထပ်မံပြင်ဆင်ခြင်းမရှိပါက ရက် ၉၀ အတွင်း အတည်ဖြစ်မည်

တပ်မတော် တပ်ရင်းတပ်ဖွဲ့များအတွင်း မဲရုံထားခွင့်မရှိသည့် ရွေးကောက်ပွဲနည်းဥပဒေများ ပြင်ဆင်ချက်သည် လွှတ်တော်က ထပ်မံပြင်ဆင်ခြင်းမရှိပါက ရက်ပေါင်း ၉၀ အတွင်း အတည်ဖြစ်လာမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဦးမြင့်နိုင်က နိုဝင်ဘာ ၇ ရက်နေ့တွင် News Watch သို့ ပြောကြားသည်။

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အောက်တိုဘာ ၃ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။ ယင်းနောက် လွှတ်တော်သို့ ပေးပို့ခဲ့ပြီး ဒုတိယအကြိမ် လွှတ်တော်၊ ၁၄ ကြိမ်မြောက် ပုံမှန်အစည်းအဝေးများစတင်ကျင်းပသည့် နိုဝင်ဘာ ၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့သည်။

ဦးမြင့်နိုင်က ''ဥပဒေထဲမှာဆိုထားတာက နည်းဥပဒေထုတ်၊ ထုတ်ပြီးရင် လွှတ်တော်ကိုပို့၊ ရက်ပေါင်း ၉၀ အတွင်းမှာ လွှတ်တော်က ပြင်ဆင်ချက်တစုံတရာမရှိဘူးဆိုရင် ဒါကအတည်ပေါ့။ နည်းဥပဒေပြဋ္ဌာန်းလိုက်ပြီးကတည်းက အဲဒီအတိုင်း ကျွန်တော်တို့က ဆောင်ရွက်လို့ရတယ်။ နည်းဥပဒေပြဋ္ဌာန်းတဲ့နေ့ကနေစပြီးတော့ အတည်ဖြစ်သွားပြီပေါ့။ ထုတ်ပြန်လိုက်ပြီ၊ နည်းဥပဒေက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အပ်ထားတာကိုး။ နည်းဥပဒေထုတ်ပြန်ခွင့်အာဏာ။ ကျွန်တော်တို့ ဆောင်ရွက်လို့ရသွားပြီ၊ ရက်ပေါင်း ၉၀ အတွင်းမှာ ပြင်ဆင်လိုက်ရင်လည်းပဲ ကျွန်တော်တို့ ဆောင်ရွက်ချက်ကတော့ အတည်ဖြစ်တာပေါ့။ ပြင်တယ်ဆိုလို့ရှိရင်တော့ ပြင်တဲ့အတိုင်း နောက်ဆက်ပြီးကျင့်သုံးပေါ့''ဟု ပြောသည်။

ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ ပုဒ်မ ၆(က)(၂)တွင် ''ကော်မရှင်၏တာဝန်ပေးချက်နှင့်အညီ တပ်မတော်သားများနှင့် ယင်းတို့နှင့်အတူနေထိုင်ကြသည့် အိမ်ထောင်စုဝင်များနေထိုင်ရာ တပ်ရင်းတပ်ဖွဲ့များအတွက် မဲရုံနေရာသတ်မှတ်ရာ၌ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ မဲဆန္ဒရှင်များနှင့်အတူ ဆန္ဒမဲပေးနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လွတ်လပ်စွာဝင်ထွက်သွားလာနိုင်မည့် ထိုတပ်ရင်းတပ်ဖွဲ့၏ ပြင်ပသင့်လျော်သည့်နေရာတွင် သတ်မှတ်ပေးရမည်''ဟု ပြဋ္ဌာန်းထားသည်။

ယင်းပြင်ဆင်ချက်နှင့်ဆက်စပ်၍ မေးမြန်းရာ ဦးမြင့်နိုင်က ''နည်းဥပဒေမှာပါတဲ့အတိုင်းပါပဲ''ဟု ပြောသည်။

ယင်းဥပဒေပြင်ဆင်ချက်နှင့်ပတ်သက်၍ လွှတ်တော်ဘက်က ဆက်လက်ဆောင်ရွက်နေမှုများအပေါ် မေးမြန်းနိုင်ရန် ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီတာဝန်ရှိသူများထံ အကြိမ်ကြိမ်ဆက်သွယ်ခဲ့သော်လည်း မရရှိခဲ့ပေ။

**မင်းထင်**

## နောက်ဖုံး (တပ်မတော်က နိုင်ငံတော်အာဏာကို လက်နက်အားကိုးဖြင့် သိမ်းယူခဲ့သည့်နေ့ဟု ပြောဆိုမှု လွှတ်တော်မှတ်တမ်းမှ ပယ်ဖျက်ပေးရန် တပ်မတော်သားကိုယ်စားလှယ်တင်ပြ) မှအဆက်

စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းရာ၌ ထိုသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဦးဝင်းမြင့်အောင်က ''မတ်လ ၂ ရက်နေ့က တပ်မတော်က နိုင်ငံတော်အာဏာကို လက်နက်အားကိုးနဲ့ သိမ်းယူခဲ့တဲ့နေ့ဖြစ်ပါတယ်။ အတိတ်သမိုင်းကို စိတ်ရှိုင်းတွေနဲ့ အမုန်းတရား အမုန်းစကားတွေဖြန့်ဝေလက်ဆင့်ကမ်းဖို့ မဟုတ်ပါဘူး။ အမုန်းတရားကသာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးကိုအထောက်အကူပြုမှာဖြစ်တဲ့အတွက် အာဏာသိမ်းခံရတဲ့ မတ်လ ၂ ရက်နေ့ဆိုတာ ပြည်သူလူထုကိုရွေးချယ်တင်မြှောက်သော ပြည်သူ့အစိုးရ ပြည်သူ့လွှတ်တော်လူမျိုးစုလွှတ်တော်များကို ဖျက်သိမ်းပစ်တဲ့နေ့ ပြည်သူအပေါင်းဒီမိုကရေစီနဲ့ လူ့အခွင့်အရေးစတင်ဆုံးရှုံးရသောနေ့ အာဏာရှင်တွေအောက် ပြည်သူကျောင်းသားပြားပြားမှောက်ရတဲ့နေ့''ဟု ပြောဆိုခဲ့သည်။

ထို့အပြင် တောင်သူလယ်သမားများ မျိုးစပါး၊ ဝမ်းစာစပါးပါ မကျန် မြေသိမ်းခံရပြီး ဆင်းရဲမွဲတေမှုဒဏ်ကို ခါးစီးခံရဖို့အကြောင်းဖန်လာသည့် အာဏာရှင်မျိုးဆက်တို့၏မွေးနေ့ကို တောင်သူလယ်သမားနေ့အဖြစ်သတ်မှတ်ခြင်းမှာ နိုင်ငံရေးစံတန်ဖိုးအရ အနှစ်သာရကင်းမဲ့သဖြင့် ပြည်သူ့အစိုးရအနေဖြင့် ဖျက်သိမ်းပစ်ရန် နှောင့်နှေးကြန့်ကြာမနေသင့်ဟုလည်း ၎င်းက တင်ပြခဲ့သည်။

ယင်းအဆိုနှင့်ပတ်သက်၍ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်းက ''ကိုယ်စားလှယ်ကြီးမေးတဲ့အထဲမှာ အဲဒီခေတ် အဲဒီအခါ အဲဒီအခြေအနေတွေကို သုံးသပ်ပြီးတင်ပြသွားတာ တွေ့ရပါတယ်။ သို့သော် အဲဒီမှာ ကျွန်တော်တို့ နားလည်လိုက်တာကတော့ တပ်မတော်ဟာ တပ်မတော်က လက်နက်အားကိုးနဲ့ အာဏာသိမ်းခဲ့ခြင်းဖြစ်တယ်ဆိုတဲ့ စကားလုံးပါ ပါတယ်။ ဒါဟာ အဲဒီခေတ် အဲဒီအခါ အဲဒီအခြေအနေတွေမှာရှိတဲ့ သမိုင်းဆိုင်ရာ အချက်အလက်ဖော်ပြချက် အခြေအနေတွေဟာ ပြန်ပြီးလေ့လာလို့ရှိရင် သိနိုင်မှာဖြစ်ပါတယ်''ဟု ဆိုသည်။

ထို့အပြင် ထိုခေတ်၊ ထိုကာလ၊ ထိုအခြေအနေများ၏အပိုင်းမှာ တပိုင်းဖြစ်သကဲ့သို့ ယခုကာလဖြစ်သည့်အတွက် ယခုစာသား၊ စကားလုံးမှာသုံးစွဲရန် သင့်၊ မသင့် လွှတ်တော်ကိုယ်စားလှယ်တယောက်အနေဖြင့် စဉ်းစားသင့်သည်ဟု ယူဆသည့်အတွက် လွှတ်တော်မှတ်တမ်းမှ ပယ်ဖျက်ပေးရန်အတွက် ၎င်းက တင်ပြခဲ့သည်။

ထိုတင်ပြချက်အပေါ် လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လက်ရှိကာလမှာ အမျိုးသားရင် ကြားစေ့ရေးကို ဦးတည်နေသည့်ကာလ ဖြစ်သည့်အတွက် မိမိတို့၏ အသုံးအနှုန်းကို သင့်တော်၏၊ မသင့်တော်၏ သုံးသပ်ဆင်ခြင်ရန် လွှတ်တော်ကိုယ်စားလှယ်အားလုံးကို မှာကြားလိုကြောင်း ပြောကြားသည်။ သို့သော် အထက်ပါစကားရပ်အား လွှတ်တော်မှတ်တမ်းမှ ပယ်ဖျက်ပေး၊ မပေးကို လွှတ်တော်ဥက္ကဋ္ဌက ပြောကြားသွားခြင်းမရှိပေ။

တောင်သူလယ်သမားနေ့ကို ယခင်က ဇန်နဝါရီ ၁ ရက်နေ့တွင်ကျင်းပခဲ့ပြီး ၁၉၆၄ ခုနှစ်မှစတင်ပြီး မတ်လ ၂ ရက်နေ့သို့ ပြောင်းလဲကျင်းပခဲ့သည်မှာ ယနေ့ကာလအထိ ၅၆ ကြိမ်အထိရှိပြီဖြစ်ကြောင်း သိရသည်။

**ဖူးအောင်**

## နောက်ဖုံး (ရန်ကုန်တက္ကသိုလ်၌ လုံခြုံရေးနှင့် မဟာဗျူဟာလေ့လာရေး မဟာဝိဇ္ဇာဘွဲ့သင်တန်း ဖွင့်လှစ်မည်) မှအဆက်

ဆုံးဖြတ်ချက်များသည် လက်ရှိသို့မဟုတ် စစ်တပ်အရာရှိဟောင်းကြီးများ၏ ထိန်းချုပ်စီမံမှု အောက်တွင်သာ ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း ယင်းစာတမ်းတွင် ဖော်ပြထားသည်။

၂၀၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်သည် လုံခြုံရေးနှင့် မဟာဗျူဟာလေ့လာရေးမဟာဝိဇ္ဇာဘွဲ့ သင်တန်းကိုစတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ၎င်းသည် ၁၉၆၂ ခုနှစ် မှ ၂၀၁၃ ခုနှစ်အတွင်း တက္ကသိုလ်၌ နိုင်ငံရေးဆိုင်ရာဘာသာရပ်များကို မည်သူမျှ ပွင့်လင်းစွာသင်ယူခွင့်မရခဲ့သည့် နိုင်ငံတနိုင်ငံအတွက် ကြီးမားသည့်တိုးတက်မှုကြီးတခုဖြစ်ကြောင်းလည်း ဖော်ပြသည်။

၂၀၁၃ ခုနှစ်မှစတင်၍ ရန်ကုန်နှင့် မန္တလေးရှိတက္ကသိုလ်များတွင် အရပ်ဘက် - စစ်ဘက်ဆက်ဆံရေးများနှင့် မဟာဗျူဟာလေ့လာ ရေးဆိုင်ရာဘာသာရပ်များ ပါဝင်သော နိုင်ငံရေးသိပ္ပံမဟာဘွဲ့များကို စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ နိုင်ငံတဝန်းတွင် များစွာသော ပြင်ပမှဖွင့်လှစ်ထားသည့် ကျောင်းများနှင့် ပုဂ္ဂလိကဆိုင်ရာ ကျောင်းများတွင်လည်း ၎င်းဘာသာရပ်များအား ထည့်သွင်းသင်ကြားခြင်းများ ပြုလုပ်လာခဲ့ကြကြောင်းလည်း ဖော်ပြထားသည်။

ယင်းစာတမ်းပါ ဖော်ပြချက်နှင့် ပတ်သက်၍ အတည်ပြုနိုင်ရန် ရန်ကုန်တက္ကသိုလ်တာဝန်ရှိသူများထံ ဆက်သွယ်ခဲ့သော်လည်း မရရှိခဲ့ပေ။ မဟာဘွဲ့သင်တန်းလျှောက်လွှာများကို နှစ်တနှစ်၏ ပထမလေးလပတ် နောက်ဆုံးလ သို့မဟုတ် ဒုတိယလေးလပတ်ထဲတွင် ခေါ်ယူလေ့ရှိသည်။

**မင်းထင်**

# မိုးလေဝသသူရဲကောင်း ဒေါက်တာဦးထွန်းလွင်

အေးထွန်းမင်း

''ဒီနေရာဟာ ကျွန်တော့်ဘဝရဲ့ အလှည့်အပြောင်းကို ဖြစ်စေမယ့် နေရာပဲ။ သူတို့ကမ်းလှမ်းလာတဲ့ ရာထူးဟာ ကျွန်တော် မိုးလေဝသမှာ တာဝန်ထမ်းနေတဲ့ရာထူးထက် နှစ်ဆင့်မြင့်တယ်။ လစာလည်းပိုတယ်။ ဒါပေမဲ့ ကျွန်တော်စဉ်းစားမိတာက ငါဆင်းရဲတုန်းက၊ ငါမရှိတုန်းက ငါ့ကိုကျွေးထားတာ မိုးလေဝသဌာနပဲ။ ငါသာယာစီးတော့ မလုပ်ဘူးဆိုပြီး မိုးလေဝသမှာပဲ ဆက်နေလိုက်တာ . . .''



လူအများကို လှိုင်းကြီးလေ့ထန် ရာသီဥတုနှင့် မကြုံကြိုက်စေရန် အမြဲအသိပေးနိုးဆော်ရသည့် မိုးလေဝသသမားကြီး ဒေါက်တာဦးထွန်းလွင်၏ဘဝ အစ ကနဦးပိုင်းများတွင် လှိုင်းကြီးလေ့ထန်သော ဘဝလမ်းကို ဖြတ်သန်းခဲ့ရသည်။

မောင်ထွန်းလွင်ကို မန္တလေးတိုင်း ငါန်းဇွန်မြို့နယ် 'ကုလားရွာ'၌ ၁၉၄၈ ခု ဇန်နဝါရီလ ၁၇ ရက်နေ့တွင်မွေးဖွားခဲ့သည်။ ရွာက မူလအမည်မှာ 'ကုလရွာ'ဖြစ်သည်။ သို့သော် ကုလားလူမျိုးမရှိ။ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ရွာဟု အဓိပ္ပာယ်ရသည်။ မင်းတုန်းမင်းလက်ထက်အမတ်ကြီး ဦးသိုင်း၏ရွာဖြစ်သည်ဟု အဘိုးအဘွားတို့ပြောစကား အရ သိရသည်။ မောင်ထွန်းလွင်၏ အဘိုးအဘွား နှစ်ဖက်လုံးသည် ထိုရွာဇာတိဖြစ်သည်။ မိခင်ဘက်မှ အဘိုးမှာမူ ကျိုက်လတ်မှဖြစ်သည်။ မိဘနှစ်ပါး အကြောင်းပါပြီး သူ့ကို မွေးဖွားပြီးခါစတွင် မန္တလေးမြို့သို့ ပြောင်းရွှေ့နေထိုင်ကြသည်။

မိသားစုသည် အနောက်အပ်ချုပ်ဝင်း (အချုပ်ဝင်း)တွင်နေထိုင်ကြသည်။ မူဆလင်ဘာသာဝင် အများအပြား နေထိုင်သောရပ်ကွက်ဖြစ်သည်။ မောင်ထွန်းလွင်သည် ပထမ ပေါင်းလဲတိုက်ဘုန်းကြီးကျောင်းတွင် စတင်ပညာသင်ကြားပြီး အတန်းကျောင်းသို့ ရောက်သောအခါ ရပ်ကွက်ဗလီတွင်ဖွင့်ထားသော အစိုးရမူလတန်းကျောင်းတွင် တက်ရသည်။ ဒုတိယတန်းသို့ရောက်သောအခါ သာသနာပြု ဖားသားလဖုန်းကျောင်းသို့ အမေကပြောင်းထားသည်။ အမေသည် သေစာရှင်စာသာ တတ်သူဖြစ်သော်လည်း သားဖြစ်သူကို ကျောင်းကောင်းကောင်းထားလျှင် ပညာကောင်းကောင်းရမည်ဟု စွဲမှတ်ယုံကြည်သူဖြစ်သည်။ ဆေးကျောင်း၊ အင်ဂျင်နီယာကျောင်း စသည်တို့ကို အမေသည် ခွဲခြားမသိ။ သူသိသည်မှာ သားဖြစ်သူ တနှစ်တတန်းအောင်ရမည်ဆိုသော အသိဖြစ်သည်။

''အဲဒီတုန်းက ကျောင်းလခဆိုတာ ၁၅ ကျပ်ပါ။ ဒါပေမဲ့ အဲဒီ ၁၅ ကျပ်ဆိုတာကိုက ကျွန်တော်တို့အဖို့ ခက်ခက်ခဲခဲပဲ။ ခုခေတ်မိဘတွေလိုတော့ ကျူရှင်တွေထား၊ အင်္ဂလိပ်စကားပြော တက်ခိုင်း၊ ကွန်ပျူတာသင်တန်းတက် ဆိုတာမျိုးတွေတော့ မရှိဘူးပေါ့။ ပြောချင်တာက ကျွန်တော့်ရဲ့ပညာရေးမှာ အမေက အဓိက အခန်းက ပါနေတယ်ဆိုတာပဲ''

ရပ်ကွက်ကျောင်းတွင် ဒုတိယတန်းရောက်နေပြီဖြစ်သော်လည်း ဖားသားလဖုန်းကျောင်းတွင် သူငယ်တန်းလေး (Lower KG) မှ စတင်ရသည်။ ခြောက်လပတ်စာမေးပွဲဖြေပြီး သူငယ်တန်း (Middle KG) သို့ ၆ လနှင့် တက်ရသည်။ သူငယ်တန်းတွင် ခြောက်လပတ်ဖြေပြီးသောအခါ သူငယ်တန်းကြီး (High KG) ကိုကျော်လျက် ပထမတန်းသို့ရောက်သည်။ တနှစ်အတွင်းမှာပင် ပထမတန်းသို့ရောက်သွားခြင်းဖြစ်သည်။

ပညာထူးချွန်သူဖြစ်သဖြင့် အတန်းကျော် (double promotion) တက်ရသည်။ ထို့ကြောင့် မူလတန်းမှ အလယ်တန်းအထိ တတိယတန်း၊ ပဥ္စမတန်းနှင့် သတ္တမတန်းတို့တွင်သာ နေဖူးသည်။ သူသည် ပညာထူးချွန်လိုသည့် ဆန္ဒပြင်းပြလွန်းသည်။ ငယ်စဉ်ကတည်းက ပညာ၏အမြင့်ဆုံး ပါရဂူဘွဲ့ကို ရလိုသည်။

အထက်တန်းကျောင်းသားဘဝတွင် မန္တလေးတိုင်း သင်္ချာလူရည်ချွန်ပထမဆုရသည်။ တပြည်လုံးယှဉ်ပြိုင်သည့်အခါ ထိုစဉ်က ပညာမင်းကြီးဦးဘိုးသုန်၏ သင်္ချာလူရည်ချွန် ရွှေတံဆိပ်ဆုကိုဆွတ်ခူးခဲ့သည်။

ခုနစ်တန်း၊ ရှစ်တန်းလောက်မှစ၍ သူသည် စာဖတ်ခြင်းတွင် မွေ့လျော်ခဲ့သည်။ သူ့ဘဝအစတွေးအခေါ်များကို သူဖတ်ရှုသောစာပေများမှ ရသည်။ နွားချေးပုံက ကြာပေါက်တယ်ဆိုသောစကားကို သူနှစ်သက်သဘောကျသည်။ သူ့ဘဝတလျှောက်လုံးကို တွန်းအားပေးသော စာစုဖြစ်သည်။ သာဓုရေးသော 'အတာ'ကို သူစွဲစွဲလမ်းလမ်းဖတ်ဖြစ်သည်။ ဝတ္ထုထဲတွင် သားအမိနှစ်ယောက်ဘဝ ရုန်းကန်ရပုံများကို ရေးထားသည်။ သူနှင့် သူ့အမေတို့ဘဝ ရုန်းကန်ရပုံနှင့် ထပ်တူဖြစ်နေသဖြင့် သဘောကျခြင်းဖြစ်သည်။ နောင်သူ့ဘဝလမ်းကြောင်းကို ရွေးချယ်သောအခါ စာဖတ်ခြင်းသည် များစွာအထောက်အကူဖြစ်စေသည်။

ရှစ်တန်းနှစ်တွင် မိဘ၏စီးပွားရေးကျပ်တည်းစပြုလာသည်။ ကိုးတန်းတွင် အခြေအနေဆိုးရွားလာပြီး ဆယ်တန်းရောက်သည့်အခါ ကျောင်းပင်မနေနိုင်တော့။ သင်္ချာလူရည်ချွန် ရွှေတံဆိပ်ရရှိထားသည့် ကျောင်းသားဖြစ်သဖြင့် ကျောင်းက ကျောင်းလခလွတ်ငြိမ်းပေးကာ ဆယ်တန်းဆက်တက်စေခဲ့သည်။

''ဆယ်တန်းဖြေပြီး အချိန်လောက်မှာ မိုးလေဝသဌာနမှာလုပ်တဲ့ သူငယ်ချင်းတယောက် ရောက်လာပြီး မိုးလေဝသမှာ အလုပ်ခေါ်ဖို့ရှိတယ်ဆိုတာ လာပြောတယ်။ အဖေက နောက်အိမ်ထောင်နဲ့ဆိုတော့ ကျွန်တော်တို့ဆီကို ပြန်မလာတော့ဘူး။ သိပ်ကျပ်တည်းတဲ့အတွက် ပညာသင်ထောက်ပံ့ကြေး ရသည့်တိုင် ကျောင်းဆက်တက်ဖို့ မဖြစ်နိုင်တော့တဲ့ အခြေအနေ။ သူငယ်ချင်းကို အလုပ်ရရင်တော့ လုပ်ချင်တယ်ကွာလို့ ပြောလိုက်တယ်။ အဲဒီတုန်းက မိုးလေဝသရယ် ဘာရယ်မဟုတ်ဘူး။ အလုပ်ရဖို့သာ အဓိကပဲ''

အလုပ်အတွက် အရည်အချင်းစစ်စာမေးပွဲတွင် အင်္ဂလိပ်စာနှင့် သင်္ချာနှစ်ဘာသာဖြေဆိုရသည်။ သင်္ချာဘာသာမေးခွန်းလွှာတွင် မေးခွန်းတပုဒ်မှာ မှားနေသည်ဟု သူကယူဆသည်။ ထို့ကြောင့် အတန်းစောင့်ဆရာအား မေးခွန်းမှားနေသည်ဟုထင်ကြောင်း သူထုတ်ပြသည်။ ဆရာက မှားနေသည့်အတိုင်း တွက်သွားပါက နောက်ဆုံးတွင် အဖြေထွက်သွားမည်ဖြစ်ကြောင်း ပြောသည်။ ဆရာပြောသည့်အတိုင်း အဖြေထွက်သော်လည်း ယုတ္တိမရှိသော အဖြေဖြစ်နေသည်။

ရေးဖြေစာမေးပွဲတွင် မောင်ထွန်းလွင်က ပထမရသည်။ ဒုတိယရသူနှင့် အမှတ် ၅၀ ကွာသည်။ ထိုနေ့က လူတွေ့စစ်မေးရာသို့ သင်္ချာလူရည်ချွန်ဆုတံဆိပ်တပ်သွားရန် မိခင်ကပြောသဖြင့် တံဆိပ်ကိုတပ်သွားခဲ့သည်။ လူတွေ့စစ်မေးရာ၌ နောင်တွင်မိုးလေဝသညွှန်ကြားရေးမှူးချုပ် ဖြစ်လာသူ ဦးလှက ရင်ဘတ်တွင် ထိုးထားသော တံဆိပ်အကြောင်းကိုမေးသည်။ တဆက်တည်းပင် သင်္ချာလူရည်ချွန်ရသော်လည်း မည်သည့်အတွက်ကြောင့် လူရည်ချွန်မရသနည်းဟု မေးသည်။

''မေးခွန်း မတရားလို့ပါခင်ဗျာ''

''ဘာကြောင့် မတရားဘူးလို့ ပြောနိုင်တာလဲ''

''လူငယ်ကျင့်ဝတ်တို့၊ ကျောင်းကောင်းစီတွေရေးဆိုတာတွေကို ကျွန်တော့်လို မစ်ရှင်ကျောင်းသားကို မေးတော့ဘယ်ဖြေနိုင်ပါ့မလဲ။ ကျွန်တော်တို့ မစ်ရှင်ကျောင်းမှာ နေ့တိုင်းလူငယ်ကျင့်ဝတ် မဆိုရသလို ကျောင်းကောင်းစီလည်းမရှိတော့ ကျွန်တော်တို့မစ်ရှင်ကျောင်းသားတွေ မသိနိုင်ပါဘူး။ အစိုးရကျောင်းသားတွေပဲ ဖြေနိုင်မယ့်မေးခွန်းကိုမေးလို့ မတရားဘူးလို့ ပြောတာပါ''

ကိုထွန်းလွင်အား လားရှိုးတွင်သွားရောက် တာဝန်ထမ်းနိုင်ခြင်းရှိ၊ မရှိမေးမြန်းရာ၊ မန္တလေးတွင် တိုးချဲ့ညနေသင်တန်း (လုပ်သားကောလိပ်)တက်ပြီး၊ တဖက်တွင် ကျူရှင်ပြနေသည့်ကိုထွန်းလွင်က လားရှိုးသို့မသွားနိုင်ကြောင်း၊ မန္တလေးမှလွဲ၍ အခြားဒေသတွင် တာဝန်မထမ်းနိုင်ကြောင်း ရှင်းရှင်းလင်းလင်းပင် တင်ပြလိုက်သည်။

ဦးလှက ''မိုးလေဝသရုံးက မန္တလေးမှာမရှိရင် မင်းဘယ်လိုလုပ်မလဲ''ဟု မေးသည်။

''မန္တလေးမှာမရှိရင် ရှိတဲ့ရုံးမှာပဲလုပ်ပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျောင်းဆက်တက်ဖို့ ရည်ရွယ်ထားလို့ပါ''ဟု သူကပြန်ဖြေခဲ့သည်။

နောက်ဆုံး မန္တလေးတွင်ပင် သူ့အားခန့်လိုက်သည်။ သူအလုပ်ဝင်သောနေ့မှာ ၁၉၆၅ မေလ ၃ ရက်။ အသက်မှာ ၁၇ နှစ် လေးလသာ ရှိသေးသည်။

မိုးလေဝသဌာနသို့ရောက်လာသော်လည်း မိုးလေဝသဆိုသည်ကို နားကန်းတလုံးမှ မသိသေး။ ဘဝရပ်တည်နိုင်ရေးအတွက် အလုပ်လုပ်ရန် လိုအပ်နေသဖြင့် အလုပ်ဝင်လုပ်ခြင်းဖြစ်သည်။ နောက်တကြောင်းမှာ တက္ကသိုလ်ပညာ ဆက်လက်သင်ကြားလိုခြင်း ဖြစ်သည်။

သူဆယ်တန်းအောင်သောနှစ်တွင် မန္တလေး၌ စတင်ဖွင့်လှစ်သော ညနေတိုးချဲ့သင်တန်း (လုပ်သားကောလိပ်)သို့တက်ရောက်ရန် မလျှောက်ထားမိ။ မိုးလေဝသသည် မည်သည့်ဘာသာရပ်နှင့် ဆက်စပ်သနည်းဟု မေးမြန်းရာ ရူပဗေဒဘာသာဖြစ်သည်ဟု သိရသောကြောင့် ရူပဗေဒအဓိကဖြင့် ကျောင်းတက်ရန်လျှောက်ထားလိုက်သည်။ အမှန်စင်စစ် ဦးထွန်းလွင် ဝါသနာပါသည်မှာ သင်္ချာဖြစ်သည်။

ကျောင်းတွင် သင်သမျှသင်ခန်းစာအားလုံးကို ရအောင်ကျက်သည်။ ခြောက်ပုဒ်တွင် လေးပုဒ်ဖြေရန်သာဖြစ်သော်လည်း၊ လေးပုဒ်ကို ကွက်မကျက်၊ ခြောက်ပုဒ်စလုံးကို ကျက်သည်။ ဖြေသည့်အခါတွင်လည်း လေးပုဒ်သာဖြေရန်ဖြစ်သော်လည်း ခြောက်ပုဒ်လုံးကို ဖြေသည်။

''ဘာဖြစ်လို့ခြောက်ပုဒ်စလုံးဖြေရသလဲဆိုတာ အကြောင်းရှိတယ်။ ကျွန်တော်တို့တုန်းက ဒေါက်တာမျိုးတင့်ဆိုတာရှိတယ်။ ဒေါက်တာမျိုးတင့်က စာမေးပွဲဖြေရင် မေးခွန်းအားလုံးကိုဖြေတာပဲ။ အဲဒါ သူ့ကို အားကျပြီး သူလုပ်တဲ့အတိုင်း လိုက်လုပ်တာပဲ။ ဒီလိုလုပ်တော့ ဘာအကျိုးရှိသလဲဆိုရင် အချောင်ခိုချင်တာတို့၊ အလကားလိုချင်တာတို့ မရှိတော့ဘူး။ ငါ ပီအိတ်ချ်ဒီတက်ရင် ငါမကျက်လိုက်တဲ့ စာတွေပါလာရင် ဒုက္ခရောက်မှာလို့တွေးပြီး သင်သမျှ စာအားလုံးကို ကျက်တာပဲ။ ကျွန်တော်က ပီအိတ်ချ်ဒီကို အဲဒီလို ရူးခဲ့တာ''

ညနေသင်တန်းသို့တက်သည့်နှစ်မှာပင် အပိုဝင်ငွေရရန် ကျူရှင်တခုတွင် ဆရာဝင်လုပ်သည်။ သင်ကြားပို့ချသည့်ဘာသာမှာ သင်္ချာ(၁)ဖြစ်သည်။ ဌာနတွင်းသင်တန်းများလည်း တက်ရသည်။ ဌာနတွင်းသင်တန်းများတွင် အမြဲလိုလို အဆင့်(၁)ရသည်။ မိုးလေဝသတွင် သူ၏ရာထူးအဆင့်မှာ တိုင်းတာရေးမှူးကလေးဖြစ်သည်။ အလွန်ပင်ပန်းသော အလုပ်ဖြစ်သည်။

မိုးလေဝသအတွက် အခြေခံတိုင်းတာချက်များကိုယူရသည်။ ၁၉၆၅ ခုတွင် စတင်အကောင် အထည်ဖော်သော ဇလဗေဒလုပ်ငန်းများတွင်ပါဝင် ဆောင်ရွက်ရသည်။ မြစ်ရေမှတ်တိုင်များအဖြစ် ခြောက်လက်မပတ်လည်ရှိသော ရေမှတ်တိုင်များ (Pile) ကို မြစ်ကြမ်းပြင်အတွင်း ၄ပေ၊ ၅ပေ ဝင်သည်အထိ ၁ ပေပတ်လည်ရှိသော ရိုက်တံ (Pile Driver) ဖြင့် လူလေးဦးကိုင်ကာ ရိုက်သွင်းရသည်။ စခန်းတခုဖွင့်လျှင် ရေမှတ်တိုင် ၁၅ တိုင်မှ ၂၀ အထိ ရိုက်ရသည်။ ဇလဗေဒစခန်းများကို အထက်မြန်မာပြည်ရှိ ဧရာဝတီ၊ ချင်းတွင်း၊ မြစ်ငယ်၊ မြစ်သာ မြစ်များတလျှောက် စခန်းသစ်များဖွင့်တိုင်း ဆောင်ရွက်ပေးရသည်။ မန္တလေးမှမြစ်ငယ်အထိ လမ်းလျှောက်ကာ မြေတိုင်းလုပ်ငန်း ဆောင်ရွက်ရသည်။

ရုံးသည် မြို့အရှေ့ပိုင်း မင်္ဂလာလမ်းတွင်ရှိပြီး သူ၏နေအိမ်မှာ မြို့၏ အနောက်ပိုင်း စိန်ပန်းရပ်ကွက်တွင်ရှိသည်။ အိမ်နှင့်အလုပ်သည် ဝေးလွန်းလှသည်။ သူအလုပ်သွားသည့်အခါ မိခင်က အလုပ်ခွင်နှင့် ညကျောင်းတွင်စားရန် နေ့လယ်စာနှင့် ညစာကို တပါတည်း ပေါင်းထည့်ပေးရသည်။ အိမ်သို့ ည ၁၀ နာရီတွင်မှ ပြန်ရောက်သည်။

အလုပ်၊ ကျူရှင်နှင့် ညနေသင်တန်းတို့အကြား သူဒရောသောပါးဖြင့် ပျားပန်းခတ်နေရသည်။ စက်ဘီးတစင်းဖြင့် သွားချည်ပြန်ချည်။ စုတ်ချာလိုက်သည့်စက်ဘီးမှာလည်း ပြင်၍မဆုံး။ ခဏနင်းပြီးတိုင်း လေပြန်ထိုးရသည်။ လေမထိုးရဘဲ ခရီးဆုံးသို့ ချောချောမောမော ရောက်သွားသည်ဟု မည်သည့်အခါတွင်မျှ မရှိခဲ့။ သူ့ဘဝ၏ အဆင်းရဲပင်ပန်းဆုံးကာလ ဖြစ်ပေသည်။

သူသည်ဆင်းရဲသော်လည်း အလုပ်တာဝန်ကို ကျေပွန်စွာထမ်းဆောင်သည်ဆိုသည့် အချက်များကြောင့် သူ့အား အထက်အရာရှိများက သတိပြုမိလာသည်။ ပေးအပ်သောအလုပ်ကို အမြန်ဆုံးပြီးအောင် လုပ်ပြီးသည်နှင့် ကျောင်းစာထိုင်ဖတ်သည်။ မိုးလေဝသအလုပ်ကို သူစိတ်ဝင်တစားရှိလာသည်။ သူ့အထက်အရာရှိများက ''မောင်ထွန်းလွင်ဟာ သူရောက်တဲ့နေရာမှ အသင့်တော်ဆုံးပဲ၊ သူရောက်နေတဲ့နေရာဟာ သူ့အတွက် အရေးကြီးဆုံးပဲ''ဟု ပြောတတ်ကြသည်။ သူသည်ရောက်သည့်နေရာတွင် အကောင်းဆုံးလုပ်သူဖြစ်သည်။

ညနေသင်တန်း ရူပဗေဒတတိယနှစ်တွင် ဘာသာစုံဂုဏ်ထူးရသည်။ နောက်ဆုံးနှစ်တွင်လည်း ဘာသာစုံခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သည်။ ဘွဲ့နှင်းသဘင်တွင် နေ့ကျောင်းနှင့် ညနေသင်တန်း ပေါင်း၍ ဘွဲ့ယူရသည်။ ညနေသင်တန်းမှ ဘွဲ့ယူသူ ခြောက်ဦးရှိပြီး ဦးထွန်းလွင်သည် အမှတ်စဉ် (၁) ဖြစ်နေသဖြင့် ပထမဆုံးဘွဲ့တက်ယူရသည်။ သူ ဂုဏ်ထူးရသောဘာသာရပ်များကို ဖတ်ကြားပြရာ၌ ဘာသာရပ်ခွဲများကိုပါ ထည့်သွင်း စာ(၂၄)သို့

www.free4readers.com